ဟာရုကိ မူရာကာမိ

ငလျင်အလွန်



ကျော်လင်းဆွေ

HARUKI MURAKAMI
AFTER THE QUAKE

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန်ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

အမှတ် ၇၀၊ ၃လွှာ၊ သံတံတားလမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၅၁၃၂၆၃၀၊ ၀၉ ၇၉၇၇၈၄၈၇၄
၀၉ ၂၅၀၆၄၇၇၄၅

ထုတ်ဝေခြင်း

ဇန်နဝါရီ၊ ၂၀၁၈

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၀၀၀ အုပ်

မျက်နှာဖုံးပန်းချီ

ဘဌေးကြည်

ကာဗာ CTP

Eagle

စာအုပ်ချုပ်

စိမ်းမြ စာအုပ်ချုပ်လုပ်ငန်း

တန်ဖိုး

၂၃၀၀ ကျပ်

ဦးလွင်ဦး- ခြူးခြူး စာအုပ်တိုက် (၁၁၈၆၁)

အမှတ် ၇၀၊ ၃လွှာ၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍

ဦးငွေသိမ်း - သီတာပုံနှိပ်တိုက်(၀၀၂၇၉)

အမှတ် ၃၂၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့က မျက်နှာဖုံးနှင့် အတွင်းစာသားများကို ရိုက်နှိပ်ပါတယ်။

ကျော်လင်းဆွေ ၈၉၅.၆၃ ငလျင်အလွန် ဝတ္ထုတိုများ။ ကျော်လင်း... ရန်ကုန် ဆွေ ခြူးခြူး စာအုပ်တိုက်၊ ၂၀၁၇ က-ည စာ-၁၇၈၊ ၁၃.၅စင်တီ×၂၀.၂စင်တီ ၁။ ဂျပန်ဝတ္ထုတိုများ (၁) ငလျင်အလွန် ဝတ္ထုတိုများ

ငလျင်အလွန် ဝတ္ထုတိုများ

ကျော်လင်းဆွေ

After the Quake by Haruki Murakami

မွေ့ယာပေါ်မှာ ထထိုင်လိုက်ပြီး
အဲဒီမိန်းမကို ငုံ့ကြည့်တယ်။
နှာခေါင်းသေးသေး၊ နားရွက်မှာ
မှည့်တွေနဲ့ပေါ့။
အသံသဲ့သဲ့လေးမှ မကြားရအောင်
တိတ်ဆိတ်ငြိမ်သက်သွားတဲ့ အခန်းထဲမှာ
သူ့ရဲ့ ခံစားချက်ကင်းမဲ့တဲ့ နှလုံးခုန်သံက
ကျယ်ကျယ်လောင်လောင် မြည်နေတယ်။
စက္ကန့်ဝက်အတွင်း ကိုမူရာ သိလိုက်တယ်၊
သူဟာ ထိန်းမနိုင်သိမ်းမရ
ပေါက်ကွဲလုနီးပြီလို့ သိလိုက်တယ်။

ကုရိုရိုက ပန်းကန်ပြားပျံ

ငါးရက်လုံးလုံး တီဗီရှေ့မှာ မထတမ်းထိုင်ကာ တီဗီထဲက ပြိုကျနေတဲ့ ဘဏ်တွေနဲ့ ဆေးရုံတွေ၊ မီးလောင်နေတဲ့ ကုန်စုံဆိုင်တိုက်တန်းတွေ၊ ပျက်စီးနေတဲ့ ရထားသံလမ်းတွေနဲ့ အဝေးပြေး လမ်းမကြီးတွေကို ကြည့်ရင်း သူမ အချိန်ကုန်တယ်။ စကားတစ်ခွန်းမှ မပြောဘူး။ နှုတ်ခမ်းတင်းတင်းစေ့လို့၊ ထိုင်ခုံဆိုဖာထဲ တစ်ကိုယ်လုံး မြုပ်လို့ ထိုင်နေတဲ့ သူမဟာ ကိုမူရာက ပြောတဲ့ အခါ ဘာမှမဖြေဘူး။ ခေါင်းညိတ်လည်း မညိတ်ဘူး၊ ခါလည်း မခါဘူး။ သူပြောလိုက်တဲ့ စကားသံကို သူ့မိန်းမ သဲသဲကွဲကွဲ ကြားမှ ကြားပါလေစလို့ ကိုမူရာ ဧဝေဧဝါဖြစ်ရတယ်။

ကိုမူရာရဲ့ မိန်းမက မြောက်ပိုင်း ယာမာဂါတာက လာတာပါ။ သူသိသလောက် သူမမှာ ကိုဘေးက ဆွေမျိုးထဲ၊ သူငယ်ချင်းထဲ ဘယ်သူမှ ထိမိခိုက်မိမရှိဘူး။ ဒါပေမဲ့ မနက်က ညဉ့်အထိ တီဗီရှေ့မှာ မရွေ့မလျား ထိုင်နေတယ်။ သူ့ရှေ့မှာတော့ သူမ စားတာသောက်တာ၊ အိမ်သာဝင်တာ လုံးဝ မတွေ့ရဘူး။ တစ်ခါတလေ တီဗီလိုင်းပြောင်းဖို့ ရီမုဒ်ကွန်ထရိုးကို ဖျတ်ခနဲ နှိပ်လိုက်တဲ့အခိုက်ကလွဲလို့ သူမရဲ့ ကြွက်သားတစ်မျှင်တလေမှ မလှုပ်သလောက်ပဲ။

ကိုမူရာဟာ သူ့ဘာသာသူ ပေါင်မုန့်ကင်၊ ကော်ဖီဖျော်၊ စားသောက်ပြီး အလုပ်သွားတယ်။ ညနေ အိမ်ပြန်ရောက်တော့ ကိုမူရာဟာ ရေခဲသေတ္တာထဲတွေ့သမျှကို ပြုကာပြင်ကာ အဆာပြေစားရင်း သူ့ကိုယ်သူ အဟာရဖြည့်ရတယ်။ သူတစ်ယောက်တည်း စားရတယ်။ ငိုက်ခနဲ အိပ်ပျော်ပျော်သွားသမို့ သူအိပ်ရာထဲ ဝင်တဲ့အခါ သူမဟာ ညပိုင်းသတင်းတွေကို စိန်းစိန်းဝါးဝါး ကြည့်ရင်း နေရစ်တယ်။ သူမဟာ ကျောက်သားတံတိုင်းကြီးတစ်ခု ပတ်လည်ကာရံတဲ့ အလယ်မှာ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ပြတ်နေတယ်။ သူ့မိန်းမရဲ့ စိတ်အတွင်း ထွင်းဝင်ပြီး နားလည်အောင် ကြိုးစားဖို့ ကိုမူရာ လက်လျှော့လိုက်ပြီ။

ခြောက်ရက်မြောက်ဖြစ်တဲ့ အဲဒီတနင်္္ဂနေနေ့ကတော့ ကိုမူရာ အလုပ်က အိမ်ကို ပြန်ရောက်တဲ့အခါ သူ့မိန်းမ မရှိတော့ဘူး။

ကိုမူရာဟာ တိုကျို့မြို့ အကိုဟဘာရာရပ်ကွက် 'လျှပ်စစ်ပစ္စည်းတန်း'က သက်တမ်းအရှည်ဆုံး ဟိုင်ဖိုင်စတီရီယိုစက် ပစ္စည်းကိရိယာ စတိုးဆိုင်တွေထဲ တစ်ဆိုင်က အရောင်းစာရေး တစ်ယောက်ပါ။ သူက အရည်အသွေး အကောင်းဆုံးနဲ့ စျေးအမြင့်ဆုံး ထိပ်တန်းပစ္စည်းတွေကို တာဝန်ယူ ရောင်းရပြီး ကော်မရှင် မြိုးမြိုးမြက်မြက်ရတယ်။ သူရဲ့ အဓိက ဖောက်သည်တွေက ဆရာဝန်တွေ၊ ချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ နယ်ဖက်က သူဌေးတွေပါ။ ဒီလုပ်ငန်းမှာ သူလုပ်တာ ရှစ်နှစ်ရှိပြီ။ အလုပ်စလုပ်ကတည်းက ဝင်ငွေ ကောင်းကောင်းရတယ်။ စီးပွားရေးက ကောင်း၊ အိမ်ခြံမြေစျေးတွေက တက်နဲ့၊ ဂျပန်နိုင်ငံဟာ ငွေရေးကြေးရေး အလျှံပယ်ပေါ့။ လူတွေရဲ့ ပိုက်ဆံအိတ်တွေထဲ ယန်းတစ်သောင်းတန် ငွေစက္ကူတွေနဲ့ ဖောင်းကားနေပြီး လူတိုင်းက အဲဒီငွေစက္ကူတွေကို ကုန်အောင် သုံးချင်နေကြတာ သေမလောက်ပဲ။ စျေးအကြီးဆုံးပစ္စည်းဆို အရင်ဆုံး ရောင်းလို့ကုန်တယ်။

ကိုမူရာက အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် ကျစ်ကျစ်လျစ်လျစ်နဲ့ ဟန်ကျပန်ကျ ဝတ်ဆင်တတ်သူပါ။ လူမှုဆက်ဆံရေး ကောင်းတယ်။ လူပျိုဘဝ တုန်းက သူတွဲခဲ့ချိန်းတွေ့ခဲ့တဲ့ အမျိုးသမီးတွေ တစ်ပုံကြီးပဲ။ ဒါပေမဲ့ အသက် နှစ်ဆယ့်ခြောက်နှစ်မှာ အိမ်ထောင်ပြုပြီးတဲ့နောက် သူ့မှာ လိင်မှုရေးရာ စွန့်စားခန်းတွေအတွက် စိတ်လှုပ်ရှားမှုနဲ့ စိတ်အားထက်သန်မှုဟာ တကယ့်ကို နှိုက်နှိုက်နည်းနည်း ဆန်းဆန်းကြယ်ကြယ် ပျောက်ကွယ်သွားတယ်။ အိမ်ထောင်သက် ငါးနှစ်အတွင်း သူ့မိန်းမကလွဲလို့ ဘယ်မိန်းမနဲ့မှ သူမအိပ်ဘူး။ အခွင့်အရေးမပေါ်လို့တော့ မဟုတ်ဘူး။ သူ့မှာ အဲဒီလို တဒင်္ဂစိတ်ဖြစ်ရာတွေ၊ တစ်ညတာ အပျော်အပါးတွေကို လုံးဝ စိတ်မပါတော့တာပါ။ အဲဒါတွေထက် သူ အပုံကြီး ပိုပြီး မနောခွေတာက အလုပ်က စောစောပြန်မယ်၊ မိန်းမနဲ့အတူ ညစာကို မြိန်ရည်ယှက်ရည်နဲ့ ကြည်ကြည်နူးနူး စားမယ်၊ ဆိုဖာထိုင်ခုံမှာ မိန်းမနဲ့အတူ ထိုင်ကာ ခဏတဖြုတ် ဆိုသလို စကားပြောမယ်၊ ပြီးရင် အိပ်ရာဝင် ချစ်တင်းနှောမယ်။ သူလိုချင်သမျှက ဒါပဲ။

ကိုမူရာရဲ့ သူငယ်ချင်းတွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေကတော့ သူ့အိမ်ထောင်ရေးကို ပဟေဠိတစ်ပုဒ်လို နားမလည်နိုင်ကြဘူး။ သူရဲ့ သပ်သပ်ရပ်ရပ် ခန့်ခန့်ထည်ထည် အသွင်အပြင်နဲ့ ယှဉ်ကာ သူ့မိန်းမကို မြင်ရတာ သာပြီး စိတ်ဝင်စားစရာ ကင်းမဲ့သလိုလို ဖြစ်ရတယ်။ အရပ်ပုပု၊ လက်မောင်းတုတ်တုတ်တွေနဲ့ သူမဟာ စိတ်လှုပ်ရှားစရာ မရှိဘဲ မြင်ရတာ စိတ်ကုန်စရာ

ကောင်းလိုက်တာလို့တောင် ထင်ရတယ်။ ရုပ်ပိုင်း အသွင်အပြင်တင် မဟုတ်ဘူး၊ စိတ်ပိုင်း ကိုယ်ရည်ကိုယ်သွေးကလည်း ဘာမှ ဆွဲဆောင်မှု မရှိဘူး။ သူမဟာ စကားနည်းလွန်းပြီး မျက်နှာက အမြဲတမ်း သုန်သုန်မှုန်မှုန်ပါ။

ကိုမူရာဟာ ဘာကြောင့်မှန်း မသိလဲဘဲ သူ့မိန်းမနဲ့ တစ်မိုးအောက် နှစ်ယောက်အတူ နေရရင် သူရဲ့ စိတ်ဖိစီးမှုတွေ ပြေလျော့သွားရတာချည်းပဲ။ အဲဒီအချိန်တစ်ချိန်သာ သူ တကယ် ပူပင်ကင်းဝေး ငြိမ်းအေးတဲ့ အချိန်ပဲ။ သူမနဲ့အတူ အိပ်ရရင် အတိတ်က သူ့ကို ဒုက္ခပေးခဲ့တဲ့ အိပ်မက်ဆန်းတွေရဲ့ အနှောင့်အယှက်မရှိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်။ သွေးသားတောင့်တမှုလည်း ရှိလှတယ် မဟုတ်ဘူး။ သူရဲ့ အိမ်ထောင်ရေးဘဝက အေးအေးချမ်းချမ်းပဲ။ သေရေးအကြောင်း ဖြစ်ဖြစ်၊ လိင်ဆက်ဆံမှုကတစ်ဆင့် ကူးစက်တဲ့ ရောဂါတွေအကြောင်း ဖြစ်ဖြစ်၊ အနန္တစကြဝဠာကြီးအကြောင်း ဖြစ်ဖြစ် တွေးတောပူပန် မနေရတော့ဘူး။

တစ်ဖက်မှာ သူ့မိန်းမကျပြန်တော့ တိုကျို့ရဲ့ စည်စည်ကားကား လူအုပ်ကြီးတွေကို မကြိုက်ဘဲ ယာမာဂါတာကိုပဲ တသသဖြစ်နေရဲ့။ သူမက အဖေရယ်၊ အမေရယ်၊ အစ်မနှစ်ယောက်ရယ်ကို လွမ်းတယ်။ သူတို့ကို မမြင်ရ မတွေ့ရ မနေနိုင်အောင် ဖြစ်တဲ့အခါတိုင်း သူတို့ကိုတွေ့ဖို့ အိမ်ပြန်သွားတာပဲ။ သူမမိဘတွေက တည်းခိုခန်းတစ်ခု ဖွင့်ထားတာ အောင်မြင်တယ်။ သူတို့ တစ်မိသားစု သက်သောင့်သက်သာ နေလောက်အောင် ဝင်ငွေရတယ်။ သူမအဖေက အထွေးဆုံးသမီးဖြစ်တဲ့ သူမကို ချစ်တာ သည်းသည်းလှုပ်ပဲ။ သူမအဖေဟာ သူမအတွက် တိုကျို့နဲ့ ယာမာဂါတာ အသွားအပြန် ခရီးစရိတ်ကို သူ့ဆန္ဒနဲ့သူ ပေးချင်လို့ကို ပေးနေခဲ့တာပါ။ ကိုမူရာ အလုပ်က ပြန်လာမှ သူ့မိန်းမသွားပြီလို့ သိရတယ်။ သူမမိဘတွေဆီ ခဏ ပြန်သွားကြောင်း စာတိုကလေး ရေးပြီး မီးဖိုခန်းစားပွဲပေါ်မှာ တင်ထားခဲ့တယ်။ သူ ဘယ်တော့မှ မကန့်ကွက်ခဲ့ဘူး။ သူမပြန်လာတာ သူစောင့်တယ်။ အစဉ်သဖြင့် တစ်ပတ် ဒါမှမဟုတ် ဆယ်ရက်ကြာရင် စိတ်နလုံး သာသာယာယာ ကြည်ကြည်ဖြူဖြူနဲ့ သူမ ပြန်လာတယ်။

ဒါပေမဲ့ ငလျင်လှုပ်ပြီး ငါးရက်အကြာ သူ့မိန်းမအိမ်က ထွက်သွားတဲ့အခါထားခဲ့တဲ့ စာကတော့ အရင်နဲ့ကွာတယ်။ “ကျွန်မ ဘယ်တော့မှ ပြန်မလာတော့ဘူး” လို့ ရေးထားတယ်။ ဒီနောက် ဆက်လို့ ရှင်းထားတာက ရိုးရိုးရှင်းရှင်းပေ

မယ့် ပြတ်ပြတ်သားသားပဲ။ သူနဲ့အတူ သူမ မနေချင်တော့တာကြောင့်လို့ ရေးခဲ့တယ်။

“ပြဿနာက ကျွန်မကို ရှင်တစ်ခါမှ ဘာမှမပေးဖူးဘူး ဆိုတာပါပဲ။ တိတိကျကျ ပြောရရင် ရှင်ရဲ့ အတွင်းထဲဆီမှာ ကျွန်မကို ပေးစရာ ဘာမှမရှိဘူး ဆိုတာပါပဲ။ ရှင်ဟာ မွန်မွန်ရည်ရည်၊ ကြင်ကြင်နာနာနဲ့ ရုပ်ရည်ချောမောတဲ့ လူတစ်ယောက်ပါ။ ဒါပေမဲ့ ရှင်နဲ့အတူ နေရတာတော့လေ အစိုင်အခဲ အတုံးတစ်တုံးနဲ့ အတူနေရသလိုပဲ။ ဒါကလည်း လုံးလုံး ရှင်ရဲ့အပြစ်ချည်းတော့ မဟုတ်ပါဘူး။ ရှင့်ကို ချစ်တဲ့ မိန်းမတွေ အများကြီး ရှိပါတယ်လေ။ ကျွန်မဆီတော့ ဖုန်းမဆက်ဖို့ တောင်းပန်ပါရဲ့။ ကျွန်မ ကျန်ခဲ့တဲ့ ပစ္စည်းတွေ အကုန်လုံး လွှင့်သာပစ်လိုက်ပါ” လို့ ရေးခဲ့တယ်။ အမှန်တကယ် သူမ ဘာမှ များများစားစား ကျန်ခဲ့တာ မဟုတ်ဘူး။ သူမရဲ့ အဝတ်တွေ၊ ဖိနပ်တွေ၊ ထီး၊ ကော်ဖီခွက်၊ ဆံပင်အခြောက်ခံတဲ့ ဒရွိုင်ယာ၊ အကုန် သူမနဲ့အတူ ပါသွားပြီ။ မနက်ဖက် သူ အလုပ်သွားဖို့ အိမ်ကထွက်တဲ့နောက် သူမဟာ အဲဒါတွေကို သေတ္တာပုံးတစ်ခုထဲထည့်ပြီး စာတိုက်ကနေ ပို့လိုက်တာ ဖြစ်မယ်။ သူမ ကျန်ခဲ့တဲ့ ‘ပစ္စည်း’လို့ ဆိုရမယ့် တစ်ခုတည်းသော ပစ္စည်းကတော့ သူမ စျေးဝယ်ထွက်ရင်၊ စာအုပ်ကလေး နှစ်အုပ်သုံးအုပ် ဆိုသလို အဝယ်သွားရင် စီးတဲ့ စက်ဘီးပါ။ ကိုမူရာ လူပျိုဘဝကတည်းက စုဆောင်းထားခဲ့တဲ့ ဘီးတဲ(လ်)စီဒီတွေနဲ့ ဘီ(လ်)အဲဗန်းစီဒီတွေလည်း မရှိတော့ဘူး။

နောက်တစ်နေ့ ယာမာဂါတာက သူမိန်းမရဲ့ မိဘတွေဆီ သူကြိုးစားပမ်းစား ဖုန်းဆက်ကြည့်တယ်။ ယောကျ်ားမမိန်းမသူက ဖုန်းကိုင်တယ်။ ယောကျ်ားမက သူ့ကို သူ့မိန်းမ စကားမပြောချင်တဲ့ အကြောင်းပြောတယ်။ ယောကျ်ားမကတော့ တောင်းပန်တဲ့ လေသံ အတော်လေးကဲတယ်။ မကြာခင် သူ့ဆီကို လိုအပ်တဲ့ စာချုပ်စာတမ်းတွေ သူတို့ ပို့လိုက်မယ်၊ သူ့လက်မှတ်တံဆိပ်တုံး နှိပ်ပြီးရင်ပြီးချင်း အဲဒါတွေကို ချက်ချင်း ပြန်ပို့ပေးဖို့လည်း ပြောတယ်။

ကိုမူရာက “အဲဒါတွေကို သူချက်ချင်း ပြန်ပို့ပေးနိုင်ဖို့ ဖြစ်နိုင်မယ်မထင်ဘူး” လို့ ပြန်ဖြေတယ်။ ဒါအရေးကြီးတဲ့ ကိစ္စပဲ။ သူဒီကိစ္စကို အချိန်ယူ စဉ်းစားချင်တယ်။

“မင်း စဉ်းစားချင်တယ် ဆိုရင်တော့လည်း စဉ်းစားချင်သလောက် စဉ်းစားပေါ့။ ဒါပေမဲ့ ဘာမှ အပြောင်းအလဲဖြစ်လာမှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်ကွယ်” လို့ သူရဲ့ ယောကျ်ားမမိန်းမသူက ပြောတယ်။

သူမ မှန်နိုင်ခြေရှိတယ်လို့ ကိုမူရာတွေးမိတယ်။ သူ ဘယ်လောက် စဉ်းစားတယ် ဖြစ်စေ၊ စောင့်တယ်ဖြစ်စေ ဘာမှ အရင်အခြေအနေအတိုင်း ပြန်ပြီး ဖြစ်လာမှာ မဟုတ်ဘူး။ ဒါတော့ သူ သေသေချာချာသိတယ်။

စာချုပ်စာတမ်းတွေမှာ သူ့လက်မှတ် တံဆိပ်တုံးနှိပ်ကာ ပြန်ပို့လိုက်ပြီး ဘာမှမကြာမီ ကိုမူရာ အလုပ်မှာ လစာအပြည့်နဲ့ ခွင့်တစ်ပတ် တင်လိုက်တယ်။ သူ့ဘော့(စ်)က သာမန်အားဖြင့် ဖြစ်လေ့ဖြစ်ထ ရှိခဲ့တာတွေကိုသာ စဉ်းစားတာပါ။ ဒီလို ဖေဖော်ဝါရီလဆိုတာ အလုပ်ပါးတဲ့ ကာလဖြစ်သမို့ တစ်စက်မှ မငြူစူဘဲ ကိုမူရာကို ခွင့်ပေးလိုက်တယ်။ ဘော့(စ်)က ကိုမူရာကို တစ်ခုခု ပြောတော့ မလိုလိုပေမယ့် နောက်ဆုံး ဘာမှမပြောပါဘူး။

နေ့လယ်စာ စားချိန်ကျတော့ လုပ်ဖော်ကိုင်ဖက် တစ်ယောက် ဖြစ်တဲ့ စစကို သူ့ဆီရောက်လာပြီး “ခင်ဗျား ခွင့်ယူလိုက်တယ်လို့ ကျွန်တော် ကြားတယ်။ တစ်နေရာရာသွားဖို့ စီစဉ်ထားပြီလားဗျ” လို့ ပြောတယ်။

“မသိပါဘူးကွာ၊ ဘာလုပ်ရရင် ကောင်းမလဲ” လို့ ကိုမူရာက ပြောလိုက်တယ်။

စစကိုက လူပျိုတစ်ယောက်ဖြစ်ပြီး ကိုမူရာထက် သုံးနှစ်ငယ်တယ်။ ရုပ်က ခပ်သွယ်သွယ်ခပ်နုနု၊ ဆံပင်တိုတို့နဲ့ ရွှေကိုင်းမျက်မှန်ဝိုင်းဝိုင်းနဲ့ပါ။ လူအတော်များများက သူဟာ စကားများတယ်၊ ပြောတာဆိုတာ အထက်စီးဆန်တယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ ဘာမှ အလေးအနက်မထား အပူအပင်မရှိတဲ့ ကိုမူရာနဲ့ကျ ဆက်ဆံရေး အတော်အဆင်ပြေတယ်။

“သေစမ်းဗျာ ခင်ဗျားနှယ်၊ ခွင့်ယူပြီး နားမယ့်နားမှတော့ သာသာယာယာ ခရီးလေးတစ်ကြောင်းလောက်တော့ ထွက်ပါတော့လားဗျာ”

“အဲဒီစိတ်ကူး မဆိုးပါဘူးကွာ” လို့ ကိုမူရာကလည်း ပြောတယ်။

သူ့လက်ကိုင်ပုဝါနဲ့ မျက်မှန်ကို သုတ်ရင်း စစကိုဟာ တစ်စုံတစ်ရာ မသက်ဝစရာ ရှာသလိုလို ကိုမူရာကို ခိုးကြည့်တယ်။

“ခင်ဗျား ဟော့ကိုင်းဒိုး ရောက်ဖူးလားဗျ” လို့ စစကိက မေးတယ်။

“မရောက်ဖူးပါဘူးကွာ”

“ခင်ဗျား သွားချင်လားဗျ’

“ဘာဖြစ်လို့ မေးတာလဲ”

စစကိက မျက်လုံးတွေကို မှေးလိုက်ရင်း လည်ချောင်းရှင်းတယ်။ “ခင်ဗျားကို အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော့်မှာ အထုပ်ကလေးတစ်ထုပ် ရှိတယ်။ အဲဒါ ကုရှိရိုကို ပို့ပေးရမှာ။ အဲဒီကို ခင်ဗျား ယူသွားပေးနိုင်မလား လို့ ကျွန်တော်က မျှော်လင့်တာဗျ။ အဲသလိုဆိုရင် ခင်ဗျားဟာ ကျွန်တော့်ကို ဧရာမအကူအညီတစ်ခု ကူညီတာပါပဲဗျာ။ ကျွန်တော်ကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ကို ခင်ဗျားအတွက် အသွားအပြန် လေယာဉ်လက်မှတ် ခံဦးမှာဗျာ။ ကုရှိရိုမှာ ခင်ဗျားတည်းမယ့် ဟိုတယ်ခအတွက်ပါ ကျွန်တော့်က ဆောင်းပေးလိုက်ဦးမယ်ဗျာ”

“အထုပ်က သေးသေးလေးပဲလား”

“ဟောဒီလောက်ပါပဲ” လို့ စစကိက လေးလက်မပတ်လည် လေးထောင့်တုံး ပုံသဏ္ဌာန်ကို လက်နဲ့ ပုံဖော်ပြရင်း ဖြေတယ်။ “လုံးဝ မလေးပါဘူး”

“လုပ်ငန်းကိစ္စနဲ့ ပတ်သက်လားကွာ”

စစကို ခေါင်းခါတယ်။ “လုံးဝ မပတ်သက်ပါဘူး” လို့ ဖြေတယ်။ “တကယ့်ကို ကိုယ်ရေးကိုယ်တာကိစ္စ သက်သက်ပါဗျာ။ အဲဒီအထုပ်ကလေးကို ကြမ်းကြမ်းတမ်းတမ်း ထိမိခိုက်မိမှာ စိုးတာတစ်ခုကြောင့်သာ ကျွန်တော်က စာတိုက်ကနေ မပို့တာပါ။ ဖြစ်နိုင်ရင် ခင်ဗျားအနေနဲ့ အဲဒီဟာကို ခင်ဗျားလက်ထဲမှာ ကိုင်ပြီး သယ်သွားစေချင်တာဗျ။ ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ လုပ်များလုပ်နိုင်မယ်ဆို လုပ်လိုက်ချင်တာပါ။ ကျွန်တော့်မှာ ဟော့ကိုင်းဒိုးကို လေယာဉ်နဲ့ အသွားအပြန်ခရီးကိုပဲ အချိန်မရှိဘူး ဖြစ်နေတယ်”

“တန်ဖိုးသိပ်ကြီးတဲ့၊ အထိအခိုက်မခံတဲ့ဟာ တစ်ခုခုများလားကွာ”

စစကိရဲ့ စေ့ထားတဲ့ နှုတ်ခမ်းတွေက မဆိုစလောက် မဲ့သွားကာ ခေါင်းခါတယ်။ “ကွဲလွယ်ကျိုးလွယ်တာ လုံးဝမဟုတ်ပါဘူး။ အန္တရာယ်ရှိတဲ့ ပစ္စည်း

လည်း မဟုတ်ပါဘူး။ အဲသလို စိုးရိမ်စရာ မလိုပါဘူးဗျ။ လေဆိပ်စစ်ဆေးရေးမှာ အိပ်(စ်) ရေးကို ဖြတ်ရင်လည်း အဲဒီဟာကြောင့် ခင်ဗျား အတားအဆီးခံရမှာ မဟုတ်ပါဘူး။ ကျွန်တော် ကတိပေးပါတယ်ဗျ၊ ခင်ဗျား ဒုက္ခရောက်အောင် ကျွန်တော် မလုပ်ပါဘူး။ ပြီးတော့ အဲဒီအထုပ်ကလေးက အလေးချိန်ကလည်း တကယ့်ကို ဘာမှမရှိဘူး။ အရေးအကြီးဆုံးအနေနဲ့ ခင်ဗျားကို ကျွန်တော် မှာချင်တာကတော့ ခင်ဗျား တခြား ဘယ်နေနေ ဘယ်သွားသွား အဲဒီအထုပ်ကလေးကို ခင်ဗျားလက်ထဲမှာ သယ်သွားပေးဖို့ပါပဲဗျာ။ အဲဒီအထုပ်ကလေးကို စာတိုက်က မပို့နိုင်တဲ့ အကြောင်းက တစ်ခုတည်းပဲ။ အဲဒါကတော့ စာတိုက်ကနေ ပို့ကို မပို့ချင်လို့ပါပဲဗျာ”

ဟော့ကိုင်းဒိုးဟာ ဖေဖော်ဝါရီလမှာ ရေခဲအောင် အေးတာ ကိုမူရာသိရဲ့။ ဒါပေမဲ့ အေးအေးပူပူ ကိုမူရာအတွက် အတူတူပဲ။

“အဲဒီတော့ ကိုယ်က အဲဒီအထုပ်ကလေးကို ဘယ်သူ့ကို ပေးရမှာလဲ”

“ကျွန်တော့်နှမကိုပါ၊ အဲဒီမှာ ကျွန်တော့် နှမကလေး နေတယ်လေ”

ကိုမူရာက စစကို အကူအညီတောင်းတာကို လက်ခံဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့နားရက်တွေကို ဘယ်လိုသုံးရမယ် မစဉ်းစားရသေးဘူး။ အခုအချိန်မှာ အစီအစဉ် လုပ်ရတာ အတော်ကြီးတဲ့ ပြဿနာပါ။ ဒါပြင် ဟော့ကိုင်းဒိုးကို မသွားချင်ဘူးရယ်လို့လဲ ဘာမှ အကြောင်းပြစရာ သူ့မှာ မရှိဘူး။ ဒီတော့ စစကိုက လေကြောင်းကုမ္ပဏီကို ဖုန်းဆက်ပြီး ဟော့ကိုင်းဒိုးလက်မှတ်ကို ဝယ်လိုက်တယ်။ လေယာဉ်က ဇိန်းနွဲခါ နေ့လယ်ခင်းမှာ ထွက်ခွာမယ်။

နောက်တစ်နေ့ အလုပ်ထဲရောက်တော့ စစကိုက ကိုမူရာကို သေတ္တာကလေးတစ်ခု ပေးတယ်။ သေတ္တာကလေးက အသုဘအရိုးပြာအိုး အရွယ်ထက် ငယ်သေးတယ်။ ကုန်ထုပ်စက္ကူ အညိုရောင်နဲ့ ထုပ်ထားတယ်။ ကြည့်ရတာတော့ သစ်သားနဲ့ လုပ်ထားတယ်လို့ ထင်ရတယ်။ စစကို ပြောသလိုပဲ သေတ္တာကလေးက ဘာမှမလေးဘူး။ စက္ကူညိုပေါ်မှာ စယ်လိုတိပ်အကြည် အပြားကြီးကြီးနဲ့ ပတ်ပတ်လည် နေရာမလပ် ကပ်ထားတယ်။ ကိုမူရာက အဲဒီအထုပ်ကလေးကို လက်ထဲ ကိုင်ထားရင်း လေးငါးခြောက်စက္ကန့် ဆိုသလို စူးစမ်းကြည့်တယ်။ ခပ်ဖွဖွကလေး လှုပ်ကြည့်ပေမယ့် ဘယ်လိုအာရုံမှ မရဘူး။ အထဲက ဘာအသံမှ မကြားရဘူး။

“ကျွန်တော့်နှမလေးက ခင်ဗျားကို လေဆိပ်မှာ လာကြိုမှာပါ။ ခင်ဗျား တည်းဖို့အခန်းလည်း သူ စီစဉ်ထားမှာပဲ။ ခင်ဗျား လုပ်ရမှာက လေဆိပ်ဂိတ်ဝ မှာ အဲဒီအထုပ်ကလေးကို သူ မြင်အောင် လက်ထဲမှာကိုင်ပြီး ရပ်နေရုံပါပဲ။ စိတ် မပူပါနဲ့ ဗျာ၊ လေဆိပ်ကလည်း သိပ်ကြီးတာ မဟုတ်ပါဘူး” လို့ စစကိုက ပြော တယ်။

ကိုမူရာ အိမ်ကထွက်တော့ အဲဒီသေတ္တာကလေးကို စကိတ်စီးသမား အတွင်းခံ ထူထူတစ်ထည်နဲ့ ရစ်ပတ်ပြီး ခရီးဆောင်သေတ္တာထဲ ထည့်လာခဲ့ တယ်။ လေယာဉ်က သူ ထင်မှတ်ထားသလို မဟုတ်ဘဲ လူအပြည့်အသိပ်ပဲ။ ဆောင်းရာသီ လယ်ကာလမှာ ဟောဒီ လူတစ်အုံတမဟာ တိုကျိုကနေ ကုရိုရို ကို ဘာကြောင့် သွားကြတာပါလိမ့်။ သူ နားမလည်နိုင်ဘူး။

မနက်ခင်းသတင်းစာက ငလျင်သတင်းတွေ အပြည့်ပဲ။ လေယာဉ်ပေါ်မှာ သတင်းစာတစ်စောင်လုံး အစအဆုံး သူဖတ်တယ်။ သေတ့်လူစာရင်းက တိုး လာတယ်။ နေရာအများအပြားမှာ ရေနဲ့ လျှပ်စစ်မရသေးဘူး။ မရေတွက်နိုင်တဲ့ လူတွေဟာ အိမ်ရာမဲ့ ဖြစ်ကုန်ပြီ။ သတင်းဆောင်းပါးတိုင်းဟာ ဝမ်းနည်း ကြေကွဲစရာ အဖြစ်အပျက်အသစ်တွေကို သတင်းပေးနေတာပဲ။ ဒါပေမဲ့ ကိုမူ ရာ့အထင် အဲဒီ သတင်းတွေဟာ မတိကျ မသေချာဘဲ ယုတ္တိမရှိသလို ဖြစ်နေရဲ့။ သူ့အာရုံမှာ ကြားရမြင်ရသမျှဟာ အဝေးကလိုလို၊ ဖန်တရာတေ ပဲ့တင်ထပ်နေ သလိုလိုပါ။ သူ လေးလေးနက်နက် စဉ်းစားလို့ရတဲ့ အချက်တစ်ခုတည်း ကတော့ သူ့မိန်းမဟာ ဝေးသမျှ အဝေးဆုံး ဝေးကွာခြင်းဆီ ဆုတ်ခွာပြေးထွက် သွားသလို ပြုခဲ့တယ်ဆိုတဲ့ အချက်ပဲ။

ဘာမှ စဉ်းစားတွေးတောမှု မရှိဘဲ တီဗွီထဲက ငလျင်သတင်းတွေကို မြင် ကာမတ္တ ဆိုသလို ကြည့်နေရာက ရပ်လိုက်ပြီး သူ့မိန်းမအကြောင်း စဉ်းစား တယ်။ ဒီနောက် သတင်းစာဖက် လှည့်ပြန်တယ်။ ဒီလိုနဲ့ ငြိုးငွေ့လာတော့ မျက်စိအစုံမှိတ်ကာ တစ်ရေးအိပ်တယ်။ နိုးတော့ သူ့မိန်းမအကြောင်း တွေးမိ ပြန်တယ်။ သူမဟာ တီဗွီငလျင်သတင်းတွေကို မနက်ကည့်တိုင် မစား မအိပ် ဘဲ ဒီလောက်အလေးအနက် အပြင်းအထန် တစိုက်မတ်မတ် ဘာကြောင့် ကြည့်နေခဲ့တာလဲ။ အဲဒီ သတင်းတွေထဲ သူမ ဘာမြင်လိုက်လေသလဲ။

လေဆိပ်မှာ ကိုမူရာဆီကို ဒီဇိုင်းရော အရောင်ပါ ဆင်တူ အပေါ်ရုံကုတ် အင်္ကျီရှည်တွေ ဝတ်ထားကြတဲ့ အမျိုးသမီးနှစ်ယောက် ချဉ်းကပ်လာကြတယ်။

တစ်ယောက်က အသားလတ်လတ်၊ ဆံပင်တိုတို့နဲ့ အရပ်ငါးပေခြောက်လက်မ လောက်ရှိမယ်။ သူမရဲ့ နှာခေါင်းအခြေနဲ့ ပြည့်ပြည့်ဖောင်းဖောင်း အပေါ် နှုတ်ခမ်း အကြား အကျယ်အဝန်းက သာမန်မဟုတ်ဘဲ ပိုပြီး ကျယ်နေသမို့ ကိုမူရာဟာ မြင်းလိုလို နွားလိုလို သတ္တဝါတစ်ကောင်ကို တွေးမိတယ်။ သူမရဲ့ အဖော်ကတော့ အရပ်က တကယ့်ကို ငါးပေတစ်လက်မပဲ။ နှာခေါင်းလေး သိပ် သေးသေးလေး မဟုတ်ရင် တော်တော်လှမှာပါ။ သူမရဲ့ ဆံပင်ရှည်ရှည်က ပုခုံး အထိ ဖြောင့်ဖြောင့်စင်းစင်း ကျနေတယ်။ နားရွက်တွေ ဖော်ထားတယ်။ ညာ ဖက်နားပန်မှာ မဲ့နှစ်လုံးရှိရာ သူမပန်ထားတဲ့ နားကပ်ကြောင့် ပိုပြီး ပေါ် ပေါ်လွင်လွင် မြင်ရတယ်။ အမျိုးသမီး နှစ်ယောက်စလုံး အမြင်အားဖြင့် အသက်အစိတ် ဝန်းကျင်လို့ ထင်ရတယ်။ သူမတို့က ကိုမူရာကို လေဆိပ်ထဲက ကဖေးဆိုင်ဆီ ခေါ်သွားကြတယ်။

“ကျွန်မက ကေကိုစစကိပါ။ ကျွန်မအစ်ကိုက ပြောပါတယ် ရှင်သူ့ကို ဘယ်လိုကူညီတယ် ဆိုတာ။ သူကတော့ ကျွန်မသူငယ်ချင်း ရှိမအိုပါ” လို့ အရပ် ရှည်ရှည် အမျိုးသမီးက ပြောတယ်။

“တွေ့ရတာ ဝမ်းသာပါတယ်” လို့ ကိုမူရာ ပြောလိုက်တယ်။

“ရှင်ရဲ့ဇနီး မကြာသေးခင်ကပဲ ကွယ်လွန်သွားတယ်လို့ အစ်ကိုက ပြော ပါတယ်” လို့ ကေကိုစစကိက လေးလေးစားစား လေသံနဲ့ ပြောတယ်။

ကိုမူရာဟာ ပြန်ပြီး မဖြေခင် ခဏတုန့်ဆိုင်းဆိုင်း ဖြစ်သွားတယ်။

“မဟုတ်ပါဘူး၊ ကိုယ့်မိန်းမ မသေပါဘူး”

“မနေ့တစ်နေ့ကမှ အစ်ကိုနဲ့ ကျွန်မ စကားပြောကြသေးတယ်။ သေချာပါ တယ်၊ ရှင့်ဇနီး မရှိတော့ဘူးလို့ အစ်ကိုက တကယ့်ကို အသေအချာ ပြောတာ ပါ”

“ကိုယ့်မိန်းမ မရှိတော့တာတော့ မှန်ပါတယ်။ သူက ကိုယ်နဲ့ ကွာရှင်း လိုက်တာပါ။ ဒါပေမဲ့ ကိုယ်သိသလောက် သူ မသေသေးပါဘူး၊ ကျန်းကျန်းမာ မာပါပဲ”

“ဆန်းတော့ ခပ်ဆန်းဆန်းပဲ၊ ဒီလို အရေးကြီးတာ တစ်ခုကို ကျွန်မ အကြားမှားတယ်ဆိုတာ မဖြစ်နိုင်တာပဲ”၊ သူမက စိတ်ပျက်လက်ပျက် အကြည့်

နဲ့ ကိုမူရာကို ကြည့်တယ်။ ကိုမူရာက ကော်ဖီခွက်ထဲကို သကြားနည်းနည်း ထည့်ကာ ခပ်သာသာလေး မွှေပြီး မြည်းတယ်ဆိုရုံ တစ်ငုံစာလောက် သောက်လိုက်တယ်။ ကော်ဖီက ပြောပလောက်အောင် အရသာမရှိဘဲ ကျဲကျဲပါ။ ကော်ဖီလို့ ဘုရားစူးပြောရမယ့် ကော်ဖီပေါ့။ ောက်ကျိုးနဲ့ ငါက ဒီမှာ ဘာလာလုပ်နေတာလဲလို့ ကိုမူရာ စဉ်းစားမိရဲ့။

“ဟုတ်မှာပါလေ၊ ကျွန်မ အကြားမှားတာပဲ ထင်ပါတယ်။ အကြားမှားလို့ ဆိုတာအပြင် တခြား ဘယ်လိုရှင်းပြရမလဲ ဆိုတာလဲ ကျွန်မ စိတ်ကူးလို့မှ မရဘဲ” လို့ ကေကိုစစကိက ကျေနပ်မှုရသွားတဲ့ အသွင်နဲ့ ပြောတယ်။ အသက်ပြင်းပြင်းတစ်ချက် ရှိုက်သွင်းလိုက်ပြီး၊ သူမဟာ သူမရဲ့ အောက်နူတ်ခမ်းကို ကိုက်နေတယ်။

“ကျွန်မကို ခွင့်လွှတ်ပါနော်၊ ကျွန်မ အတော်ရိုင်းသွားတယ်”

“ဒီအတွက် စိတ်မကောင်း မဖြစ်ပါနဲ့။ ဘယ်လိုဖြစ်ဖြစ်လေ၊ ကိုယ့်မိန်းမကတော့ မရှိတော့ဘူးလေ”

ကိုမူရာနဲ့ ကေကိုတို့ စကားပြောနေတုန်း ရှိမအိုက ဘာမှမပြောဘူး။ သူမက ပြုံးနေပြီး ကိုမူရာကို တစ်စိုက်မတ်မတ် ကြည့်နေတယ်။ သူ့ကို သူမ သဘောကျပုံရတယ်။ ဒါကို သူမရဲ့ မျက်နှာနေမျက်နှာထားနဲ့ အဓိပ္ပာယ်ပါတဲ့ အမူအရာကနေ သူသိလောက်တယ်။ သူတို့သုံးယောက်စလုံး ခဏာ တိတ်ဆိတ်ငြိမ်သက် သွားတယ်။

“ဩော်... ဒါနဲ့ ကိုယ်ယူလာခဲ့တဲ့ အရေးကြီးတဲ့ အထုပ်ကလေးကို ပေးရဦးမယ်” လို့ ကိုမူရာက ပြောလိုက်တယ်။ သူက သူရဲ့ခရီးဆောင်သေတ္တာ ဇစ်ကို ဖွင့်ပြီး အထဲမှာ စကိတ်သမား အတွင်းခံစွပ်ကျယ်ထူထူနဲ့ ရစ်ပတ်ထားတာကို ဖြည်ကာ သေတ္တာကလေးကို ထုတ်ယူလိုက်တယ်။ အဲဒီအခိုက်မှ ဒီအထုပ်ကလေးကို သူ လေယာဉ်က ဆင်းဆင်းချင်း ကတည်းက လက်ထဲမှာ ကိုင်ထားရမှာ မဟုတ်ပါလားဆို တာ သတိဝင်တယ်။ အဲသလို အထုပ်ကလေး ကိုင်ထားတဲ့ လူကိုမှ သူမှန်း သူမတို့ သိမယ်မဟုတ်လား။ သူမှန်း သူမတို့ ဘယ်လို သိလိုက်ပါလိမ့်။

ကေကိုစစကိက စားပွဲပေါ်ကနေ လက်လှမ်းလိုက်တယ်။ သူမဟာ ဘာမှ စိတ်လှုပ်ရှားမှု မရှိတဲ့ အကြည့်နဲ့ အထုပ်ကလေးကို စေ့စေ့ကြည့်တယ်။ အထုပ်

ကလေးရဲ့ အလေးချိန်ကို ဆကြည့်တယ်။ ပြီးတော့ ကိုမူရာ လုပ်ခဲ့သလို အထုပ်ကလေးကို နားအနားကပ်ပြီး ခပ်ဖွဖွ လှုပ်ကြည့်တယ်။ အစစ အဆင်ပြေတယ်ဆိုတဲ့ သဘော သူမက ကိုမူရာကို ဖျတ်ခနဲ တစ်ချက် ပြုံးပြလိုက်တယ်။ ပြီးတော့ သေတ္တာကလေးကို သူမရဲ့ ကြီးမားလှတဲ့ အိတ်ကြီးထဲ လှစ်ခနဲ့ ထည့်လိုက်တယ်။

“ကျွန်မ ဖုန်းဆက်စရာလေးတစ်ခု ရှိတယ်ရှင့်။ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာလေးအတွက် ခဏဖုန်းဆက်ရင် စိတ်အနှောင့်အယှက် မဖြစ်ပါဘူးနော်” လို့ ကောကိုစစကိက ပြောတယ်။

“မဖြစ်ပါဘူး၊ လုံးဝ မဖြစ်ပါဘူး။ အေးအေးဆေးဆေး လုပ်ပါ”

ကောကိုက သူမရဲ့ အိတ်ကြီးကို ပုခုံးမှာ လွယ်တဲ့ကာ ခပ်လှမ်းလှမ်းက တယ်လီဖုန်းရုံလေးဆီ လျှောက်သွားတယ်။ ကိုမူရာဟာ သူမ လမ်းလျှောက်သွားပုံကို စေ့စေ့စပ်စပ် စူးစူးစမ်းစမ်း လိုက်ကြည့်တယ်။ ကိုယ်အထက်ပိုင်းက မလှုပ်မယှက်ပေမယ့် တင်ပဆုံကနေ အောက်ပိုင်းတစ်ပိုင်းလုံးကတော့ အဆစ်တိုင်းအပိုင်းတိုင်း အချက်ကျကျ ပုံစံမှန်မှန် အလှမ်းကျဲကျဲ စက်လို လှုပ်ရှားသွားတယ်။ ကိုမူရာဟာ အတိတ် တစ်ချိန်တစ်ခါတုန်းက ကိုယ်တိုင်ကိုယ်ကျ ကြံဖူးတွေ့ဖူးတဲ့ အာရုံခံစားမှုတစ်ခု ခံစားလိုက်ရတယ်။ ပစ္စုပ္ပန်ကာလထဲဆီ အဲဒီ အာရုံခံစားမှုက ဘာမှ အဆက်အစပ်မရှိ ရုတ်ချည်း တိုးဝှေ့ဝင်လာတာပါ။

“ဟော့ကိုင်းဒိုးကို အရင်ကကော ရှင်ရောက်ဖူးလား” လို့ ရှိမအိုက မေးလိုက်တယ်။

ကိုမူရာက ခေါင်းခါတယ်။

“အင်း ဟုတ်ပါတယ်၊ လာရတဲ့ ခရီးက အဝေးကြီးရယ်နော်”

ကိုမူရာ ခေါင်းညိတ်လိုက်ပြီး သူ့အနီးနားဝန်းကျင်ကို ဟိုဟိုဒီဒီ စူးစူးစမ်းစမ်း လှည့်ကြည့်တယ်။ “ခုလို ဒီမှာထိုင်နေရတော့ ရယ်စရာတော့ ကောင်းသား၊ ဒီလောက် ခရီးဝေးဝေးကြီး လာခဲ့ရတယ်လို့တောင် မထင်ရဘူး” လို့ ပြောတယ်။

“ရှင်က လေယာဉ်နဲ့ လာတာကိုးရှင့်၊ အဲဒီ လေယာဉ်ပျံတွေကတော့ အရမ်းအရမ်းကို မြန်လွန်းပါတယ်ရှင်။ ရှင်ရဲ့ ကိုယ်နောက်ကို ရှင့်စိတ်ကတောင်

မိအောင်လိုက်နိုင်မှာ မဟုတ်ဘူး”

“မင်းပြောတာ ဟုတ်မှာပါကွာ”

“ဒီခရီးရှည်ကြီးကို ရှင်က လာချင်စိတ်ရှိလို့ လာတာလား”

“ထင်တာပါပဲလေ” လို့ ကိုမူရာ ဖြေတယ်။

“ရှင့်မိန်းမ ထွက်သွားတာကြောင့်ပေါ့နော်” သူ ခေါင်းညိတ်တယ်။

“ဘယ်လောက်ရှည်တဲ့ ခရီးရှည်ကြီးကို သွားသွား၊ ရှင့်ကိုယ်ကနေ ဝေးရာကို ရှင်ဘယ်တော့မှ သွားနိုင်မှာ မဟုတ်ပါဘူး” လို့ ရိုမအိုက ပြောတယ်။

သူမ စကားပြောနေတုန်း ကိုမူရာဟာ စားပွဲပေါ်က သကြားဘူးကို စိုက်ပြီး ကြည့်နေတယ်။ ပြီးမှ သူမရဲ့ မျက်လုံးတွေဆီ မော့ကာ မျက်လုံးချင်း ဆိုင်ကြည့်လိုက်တယ်။

“အဲဒါ အမှန်ပါပဲ။ ဘယ်လောက်ဝေးတဲ့ ခရီးကို သွားသွား၊ မင်းကိုယ်ကနေ မင်း ဝေးရာဆီ ဘယ်တော့မှ မသွားနိုင်ပါဘူး။ မင်းရဲ့အရိပ်လိုပေါ့။ မင်း ဘယ်သွားသွား မင်းရဲ့အရိပ်က မင်းနောက်က လိုက်နေမှာပဲလေ”

ရိုမအိုက ကိုမူရာကို ခပ်ရဲရဲ ကြည့်လိုက်တယ်။

“ကျွန်မပြောဝံ့တယ် ရှင့်မိန်းမကို ရှင်ချစ်တယ်၊ ဟုတ်တယ် မဟုတ်လား”

ကိုမူရာက အဲဒီမေးခွန်းကို ရှောင်တိမ်းလိုက်တယ်။

“မင်းက ကေကိုစစကိရဲ့ သူငယ်ချင်းပေါ့နော်”

“ဟုတ်ပါတယ်... ကျွန်မတို့ လုပ်စရာရှိ အတူတူ လုပ်ကြတာပဲ”

“ဘယ်လိုမျိုး လုပ်စရာတွေပါလိမ့်”

ရိုမအိုက ကိုမူရာကို ဖြေမယ့်အစား “ရှင်ဆာနေပြီလား” လို့ မေးလိုက်တယ်။

“မပြောတတ်ပါဘူး၊ ဆာသလို မဆာသလိုလို ဖြစ်နေတာပဲ”

“ကျွန်မတို့ သုံးယောက် ပူပူနွေးနွေးတစ်ခုခု သွားစားကြရအောင်လေ။ အဲဒါမှ ရှင်လည်း နေသာထိုင်သာ ဖြစ်သွားမှာ”

ရှိမအိုက အငယ်စား ဆုဘားရုဖိုးဦးဒရိုက်(ဇ)ကို မောင်းတယ်။ မော်တော်ကားရဲ့ ဒဏ်ရာဒဏ်ချက်တွေကို အကဲခတ် ဆုံးဖြတ်ရရင်တော့ မောင်းထားတာ မိုင်တစ်သိန်းကျော်ကျော် ရှိပြီ ဖြစ်မယ့်ပုံပါ။ နောက်ဘမ်ပါမှာ တော်တော်ကြီးတဲ့ အချိုင့်ကြီးတစ်ခု ရှိတယ်။ ကေကိုစစကိုက ရှိမအိုဘေးမှာ ထိုင်ပြီး ကိုမူရာက နောက်ဖက်ထိုင်ခုံမှာ မဆန့်သာ မလှုပ်သာ ထိုင်လိုက်တယ်။ ရှိမအိုမောင်းတာ ဘာမှ ထူးထူးထွေထွေ အမှားအယွင်း မရှိပေမယ့် ကား နောက်ပိုင်းက အသံကတော့ ကြောက်ခမန်းလိလိပဲ။ ဆိုင်းထိန်းစနစ် ပြုတ် ထွက်ကုန်လုနီးနီးပဲ။ အရှိန်လျှော့တိုင်း အော်တိုဂီယာအုံထဲက အသံက ကျယ်လောင်စူးရှလှရဲ့။ အပူပေးစက်ကလည်း ပူတစ်ချီ အေးတစ်လှည့်ပဲ။ ကိုမူရာဟာ အဝတ်လျှော်စက်ထဲ အကျဉ်းကျနေသလို ခံစားနေရလေရဲ့။

ကုရိုရိုက လမ်းတွေပေါ်မှာ နှင်းတစ်စက်တစ်လေကိုမှ အစုလိုက်အပုံလိုက် ဖြစ်လာတဲ့အထိ မစုမပုံစေရဘူး။ ဒါပေမဲ့ ညစ်ပတ်တယ်၊ လမ်းနံဘေး တစ်ဖက် တစ်ချက်မှာ ဟိုနားဒီနားဆိုသလို ရေခဲပြီး မိုမိုမောက်မောက် ဖြစ်နေတာတွေ ရှိတယ်။ ထူထည်းတဲ့ တိမ်တိုက်တွေက အထက်ဆီမှာ အုံ့ဆိုင်းနေတာ နိမ့်နိမ့်လေးပါ။ နေမဝင်သေးပေမဲ့ မှောင်နဲ့ရယ်မည်းမည်း ထိတ်လန့်အားငယ် စရာပါ။ မြို့ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေက တရှိုရှို စူးစူးရှရှ မြည်နေတယ်။ လမ်းတွေပေါ်မှာ သွားသွားလာလာရယ်လို့ လူတစ်ယောက်တစ်လေမှ မရှိဘူး။ မော်တော်ယာဉ် အချက်ပြမီးတွေတောင် အသွင်အပြင်က အေးစက်အေးခဲပြီး အလုပ်မလုပ်တော့ဘူး ထင်ရတယ်။

“ဒါကတော့ ဟော့ကိုင်းဒိုးရဲ့ အပိုင်းတစ်ပိုင်းပါ၊ ဒီဖက်ပိုင်းမှာ နှင်းတွေ အများကြီး ကျနေဖုံးနေတာ မတွေ့နိုင်ဘူး။ ကျွန်မတို့ ရောက်နေတာ ကမ်းရိုးတန်း ဖက်အပိုင်းမှာလေ။ လေက ပြင်းတယ်။ ဘာလေးပဲဖြစ်ဖြစ် စုပြီးပုံပြီး ကျွန်မနေနိုင်ဘူး၊ လေပြင်းနဲ့ လွင့်ပါသွားတာပဲ။ အေးကလည်း အေးတယ်၊ အေးတာမှ ရေခဲလောက်အောင် အေးတယ်။ တစ်ခါတလေ နားရွက်ပြုတ်ထွက်သွားပြီလား ခံစားရတယ်” လို့ ကေကိုစစကိုက ကိုမူရာဆီ လှည့်ပြီး အသံကျယ်ကျယ်နဲ့ ရှင်းပြနေတယ်။

“လမ်းပေါ်မှာ အိပ်ရင်း အေးလွန်းလို့ အေးခဲပြီး သေတဲ့ အရက်သမားတွေ အကြောင်း ရှင်ကြားဖူးတယ် မဟုတ်လား” လို့ ရှိမအိုက ပြောလိုက်တယ်။

“ဒီတစ်ဝိုက်မှာ မင်းတို့ ဝက်ဝံနဲ့ တိုးဖူးလားလို့ ကိုမူရာက မေးတယ်။

ကောကိုက တခိခိရယ်ပြီး ရှိမအိုဖက် လှည့်ကာ “ဝက်ဝံတဲ့တော့ ပြောနေတယ်” လို့ ပြောလိုက်တယ်။

ရှိမအိုကလည်း ကောကိုလိုပဲ တခိခိရယ်တယ်။

“ကိုယ်က ဟော့ကိုင်းဒိုးအကြောင်း သိပ်သိတာ မဟုတ်ပါဘူး” လို့ ကိုမူရာက သူမေးမိတာကို ပြန်ပြီး ရှင်းသလို ပြောတယ်။

“ဝက်ဝံနဲ့ ပတ်သက်လို့ အရမ်း စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်အပျက် တစ်ခု ကျွန်မသိနေတယ်လေ။ ဟုတ်တယ်နော် ရှိမအို” လို့ ကောကိုက ပြော လိုက်တယ်။

“တကယ့် မဟာဇာတ်ထုပ်ပေါ့” လို့ ရှိမအို ပြောတယ်။

ဒါပေမဲ့ သူတို့ရဲ့ စကားက အဲဒီနေရာမှာပဲ ပြတ်သွားတယ်။ နှစ်ယောက် စလုံး ဘယ်သူမှ ဝက်ဝံဇာတ်လမ်းကို ပြောမပြဘူး။ ကိုမူရာကလည်း ကြားပါရ စေရယ် လို့ မတိုက်တွန်းဘူး။ မကြာခင် သူတို့ သွားမယ်ရည်ရွယ်တဲ့ အဝေးပြေး လမ်းမကြီးပေါ်က ခေါက်ဆွဲဆိုင်ကြီး တစ်ဆိုင်ကို ရောက်တယ်။ ကားပါကင်မှာ ကားရပ်ခဲ့ပြီး သူတို့ ဆိုင်ထဲ ဝင်ခဲ့ကြတယ်။ ကိုမူရာက ဘီယာတစ်ပုလင်းနဲ့ ပူပူနွေးနွေး ရာမင်ခေါက်ဆွဲတစ်ပွဲ သောက်စားတယ်။ နေရာထိုင်ခင်းက ညစ်ပတ်တယ်၊ လူသူကင်းပြီး ခြောက်ကပ်ကပ်နိုင်တယ်၊ စားပွဲတွေ ကုလားထိုင်တွေကလည်း ယိုင်နဲ့နဲ့ပါ။ ဒါပေမဲ့ ခေါက်ဆွဲကတော့ ထူးထူးကဲကဲ ကောင်းတယ်။ စားလို့သောက်လို့ ပြီးတဲ့အခါ ကိုမူရာဟာ နည်းနည်းတော့ ပိုပြီး သက်သောင့်သက်သာ ရှိသွားတာအမှန်ပဲ။

“ဒါနဲ့... ဦးကိုမူရာ၊ ဟော့ကိုင်းဒိုးမှာ ရှင် ဘာများ လုပ်ချင်တာရှိလဲရှင့်။ ကျွန်မအစ်ကို ပြောတာတော့ ရှင်ဒီမှာ တစ်ပတ်နေမယ်တဲ့” လို့ ကောကိုစကို က မေးတယ်။

ကိုမူရာ ဒီအမေးကို ခဏစဉ်းစားတယ်။ ဒါပေမဲ့ သူဘာ လုပ်ချင်သလဲဆို တာ ဘာမှ စဉ်းစားလို့ အဖြေမရဘူး။

“ရေပူစမ်းဆိုရင် ဘယ်နယ့်လဲ။ ရေချိုးဇလုံကြီးထဲမှာ အေးအေးဆေးဆေး ဇိမ်ယူရတာ သဘောကျတယ် မဟုတ်လား။ ဒီကနေ သိပ် မဝေးတဲ့ ကျေးလက်ဆန်ဆန် နေရာလေးတစ်ခုလည်း ကျွန်မ ကောင်းကောင်း သိတယ်”

“အဲဒီစိတ်ကူး မဆိုးပါဘူး” လို့ ကိုမူရာ ပြောတယ်။

“ကျွန်မ ကောင်းကောင်းသိတယ်။ ရှင်ကြိုက်မှာ။ အဲဒီနေရာက တကယ့်ကို သာယာတယ်။ ဝက်ဝံတွေ ဘာတွေလည်း မရှိဘူး”

အမျိုးသမီးနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်တယ်၊ ပြီးတော့ ရယ်ကြပြန်တယ်။

“ရှင် ဘယ်လိုမှ စိတ်မရှိဘူးဆိုရင် ရှင့်မိန်းမအကြောင်း ပြောပြပါလား ရှင့်” လို့ ကေကိုက ပြောတယ်။

“ဘယ်လိုမှ စိတ်မရှိပါဘူး”

“သူ ဘယ်တုန်းက ထွက်သွားတာလဲဟင်”

“အင်း... ငလျင်လှုပ်ပြီး ငါးရက်၊ အဲဒီတော့ အခုဆိုရင် နှစ်ပတ်ကျော် ကျော် ရှိပြီလေ”

“ငလျင်နဲ့ ပတ်သက်တဲ့ အကြောင်းတစ်ခုခု ရှိလို့လား” ကိုမူရာ ခေါင်းခါတယ်။

“ပတ်သက်ဖို့ မဖြစ်နိုင်ပါဘူး။ ကိုယ် အဲဒီလို မထင်ပါဘူး”

“ဒါပေမဲ့ အဲဒီလို တစ်နည်းနည်းနဲ့ ပတ်သက်စရာ အကြောင်းမရှိဘူး ဆိုရင်လည်း ဘယ်လို ဖြစ်တာလဲပေါ့နော်” လို့ ရှိမအိုက ခေါင်းငဲ့ကာ ပြောလိုက်တယ်။

“အေးလေ၊ ဘယ်လို ဖြစ်ပျက်သွားမှန်းကို မင်း စဉ်းစားလို့မရတာ အဲဒါပဲလေ” လို့ ကေကိုက ပြောတယ်။

“မှန်လိုက်လေကွာ၊ အဲဒီလိုဟာပဲ ထပ်ထပ် ကြုံနေရတာလေ”

“အဲဒီလိုဟာဆိုတာ ဘာကို ပြောတာလဲ” လို့ ကိုမူရာက မေးတယ်။

“ဘယ်လိုလဲ ဆို... ဆိုပါတော့... ကျွန်မသိတဲ့ လူတစ်ယောက် ကြုံရတဲ့ အဖြစ်ပေါ့လို့” ကောကိုက ပြောတယ်။

“ဦးဆာအဲကိုကို ပြောတာလားကွ” လို့ ရှိမအိုက မေးတယ်။

“သေချာတာပေါ့ကွာ။ ဘယ်သူရှိမလဲ၊ အဲဒီလူပေါ့၊ ဆာအဲကိုပေါ့။ ကုရိုရို မှာ နေတယ်ရှင့်။ အသက်လေးဆယ်လောက် ရှိပြီ။ ဆံပင်ဖက်ရှင်ဆရာပေါ့။ မနှစ်၊ ဆောင်းဦးပေါက်တုန်းက သူ့မိန်းမက ယူအက်(ဖ်)အို ပန်းကန်ပြားပုံတစ်စင်းကို တွေ့တာလေ။ သူ့မိန်းမက အဲဒီ ညဉ့်သန်းခေါင်ကြီး မြို့စွန်မှာ တစ်ယောက်တည်း ကားမောင်းလာရင်း ကွင်းပြင်အလယ်မှာ ပန်းကန်ပြားပုံ အကြီးကြီး တွေ့တာ။ ဟူး... ကလို့(စ်)အင်ကောင်တာထဲက လိုပေါ့။ အဲဒီ နောက်တစ်ပတ်မှာ သူအိမ်ကနေ ထွက်သွားတာပဲ။ သူတို့မှာ အိမ်တွင်းရေး ပြဿနာတွေ ဘာတွေ ဘာမှမရှိဘူး။ ဒီမိန်းမ ပျောက်သွားတယ်၊ လုံးဝ ပြန်မ လာတော့ဘူး” လို့ ကောကိုက ပြောတယ်။

“အောက်ဆီဂျင် မလုံလောက်တဲ့ လေဟာပြင်ထဲကိုလေ...”

“အဲဒါ ပန်းကန်ပြားပုံကြောင့်လား” လို့ ကိုမူရာ မေးတယ်။

“ကျွန်မတော့ ဘာဖြစ်လို့လဲ မသိတော့ပါဘူး။ ယောကျ်ားကို ထားခဲ့ပြီး ရုတ်တရက်ကြီး ထွက်သွားတာပဲ။ ဘာစာတိုစာရှည်မှ မထားခဲ့ဘူး။ သူတို့မှာ မူလတန်းကျောင်း တက်နေတဲ့ ကလေးငယ်နှစ်ယောက်လည်း ရှိတယ်။ ထွက်မ သွားခင် တစ်ပတ်လုံးလုံး အဲဒီမိန်းမ ဘာလုပ်နေလဲဆို၊ လူတွေကို ပန်းကန်ပြားပုံအကြောင်း ပြောနေတာပဲ။ သူပြောနေတာ တန့်သွားအောင် ဘယ်လိုမှ လုပ်လို့မရဘူး။ အဲဒီဟာ ဘယ်လောက်အကြီးကြီး ဆိုတာ၊ ... ဘယ်လိုလှတယ် ဆိုတာ တောက်လျောက် ပြောနေတာ”

သူမ ပြောတဲ့ အဖြစ်အပျက်ကို ကောင်းကောင်းတွေးရအောင် စကားကို ခဏ ရပ်လိုက်တယ်။

ကိုမူရာက “ကိုယ့်မိန်းမကတော့ စာတိုကလေး ထားခဲ့တယ်။ ပြီးတော့ ကိုယ်တို့မှာက သားသမီးမရှိဘူး” လို့ ပြောတယ်။

“ဒါဆို ရှင့် အခြေအနေက ဆာအဲကိုထက် သာသေးတယ်” လို့ ကောကိုက ပြောတယ်။

“ဟုတ်တယ်နော်၊ သားသမီးတွေကြောင့် ကွာခြားမှု တော်တော်ကြီးသွားတာပဲ” လို့ ရှိမအိုက ခေါင်းညိတ်ရင်း ပြောလိုက်တယ်။

“ရှိမအိုရဲ့ အဖေအိမ်က ထွက်သွားတော့ ရှိမအိုခုနစ်နှစ်ပဲ ရှိသေးတယ် ရှိမအိုရဲ့ အဒေါ်နဲ့အတူ ထွက်ပြေးကြတာ” လို့ ကေကိုက မျက်မှောင်ကြုတ်ရင်း ပြောပြတယ်။

“ဘယ်လိုမှ မျှော်လင့်မထားဘဲ ထွက်သွားကြတာ။ တစ်နေ့မှာပေါ့လေ” လို့ ရှိမအိုက ပြောရင်း ပြုံးနေတယ်။

သူတို့သုံးယောက်စလုံး ဘာမှမပြောဘဲ တိတ်ဆိတ်သွားတယ်။

“ဒီလိုဖြစ်ရင်လည်း ဖြစ်မှာပေါ့။ မစ္စတာဆာအဲကိရဲ့ မိန်းမဟာ ထွက်ပြေးတာတော့ မဟုတ်ဘူး။ ပန်းကန်ပြားပုံက ဂြိုဟ်သားတွေက ဖမ်းသွားတာ ဖြစ်မယ်” လို့ ကိုမူရာက စိတ်ပေါ့ပေါ့ပါးပါး ဖြစ်ရာဖြစ်ကြောင်း ပြောလိုက်တယ်။

“ဒါလဲ ဖြစ်တော့ ဖြစ်နိုင်ပါတယ်” လို့ ရှိမအိုက မရွှင်ပျလှတဲ့ မျက်နှာထားနဲ့ ပြောတယ်။ “ဒီလိုဇာတ်လမ်းမျိုးတွေက ခဏခဏ ကြားဖူးနေကျပဲလေ”

“မင်းပြောချင်တာက ဘာလဲကွ၊ လမ်းတစ်ဆုံးလျှောက်ရင် ဝက်ဝံကိုက်ခံရမယ် ဆိုတဲ့ ဟာမျိုးလားကွ” လို့ ကေကိုက မေးလိုက်တယ်။ အမျိုးသမီးနှစ်ယောက် ရယ်ကြပြန်တယ်။

သုံးယောက်သား ခေါက်ဆွဲဆိုင်က ထွက်ခဲ့ကြပြီး အနီးက ဟိုတယ်တစ်ခုဆီ သွားကြတယ်။ ဟိုတယ်က အချစ်ဟိုတယ်လို့ ခေါ်တဲ့ စုံတွဲတွေ လွတ်လွတ်လပ်လပ် တည်းနိုင်တဲ့ ဟိုတယ်မျိုးပေါ့။ အဲဒီ အချစ်ဟိုတယ်ဟာ မြို့စွန်လမ်းမပေါ်မှာ သစ်ပြိုင်းကျောက်စာတိုင်လုပ်ငန်းနဲ့ တစ်တိုက်ကျော်မှာပါ။ ရှိမအို ရွေးတဲ့ ဟိုတယ် ဆောက်ထားတဲ့ပုံစံက ဥရောပက ရဲတိုက်လိုလို ခပ်ဆန်းဆန်း ခပ်ကြောင်ကြောင်ပါ။ အဆောက်အဦရဲ့ မျှော်စင်ထိပ်မှာ တြိဂံပုံ အလံနီ တလွင့်လွင့်နဲ့ပေါ့။

ကေကိုက ဧည့်ကောင်တာမှာ သော့ကိုယူပြီး သုံးယောက်သား အခန်းဆီ ဓာတ်လှေကားနဲ့ တက်ခဲ့ကြတယ်။ အခန်းပြတင်းပေါက်တွေက အခန်းထဲက ကုတင်ကြီးနဲ့ ယှဉ်ရင် ကျဉ်းလွန်းသမို့ မြင်ရတာ ပြောင်ချော်ချော် ပြက်တက်တက်ပါ။ ကိုမူရာက ဂျက်ကက်ထူကို ချွတ်ကာ ချိတ်မှာ ချိတ်လိုက်ပြီး

အိမ်သာထဲ ဝင်တယ်။ သူ အိမ်သာထဲဝင်တဲ့ မိနစ်ပိုင်းအတွင်း အမျိုးသမီးနှစ် ယောက်ဟာ ရေချိုး ဇလုံကြီးထဲ ရေဖြည့်တယ်၊ မီးရောင်မှိန်မှိန်မျှ လင်းရုံလျှော့ တယ်၊ အပူချိန် ညှိတယ်၊ တယ်လီဖီးရှင်း ဖွင့်တယ်၊ ဟိုတယ်တွင် ်း စားသောက်ဆိုင်က အစားအသောက် စာရင်းကို စေ့စေ့စပ်စပ် ကြည့်တယ်၊ ကုတင်ခေါင်းရင်းက မီးခလုတ်ကို စမ်းဖွင့်ကြည့်တယ်၊ ရေခဲသေတ္တာထဲက ယမကာတွေကို စစ်ဆေးတယ်။

“ပိုင်ရှင်က ကျွန်မ သူငယ်ချင်းထဲကပဲလေ။ ကျွန်မက သူတို့ကို အကျယ် ဆုံး အခန်းကို ချန်ထားခိုင်းတာ။ ဒါက လဇ်ဟိုတယ်လေ။ ဒါပေမဲ့ ရှင် ဘယ်လိုမှ စိတ်ထဲမထားပါနဲ့၊ ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်ဘူးမှတ်လားလို့ ကောကိုက ပြောတယ်။

“လုံးဝ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး”

“ဒီမှာက ဟိုတယ်စျေးချိုချို အခန်းကျဉ်းလေးထဲ မလွတ်မလပ် ဖြစ်နေ တာထက်စာရင် ရှင့်အတွက် ပိုပြီး အဓိပ္ပာယ်ရှိမယ်လို့ ကျွန်မထင်တယ်လေ”

“မင်း ထင်သလို ဟုတ်မှာပါပဲ”

“ရှင် ရေချိုးလိုက်ပါလား၊ ကျွန်မ တက်(ဘ်)ထဲမှာ ရေဖြည့်ထားတယ်”

ကိုမူရာက သူမပြောသလို လိုက်နာရဲ့။ ရေချိုးဇလုံက အတော်ကြီးတယ်။ ခုလို ရေဇလုံကြီးထဲ တစ်ယောက်တည်း စိမ်ရတာ တယ်ဇိမ်မရှိလှဘူးလို့ သူ ထင်တယ်။ ဒီဟိုတယ်ကိုလာတဲ့ စုံတွဲတွေကတော့ အတူတူ ရေစိမ်ကြမှာပေါ့။

ရေချိုးခန်းက သူထွက်လာတော့ ကောကိုစစကို မရှိတော့တာ ကိုမူရာ တ အံ့တသြ တွေ့ရတယ်။ ရှိမအိုကတော့ အခန်းထဲ ဘီယာသောက်ရင်း တီဗီကြည့် နေရဲ့။

“ကောကိုက အိမ်ပြန်သွားလေရဲ့ရှင်။ သူ မနက်ဖြန်မနက်မှ လာခဲ့မယ်လို့ ရှင့်ကို ပြောပေးဖို့၊ သူပြန်သွားတဲ့အတွက် တောင်းပန်ပေးဖို့ ကျွန်မကို မှာခဲ့လေ ရဲ့။ ကျွန်မဒီမှာ ခဏလောက် ဘီယာသောက်ရင်းနေတာ ရှင့်အတွက် စိတ် အနှောင့်အယှက်များ ဖြစ်မလားရှင့်” လို့ ရှိမအိုက ပြောတယ်။

“အဆင်ပြေပါတယ်” လို့ ကိုမူရာ ပြောလိုက်တယ်။

“အဆင်ပြေတာ သေချာပါတယ်နော်။ အင်း... ရှင့်ဘာသာရှင် အေးအေးဆေးဆေးများ နေချင်တာလား၊ အနားမှာ တစ်ယောက်ယောက် ရှိနေလို့ စိတ်ကသိကအောင့်များ ဖြစ်နေမလား၊ စိတ်ထဲ တစ်ခုခုများ ဖြစ်နေမလားလို့”

ကိုမူရာက တကယ့်ကို ပြဿနာမဟုတ်ကြောင်း ထပ်ပြောတယ်။ ဘီယာတစ်ဘူး ယူသောက်ရင်း သူ့ဆံပင်ကို မျက်နှာသုတ်ပုဝါနဲ့ သုတ်နေတယ်။ ပြီးတော့ ရှိမအိုနဲ့အတူ တီဗီကြည့်တယ်။ ကိုဘေးငလျင် သီးသန့်သတင်းအစီအစဉ်ပေါ့။ မြင်နေကျသတင်းတွေပဲ ထပ်ခါထပ်ခါ မြင်နေရတယ်။ ပြုလဲကျနေတဲ့ အဆောက်အအုံတွေ၊ ကွဲအက်ကျိုးကျနေတဲ့ လမ်းမကြီးတွေ၊ ငိုနေတဲ့ အဖွားကြီးတွေ၊ ရှုပ်ထွေးမှုတွေနဲ့ အကြောင်းမဲ့ ဒေါသတွေ ဖြစ်ရဲ့။ စီးပွားရေးသတင်းစတော့ ရှိမအိုက ရီမုဒ်ကွန်ထရိုးနဲ့ တီဗီပိတ်ပစ်လိုက်တယ်။

“စကားပြောကြရအောင်လား၊ ကျွန်မတို့ ဒီမှာ ရှိနေတုန်းလေးမှာ”

“ကောင်းသားပဲ” လို့ ကိုမူရာ ပြောလိုက်တယ်။

“အင်း... ဘာအကြောင်း ပြောရရင်ကောင်းမလဲ”

“ကားပေါ်မှာတုန်းက မင်းနဲ့ ကေကိုနဲ့ ဝက်ဝံအကြောင်း ဘာဘာညာညာ ပြောကြတာလေ၊ မမေ့လောက်သေးပါဘူး။ တကယ့် မဟာဇာတ်ထုပ်ကြီးဆို၊ မင်း ပြောတာပဲလေ”

“အိုး ဟုတ်ပါ့၊ ဝက်ဝံဇာတ်ကြောင်း” လို့ သူမက ပြောပြီး ခေါင်းညိတ်တယ်။

“ကိုယ့်ကို ပြောပြချင်စိတ်ရှိရဲ့လား”

“ဘာဖြစ်လို့ မပြောပြချင်ရမှာတုန်းရှင် အပီကို ပြောဦးမှာ”

ရှိမအိုက ရေခဲသေတ္တာထဲက ဘီယာဘူးတစ်ဘူးယူလိုက်ပြီး နှစ်ယောက်စလုံးရဲ့ ဖန်ခွက်တွေထဲ ဖြည့်တယ်။

“နည်းနည်း အညှီအဟောက်ကလေးတော့ ပါတာပေါ့နော်။ ရှင် စိတ်အနှောင့်အယှက် မဖြစ်ပါဘူးနော်”

ကိုမူရာ ခေါင်းခါပြတယ်။

“ကျွန်မပြောချင်တာက အဲဒီလို ဇာတ်လမ်းမျိုးကို မိန်းမ တစ်ယောက်ယောက်က ပြောတာကို တချို့ ယောကျ်ားတွေက နားမထောင်ချင်ကြတာမျိုး ရှိတာကိုပါ”

“ကိုယ်က အဲဒီလိုလူမျိုး မဟုတ်ပါဘူး”

“ကျွန်မက အဲဒါမျိုး တကယ့်ကို ကိုယ်တွေ့ကြုံဖူးလို့ပါ။ နည်းနည်းတော့ စိတ်ကသိကအောင့် ဖြစ်ရတယ်ရှင့်”

“ကိုယ်ကတော့ နားထောင်ချင်ပါတယ်ကွာ၊ ဒီကိစ္စနဲ့ပတ်သက်လို့ မင်းသာ အိုကေတယ် ဆိုရင်ပေါ့လေ”

“ရှင် အိုကေလို့ကတော့၊ ကျွန်မကလည်း အိုကေပါ”

“အိုကေပါ” လို့ ကိုမူရာ ပြောလိုက်ရဲ့။

“ဟိုး သုံးနှစ်လောက်တုန်းကရှင့်၊ ကျွန်မ ဂျူနီယာကောလိပ် ဝင်စကာလ လောက်တုန်းကပေါ့။ အဲဒီဘဲနဲ့ ကျွန်မ ချိန်းချိန်းတွေ့နေတာ။ သူက ကောလိပ်ကျောင်းသားပါပဲ၊ ကျွန်မထက် အသက်တစ်နှစ်ကျော်ကျော် ကြီးတယ်။ ကျွန်မ ပထမဆုံးအိပ်ဖူးတဲ့သူပေါ့။ တစ်နေ့တော့ ကျွန်မတို့ နှစ်ယောက် တောင်တက်ကြတာရှင့်၊ မြောက်ဘက်ဖျားက တောင်တန်းပေါ်ပေါ့”

သူမက ဘီယာတစ်ငုံသောက်တယ်။

“အချိန်က ဆောင်းဦးပေါက်လေးရယ်။ တောင်တန်းတစ်ဝိုက် ဝက်ဝံတွေ အပြည့်ပေါ့။ အဲဒီရာသီက ဝက်ဝံတွေ တစ်ဆောင်းတွင်းလုံး အိပ်ကြတော့မလို့ ပြင်ဆင်နေကြတဲ့ ရာသီဆိုတော့ သူတို့ အစာရှာ ထွက်ကြပြီလေ၊ ဝက်ဝံ အန္တရာယ် အရမ်းကြီးတယ်။ တစ်ခါတလေ သူတို့က လူတွေကို ရန်ပြုတတ်တယ်။ ကျွန်မတို့ တောင်ပေါ်မတက်ကြမီ သုံးရက်လောက်က တောင်တက်သမား တစ်ယောက်ကို ဝက်ဝံတွေက အတော် ကြောက်စရာ ကောင်းအောင် တိုက်ခိုက်လိုက်ကြတာ ဖြစ်သွားတယ်။ ဒါကြောင့် တစ်ယောက်က ကျွန်မတို့ကို ခေါင်းလောင်းတစ်လုံး ယူသွားဖို့ ပေးတယ်။ တောင်ပေါ်မှာ လျှောက်သွားတဲ့အခါ ခေါင်းလောင်းတီးရင်း သွား ဆိုတဲ့ သဘောပေါ့လေ။ အဲဒီလိုဆိုရင် ဝက်ဝံတွေက သူတို့နဲ့ အနားတစ်ဝိုက်မှာ လူရှိတယ် ဆိုတာ သိပြီး မလာကြဘူးပေါ့။ ဝက်ဝံဆိုတာ လူကို တမင်သက်သက် တိုက်တာခိုက်

တာ မရှိပါဘူး။ သူတို့က အသီးအရွက်ပဲစားတဲ့ သတ္တဝါတွေလေ။ လူတွေကို သတ်ကို သတ်ပုတ်ရမှာဆိုတဲ့ သဘာဝမရှိပါဘူး။ ဖြစ်တတ်တာက သူတို့ရဲ့ ပိုင်နက်ထဲမှာ လူနဲ့ ရုတ်တရက် တိုးမိတဲ့အခါ သူတို့အံ့သြထိတ်လန့်ပြီး ဒေါသထွက်တာကြောင့် သူတို့ ကိုယ်ထဲ အလိုလို တုန့်ပြန်တတ်တဲ့ သဘာဝက လှုံ့ဆော်လို့ လူကို သတ်ပုတ်တာပါ။ ဒီတော့ လမ်းလျှောက်သွားရင်း ခေါင်းလောင်းတီးသွားရင် ဝက်ဝံတွေက လူကို ရှောင်သွားမှာပေါ့။ သဘောပေါက်ပြီလား”

“ပေါက်ပါ့... ဗျာ’

“အဲဒီလိုပေါ့လေ... ကျွန်မတို့ လုပ်ခဲ့ကြရတာ အဲဒီလိုပဲ ဆိုပါတော့။ လမ်းလည်း လျှောက်၊ ခေါင်းလောင်းလည်း တီးပေါ့။ ဒီလိုနဲ့ အဲဒီတစ်နေရာ ရောက်ကြရော၊ အဲဒီနေရာက အနီးအနား လူလည်း တစ်ယောက်မှ မရှိဘူး၊ အဲဒီမှာ သူကလည်း ရုတ်တရက်ကြီး ဟဂ္ဂါပြုချင်လာသတဲ့ ရှင်။ ကျွန်မကလည်း အဲဒီစိတ်ကူးကို ကြိုက်တိုက်တိုက်ဆိုတဲ့ အထဲကပေါ့လေ။ ဒါနဲ့ ကျွန်မကလည်း အိုကေပေါ့၊ ကျွန်မတို့ကို လူမမြင်နိုင်တဲ့ တောလမ်းလေးနံဘေးက ချုံပုတ်ထူထူထဲ ဝင်ကြတာပေါ့။ ပြီးတော့ ပလပ်စတစ်အခင်းကို ခင်းတယ်။ ဒါပေမဲ့ ကျွန်မက ဝက်ဝံကို ကြောက်တယ်ရှင့်။ ပြောချင်တာကရှင်၊ စဉ်းစားကြည့်လေ၊ ရှင်တို့ ချစ်ဗျူဟာခင်းနေတုန်း နောက်ကျောဖက်ကနေ ဝက်ဝံက သတ်ပုတ်မယ်ဆိုရင် ဘယ်လောက် ကြောက်လန့်စရာ ကောင်းသလဲလို့။ ကျွန်မတော့ အဲဒီလို အသေမျိုးနဲ့တော့ လုံးဝ မသေချင်ဘူးရှင့်။ ဟုတ်တယ်မှတ်လား”

သူလည်း အဲဒီလို သေခြင်းမျိုးနဲ့တော့ မသေချင်ကြောင်း၊ သဘောတူကြောင်း ကိုမူရာက ပြောတယ်။

“ဒါနဲ့ အဲဒီမှာ ကျွန်မတို့လည်း လက်တစ်ဖက်က ခေါင်းလောင်းတီးရင်း၊ ချစ်ဗျူဟာ ခင်းကြတာပေါ့ရှင်။ အစက အဆုံးမပြီးမချင်း ခေါင်းလောင်း မပြတ်တီးရင်းပေါ့။ ဂလောင်ဂလင်... ဂလောင်ဂလင်နဲ့ပေါ့”

“မင်းတို့နှစ်ယောက် ဘယ်သူက ခေါင်းလောင်းတီးတာလဲ”

“အလှည့်နဲ့ပေါ့ရှင့်။ နှစ်ယောက် အချင်းချင်း ညှိရတာပေါ့။ တစ်ယောက် လက်ညောင်းရင်း တစ်ယောက်ပေါ့။ အတော် ပြောရကျပ်တဲ့၊ အတော်ကြောင်တဲ့ အဖြစ်ပါရှင်။ ဟဂ္ဂါပြုနေရင်း တစ်ချိန်လုံး အဲဒီခေါင်းလောင်းကိုလည်း လှုပ်

နေရတယ်။ အခုထိပဲရှင်၊ တစ်ခါတလေ၊ ကျွန်မ ချစ်ဗျူဟာခင်းနေတဲ့ အချိန်ပေါ့လေ၊ အဲဒီအကြောင်း တွေးမိရင် ကျွန်မရယ်မိပါလေရော”

ကိုမူရာလည်း ပေါ့ပေါ့ပါးပါး လိုက်ရယ်တယ်။

ရှိမအိုက လက်ခုပ်လက်ဝါးတီးပြီး “အိုး အရမ်းကို ပျော်လည်း ပျော်ရပါ့ရှင်” လို့ ရှိမအိုက ပြောတယ်။ “ဘာပဲဖြစ်ဖြစ် ရှင်လည်း ရယ်ရမှာပါနော်”

“ရယ်ရပါ့ဗျာ ရယ်ရပါ့။ ရယ်ရပါတယ်ကွာ” လို့ ကိုမူရာပြောပြီး၊ သူတွေးမိတာက၊ အခုတလောကလေးမှာ သူ့အဖို့ ဒါဟာ ပထမဆုံး ရယ်မိတယ် ဆိုတာပဲ။ သူ နောက်ဆုံးအနေနဲ့ ရယ်တာ ဘယ်တုန်းကပါလိမ့်။

“ဘယ်လိုမှ မအောက်မေ့ဘူး ဆိုရင်တော့ ကျွန်မလည်း ရေချိုးလိုက်ချင်တယ်” လို့ ရှိမအိုက မေးတယ်။

“ရပါတယ်”လို့ သူပြောလိုက်တယ်။

သူမ ရေချိုးနေတုန်း ကိုမူရာက တီဗီထဲ ပဒေသာကပွဲမှာ တီးမှုတ်ကခုန်သူတွေကို လူရွှင်တော်က အသံကျယ်ကျယ်နဲ့ မိတ်ဆက်ပေးနေတာကို ကြည့်နေတယ်။ သူတော့ နည်းနည်းလေးမှ ရယ်စရာမတွေ့ဘူး။ ဒါပေမဲ့ ဒါဟာ ကပွဲရဲ့ အသုံးမကျခြင်းလား၊ ဒါမှမဟုတ် သူကိုယ်တိုင်ရဲ့ အသုံးမကျခြင်းလား ဆိုတာ သူလည်း မပြောနိုင်ဘူး။ ရေခဲသေတ္တာထဲက အစေ့စုံတစ်ထုပ်ယူကာ ဖောက်ပြီး ဘီယာ သောက်နေတော့တယ်။ ရှိမအိုက ရေချိုးခန်းထဲ အတော်ကြာရဲ့။ အဆုံးမှာ သူမ ထွက်လာတော့ မျက်နှာသုတ်ပုဝါ ပတ်ထားတာကလွဲလို့ ဘာမှဝတ်မထားဘဲ ကုတင်စွန်းမှာ ထိုင်လိုက်တယ်။ မျက်နှာသုတ်ပုဝါကို ခွာချတဲ့ကာ သူမက ကြောင်လေးတစ်ကောင်လို စောင်အထပ်အလွှာကြားထဲ ဝင်ပြီး လဲ့ရက်ကနေ ကိုမူရာကို စိုက်စိုက်မတ်မတ် ကြည့်နေရဲ့။

“ရှင် ရှင့်မိန်းမနဲ့ ချစ်ခန်းဖွင့်တာ ဘယ်တုန်းက နောက်ဆုံးလဲဟင်” လို့ သူမက မေးတယ်။

“ဒီဇင်ဘာ နောက်ဆုံးပတ်ထဲမှာ ထင်တာပဲ”

“အဲဒီကတည်းက ဘာမှ မဘာတော့ဘူးလား”

“ဘာမှ မဖြစ်ကြတော့ဘူး”

“တခြား တစ်ယောက်ယောက်နဲ့ကော” ကိုမူရာ မျက်လုံးမှိတ်လိုက်ပြီး ခေါင်းခါတယ်။

“ကျွန်မတွေးမိတာကတော့ သိတယ်မှတ်လား၊ ရှင့်အနေနဲ့ နေရာတကာ အလေးအနက်ကြီး မနေဘဲ ပေါ့ပေါ့ပါးပါး နေသင့်တယ်ရှင့်။ လူဘဝမှာ ဒီထက် နည်းနည်းလေး ပျော်ပျော်ရွှင်ရွှင် နေတတ်အောင် ကျင့်သင့်တယ်။ ပြောချင်တာက ရှင် ဒီလိုစိတ်ကူးကြည့်လေ မနက်ဖြန် ငလျင်လှုပ်ရင်လည်း လှုပ်နိုင်တယ်၊ ဂြိုဟ်သားတွေကလည်း ရှင့်ကို ပြန်ပေးဆွဲသွားနိုင်တယ်၊ ဝက်ဝံကိုက်တာ ခံရရင်လည်း ခံရနိုင်တယ်ပေါ့။ ဘာတွေ ဖြစ်လာနိုင်တယ် ဆိုတာ ဘယ်သူမှ သိနိုင်တာမှ မဟုတ်ဘဲ”

“ဘာတွေ ဖြစ်လာနိုင်တယ် ဆိုတာ ဘယ်သူမှ သိနိုင်တာမှ မဟုတ်ဘဲ” လို့ ကိုမူရာဟာ ပဲ့တင်ပြန်ရွတ်နေတယ်။

“ဂလင်ဂလောင် ဂလင်ဂလောင်”လို့ ရှိမအိုက ပြောလိုက်ရဲ့။

နှစ်ကြိမ်သုံးကြိမ်လောက် ချစ်ခန်းဖွင့်ဖို့ ကြိုးစားကြည့်ပြီး မအောင်မြင်တဲ့နောက် ကိုမူရာ လက်လျှော့လိုက်တယ်။ အရင်ဒီလိုအဖြစ်မျိုး တစ်ခါမှ သူမကြုံဖူးဘူး။

“ရှင်က ရှင့်မိန်းမအကြောင်း တွေးနေတယ် ထင်တယ်” လို့ ရှိမအိုက ပြောတယ်။

“အင်း” လို့ ကိုမူရာ ဖြေတယ်။ ဒါပေမဲ့ အမှန်တကယ် သူတွေးနေတာ ငလျင်အကြောင်းပါ။ ငလျင်ရဲ့ ရုပ်ပုံတွေဟာ စလိုက်ရှိုးပြသလို တစ်ပုံပြီးတစ်ပုံ ပိတ်ကားပေါ် ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ သူ့စိတ်အာရုံမှာ ပေါ်လာလိုက်ပျောက် သွားလိုက် မြင်နေတယ်။ အဝေးပြေး လမ်းမကြီးတွေ၊ မီးတောက်မီးလျှံတွေ၊ မီးခိုးတွေ၊ အကျိုးအပဲ့ အပြိုအပျက်အပုံတွေ၊ လမ်းတွေရဲ့ အက်ကွဲရာတွေပါ။ အသံတိတ်ပုံရိပ်တွေကို အစဉ်လိုက် အတန်းလိုက် တသီတတန်း ပေါ်လာနေတာ သူ မတားနိုင်ဘူး။

သူရဲ့ဝတ်လစ်စလစ် ရင်အုံပေါ်ကို ရှိမအိုက သူမရဲ့ နားရွက် ဖိကပ်လိုက်တယ်။

“ဒီလိုဒီလိုတွေ ဖြစ်နေတာပါကလား”

“အင့် ဟင်”

“အဲဒါတွေကြောင့် ရှင် ပူပင်မနေသင့်ဘူးရှင့်”

“ကိုယ်လည်း ကြိုးစားတာပဲ” လို့ ကိုမူရာ ပြောတယ်။

“ဒါပေမဲ့ ယောကျ်ားတွေဟာ အဲဒါတွေကြောင့် ပူပင်သောက ရောက်နေကြတာပဲလေ”

ရှိမအိုဟာ ကိုမူရာရဲ့ နို့သီးကလေးကို ဆော့နေရဲ့။

“ရှင် ပြောတော့ ရှင့်မိန်းမက စာတိုလေး ရေးထားခဲ့ဆို၊ အဲဒီလို ရှင်ပြောခဲ့တယ် မှတ်လား”

“ကိုယ် ပြောခဲ့တယ်လေ”

“အဲဒီစာထဲမှာ ဘာပြောခဲ့လဲ”

“ရှင်နဲ့အတူနေရတာတော့လေ အစိုင်အခဲအတုံးတစ်တုံးနဲ့ အတူနေရသလိုပဲတဲ့”

“လေအစိုင်အခဲ အတုံးတစ်တုံးတဲ့လား” လို့ ရှိမအိုက သူမရဲ့ ခေါင်းမော့ကာ ကိုမူရာကို ကြည့်ရင်း မေးလိုက်တယ်။

“အဲဒါက ဘာအဓိပ္ပာယ်လဲ”

“ကိုယ့်ရဲ့ အတွင်းထဲဆီမှာ ဘာမှမရှိဘူးလို့ ပြောချင်တာ ထင်တာပါပဲ”

“အဲဒါ အမှန်ပဲလား”

“ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကိုယ် သေသေချာချာတော့ မသိပါဘူး။ ကိုယ်ရဲ့ အတွင်းထဲဆီမှာ ဘာမှမရှိဘူးဆိုတာ ဟုတ်ရင်လဲ ဟုတ်မှာပါပဲ။ အဲဒီတော့ ရှိမယ်ဆို ဘာရှိနိုင်လဲ”

“ဟုတ်ပါ့ရှင် တကယ့်ကို စဉ်းစားစရာ ကောင်းတာက အဲဒါပါပဲ။ ရှိမယ်ဆို ဘာရှိနိုင်လဲ။ ကျွန်မအမေကလေ ဆယ်မန်ငါးအရေခွံကို မတရား ကြိုက်တယ်ရှင့်။ သူကလေ ဆယ်မန်ငါးဆိုတာ အရေခွံချည်းသက်သက် အတိုပြီးတဲ့ ငါးဖြစ်

ပါစေလို့ ဆုတောင်းဆန္ဒ ပြုတတ်တာရှင့်။ ဒီတော့ အဲဒီအတွင်းထဲမှာ ဘာမှမရှိဘူးဆိုတဲ့အခါ ပြဿနာနည်းနည်း ရှိကောင်း ရှိနိုင်တာပေါ့။ ရှင် စဉ်းစားမိလား”

အရေခွံကလွဲလို့ ဘာမှမရှိတဲ့ အရေခွံချည်း အတိုပြီးတဲ့ ဆယ်မန်ငါးတစ်ကောင်ဆိုတာ ဘာနဲ့ တူပါလိမ့်မလဲလို့ ကိုမူရာ စိတ်ကူး မြင်ယောင်ကြည့်တယ်။ ဒါပေမဲ့ အဲဒီလို အရာတစ်ခုခုကို စိတ်ကူးကြည့်ရုံတောင် အရေခွံချည်း သက်သက် အတွင်းထဲဆီမှာ ဘာမှမရှိဘဲ ဖြစ်နိုင်ပါ့မလား။ ရှိမအိုရဲ့ ခေါင်းကို ပင့်ယူလိုက်ပြီးခါမှ သူ့ရင်အုံပေါ် ပြန်ချလိုက်ရင်း ကိုမူရာ အသက်ပြင်းပြင်း တစ်ချက် ရှိုက်သွင်းလိုက်တယ်။

ရှိမအိုက “ကျွန်မ ရှင့်ကို အဲဒါကို ပြောသာပြောရတာ၊ ရှင့်ရဲ့ အတွင်းထဲဆီမှာ ဘာမှမရှိဘူးလား၊ တစ်ခုခုရှိသလား ကျွန်မလည်း ရေရေရာရာ မသိပါဘူး။ ဒါပေမဲ့ ရှင်က အရမ်းကို စွမ်းတယ်လို့တော့ ထင်တယ်။ ကမ္ဘာပေါ်မှာ ရှင့်ကို နားလည်ပြီး ရှင့်ကို ချစ်တဲ့ မိန်းမတွေ အပြည့်ပဲလို့ ကျွန်မပြောရဲတယ်” လို့ ပြောတယ်။

“စာထဲမှာလည်း အဲဒီလိုပဲ ရေးထားတယ်”

“ဘာ ရှင့်မိန်းမရဲ့ စာတိုလေးထဲမှာ ပါတယ်ဟုတ်လား”

“အင်း ဟင်”

“ရှင် နောက်တာ မဟုတ်ပါဘူးနော်” လို့ ရှိမအိုက ပြောပြီး၊ ကိုမူရာရဲ့ ရင်အုံပေါ် ခေါင်းကို ပြန်မှီလိုက်တယ်။ သူမရဲ့နားရွက် သူရဲ့အရေပြားမှာ ထိနေတဲ့ အတွေ့ကို ကိုမူရာက ရှင်းပြလို့မရတဲ့ သွေးဆောင်မှုတစ်ခုလို့ ခံစားမိတယ်။

“အခုမှ ဟိဥ္စစ္စာအကြောင်း စဉ်းစားရကောင်းမှန်း သိတော့တာပါကလား။ ကိုယ် သယ်လာခဲ့တဲ့ သေတ္တာကလေးထဲမှာ ပါတဲ့ဟာ ဘာပါလိမ့်” လို့ ကိုမူရာ ပြောလိုက်တယ်။

“ရှင် အဲ့ဒါကလေးအတွက် ကြောင့်ကျနေပြန်ပြီ”

“အစကတော့ အဲဒီသေတ္တာလေးကြောင့် ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်မိဘူး။ ဒါပေမဲ့ အခုတော့ ဘာကြောင့်မှန်း မသိဘူး၊ စိတ်အနှောင့်အယှက် ဝင်သွားပြီ”

“ဘယ်တုန်းကများလဲ ရှင်ရယ်”

“အခုကလေးတင်”

“ရုတ်တရက်ပေါ့”

“ဟုတ်တယ်၊ အဲဒါကို ရုတ်တရက် စဉ်းစားလိုက်မိတာနဲ့ တစ်ခါတည်း စိတ်အနှောင့်အယှက် ဝင်တော့တာ၊ တကယ့်ကို ရုတ်တရက်ပဲ”

“ဘာဖြစ်လို့ အဲဒီလို ဒီသေတ္တာလေးအကြောင်း ရုတ်တရက်ကြီး ရှင် စဉ်းစားမိတာရလဲ ဆိုတာ ကျွန်မတော့ နားကို မလည်နိုင်တော့ဘူး”

ကိုမူရာဟာ မျက်နှာကြက်ကို တစ်မိနစ်လောက် စိုက်ကြည့်ပြီး စဉ်းစား တယ်။ “ကိုယ်လည်း နားမလည်နိုင်ဘူး”

သူတို့ဟာ လေပြင်းတိုက်ခတ်သံကို နားထောင်နေကြရဲ့။ လေပြင်း၊ အဲဒီ လေပြင်းဟာ ကိုမူရာ မသိနိုင်တဲ့ နေရာတစ်နေရာကနေ တိုက်ခတ်လာတာပါ။ ပြီး သူမသိနိုင်တဲ့ နေရာတစ်နေရာဆီ ဖြတ်သန်းတိုက်ခတ် သွားမှာပါ။

“ဘာဖြစ်လို့လဲဆိုတာ ကျမ ပြောပြမယ်” လို့ ရှိမအိုဟာ အသံနှိမ့် လိုက်ကာ အဲဒီသေတ္တာထဲမှာပါတဲ့ တစ်စုံတစ်ခုဟာ ဘာလဲဆိုရင် ရှင်ရဲ့ အတွင်း ထဲဆီမှာရှိနေတဲ့ တစ်စုံတစ်ရာ ဖြစ်နေတာကြောင့်ပဲ။ အဲဒီသေတ္တာကို ရှင် ကိုယ်တိုင် ယူလာပြီး ရှင်ကိုယ်တိုင် ကေတို့ကို ပေးလိုက်တယ်၊ အဲဒီအချိန်မှာ အဲဒါဘာမှန်းရှင် မသိခဲ့ဘူး။ အခု အဲဒါကို ရှင်ဘယ်တော့မှ ပြန်ယူလို့ မရတော့ ဘူးလေ”

ကိုမူရာဟာ မွေ့ယာပေါ်မှာ ထထိုင်လိုက်ပြီး အဲဒီမိန်းမကို ငုံ့ကြည့်တယ်။ နှာခေါင်းသေးသေး၊ နားရွက်မှာ မှည့်တွေနဲ့ပေါ့။ အသံသဲ့သဲ့လေးမှ မကြား ရအောင် တိတ်ဆိတ်ငြိမ်သက်သွားတဲ့ အခန်းထဲမှာ သူ့ရဲ့ ခံစားချက်ကင်းမဲ့တဲ့ နှလုံးခုန်သံက ကျယ်ကျယ်လောင်လောင် မြည်နေတယ်။ စက္ကန့်ဝက်အတွင်း ကိုမူရာ သိလိုက်တယ်၊ သူဟာ ထိန်းမနိုင်သိမ်းမရ ပေါက်ကွဲလုနီးပြီလို့ သိလိုက် တယ်။

“စတာပါရှင်” လို့ ရှိမအိုဟာ သူ့ရဲ့မျက်နှာကို မြင်လိုက်တော့ ပြောရဲ့။

“ကျွန်မက ကျွန်မရဲ့ခေါင်းထဲ ရုတ်တရက် ဝင်လာတဲ့ အတွေးကို ဝင်လာလာချင်း ပြောလိုက်မိတာပါ။ အတော်ဆိုးတဲ့ မထော်မနမ်း ဟာသပါ။ ကျွန်မ စိတ်မကောင်းပါဘူး။ ဘယ်လိုမှ စိတ်အနှောင့်အယှက် ဖြစ်ခံပြီး တွေးမနေပါနဲ့ ရှင်။ ရှင် စိတ်ထိခိုက်သွားအောင် မရည်ရွယ်ပါဘူး”

ကိုမူရာဟာ စိတ်ဆောက်တည်ရာရအောင် သူ့ကိုယ်သူ အပြင်းအထန် အားထုတ်ပြီး ထိန်းရတယ်။ အခန်းတစ်ဝိုက်လှည့်ကာ ငေးစိုက်ကြည့်ပြီးတဲ့အခါ သူ့ခေါင်းကို ခေါင်းအုံးထဲ မြှုပ်ထားလိုက်ပြန်တယ်။ မျက်လုံးတွေ မှိတ်ပြီး အသက်ပြင်းပြင်းတစ်ချက် ရှိုက်သွင်းလိုက်တယ်။ ကြီးမားလှတဲ့ ခုတင်ကြီးဟာ သူ့နံဘေး ပတ်လည်မှာ အတားအဆီးမဲ့ ညဉ့်အမှောင်ပြင်ကြီးလို ကျယ်ပြန့်လှတယ်။ အေးစိမ့်အေးခဲတဲ့ လေပြင်းတိုက်ခတ်သံကို သူ ကြားနေရတယ်။ ပြင်းပြင်းထန်ထန် ကျယ်လောင်လွန်းတဲ့ သူရဲ့ နှလုံးခုန်သံက သူရဲ့အရိုးတွေကို လှုပ်ခါပစ်နေရဲ့။

“ရှင့်စိတ်ထဲ ခရီးရောက်တယ် ဆိုတာမျိုး တစ်စိုးတစ်စေ့ ခံစားလာရပြီ မဟုတ်လားဟင်” လို့ ရှိမအိုက မေးတယ်။

“အင်း အခု စိတ်ထဲမှာ တော်တော် ခရီးရောက်တယ် ဆိုတာမျိုးတော့ ခံစားလာရတယ်” လို့ ကိုမူရာက ရိုးရိုးသားသား ဖြေတယ်။

ရှိမအိုဟာ မှော်မန္တာန်နဲ့ ပြုစားသလို ကိုမူရာရဲ့ ရင်အုံပေါ်မှာ ဘာမှန်းမသိ တိမ်းတိမ်းပေပေ ဒီဇိုင်းတစ်ခုကို သူမရဲ့ လက်ချောင်းထိပ်ကလေးနဲ့ ဆွဲနေရဲ့။

“ဒါပေမဲ့ တကယ့်ကို ရှင်က အစမျှ စရုံရှိသေးတာ” လို့ ရှိမအို ပြောရဲ့။

❑

(မူရင်း ဂျပန်မှ အင်္ဂလိပ်သို့ Jay Rubin ဘာသာပြန်တဲ့ ဟာရုကိမူရာကာမိရဲ့ After The Quake ဝတ္ထုတိုစု စာအုပ်မှ UFO In Kushiro ကို မြန်မာပြန်ပါတယ်။)

ထင်းပုံအလယ်တည့်တည့်က
မီးညွန့်သေးသေးကလေး တဖြောက်ဖြောက်
မြည်သံဖွဖွနဲ့ ဖျတ်ခနဲဖျတ်ခနဲ တောက်လာတယ်။
ဂျူ(နှ်)ကို သက်ပြင်းရှည်ရှည်တစ်ချက်
ရှိုက်လိုက်တယ်။
အခုမီးစွဲဖို့ စိုးရိမ်စရာ အကြောင်းမရှိတော့။
သူတို့ မီးပုံပွဲနွဲရတော့မယ်။
တောက်လောင်စ မီးတောက်မီးလျှံတွေကို
မျက်နှာပြုလို့ သူတို့သုံးယောက် လက်တွေကို
ဆန့်ထုတ်လိုက်ကြတယ်။
ဒီနောက် မိနစ်နည်းနည်းကြာတော့
သူတို့အဖို့ ဘာမှလုပ်စရာ မကျန်တော့ဘဲ
တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်
ကြည့်နေကြရုံပဲ။

မီးပူနဲ့ ရှုမျှော်ခင်း

ညဉ့် ဆယ့်နှစ်နာရီ ထိုးခါနီးမှာ တယ်လီဖုန်း မြည်တော့ ဂျူ(နှ)ကိုက တီဗီကြည့်နေတယ်။ ကေစုကဲက အိမ်ခန်းထောင့်မှာ ထိုင်ကာ လျှပ်စစ်ဂစ်တာ တီးနေတယ်။ သူက နားကြပ်တပ်လို့၊ မျက်စိမှေးလို့၊ ခေါင်းရှေ့နောက်ယိမ်းလို့၊ ရှည်လျားတဲ့ လက်ချောင်းတွေက ဂစ်တာကြိုးတွေထက်မှာ စီးမျောလို့နေတယ်။ စည်းသွက်တဲ့ တီးကွက်တစ်ပိုဒ်ကို လေ့ကျင့်နေရာ တယ်လီဖုန်းမြည်တာကို သူ မသိတာ အထင်အရှားပါ။ တယ်လီဖုန်းကို ဂျူ(နှ)ကို ကိုင်လိုက်တယ်။

“မင်းကို ကျုပ်နှိုးလိုက်မိပြီလား” လို့ နားယဉ်နေပြီ ဖြစ်တဲ့၊ အိုဆာကာသံ မဝဲအောင် ကြိုးစားပြီး ပြောတဲ့ အသံနဲ့ မီယာကဲရဲ့ အမေးကို ကြားရတယ်။

“ဟွန့်အွန်... ကျွန်မတို့ မအိပ်သေးပါဘူး”

“ကျုပ် သောင်ပြင်မှာ ရောက်နေပြီ။ ရေမျောထင်းတွေ တစ်ပုံကြီး။ မင်း ကြည့်စေချင်လို့။ ဒီတစ်ခါ အကြီးကြီးတစ်ခု ကျုပ်တို့ လုပ်နိုင်တော့မယ်။ ဆင်းလာနိုင်လား”

“ကျွန်မလာခဲ့မယ်။ အဝတ်တော့ လဲပါရစေ။ ဆယ်မိနစ်အတွင်း အဲဒီကို အရောက်လာခဲ့မယ်”

ဂျူ(နှ)ကိုက အသားကပ်ဘောင်းဘီကို စွပ်တယ်။ ဒီနောက် ဂျင်းဘောင်းဘီကို ဝတ်တယ်။ ကိုယ်အထက်ပိုင်းမှာ ကော်လာလည်ပြည့် ဆွယ်တာကို ဝတ်တယ်။ စီးကရက်ဘူးကို သိုးမွေးကုတ်အင်္ကျီအိတ်ကပ်ထဲ ထည့်တယ်။ ပိုက်ဆံအိတ်၊ မီးခြစ်၊ သော့တွဲတွေကို ထည့်တယ်။ သူက ကေစုကဲရဲ့ ကျောပြင်ကို ခြေဖျားနဲ့ အသာအယာ ခတ်လိုက်တယ်။ ကေစုကဲ နားကြပ်ကို ချွတ်လိုက်တယ်။

“သောင်ပြင်က မီးပုံကို ဒို့ သွားဦးမယ်” လို့ ဂျူ(နှ)ကို ပြောတယ်။

“မီယာကဲပဲ မဟုတ်လား။ နောက်နေတာလား။ ဒါဖေဖော်ဝါရီ။ ညဉ့် သန်းခေါင် ဆယ့်နှစ်နာရီဟ။ နင်တို့က ခုကာလမှ မီးပုံဖိုမလို့၊ ဟုတ်လား” လို့

ကေစုကဲက သုန်သုန်မှုန်မှုန်နဲ့ မေးတယ်။

“အိုကေ၊ နင် လိုက်လာဖို့လဲ မလိုပါဘူးလေ။ ဒို့ဘာသာဒို့ သွားမှာပါ”

ကေစုကဲ သက်ပြင်းချတယ်။ “မဟုတ်သေးပါဘူး၊ ဒို့လည်း လိုက်မှာပေါ့၊ တစ်မိနစ်လောက်တော့ အချိန်ပေးပေါ့။” ကေစုကဲက အမ်ပလီဖိုင်ယာ ပိတ် လိုက်တယ်။ အိပ်ရာဝင်ဝတ်စုံအပေါ်ကပဲ ဘောင်းဘီ၊ ဆွယ်တာနဲ့ ဂျက်ကက် ထပ်ဝတ်တယ်။ ဂျက်ကက်ဇစ်ကို မေးဖျားအထိ ဆွဲတင်တယ်။ ဂျူ(နှ)ကိုက လည်ပင်းကို ပုဝါနဲ့ ရစ်ပတ်ပြီး သိုးမွေးဦးထုပ် ဆောင်းလိုက်တယ်။

ကမ်းခြေဆင်းတဲ့ ခြေသွားလမ်းကလေးအတိုင်း လျှောက်လာကြရင်း ကေစုကဲက “နင်တို့ကောင်တွေ ကြောင်တယ်ဟာ။ မီးပုံပွဲ လုပ်တာများ ဘာ ဒီ လောက် ကြီးကျယ်ခမ်းနားနေတာလဲ” လို့ ပြောတယ်။

ညက အေးစက်နေတယ်။ ဒါပေမဲ့ အလျဉ်း လေမတိုက်။ သူတို့ရဲ့ နှူတ်က ထွက်လာတဲ့ စကားလုံးတွေဟာ လေထဲ အေးစက်အေးခဲလို့ ဆိုင်းနေတန့်ကုန် တယ်။

“ပါး(လ်)ဂျဲ(မ်)ကတော့ကော ဘယ်လောက် ခမ်းနားကြီးကျယ်လို့လဲ။ ကျယ်လောင်တာ သက်သက်ပဲ” လို့ ဂျူ(နှ)ကိုက တုံ့ပြန်လိုက်တယ်။

“တစ်ကမ္ဘာလုံးမှာ ပါး(လ်)ဂျဲ(မ်)ရဲ့ ပရိသတ် ဆယ်သန်းရှိတယ်”

“ဟုတ်ပါပြီ၊ မီးပုံပွဲ ပရိသတ်ကတော့ တစ်ကမ္ဘာလုံးမှာ နှစ်ငါးသောင်း တစ်လျှောက်လုံး ရှိနေခဲ့တာပါ”

“မီးပုံမှာ တစ်ခုခု ရှိနေတယ်ပေါ့လေ”

“ပါး(လ်)ဂျဲ(မ်) ပျောက်ကွယ်သွားပြီး နောက်နောက်ကာလ၊ နောက် ကာလတွေမှာလည်း လူတွေ မီးပုံတွေ ဖိုနေကြဦးမှာပဲလေ”

ကေစုကဲက အက်ပ်ကီအိတ်ထဲက ညာဖက်လက်ကို ထုတ်ကာ ဂျူ(နှ)ကို့ ပုခုံး ကို ဖက်လိုက်ရင်း “နင့်အတွက်လည်း မီးပုံမှာ တစ်ခုခု ရှိနေပြီပေါ့လေ” လို့ ပြောတယ်။ ဒီနောက် “အဲဒါပြဿနာပဲ၊ ငါ့မှာ လွန်ခဲ့တဲ့ အနှစ်ငါးသောင်းတုန်း ကနဲ့လည်း ဘုရားစူးပါစေ့ ဘာမှ မပတ်သက်ဖူးဘူး။ ဒီကနေ နောင်အနှစ်ငါး သောင်းနဲ့ကော ဘုရားစူးပါစေ့ ဘာမှကို မပတ်သက်သေးဘူး။ ဘာမှ အဓိပ္ပာယ်

မရှိဘူး။ သူညပဲ၊ အရေးကြီးတာ ပစ္စုပ္ပန်ကာလ။ ကမ္ဘာကြီးက ဘယ်တော့ဆုံးမလဲ၊ ဘယ်သူသိမလဲ။ အနာဂတ်ကို ဘယ်သူမှန်းနိုင်မလဲ။ အရေးကြီးတဲ့ကိစ္စက တစ်ခုတည်း။ ပစ္စုပ္ပန် တည့်တည့်မှာ ငါ့ဗိုက်ပြည့်အောင် ငါဖြည့်နိုင်ပါ့မလား။ ပစ္စုပ္ပန်တည့်တည့်မှာ ငါ့အဖို့ အားပြည့်ပါ့မလား။ မှန်ရဲ့မဟုတ်လား” လို့ ဆက်ပြောတယ်။

ကမ်းခြေလှိုင်းတား တာရိုးပေါ် သူတို့ လှမ်းတက်လိုက်တယ်။ မီယာကဲဟာ သောင်ပြင်က သူရောက်နေကျနေရာမှာ ရောက်နေပြီ။ ပုံသဏ္ဌာန်အမျိုးမျိုး အရွယ်အစားအမျိုးမျိုး ရေမျောသစ်တုံးတွေကို ကောက်ထားပြီ။ သပ်သပ်ရပ်ရပ် မီးပုံတစ်ပုံ ပုံနေပြီ။ အတော်ကြီးမားတဲ့ သစ်တုံးကြီးတစ်တုံးကိုတော့ မီးပုံရှိရာဆီ အတော် အားစိုက်သယ်ယူခဲ့ရမယ့် ပုံပါ။

လရဲ့ အလင်းရောင်က ကမ်းခြေတပြန့်တလျားကို ထက်မြတဲ့ ဓားသွားအသွင် ဖန်တီးနေတယ်။ ဆောင်းရာသီ ရေလှိုင်းတွေ သဲသောင်ပြင်ပေါ် တရွေ့ရွေ့ တက်လာတာက ဆန်းစွာ တိတ်ဆိတ်ရဲ့။ ကမ်းခြေတခွင်လုံး မီယာကဲတစ်ယောက်တည်း။

“အတော်ကောင်းနေပြီ၊ ဟူး...” လို့ မီယာကဲက ဖြူဖြူဖွေးဖွေး သက်ငွေ့တစ်ဆုပ်နဲ့ ပြောလိုက်တယ်။

“ပြောမတတ်အောင်ပဲ” လို့ ဂျူ(နှ်)ကိုက ပြောတယ်။

“ဒီလိုက တစ်ခါတလေမှ ကြုံရတာ။ သိတယ်မဟုတ်လား၊ ကျုပ်တို့ လေပြင်းတွေတိုက်၊ လှိုင်းတွေကြီးတဲ့ နေ့တွေ ကြုံနေခဲ့တာ။ ဒီလိုနေ့တွေဆို ကျုပ်က အမြင်ရသလိုကို ပြောနိုင်တယ်။ ရေမျောတုံး ဧရာမတွေ ကမ်းတင်တော့မယ်လို့”

“အိုကေ၊ အိုကေ၊ ခင်ဗျား ဘယ်လောက်တော်တယ် ဆိုတာ ကျွန်တော်တို့ သိပါတယ်ဗျာ။ ကဲပါ၊ ပူအောင်၊ နွေးအောင် လုပ်ကြပါစို့။ ေဝက်ကျိုးနဲ့၊ အေးလိုက်တာဗျာ၊ ဘောတောင် ရှုံ့ရဲ့” လို့ ကေစုကဲက လက်ဖဝါးနဲ့ လက်ဖဝါးချင်း ပွတ်နေရင်း ပြောလိုက်တယ်။

“ဟေး... အေးအေးဆေးဆေးပေါ့ကွာ။ အဲဒါ သူ့နည်းသူ့လမ်းနဲ့ပါကွာ။ ပထမဆုံး စီစီစဉ်စဉ် လုပ်ရမယ်လေ။ ဒါကို ကျကျနန စီစီရီရီ လုပ်ပြီးပြီဆိုရင်

ဘာမှ အထစ်အငေါ့မရှိ ဖြစ်ပြီ။ အေးအေးလူလူ မလှုပ်မရှားဆိုသလို မီးကို မွေးရမှာ။ လောလို့ မရဘူး။ 'သူတောင်းစား'စိတ်ရှည် ငွေရပေါ့လေ"

"ဟုတ်ပဗျာ... ဖာသည်သည်းခံ ငွေလျှံဆိုသလိုပေါ့နော်"

မီယာကဲက ခေါင်းခါနေတယ်၊ "မင်းသိပ်ငယ်ပါသေးတယ်ကွာ။ ဒီလို အပေါစားပြက်လုံးတွေချည်း ပြောနေဖို့ မတန်သေးပါဘူး"

မီယာကဲဟာ ကျွမ်းကျင်ရာအလုပ်ကို လုပ်ပြီ။ ကြီးမားတဲ့ ထင်းချောင်းတွေနဲ့ သေးငယ်တဲ့ ထင်းချောင်းတွေကို တစ်လွှာချင်း တစ်ထပ်ချင်း ထပ်နေပုံနေတယ်။ သူ့ထင်းပုံက ခေတ်ရှေ့ဆောင် ပန်းပုတစ်ခုနဲ့ တူနေပြီ။ ထင်းပုံကနေ ခြေလှမ်းနည်းနည်း ဆုတ်လိုက်တယ်။ သူဆောက်တဲ့ ပုံသဏ္ဌာန်ကို စေ့စေ့စပ်စပ်၊ စစ်စစ်ဆေးဆေး ကြည့်တယ်။ တချို့ထင်းစကို ပြန်ပြင်၊ ပြန်ထည့်တယ်။ တစ်ခါ ပတ်လည်လှည့်ပတ်ကာ တခြားမျက်နှာစာကနေ ကြည့်ပြန်တယ်။ သုံးလေးခါမျှ ကြည့်၊ သုံးလေခါမျှ ပြင်တယ်။ အဲသလို သူ အစဉ်လုပ်လေ့ရှိတယ်။ သူ လုပ်စရာရှိသမျှ လုပ်တယ်။ ထင်းစတွေ ဆင့်ထားပုံထားတဲ့ သဏ္ဌာန်က သူ့စိတ်အာရုံထဲ မီးတောက် မီးလျှံတွေ စွဲလာလောင်လာတာ မြင်တဲ့တိုင် သူက ကြည့်တယ်။ ကျောက်တုံးထဲ ဝှက်အပ်တဲ့ ရုပ်ထုရဲ့ အသွင်အပြင်ကို ပန်းပုသမား စျာန်ဝင်ကြည့်နည်း ကြည့်ရဲ့။

မီယာကဲက အေးအေးလူလူပဲ လုပ်တယ်။ အစစ ကျကျနန စီစဉ်လို့ ကျေနပ်တော့ မီယာကဲဟာ "ပြီးပြီ။ ပြည့်စုံပြီ" လို့ သူ့ဘာသာသူ ပြောသလိုလို ခေါင်းတညိတ်ညိတ်။ ဒီနောက် သူ တစ်ပါတည်းယူလာတဲ့ သတင်းစာစက္ကူတွေကို တစ်ရွက်ပေါ်တစ်ရွက် ထပ်ကာ လိပ်ပြီး ထင်းပုံအောက်ခြေက လပ်ဟာနေတဲ့ အကြိုအကြားထဲ ထိုးထည့်ပြီး ပလပ်စတစ် ဂက်(စ်)မီးခြစ်နဲ့ မီးညှိလိုက်တယ်။ ဂျူ(နှ်)ကိုက အင်္ဂျီအိတ်ထဲက စီးကရက်ကို ထုတ်ကာ ပါးစပ်မှာ တစ်လိပ်တော့လိုက်ပြီး မီးခြစ်ဘူးမှာ မီးခြစ်ဆံ ခြစ်တယ်။ မီယာကဲရဲ့ ကုန်းနေတဲ့ ကျောပြင်နဲ့ ပြောင်နေတဲ့ ဦးခေါင်းကို ဂျူ(နှ်)ကိုက မျက်စိမှေးလို့ စိုက်စိုက်မတ်မတ် ကြည့်နေတယ်။ ဒီတဒင်္ဂဟာ အထွတ်အထိပ်ပါ။ မီးဖိုတာ အစက အဆုံးတစ်လျှောက် နှလုံးခုန်ရပ်တန့်စေတဲ့ တဒင်္ဂပါ။ မီးစွဲပြီလား။ မီးတောက်မီးလျှံတွေ ဝုန်းခနဲ လောင်တော့မလား။

သူတို့သုံးယောက်ဟာ ရေမျောထင်းတောင်ကို တိတ်ဆိတ်ငြိမ်သက် စူးစူးစိုက်စိုက် ကြည့်နေကြတယ်။ သတင်းစာစက္ကူတွေ ရုတ်တရက် မီးတောက်တယ်။ မီးလျှံက ခဏပဲ လွန်လူးတက်လိုက်တယ်။ ဒီနောက် အားလျော့ပျောက်ကွယ်သွားတယ်။ ဒီနောက် ဘာမှမရှိတော့။ မအောင်မြင်တော့ဘူးလို့ ဂျူ(နှ)ကို ထင်တယ်။ ထင်းတွေက မြင်ရတာထက် ပိုစိုနေတာကြောင့်လို့ ထင်ရဲ့။

ဂျူ(နှ)ကို မျှော်လင့်ချက် ကုန်လုလုမှာ ရေမျောထင်းပုံက မီးခိုးမျှင်တန်းဖြူဖြူကလေး ရုတ်ခနဲ လွန်တက်လာတယ်။ အဲ ဒီမီးခိုးမျှင်တန်းကလေး ပျောက်သွားအောင် နှင်မယ့်လေလည်း မတိုက်ဘူး။ မီးခိုးတန်းဟာ အပြတ်အလပ် ကင်းကင်း တစ်စဉ်တစ်ဆက် ကောင်းကင်ဆီ တက်ပြီ။ ထင်းပုံဟာ တစ်နေရာရာမှာ မီးစွဲနေတာ ဖြစ်မယ်။ ဒါပေမဲ့ မီးလျှံရဲ့ အရိပ်အယောင်မျှ မမြင်ရဘူး။

တစ်ယောက်ကမှ စကားတစ်ခွန်းမျှ မပြောဘူး။ အင်မတန် စကားများတဲ့ကေစုကဲတောင် နှုတ်ခမ်း တင်းတင်းစေ့ထားတယ်။ ကုတ်အင်္ကျီအိတ်တွေထဲလက်အစုံသွင်းကာ ပွတ်နေတယ်။ မီယာကဲ ဒူးအစုံ ရင်ဝယ်ပိုက်ကာ စောင့်ကြောင့်ထိုင်နေတယ်။ ဂျူ(နှ)ကိုက စီးကရက် လက်ကြားညှပ်ရင်း လက်ပိုက်ထားတယ်။ တစ်ခါ တစ်ခါမှ ငါ့လက်ထဲ စီးကရက် ညှပ်ထားပါကလားလို့ ရုတ်တရက် သတိရပုံနဲ့ စီးကရက် တစ်ရှိုက်တစ်ဖွာ ရှိုက်ဖွာတယ်။

သူမ တွေးမြဲ တွေးလေ့ရှိတဲ့အတိုင်း ဂျူ(နှ)ကိုဟာ ဂျက်လန်ဒန်ရဲ့ ‘မီးဖိုခြင်း’ ကို တွေးနေတယ်။ အဲဒီဝတ္ထုက နှင်းဖုံးလွှမ်းနေတဲ့ အလာစကာပြည်နယ် အလယ်ပိုင်းမှာ တစ်ယောက်တည်း ခရီးသွားနေသူတစ်ယောက် မီးပုံတစ်ပုံ မီးမွှေးဖို့ ကြိုးစားတဲ့အကြောင်း။ သူဟာ မီးဖိုလို့ မရခဲ့ရင် အေးခဲပြီး သေမယ်။ နေဝင်ခဲ့ပြီ။ ဂျူ(နှ)ကိုဟာ ဝတ္ထု များများစားစား ဖတ်ဖူးတာ မဟုတ်။ ဒါပေမဲ့ အဲဒီ ဝတ္ထုတိုတစ်ပုဒ်ကိုတော့ အထပ်ထပ် အခါခါ ဖတ်တယ်။ သူမ အထက်တန်းပညာရေး ပထမဆင့်တုန်းက နွေရာသီ ကျောင်းပိတ်ရက်မှာ အက်ဆေးသင်ခန်းစာ အနေနဲ့ အဲဒီဝတ္ထုတိုကို ဖတ်ဖို့ ဆရာက အလုပ်ပေးလိုက်ကတည်းက အဖန်ဖန် ဖတ်ခဲ့တယ်။ အဲဒီဝတ္ထုကို ဖတ်တိုင်း ဝတ္ထုက မြင်ကွင်းဟာ သူမရဲ့စိတ်အာရုံထဲ ပြက်ပြက်ထင်ထင် မြင် လာမြဲပါ။ အဲဒီခရီးသည်ရဲ့ ကြောက်ရွံ့ခြင်း၊ မျှော်လင့်ခြင်း၊ မျှော်လင့်ချက်ပျက်စီးခြင်းတွေကို သူမ

ကိုယ်တိုင် ကိုယ်တွေ့ခံစားနေရသလို ခံစားရတယ်။ သေခြင်းရဲ့ ကမ်းပါးမှာ မြော်မြင်နိုင်ခြင်း ကင်းမဲ့ကာနေရသလို သူမရဲ့ နှလုံးသားထဲ တစ်ဇပ်ဇပ် တစ် ဇောင့်ဇောင့် နှက်နေတာကို ခံစားရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဓိကအချက်က အဲဒီလူဟာ သေခြင်းကို ချွင်းချက်မရှိ တောင့်တနေတာပါ။ ဂျူ(နှ)ကို တပ်အပ် သိတယ်။ သူမ ဘယ်လိုသိတာတော့ မရှင်းတတ်ဘူး။ ဒါပေမဲ့ အစမှာ ကတည်းက သူမသိတယ်။ အဲဒီလူ လိုချင်တာ သေခြင်းလို့ ဂျူ(နှ)ကို သိတယ်။ သေခြင်းဟာ သူ့အတွက် မှန်တဲ့ အဆုံးနိဂုံးပဲလို့ အဲဒီလူ သိတယ်။ ဒါပေမဲ့ သူ စွမ်းသရွေ့ အဲဒီလူ ဆက်တိုက်ရဦးမယ်။ အဲဒီလူဟာ ရှင်သန်ရစ်ဖို့ အင်မတန် အားမမျှ ဖိစီးတဲ့ ရန်သူကို တိုက်ရဦးမယ်။ ဂျူ(နှ)ကို့ကို အလွန်အမင်း ချောက် ချောက်ချားချား ခံစားစေတာ အဲဒီ စွဲစွဲမြဲမြဲ နက်နက်နဲနဲ ယုံကြည်မိတဲ့ ဆန့်ကျင်ဘက် ဖြစ်တည်မှုပဲ။

သူ့အမြင်ကို ဆရာက ပြက်ရယ်ပြုခဲ့တယ်။ “သေခြင်းကို သူတကယ် လိုချင်ခဲ့တယ်၊ ဟုတ်လား။ ငါ့အတွက် အမြင်သစ်တစ်ခုပဲကွယ်။ ဆန်းလဲဆန်း ပါ့။ တကယ့်ကို ‘ကိုယ်ပိုင်အမြင် စစ်စစ်လို့ ငါတော့ ပြောရတော့မှာပဲ” လို့ ဆရာက ပြောခဲ့တယ်။ ဆရာက ဂျူ(နှ)ကို ကောက်ချက်ကို အတန်းထဲမှာ အသံကျယ်ကျယ် ဖတ်ပြခဲ့တယ်။ ကျောင်းသူ ကျောင်းသားတိုင်း ရယ်ကြ တယ်။

ဒါပေမဲ့ ဂျူး(နှ) သိတယ်။ သူတို့အားလုံး မှားတယ်။ မဟုတ်ရင် ပေါ် ပေါ်ထင်ထင် ဖွင့်မပြဘဲ ခုလို အင်မတန် ပီပီပြင်ပြင် ဖြစ်အောင်နဲ့ အင်မတန် လှလှပပ ဖြစ်အောင် ဝတ္ထုကို တခြားတနည်း ဘယ်လို အဆုံးသတ်မလဲ။

“ဟွန်... ဦးမီယာကဲ၊ မီးငြိမ်းသွားပြီလို့ မထင်းဘူးလားဟင်”

“မစိုးရိမ်ပါနဲ့၊ မီးက စွဲနေပါပြီ။ မီးတောက်ဖို့ ပြင်နေတာပါ။ ကြည့်ပါလား၊ မီးခိုးအူနေတာ။ ဆိုရိုးရှိတာ သိတယ်မဟုတ်လား။

“မီးခိုးရှိရာ၊ မီးရှိသည်သာတဲ့လေ”

“ဟုတ်ပဗျာ၊ နောက်ဆိုရိုးတစ်ခုကိုလည်း ခင်ဗျား သိတယ် မဟုတ်လား ဗျ၊ ‘ချစ်ရမွှက်ရှိရာ၊ မာမှ မာတဲ့လေ”

“မင့်မှာ ပြောစရာ ဒါတွေပဲ ရှိသလားကွာ”

“မဟုတ်ပါဘူးဗျာ၊ ဒါနဲ့ မီးငြိမ်းမသွားဘူး ဆိုတာ ခင်ဗျားက ဘယ်လိုလုပ် ဒါလောက် သေချာနေတာလဲ”

“ကျုပ် သိကိုသိတယ်၊ မီးတောက်တော့မှာ”

“ဦးမီးယောကဲ၊ ဒီလို အတတ်ပညာတစ်ခုမှာ ရှင် ဘယ်လို ဝိဇ္ဇာဖြစ်လာတာ လဲဟင်”

“ဒါကို အတတ်ပညာလို့တော့ ကျုပ် မခေါ်ချင်ပါဘူး။ ကင်းထောက် လူငယ် ဘဝမှာတုန်းက ကျုပ် ဒါကို သင် လာခဲ့ရတာပါ။ မင်း ကင်းထောက်တစ် ယောက် ဖြစ်တယ်ဆိုရင် ကြိုက်ကြိုက် မကြိုက်ကြိုက် အကုန်သင်ရမှာပဲ။ မီးပုံ တစ်ခုဘယ်လို မီးဖိုရမယ် ဆိုတာလဲ ပါတာပေါ့”

“ကျွန်တော် သဘောပေါက်ပြီ၊ ကင်းထောက်လူငယ် ဘဝကပေါ့နော် ဟွန်” လို့ ကေစုကဲ ပြောလိုက်တယ်။

“ဒီတစ်ခုတည်းနဲ့တော့ ပြောလို့ ပြည့်စုံပြီ မဟုတ်ဘူးပေါ့။ ကျုပ်မှာက ပါရမီတစ်မျိုးကလည်း ပါတော့ပါတယ်။ ကျုပ်ကြွားတာ မဟုတ်ပါဘူး။ ဘာပဲ ဖြစ်ဖြစ် မီးဖိုဖို့ အကြောင်းဖန်လာပြီ ဆိုရင်တော့ လူတိုင်းလိုလိုမှာ မရှိတဲ့ ပါရမီ နဲ့ကို ကျုပ်က ထူးထူးကဲကဲ မီးဖိုနိုင်တာ”

“မီးပုံက ရှင့်ကို ပီတိအတော်ပွားစေရဲ့ ထင်တယ်နော်။ ဒါပေမဲ့ ရှင်ရဲ့ ဒီပါရမီနဲ့ ပိုက်ဆံတွေ အများကြီး ရှာနိုင်မယ်တော့ ကျွန်မ မထင်ဘူး”

“မှန်တာပေါ့။ လုံးဝ ပိုက်ဆံမရပါဘူး” လို့ မီယာကဲက ပြုံးပြီး ဖြေတယ်။

သူ ကြိုပြောသလိုပဲ ထင်းပုံအလယ်တည့်တည့်က မီးညွန့်သေးသေး ကလေး တဖြောက်ဖြောက် မြည်သံဖွဖွနဲ့ ဖျတ်ခနဲဖျတ်ခနဲ တောက်လာတယ်။ ဂျူ(နှ်)ကို သက်ပြင်းရှည်ရှည် တစ်ချက် ရှိုက်လိုက်တယ်။ အခု မီးစွဲဖို့ စိုးရိမ်စရာ အကြောင်းမရှိတော့။ သူတို့ မီးပုံပွဲ နွှဲရတော့မယ်။ တောက်လောင်စ မီးတောက် မီးလျှံတွေကို မျက်နှာပြုလို့ သူတို့သုံးယောက် လက်တွေကို ဆန့်ထုတ်လိုက်ကြ တယ်။ ဒီနောက် မိနစ်နည်းနည်းကြာတော့ သူတို့အဖို့ ဘာမှလုပ်စရာ မကျန် တော့ဘဲ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ကြည့်နေကြရုံပဲ။ မီးတောက်တွေက အားကောင်းလာပြီ။ လွန်ခဲ့တဲ့ အနှစ်ငါးသောင်းက လူတွေ

လည်း မီးတောက်မီးလျှံတွေဆီ လက်တွေ ဆန့်ထုတ်ပြီး အခုလိုပဲ ခံစားကြရ လိမ့်မယ်လို့ ဂျူ(နှ်)ကိုက တွေးမိတယ်။

“ဦးမိယာကဲ့၊ ကျွန်တော်သိတာတော့ ခင်ဗျားက ကိုဘေးကလာတာ မဟုတ်လားဗျာ” လို့ ကေစုကဲ့က ဒီမေးခွန်းဟာ မစဉ်းမစား ရုတ်တရက် သူ့ခေါင်းထဲ ဝင်လာသလိုလို မွန်မွန်ရည်ရည် အသံနဲ့ ပြောလိုက်တယ်။ “အရင်လတုန်းက ကန်ဆိုင်းငလျင်မှာ ခင်ဗျားရဲ့ ဆွေမျိုးသားချင်းဖြစ်ဖြစ်၊ ခင်ဗျားနဲ့ ဆိုင်တာ တစ်ခုခုဖြစ်ဖြစ် ပါသွားသေးလားဗျာ”

“ကျုပ် မပြောတတ်ဘူး။ ကိုဘေးနဲ့ကတော့ ကျုပ်နဲ့ ပတ်သက်တာ ဘာမှ မရှိတော့ဘူး။ နှစ်ပေါင်း တော်တော်ကြာခဲ့ပြီ” လို့ မိယာကဲ့ ဖြေတယ်။

“နှစ်ပေါင်း တော်တော် ကြာခဲ့ပြီတဲ့လားဗျာ။ အေးဗျာ၊ ခင်ဗျားမှာ ကန်ဆိုင်းသားလေသံ ပျောက်မသွားသေးတာတော့ သိပါတယ်နော်”

“မပျောက်သေးဘူးလား။ ကျုပ်ဘာသာ ကျုပ်တော့ မပြောတတ်ပါဘူး”

“ကျွန်တော် အသေအချာကို ပြောရဲတယ်ဗျာ။ ကျွန်တော်တော့ နားရှိလို့သာ ကြားရတယ်” လို့ ကေစုကဲ့က ကန်ဆိုင်းသားလေသံ အလွန်အကျွံဝဲပြီး ပြောလိုက်တယ်။

“အဓိပ္ပာယ်မရှိတာတွေ တော်ပါတော့ ကေစုကဲ့ရာ။ ကျုပ်ကို အီဘာရာဂီသား လဒူတစ်ယောက်က ကန်ဆိုင်းသား လေသံအတုနဲ့ ပြောတာဟာ ဒါနောက်ဆုံးပဲ ဖြစ်ပါစေကွာ။ မင်းတို့ အရှေ့ပိုင်းသား လယ်သမားကလေးတွေ အလုပ်ပါးတဲ့ ရာသီတွေမှာ မော်တော်ဆိုင်ကယ် တရကြမ်း လျှောက်စီးကြတဲ့ အကြောင်းက ပိုကောင်းပါတယ်ကွာ”

“ဟား... ကျွန်တော်တော့ ခင်ဗျားကို စိတ်အနှောင့်အယှက် ပေးသလို ဖြစ်ရပြန်ပြီ။ ခင်ဗျားက အေးအေးဆေးဆေး မွန်မွန်ရည်ရည် လူတစ်ယောက်နဲ့တူ ပါတယ်။ ဒါပေမဲ့ ခင်ဗျားမှာ ဒုက္ခပေးမဲ့ ပါးစပ်တစ်ပေါက် ပါနေတယ်ဗျ။ အဲဒီအရပ်ဟာ အီဘာရာဂီ ပါဗျ။ အီဘာရာဂီ မဟုတ်ပါဘူး။ ခင်ဗျားတို့ ကန်ဆိုင်းက လူတွေဟာ ကျွန်တော်တို့ အရှေ့ပိုင်းသားတွေကိုဆို တစ်ခါတည်း လယ်သမားကလေးတွေလို့ ချိုးထည့်လိုက်တာပဲ။ အရှုံးပေးပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် အလေးအနက် ပြောတာပါဗျာ၊ တစ်ယောက်ယောက် ထိခိုက်

ဒဏ်ရာ ရခဲ့လား။ ကိုဘေးမှာ ခင်ဗျား အသိအကျွမ်း တစ်ယောက်ယောက်တော့ ရှိမှာပါ။ ခင်ဗျား တီဗီမှာ သတင်းကြည့်လိုက်သေးတယ် မဟုတ်လား”

“တခြားအကြောင်း ပြောင်းကြရအောင်ကွာ။ ဝီစကီကွာ” လို့ မိယာကဲ ပြောလိုက်တယ်။

“စိတ်ချထားဗျာ”

“ဂျူ(နိ)ကော”

“နည်းနည်းပေါ့” လို့ ဂျူ(နိ)ကိုက ဖြေတယ်။

မိယာကဲက သားရေဂျက်ကက် အိတ်ကပ်ထဲက သတ္ထုဓာတ်ဘူး ပြားပြား ကလေးကို ဆွဲထုတ်ကာ ကေစုကဲဆီ ကမ်းလိုက်တယ်။ ကေစုကဲက ဓာတ်ဘူး အဖုံးကို လှည့်ဖွင့်ပြီး ဓာတ်ဘူးနှုတ်ခမ်းနဲ့ သူ့နှုတ်ခမ်း မထိစေဘဲ ဝီစကီကို ပါးစပ်ထဲ လောင်းချတယ်။ သူဟာ ဝီစကီကို တဂွပ်ဂွပ် မြိုချပြီး အသက်ပြင်း ပြင်း တစ်ချက်ရှိုက်ပြီး နှုတ်ခမ်းကို လျှာနဲ့သပ်တယ်။

“ကောင်းမှ ကောင်းဗျာ။ သက်တမ်း နှစ်ဆယ့်တစ်နှစ်ရှိတဲ့ နံပါတ်တစ် ဆိုတဲ့ နှစ်ချို့မုယောဝီစကီရဲ့ အရသာ၊ ဆူပါဝီစကီ၊ ဝက်သစ်ချစည်ထဲ နှစ်ရှည်စိမ် ထားတာပလေ။ ခင်ဗျား ကြားတယ်နော်၊ ပင်လယ်အော်သံတွေ၊ စကော့ နတ်မိ မယ်ကလေးတွေရဲ့ အသက်ရှူသံရှိုက်သံတွေ”

“ကျုပ်ကိုလည်း ပြောခွင့်ကလေး ပေးပါဦး ကေစုကဲရယ်၊ ဒါဈေးအပေါ ဆုံး စန်တိုရိပါကွာ၊ မင်းလည်း ဝယ်နိုင်ပါတယ်”

ဒီနောက် ဂျူ(နိ)ကို အလှည့်။ သူမက ကေစုကဲဆီက ဓာတ်ဘူးကလေး ကို ယူလိုက်တယ်။ အဖုံးကလေးထဲ နည်းနည်းနဲ့တယ်။ တစ်မြို့ချင်း မြည်းနေ တယ်။ သူမမျက်နှာ ရုံ့မဲ့သွားတယ်။ ဒါပေမဲ့ အရည်က လည်ချောင်းကတစ်ဆင့် ဝမ်းထဲ လျှောဆင်းသွားရာ ပူနွေးတဲ့ အရသာကို သူမမိလိုက်တယ်။ သူမ ခန္ဓာကိုယ်ရဲ့ အတွင်းအလယ်ဆီမှာ နည်းနည်း ပူနွေးလာတယ်။ ဒီနောက် မိယာ ကဲက အိန္ဒြေရရ တစ်ကျိုက်ကျိုက်တယ်။ ဒီနောက် ကေစုကဲက ဂွပ်ခနဲ တမော့ မော့ပြန်တယ်။ ဝီစကီဓာတ်ဘူးကလေး တစ်လက်ကတစ်လက် ပြောင်းနေတာ နဲ့အမျှ မီးပုံမှာလည်း မီးတောက်အရွယ်နဲ့ မီးတောက်အားက တစ်စထက်တစ်စ ကြီးလာပြီ။ ရုတ်ချည်း မဟုတ်ဘူး။ လေးလေးဆေးဆေး တစ်ဆင့်ပြီး တစ်ဆင့်

ဖြည်းဖြည်းမှန်မှန်ပဲ။ မီယာကဲရဲ့ မီးပုံမှာ ခမ်းနားမွန်မြတ်တာက အဲဒီလိုပါ။ မီးလျှံတွေ ပြန့်လာတာက ညံ့ညံ့သက်သက် သိမ်သိမ်မွေ့မွေ့ပါ။ တစ်ဖက်ကမ်း ခတ်သူတစ်ယောက် ယုယုယယ ကိုင်တွယ်သလိုပါ။ ကြမ်းတမ်းတာလည်း မဟုတ်ဘူး၊ မြန်ဆန်တာလည်း မဟုတ်ဘူး။ ရည်ရွယ်တာက လူတွေရဲ့ နှလုံးသား ပူနွေးစေဖို့သာပဲရ။

ဂျူ(နှ)ကိုက မီးပုံရှေ့မှာ ဘယ်အခါမှ စကားများများ ပြောလေ့မရှိ။ လှုပ်ရှားမှု မရှိသလောက်ပဲ။ မီးလျှံတွေက (ပြင်းထန်တဲ့ ခံစားမှုမီးလျှံတွေက) အရာရာကို ဘာမှအဆိုအပြောမရှိ လက်ခံတယ်၊ လေးလေးနက်နက် စိတ်ဝင်စားစွာ နှစ်သိမ့်စွာ ကြည့်တယ်၊ နားထောင်တယ်၊ နားလည်တယ်၊ ခွင့်လွှတ်တယ်။ မိသားစု၊ မိသားစုစစ်စစ်ဟာလည်း ဒီလိုပဲ ဖြစ်မှာပါ။ ဂျူ(နှ)ကို တွေးတယ်။

ဂျူ(နှ)ကိုဟာ အထက်တန်းကျောင်း တတိယဆင့် တက်နေတုန်း မေလမှာ ဒီမြို့ကို ရောက်လာခဲ့တယ်။ သူမအဖေရဲ့ လက်မှတ်တံဆိပ်တုံးနဲ့ ဘဏ်စာအုပ်ကို သုံးကာ ဘဏ်ကနေ ယန်းသုံးသိန်း သူမထုတ်ခဲ့တယ်။ လက်ဆွဲအိတ်ထဲ သူမ နိုင်သလောက် အဝတ်အစားတွေ သွပ်ထည့်ခဲ့တယ်။ သူမ အိမ်က ထွက်ပြေးခဲ့တယ်။ သူမဟာ ဘာမှ အစီအစဉ်မရှိဘဲ မီးရထား တစ်စီးပြီးတစ်စီး ပြောင်းပြီး စီးခဲ့တယ်။ ဒီလိုနဲ့ တိုကိုဇဝါမြို့ကနေ တစ်လျှောက်တည်း ခရီးနှင်ခဲ့ရာ အီဘာရာကီ စီရင်စုထဲက သူမဘယ်တုန်းကမှ မကြားဖူးတဲ့ ပင်လယ်ကမ်းခြေ မြို့ကလေးကို ရောက်ခဲ့တယ်။ ဘူတာရုံရှေ့ လမ်းတစ်ဖက်ကမ်းက အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းမှာ အပတ်(တ်)မင့် အခန်းတစ်ခန်းကို ရှာလို့ရခဲ့တယ်။ ဒီနောက် သီတင်းတစ်ပတ်မှာ ပင်လယ်ကမ်းရိုးတန်းလမ်းမကြီးပေါ်က စတိုးဆိုင်မှာ အလုပ်ရခဲ့တယ်။ “ကျွန်မ အတွက် စိတ်မပူပါနဲ့။ ကျွန်မကို လိုက်လဲမရှာပါနဲ့ အမေ။ ကျွန်မ ကောင်းကောင်းမွန်မွန် ရှိနေပါတယ်” လို့ သူမအမေဆီ သူမ စာရေးလိုက်တယ်။

ဂျူ(နှ)ကိုဟာ ကျောင်းတက်ရတာကိုလည်း အင်မတန်အင်မတန် ငြီးငွေ့ခဲ့ပြီ။ သူမအဖေနဲ့ မျက်နှာချင်း ဆိုင်ရတာကိုလည်း ခံနိုင်ရည် မရှိတော့ဘူး။ သူမ ငယ်ငယ်လေးတုန်းက သူမအဖေနဲ့ သူမ အဆင်ပြေတယ်။ စနေ၊ တနင်္ဂနွေတွေနဲ့ ကျောင်းပိတ်ရက်ရှည်တွေမှာ သူတို့နှစ်ယောက် အတူတူ နေရာအနှံ့သွားခဲ့ကြတယ်။ သူမအဖေရဲ့ လက်ကို ကိုင်လို့ လမ်းတွေပေါ် လမ်းလျှောက်ရ

တာ သူမ။ဂုဏ်ဝင့်ခဲ့ရတယ်၊ အားမာန်တက်ခဲ့ရတယ်။ ဒါပေမဲ့ မူလတန်း ပညာရေး ပြီးခါနီး သူမမှာ ကိုယ်မွေးသစ်စပြုချိန်၊ ရင်မို့စပြုချိန် ရောက်တော့ သူမအဖေဟာ သူမကို စိမ်းတဲ့အကြည့် စကြည့်လာရင်ပဲ ဂျူ(နှ်)ကိုရဲ့ အဲဒီ ငြီးငွေ့စရာကာလ စတင်ခဲ့တယ်။ အလယ်တန်း ပညာရေး တတိယဆင့်မှာ သူမအရပ် ငါးပေခြောက်လက်မ လွန်တော့ သူမအဖေက သူမကို လုံးဝ စကားမပြောတော့သလောက်ပဲ။

ဒါ့ပြင် သူမရဲ့ ပညာအရည်အချင်း အဆင့်ကလည်း ဘယ်လိုမှ ကြွားစရာ မရှိဘူး။ အလယ်တန်းကို သူမတက်စမှာ သူမအဆင့်က အတန်းတစ်တန်းလုံးရဲ့ ထိပ်မှာ ရှိတယ်လို့ ဆိုနိုင်တယ်။ အလယ်တန်းပညာရေး ကျောင်းဆင်းပွဲကာလ မှာ သူမအဆင့်ကို အောက်ခြေက စရေရင် ပိုလွယ်မယ်။ သူမ အာရုံစူးစိုက်မှု မ လုပ်နိုင် ဖြစ်တာပါ။ သူမ စလုပ်တာမှန်သမျှ ဘယ်တော့မှ ဆုံးတဲ့အထိ မလုပ် နိုင်ဘူး။ ကြိုးစားပြီး အာရုံစူးစိုက်တဲ့အခါ သူမမှာ ဦးခေါင်းထဲ ကိုက်ခဲလာတယ်။ အသက်ရှူ ကျပ်လာတယ်။ နှလုံးခုန်သံနရီက မမှန်တော့ဘူး။ ကျောင်းတက်ရ တာဟာ ညဉ်းပန်းနှိပ်စက်ခံရမှု ဝေဒနာစင်စစ် ဖြစ်နေရဲ့။

ဒီသူစိမ်းမြို့မှာ အခြေချလို့ မကြာခင် ဂျူ(နှ်)ကိုဟာ ကေစုကဲနဲ့ တွေ့ တယ်။ ကေစုကဲက သူမထက် အသက်နှစ်နှစ်ကြီးတယ်။ ကေစုကဲက အင်မတန် တော်တဲ့ ရေလွှာလျှောစီးသမားလည်း ဖြစ်တယ်။ အရပ်ရှည်တယ်။ ဆံပင်ကို အညိုရောင် ဆေးဆိုးထားတယ်။ သွားတွေက ညီညာဖြောင့်တန်း လှပတယ်။ သူက အီဘာရာကီမှာ ပင်လယ်ရေလှိုင်းတွေ အားကောင်းတာ ကြောင့် အခြေချခဲ့တာပါ။ သူငယ်ချင်းတချို့နဲ့ ရော့(ခ်)ဂီတဝိုင်းတစ်ဝိုင်း ဖွဲ့ထား သေးတယ်။ ကေစုကဲဟာ ဒုတိယတန်းစား ပုဂ္ဂလိကကောလိပ် တစ်ခုမှာ မှတ်ပုံတင်ထားပြီးသားပါ။ ဒါပေမဲ့ ကျောင်းပရဝဏ်ထဲ မသွားသလောက်ပဲ။ ဘွဲ့ တစ်ခုရဖို့ မျှော်လင့်ချက်က သုညပါ။ သူ့မိဘတွေက မီကိုမြို့မှာ သက်တမ်းရှည် ရှည် နာမည်ကြီးကြီး ချိုချဉ်ခဲဖွယ် မုန့်ဆိုင်တစ်ဆိုင် ဖွင့်ထားပြီး သူ့အဖို့ နောက်ဆုံး အားကိုးအားထားအနေနဲ့ အဲဒီ မိသားစုစီးပွားရေး လုပ်ငန်းကို ဆက်ခံနိုင်တယ်။ သူကတော့ မုန့်ဆိုင်ပိုင်ရှင် တစ်ယောက်အဖြစ် သက်သောင့်သက်သာ နေဖို့ မရည်ရွယ်ဘူး။ သူလုပ်ချင်သမျှက သူငယ်ချင်း တွေနဲ့အတူ သူရဲ့ ဒတ်ဆန်းထရပ်ကားကို မောင်းပြီး လည်ပတ်မယ်၊ ပင်လယ် ရေလှိုင်း စီးမယ်၊ အပျော်တမ်း တူရိယာဝိုင်းမှာ ဂစ်တာတီးမယ်။ ဘယ်သူမဆို

သိတဲ့အတိုင်း အဲဒီအပူအပင်မဲ့၊ အကြောင့်အကျမဲ့ ဘဝပုံစံဟာ ထာဝရတည်တံ့တာမှ မဟုတ်ဘဲ။

မီယာကဲနဲ့ ဂျူး(နိ)ကို ရင်းရင်းနှီးနှီး ဖြစ်တာက ကေစုကဲနဲ့ အတူနေဖို့ သူမ အိမ်ပြောင်းခဲ့ပြီးမှပါ။ မီယာကဲက အသက်လေးဆယ် ဝန်းကျင် ရှိမယ်။ လူက ခပ်သေးသေး၊ ခပ်ညှက်ညှက်ပါ။ ဆံပင်တိုတိုနဲ့ မျက်နှာရှည်သွယ်သွယ်မှာ မျက်မှန်နဲ့ပါ။ မုတ်ဆိတ်မွေး ပါးမုန်းမွေးက အပြောင်အရှင်း ရိတ်ထားပေမယ့် သူ့မုတ်ဆိတ်ပါးမုန်း ထူထူထဲထဲ သန်လွန်းသမို့ နေ့တိုင်း နေဝင်ချိန်တွေဆို သူ့မျက်နှာမှာ အမည်းအမှောင် ဖုံးနေမယ်။ သူက အရောင်ပြယ်နေတဲ့ ရင်ဖုံးတစ်ဆက်တည်း ဘောင်းဘီရှည် ဒါမှမဟုတ် ဟာဝေယံရှပ်အင်္ကျီကို ဝတ်လေ့ရှိတယ်။ ပွယောင်းယောင်း ကာကီရောင်စစ်အင်္ကျီ ခါးအောက်ပိုင်းကို ဘယ်တော့မှ ဘောင်းဘီအထဲ ထည့်မဝတ်ဘူး။ ဟောင်းနွမ်းနေတဲ့ အဖြူရောင် ကင်းဗတ်ဖိနပ်ကိုပဲ စီးတယ်။ ဆောင်းရာသီမှာ မီယာကဲဟာ တွန့်ကြေနေတဲ့ သားရေဂျက်ကက်ကို ဝတ်တယ်။ တစ်ခါတလေ ဘော့(စ်)ဘော ဦးထုပ်ဆောင်းတယ်။ သူ ပွဲတက်ဝတ်စုံ ဝတ်တာ ဂျူ(နိ)ကို လုံးဝ မမြင်ဖူးဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် မီယာကဲ ဝတ်သမျှ အစွန်းအထင်းမရှိ သန့်ရှင်းတယ်။

ဒီဒေသမှာ ကန်ဆိုင်းဒေသိယစကား ပြောသူမရှိသလောက် ရှားသမို့ လူတွေက မီယာကဲကို သတိထားမိကြတယ်။ “သူ ဒီနားက အိမ်တစ်အိမ်မှာ ငှားနေတာ။ သူ ပန်းချီတွေဆွဲတယ်။ နာမည် ကြီး၊ မကြီးတော့ တို့လည်း မသိဘူး။ သူ့လက်ရာကို တစ်ခါမှ မမြင်ဖူးဘူးလေ။ နေပုံထိုင်ပုံကတော့ အိုကေပါတယ်။ သူ့စည်းသူ့ကမ်း နေတတ်ထိုင်တတ်ပုံ ရတယ်။ တစ်ခါတလေ တိုက္ကျိသွားပြီး မိုးချုပ်မှ ပြန်လာတတ်တယ်။ ပန်းချီပစ္စည်းတွေ ဘာတွေ ပါလာတတ်တယ်။ ခိရတို့လည်း သိဘူးလေ။ သူ ဒီရောက်လာတာ ငါးနှစ်လောက် ရှိမလားပဲ။ ဒီထက်လည်း ပိုရင်ပိုမှာပဲ။ အချိန်ရှိသရွေ့ သောင်ပြင်မှာ မီးပုံတွေ ဖိုနေတာ နင်တွေ့ပါလိမ့်မယ်။ မီးပုံကို သူ ကြိုက်တယ်လို့တော့ ထင်တယ်ဟ။ တို့ပြောချင်တာကဟာ၊ သူ အဲသလို မီးပုံတွေ မီးမွှေးနေတဲ့အခါ သူ့မျက်လုံးတွေထဲမှာ လေးလေးနက်နက်နဲ့ စူးစူးစိုက်စိုက် ဖြစ်နေတာ တွေ့ရတာကိုပေါ့ဟာ။ စကားလည်း သိပ်မပြောဘူး။ ဘယ်လိုမှန်း မသိဘူး ခပ်ဆန်းဆန်းပဲ။ လူဆိုးလူသွမ်းတော့လည်း မဟုတ်ပါဘူး” လို့ ဂျူး(နိ)ကို့ကို သူမရဲ့ လုပ်ဖော်ကိုင်ဖက် ကောင်မလေးတစ်ယောက်က ပြောတယ်။

မီယာကဲဟာ အနီးအနားက အဲဒီစတိုးဆိုင်ကို အနည်းဆုံး တစ်နေ့ သုံး ကြိမ်တော့ လာတယ်။ မနက်ခင်းမှာ သူက နွားနို့၊ ပေါင်မုန့်နဲ့ သတင်းစာဝယ် တယ်။ နေ့လယ်ခင်းမှာ နေ့လယ်စာဘူးတစ်ဘူး ဝယ်ပြီး ညနေခင်းမှာ ဘီယာ အေးအေး တစ်ဘူးနဲ့ သရေစာတစ်မျိုး ဝယ်မယ်။ တစ်နေ့ပြီးတစ်နေ့ ဘယ်လိုမှ အပြောင်းအလဲ မရှိဘူး။ သူနဲ့ ဂျူ(နှ)ကိုတို့မှာ မပြုမဖြစ်ပြုရတဲ့ ယဉ်ကျေး ဖွယ်ရာ ဆက်ဆံရေးထက် ဘယ်တော့မှ မပိုဘူး။ ဒါပေမဲ့ ခဏနဲ့ မီယာကဲကို သူမ စိတ်ဝင်စားမိတာ ဂျူ(နှ)ကို သိလိုက်ရဲ့။

မနက်ခင်းတစ်ခုမှာ စတိုးဆိုင်ထဲ သူတို့နှစ်ယောက်ပဲ ရှိတဲ့အခိုက် ဂျူ(နှ)ကိုဟာ အဲဒီအခွင့်အရေးကို အရယူပြီး မီယာကဲကို သူ့အကြောင်းမေး တယ်။ "စတိုးဆိုင် အနီးအနားမှာနေတာ မှန်ပေမယ့် ဘာဖြစ်လို့ ခုလို အကြိမ်ကြိမ် လာရတာလဲ၊ ဘာဖြစ်လို့ နွားနို့တွေ၊ ဘီယာတွေ များများစားစား ဝယ်ပြီး ရေခဲသေတ္တာထဲ ထည့်မထားတာလဲ၊ အဲသလိုဆို ပိုမသက်သာပါလား၊ စတိုးဆိုင်အနေနဲ့ကတော့ ဘယ်လိုဝယ်ဝယ် အတူတူပဲပေါ့၊ ဒါပေမဲ့..." စတဲ့ မေးခွန်းတွေကို မေးမိတယ်။

"ဟုတ်ပါတယ်ကွာ။ မင်းမှန်တယ်လို့ ကျုပ်လည်း ထင်ပါတယ်။ ဝယ်ပြီး ရေခဲသေတ္တာထဲ ထည့်ထားတာက ပိုပြီးတော့လည်း သင့်တော်တာပေါ့ကွာ၊ ဒါပေမဲ့ ကျုပ် အဲဒီလိုမတတ်နိုင်ဘူး"

"ဘာဖြစ်လို့ မတတ်နိုင်ရမှာလဲ"

"အင်း... မတတ်နိုင်တာကတော့ မတတ်နိုင်လို့ပါ၊ ဒါပါပဲ"

"ကျွန်မ စပ်စုချင်တာတို့ ဘာတို့ မဟုတ်ပါဘူး။ စိတ်အနှောင့်အယှက် လည်း မဖြစ်စေချင်ပါဘူး။ မေးတာကတော့ ကျွန်မရဲ့ စရိုက်မို့ပါ။ ကျွန်မ တစ်ခုခုကို သိချင်ပြီဆို မမေးဘဲကို မနေနိုင်လို့ပါ။ အဲဒါကြောင့် ထိခိုက်နစ်နာ စေတဲ့ ထိလည်း မရည်ရွယ်ပါဘူးနော်"

မီယာကဲက ခဏတော့ ချီတုံချတုံ ဖြစ်နေတယ်။ ခေါင်းကုတ်တယ်။ ဒီ နောက် "မင်းကို ကျုပ် အမှန်အတိုင်း ပြောပါ့မယ်၊ ကျုပ်မှာ ရေခဲသေတ္တာမရှိ ဘူး။ ကျုပ်က ရေခဲသေတ္တာကို မကြိုက်ဘူး" လို့ အတော် ခက်ခက်ခဲခဲနဲ့ ပြော တယ်။

ဂျူ(နှ်)ကိုက ပြုံးတယ်။ “ကျွန်မကိုယ်တိုင်ကလည်း ရေခဲသေတ္တာ မကြိုက်ပါဘူး။ ဒါပေမဲ့ ရေခဲသေတ္တာတစ်လုံးတော့ ရှိထားရတာပဲလေ။ ရေခဲသေတ္တာလေး တစ်လုံးမှ ရှိမထားရင် နည်းနည်းတော့ အဆင်မပြေဘူး မဟုတ်လား”

“သေချာတာပေါ့၊ အဲဒီလိုဆိုရင် အဆင်ပြေတာပေါ့။ ဒါပေမဲ့ ဒီဟာတွေကို ကျုပ်မုန်းတယ်။ ဘာတတ်နိုင်မလဲ။ ကျုပ်အနားမှာ ရေခဲသေတ္တာရှိနေရင် ကျုပ်က အိပ်လို့မရဘူး”

သိရအတော်ခက်တဲ့၊ တော်တော်ဆန်းတဲ့ လူတစ်ယောက်လို့ ဂျူ(နှ်)ကို တွေးမိတယ်။

ဒါပေမဲ့ မီယာကဲကို အရင်ထက် ပိုပြီး စိတ်ဝင်စားမိပြီ။ ဒီနောက် သုံးလေးရက်ကြာတော့ ကမ်းခြေမှာ လမ်းလျှောက်ရင်း ဂျူ(နှ်)ကိုဟာ သူ့တစ်ယောက်တည်း မီးပုံတစ်ပုံ မီးမွှေးဖို့ ပြင်နေတဲ့ မီယာကဲကို တွေ့တယ်။ သူကောက်ထားတဲ့ ရေမျောထင်းနည်းနည်းနဲ့ ဖိုတဲ့ မီးပုံခပ်ငယ်ငယ်ပါ။ ဂျူ(နှ်)ကိုက မီယာကဲနဲ့ စကားပြောတယ်။ ဒီနောက် မီးပုံပွဲမှာ ပါဝင်ခဲ့တယ်။ မီယာကဲရဲ့ နံဘေးမှာ ယှဉ်ရပ်တဲ့အခါ ဂျူး(နှ်)ကိုက အနည်းဆုံး နှစ်လက်မတော့ အရပ်ပိုမြင့်တယ်။ သူမတို့နှစ်ယောက်ဟာ နှူတ်ဆက်တယ်ဆိုရုံ စကားပြောပြီးတော့ ဘာစကားမှ မပြောကြဘဲ မီးပုံကိုပဲ ငေးလို့ စိုက်လို့ ကြည့်နေခဲ့ကြတယ်။

မီးပုံတစ်ပုံရဲ့ မီးလျှံတွေကို ကြည့်ရင် ‘အမှန်တရားတစ်စုံတစ်ရာ’ ကို သေသေချာချာ ခံစားရတာ ဂျူ(နှ်)ကိုအဖို့ ဒါ ပထမဆုံးအကြိမ်ပါ။ သူမက စိတ်အတွင်း ‘အမှန်တရား တစ်စုံတစ်ရာ’၊ ‘ဂွမ်းဆိုင်လွှာ အထပ်ထပ်’လို ခံစားမှုလို့ နာမည်တပ်ချင်တယ်။ ဒီခံစားမှုဟာ ထိန်းသိမ်းရခက်လွန်း၊ နက်နဲလွန်း၊ စစ်မှန်လွန်းသမို့ အတွေးအမြင်တစ်ခုလို့လဲ မဆိုနိုင်တာကြောင့်ပဲ။ အဲဒီခံစားမှုဟာ သူမကိုယ်တစ်လျှောက် စီးမျောပြီး ပျောက်ပြယ်သွားတယ်။ ကြည်နူးဆွေးမြေ့စရာ ကောင်းတဲ့၊ ရင်တွင်းတင်းကျပ်နေတဲ့၊ ဆန်းတဲ့ စိမ်းတဲ့ ခံစားမှုတစ်မျိုးကို ချန်ရစ်တယ်။ ဒီခံစားမှုဆုံးတဲ့ အချိန်မှာ သူမလက်တွေမှာ ကြက်သီးဖျန်းဖျန်း ထလို့နေတယ်။

“ဦးမီယာကဲ၊ ကျွန်မကို ပြောပြပါလား။ မီးပုံကနေ ဖြစ်လာတဲ့ ပုံသဏ္ဌာန်တွေကို မြင်ရရင် ရှင့်မှာ ဆန်းသလိုလို နားမလည်နိုင်သလိုလို ခံစားဖူးသလား

ဆိုတာ”

“ဘယ်လို ဆန်းသလိုလိုလဲ”

“ကျွန်မလည်း မသိဘူး။ နိစ္စခူဝဘဝထဲမှာ မှတ်မှတ်သားသား ကြုံရလေ့မ ရှိတဲ့ တစ်စုံတစ်ရာ ရုတ်တရက်ကြီး၊ အပီအပြင်ကြီး ခံစားလိုက်ရတာမျိုးပေါ့။ ကျွန်မ ဘယ်လို ပြောရမလဲတော့ မသိဘူး။ ကျွန်မ အဲသလောက် မကျွမ်းသေး ဘူး။ ဒါပေမဲ့ အခု မီးတောက်တွေကို ကြည့်နေရင်း အဲဒီနက်နဲတဲ့၊ ပြီးတော့ ရှင်း ပြလို့ မရပေမဲ့ ပီပီသသဖြစ်တဲ့ ခံစားချက်တစ်မျိုးကို ခံစားရတာပဲ”

အချိန်တာတစ်ခု မီယာကဲဟာ ဂျူ(နှ)ကို့စကားကို စဉ်းစားနေတယ်။ “သိ တယ်မဟုတ်လား ဂျူ(နှ)၊ မီးတောက်မီးလျှံဟာ သူဖြစ်ချင်တဲ့ ပုံသဏ္ဌာန်ဖြစ်မှာ ပဲ။ လွတ်လပ်တယ်။ ဒီတော့ မီးပုံရဲ့ ပုံသဏ္ဌာန်ဟာ မီးပုံကို ကြည့်နေတဲ့လူရဲ့ စိတ်ထဲမှာ ဘာဖြစ်နေသလဲဆိုတဲ့ အပေါ် မှီပြီး ပုံသဏ္ဌာန်တစ်ခုခု ဖြစ်လာမှာပဲ။ မီးလျှံကို ကြည့်ရင်း အဲသလို နက်နဲတဲ့ ပီသတဲ့ ခံစားချက်တစ်မျိုးကို မင်း ခံစား ရတာဟာ မင်းကိုယ် တိုင်ရဲ့ စိတ်ထဲမှာ နက်နဲတဲ့ ပီသတဲ့ ခံစားချက် ရှိနေလို့ ပေါ့။ ကျုပ် ဘာပြောချင်တယ် ဆိုတာ မင်းသိတယ် မဟုတ်လား” လို့ မီယာကဲ က ပြောတယ်။

“အွန်ဟွန်”

“ဒါပေမဲ့ မီးပုံမည်ကာမတ္တ ဖြစ်ရုံနဲ့တော့ ဒီလိုမဖြစ်နိုင်ဘူး။ ဒီလို ခံစားမှု တစ်စုံတစ်ရာ ဖြစ်ဖို့က မီးပုံကိုယ်နှိုက်မှာ လွတ်လပ်ရမယ်။ အဲဒါ ဂက်(စ်)မီးဖို တစ်ခုမှာ မဖြစ်နိုင်ဘူး။ ဂက်(စ်)မီးခြစ်တစ်ခုမှာ မဖြစ်နိုင်ဘူး။ သာမန် မီးပုံတစ် ပုံမှာတောင် မဖြစ်နိုင်ဘူး။ မီးပုံက လွတ်လပ်ရမယ်လေ။ မီးဖိုတဲ့ နေရာကိုက သင့်တင့်လျောက်ပတ်ရမယ်။ ဒါ မလွယ်ပါဘူး။ ဒါ လူတိုင်း မလုပ်နိုင်ပါဘူး လေ”

“ရှင်ကတော့ လုပ်နိုင်ပါတယ်၊ ဦးမီယာကဲရယ်”

“တစ်ခါတလေ ကျုပ် လုပ်နိုင်ပါတယ်။ တစ်ခါတလေ မလုပ်နိုင်ဘူး။ အကြိမ် အတော်များများတော့ လုပ်နိုင်ပါတယ်လေ။ ကျုပ်စိတ်ကို တကယ့်ကို တစ်စိုက်မတ်မတ် မီးထဲ ထည့်ထားနိုင်ရင် ကျုပ် အတော်လုပ်နိုင်ပါတယ်”

“မီးပုံကိုတော့ ရှင် အတော်ကြိုက်တယ်နော်”

မိယာကဲ ခေါင်းညိတ်တယ်။ “ဒီဟာ ကျုပ်မှာ ဝေဒနာတစ်ခု စွဲကပ်နေသလိုပဲ။ ဒီလို မြို့နဲ့ အဆက်အစပ်ဝေးတဲ့ နေရာမှာ ဘာကြောင့် ကျုပ် လာနေတာလဲလို့ မင်းထင်လဲ။ ဒီကမ်းခြေမှာ ရေမျောသစ်တွေ ပိုပြီး ရတတ်လို့ပဲ။ အကြောင်းပြချက်ကတော့ ဒီတစ်ခုတည်းပဲ။ ဒီလောက်ခရီးကို ကျုပ်လာခဲ့တာဟာ မီးပုံတွေ လုပ်ဖို့ပဲ။ အဓိပ္ပာယ်တော့ မရှိသလိုပဲပေါ့၊ ဟူး...”

အဲဒီ တွေ့ဆုံမှုနောက်မှာ အခွင့်သာတိုင်း ဂျူ(နှ)ကိုဟာ မိယာကဲရဲ့ မီးပုံမှာ ပါဝင်ခဲ့တယ်။ မိယာကဲဟာ နွေလယ်ကလွဲရင် တစ်နှစ်တာ ပတ်လည် လုံးလုံး မီးပုံတွေ ဖိုနေခဲ့တယ်။ နွေလယ်မှာတော့ သောင်ပြင်မှာ လူတွေ ပြည့်နေတတ်တာ ညဉ့်တိုင်ပဲ။ တစ်ခါတလေ သူဟာ သီတင်းတစ်ပတ်အတွင်း မီးပုံနှစ်ခုဖိုဖြစ်တယ်။ တစ်ခါတလေ တစ်လလုံးလုံး မီးပုံတစ်ပုံမျှ မဖိုရဘဲ ကုန်သွားတတ်တယ်။ မီးပုံဖိုနိုင်တဲ့ နှုန်းဟာ ရေမျောထင်းတွေ ဘယ်လောက် ကမ်းတင်သလဲဆိုတဲ့အပေါ် တည်တယ်။

မီးပုံဖိုဖို့ အခါသင့်ပြီဆိုရင်တော့ သူက ဂျူ(နှ)တို့ကို ခေါ်မှာမလွဲ။ ကေစုကဲမှာ အကျည်းတန်တန် မနာလိုတဲ့ ညဉ့်ရှိတယ်။ ဒါပေမဲ့ မိယာကဲကိုတော့ ချွင်းချက်တစ်ခုလို့ မှတ်တယ်။ ကေစုကဲက မိယာကဲဟာ ဂျူ(နှ)ကိုရဲ့ ‘မီးပုံသူငယ်ချင်း’ လို့ ဂျူ(နှ)ကို့ကို ကျီစယ်တတ်သေးတယ်။

အဆုံးမှာ အကြီးဆုံး ထင်းတုံးဆီ မီးလျှံတွေ ကူးဆက်သွားပြီ။ အဆုံးမှာ မီးပုံ ကြာရှည်တောက်လောင်တော့မယ့် အခြေမှာ အသားတကျရှိပြီ။ ဂျူ(နှ)ကို က သောင်ပြင်သဲလွှာပေါ် ထိုင်ချလိုက်ကာ မီးတောက်မီးလျှံတွေကို ပါးစပ်တင်းတင်းစေ့လို့ ငေးစိုက်ကြည့်နေတော့တယ်။ မိယာကဲဟာ အလွန်အမင်း ဂရုစိုက်ကာ မီးတောက်မီးလျှံ အလျင်းကို ညှိပေးတယ်။ ကူးစက်လောင်ကျွမ်းမှု အရှိန်မပြင်းလွန်းစေဖို့ရယ်၊ အရှိန်ယုတ်မသွားစေဖို့ရယ် သစ်ကိုင်းရှည်ရှည် တစ်ချောင်းနဲ့ မီး တောက်တွေကို ထိန်းပေးတယ်။ သူက အရံသင့်ထားတဲ့ ထင်းပုံငယ်ကနေ ခပ်ရှည်ရှည် ထင်းတစ်ချောင်းကို ယူတဲ့အခါယူပြီး လိုတဲ့ နေရာကို ထည့်သေးတယ်။

ကေစုကဲက သူဗိုက်ထဲမှာ အောင့်လာကြောင်း ကြေညာလိုက်တယ်။

“အအေးမိသွားတာ ထင်တယ်။ ချေးပါဦးမှ ထင်ပါရဲ့ဗျာ”

“ဘာဖြစ်လို့ အိမ်ပြန်ပြီး မနားလဲဟာ” လို့ ဂျူ(နှ)ကိုက ပြောတယ်။

“အေး ငါ အိမ်ပြန်တာပဲ ကောင်းပါတယ်။ နင်ကော” လို့ ကေစုကဲက သူ့ဘာသာသူ ရုက်တဲ့ပုံစံနဲ့ ပြောလိုက်တယ်။

“ဂျူ(နှ)ကိုအတွက် စိတ်မပူပါနဲ့။ သူ အိမ်ပြန်ရောက်အောင် ကျုပ် လိုက်ပို့ပေးမှာပါ။ သူ အေးအေးဆေးဆေး ဖြစ်မှာပါလို့ မိယာကဲ ဖြေတယ်။

“အိုကေ... ဒီလိုဆိုရင် ကျေးဇူးပေါ့” လို့ ဆိုကာ ကေစုကဲ သောင်ပြင်က ထွက်ခွာသွားတယ်။

ဂျူ(နှ)ကိုက “သူက အဲဒီလို ငကြောင်။ သူ့စိတ်သူ မနိုင်ဘဲ အရမ်း သောက်တာကိုး” လို့ ခေါင်းခါပြီး ပြောတယ်။

“မင်း ဘာပြောတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဂျူ(နှ)။ ဒါပေမဲ့ မင်းတို့လို ငယ်သေးတဲ့အရွယ်မှာ သိပ်ပြီး စဉ်းစားလွန်းတာလည်း မကောင်းပါဘူး။ သိပ် စဉ်းစားလွန်းတော့လည်း ပျော်ရွှင်မှုကို ဖျက်ဆီးသလို ဖြစ်မယ်။ ကေစုကဲရဲ့ စရိုက်လည်း တစ်ချိန်တော့ တည်ငြိမ်သွားမှာပါ”

“ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူဘာလုပ်လုပ် ဦးနှောက်မသုံးဘူး”

“တချို့ကိစ္စတွေမှာ ဦးနှောက်က ဘာမှမတတ်နိုင်တာလဲ ရှိတယ်လေ။ ပျိုရွယ်ခြင်း ဆိုတာကလည်း သက်သက် သာသာတော့ မဟုတ်ပါဘူးလေ”

သူတို့နှစ်ယောက်ဟာ မီးပုံကို မျက်နှာပြုရင်း ခဏာတာ ငြိမ်သက်သွားတယ်။ ကိုယ့်အတွေးထဲကိုယ် နစ်သွားတယ်။ ကိုယ်ကဏ္ဍနဲ့ကိုယ် တစ်သီးတခြားစီ အချိန်ကို လွန်စေတယ်။

ဒီနောက် “ဒီမှာ ဦးမိယာကဲ၊ ကျမရဲ့စိတ်ကို နှောက်နေတာ တစ်ခုခုရှိနေတယ်။ ရှင့်စိတ်မှာ ဘာမှမဖြစ်ဘူးဆိုရင် ကျွန်မမေးချင်တယ်” လို့ ဂျူ(နှ)ကိုက မေးလိုက်တယ်။

“ဘယ်လိုတစ်ခုခုလဲ”

“ကိုယ်ရေးကိုယ်တာ တစ်ခုခုပါ”

မိယာကဲက မုတ်ဆိတ်မွေး ပါးမုန်းမွေး ငုတ်တိုဖုံးတဲ့ ပါးပြင်ကို လက်ဖဝါးနဲ့ ပွတ်သပ်နေတယ်။ “ကောင်းပြီလေ၊ ဘာမှန်းတော့ ကျုပ် မသိသေးဘူးပေါ့။ အိုကေမယ်လို့တော့ ထင်ပါတယ်” လို့ ဖြေတယ်။

“ရှင့်မှာ၊ တစ်နေရာရာမှာပေါ့နော်၊ မိန်းမရှိနေမလားလို့ သိချင်နေမိတာပါ”

မီယာကဲဟာ သားရေဂျက်ကက် အိတ်ကပ်ထဲက ဓာတ်ဘူးလေးကို ထုတ်ယူလိုက်ကာ ဖွင့်ပြီး ခပ်ဖြည်းဖြည်း ခပ်ကြာကြာလေး သောက်နေတယ်။ ဒီနောက်အဖုံးကို ပြန်ဖုံးပြီး အိတ်ကပ်ထဲ ထိုးထည့်လိုက်တယ်။ ဂျူ(နှ)ကို့ကို ကြည့်နေတယ်။

“ရုတ်တရက်ကြီး ဒီအတွေးက ဘယ်က ဝင်လာတာလဲကွယ်”

“ရုတ်တရက်တော့ မဟုတ်ပါဘူး။ ဟိုအရင်ကတည်းက အဲဒီအတွေး ကျွန်မမှာ ရှိနေခဲ့တာပါ။ ကေစုကဲ ငလျင်အကြောင်း မပြောခင် ကတည်းကပေါ့။ ရှင့်မျက်နှာပေါ်မှာ ကျွန်မမြင်နေတယ်။ ရှင် ကျွန်မကို ပြောဖူးတာကို ရှင် သိတယ် မဟုတ်လား။ လူတစ်ယောက် မီးပုံကို ကြည့်နေချိန် သူ့မျက်လုံးတွေထဲမှာ သူ့အကြောင်းသူ ရိုးရိုးသားသား ပြောပြနေတယ် ဆိုတာလေ”

“ကျုပ် မျက်လုံးတွေမှာ အဲသလို ပြောနေတယ်ပေါ့”

“ရှင့်မှာ သားသမီးတွေကော ရှိလားဟင်”

“ရှိတယ်၊ နှစ်ယောက်”

“ကိုဘေးမှာပေါ့နော်။ ဟုတ်လား”

“အိမ်ရှိတဲ့ အဲဒီမှာပေါ့လေ။ အဲဒီမှာ သူတို့ ရှိနေကြဦးမယ်လို့ ကျုပ်လည်း မျှော်လင့်နေပါတယ်”

“ကိုဘေး၊ ဘယ်အရပ်မှာလဲ”

“ဟိဂရှိ-နာဒါ ရပ်ကွက်။ တောင်ကုန်းပေါ်မှာပေါ့။ အဲဒီမှာ သိပ်တော့ အပျက်အစီးမရှိပါဘူး”

မီယာကဲ မျက်စိတွေ မှေးသွားတယ်။ မျက်နှာကို ပင့်လိုက်တယ်။ မှောင်မည်းနက်ရှိုင်းတဲ့ ပင်လယ်ပြင်ဆီ ငေးကြည့်နေတယ်။ ဒီနောက် မျက်လုံးတွေကို မီးပုံဆီ ပြန်လှည့်လိုက်တယ်။

“အဲဒါပဲ၊ ကေစုကဲကို ကျုပ်အပြစ်ပြောလို့ မရတာ။ သူ့ကို ကျုပ်ငကြောင်လို့လည်း မခေါ်နိုင်ဘူး။ ကျုပ်မှာ အဲသလို ခေါ်ခွင့်လည်း မရှိဘူး။ ကျုပ်လည်း ဦးနှောက်သုံးတဲ့ နေရာမှာ ကေစုကဲထက် ဘာမှမသာပါဘူး။ ကျုပ်မှ ငကြောင်ဘုရင်။ ကျုပ် ဘာပြောချင်တယ်ဆိုတာ မင်း သိတယ်ထင်ပါတယ်နော်” လို့ မီယာကဲ ပြောတယ်။

“ကျွန်မကို ဒီထက်ပိုပြီး ပြောပြချင်စိတ် ရှိသေးလာဟင်”

“ဟင့်အင်း၊ မပြောချင်တာတော့ အမှန်ပဲ” လို့ မီယာကဲဖြေတယ်။

“အိုကေ၊ ဒါဆို ကျွန်မဒီမှာ ရပ်ပါ့မယ်။ တစ်ခုတော့ ကျွန်မပြောပါရစေ။ ရှင်ဟာ ရည်မွန်တဲ့ လူတစ်ယောက်လို့ ကျွန်မကတော့ ထင်တယ်”

“ဒါ ပြဿနာမဟုတ်ပါဘူးလေ” လို့ ပြောရင်း မီယာကဲဟာ ခေါင်းခါနေပြန်တယ်။ သူဟာ သဲသောင်ပြင်ပေါ်မှာ သစ်ကိုင်းထိပ်ဖျားနဲ့ ဒီဇိုင်းတစ်ခု ဆွဲနေတယ်။

“ကျုပ်ကို ပြောစမ်းပါ ဂျူ(နှ်)ကို၊ မင်းဘယ်လို သေမယ်ဆိုတာ မင်း စဉ်းစားဖူးသလား လို့”

အချိန်တာတစ်ခု ဂျူ(နှ်)ကိုဟာ လေးလေးနက်နက် စဉ်းစားနေတယ်။ ဒီနောက် ခေါင်းခါတယ်။

“အင်း၊ ကျုပ်တော့ ဒါကို အမြဲတမ်း စဉ်းစားနေတာပဲ” လို့ မီယာကဲက ပြောတယ်။

“ရှင် ဘယ်လိုသေနည်းနဲ့ သေမှာလဲဟင်”

“ရေခဲသေတ္တာထဲမှာ ပိတ်မိပြီးပေါ့။ မင်းသိတယ် မဟုတ်လား၊ အဲဒါ အမြဲဖြစ်တတ်တာပဲ။ တချို့ကလေးတွေဟာ တစ်ယောက်ယောက် လွှင့်ပစ်ထားတဲ့ ရေခဲသေတ္တာထဲ ဝင်ဆော့ရင်း တံခါးပိတ်မိတာ၊ အဲဒီကလေးဟာ အသက်ရှူကျပ်ပြီး သေရတာပဲ။ အဲသလိုမျိုးပေါ့လေ” လို့ မီယာကဲ ဖြေတယ်။

အကြီးဆုံး ထင်းတုံးကြီးက တစ်ဖက်ဆီ စောင်းလို့ ကျလာတယ်။ မီးပွားကလေးတွေ လွင့်ပျံ့သွားတယ်။ ဒီလိုဖြစ်တာကို မီယာကဲ ငေးကြည့်နေရင်း

ဘာမှ မလုပ်။ မီးတောက်ရဲ့ တောက်ပတဲ့ အလင်းကြောင့် သူ့မျက်နှာပေါ်မှာ ဆန်းတဲ့ စိတ္တဇဆန်တဲ့ အရိပ်တွေ ဖြန့်ကျနေတယ်။

"အဲဒီလို ကျဉ်းကျဉ်းကျပ်ကျပ် ကလေးထဲမှာ ကျုပ် မိနေတာလေ။ ပိတ် ပိတ်ပိန်း မှောင်လို့။ တဖြည်းဖြည်းချင်း ကျုပ်သေမယ်။ အသက်ရှူကျပ်သွား တာ၊ အသက်ရှူပိတ်သွားတာ ဆိုရင်တော့ ဒါ သိပ်မဆိုးသေးဘူး။ ဒါပေမဲ့ အဲဒီ လိုတော့လည်း မဟုတ်ပြန်ဘူး။ လေက မျှင်မျှင်ကလေး အကြိုအကြားကနေ အပေါက်ရှာ ဝင်နေတယ်။ ဒီတော့ မသေနိုင်ဘဲ တကယ့်ကို အကြာကြီးပဲ။ ကျုပ် အော်တယ်။ ဘယ်သူမှ မကြားဘူး။ ကျုပ် ကျပ်ညပ်နေတာ။ ကျုပ်လှုပ်လို့ မရဘူး။ ကျုပ် လှုပ်ကြည့် ရုန်းကြည့်တယ်။ ဒါပေမဲ့ တံခါးက မပွင့်ဘူး"

ဂျူ(နှ)ကိုက ဘာမှမပြော။

"ကျုပ် ဒီအိပ်မက်ကိုပဲ ထပ်တလဲလဲ မက်နေခဲ့တာ။ ညဉ့်လယ်သန်းခေါင် မှာ ချွေးတွေ ရွဲနစ်ပြီး နိုးလာတတ်တယ်။ ကျုပ် ပိန်းပိန်းပိတ် မည်းနက်တဲ့ အ မှောင်ထဲမှာ သေအံ့မူးမူးဖြစ်နေတာကို အိပ်မက်မက်တာ။ အဲ... နိုးလာပြန် တော့လည်း အိပ်မက်က မဆုံးသေးဘူး။ အဲဒါက အိပ်မက်ရဲ့ ချောက်ချားစရာ အကောင်းဆုံးအပိုင်းပဲ။ ကျုပ် မျက်စိဖွင့်လိုက်တယ်။ ကျုပ် လည်ချောင်းထဲမှာ အရမ်းကို ခြောက်ကပ်နေတယ်။ ကျုပ် မီးဖိုးခန်းထဲ သွားပြီး ရေခဲသေတ္တာကို ဖွင့်တယ်။ ဟုတ်တယ်၊ ကျုပ်မှာ ရေခဲသေတ္တာမှ မရှိတာ။ ဒီတော့ ငါ အိပ်မက်မက်နေတာပါလားလို့ ကျုပ် သဘောပေါက်ဖို့ ကောင်းပြီပေါ့။ ဒါပေမဲ့ သတိမဝင်သေးဘူး။ ထူးထူးဆန်းဆန်း တစ်ခုခု ဖြစ်နေတုန်းပဲလို့ ကျုပ်ထင်မိ တယ်။ ဒါနဲ့ ကျုပ် ရေခဲသေတ္တာတံခါးကို ဖွင့်လိုက်တယ်။ အထဲမှာ ရေခဲသေတ္တာ ဟာ ပိန်းပိန်းပိတ် မည်းနက်အောင် မှောင်နေတာ။ မီးမလင်းဘူး။ လျှပ်စစ်ပြတ် နေတာလားလို့ ကျုပ် စဉ်းစားမိတယ်။ ပြီးတော့ ကျုပ်ခေါင်းဟာ အထဲကို နစ် ဝင်သွားတယ်လို့ ထင်နေတယ်။ အမှောင်ထဲကနေ လက်တွေက ထွက်လာပြီး ကျုပ်လည်ပင်းကို ချုပ်ထားတယ်။ အေးစက်နေတဲ့ လက်တွေ။ လူသေကောင် ရဲ့ လက်တွေ။ အဲဒီလက်တွေဟာ ထူးထူးကဲကဲ သန်မာပြီး ကျုပ်ကို အထဲကို ဆွဲ ယူတော့တာပဲ။ ကျုပ်လည်း ကျယ်ကျယ်လောင်လောင်ကြီးကို အော်ပစ်လိုက် တာပဲ။ ဒီအခါမှ ကျုပ်တကယ်နိုးလာတော့တယ်။ အဲဒါ ကျုပ်ရဲ့ အိပ်မက်ပဲ။ ဒီ အိပ်မက်ပဲ အမြဲမက်နေတာ။ အသေးစိတ်ကလေးတွေတိုင်းကလည်း အတူတူ

ပဲ။ ဒီအိပ်မက်ကို မက်တိုင်းမက်တိုင်း၊ နောက်ဆုံးအကြိမ်တုန်းက ချောက် ချောက်ချားချား ဖြစ်ရသလို ဒီတစ်ကြိမ်မှာလည်း ချောက်ချားရတာပဲ”

မီယာကဲဟာ ထင်းတုံးကြီးကို သစ်ကိုင်းခြောက်ထိပ်ဖျားနဲ့ တွန်းကာ သူ့ နဂိုနေရာဆီ ရွှေ့လိုက်တယ်။

အိပ်မက်က သိပ်သဘာဝကျတယ်။ ကျုပ်သေတာ အကြိမ်ကြိမ်အခါခါ ရာဂဏန်းရှိပြီလို့ ကျုပ်မှတ်တာပဲ”

“ဒီအိပ်မက် ဘယ်တုန်းကစပြီး မက်ခဲ့တာလဲဟင်”

“ဟိုးအရင် ကြာလှ၊ ကြာလှပါပြီ။ ကြာလွန်းပြီမို့ ဘယ်တုန်းကမှန်း မ မှတ်မိတော့ပါဘူး” လို့ မီယာကဲ ဖြေတယ်။ “ကျုပ် အေးအေးဆေးဆေး နေရတဲ့ ကာလတွေ ရှိတော့ရှိခဲ့တယ်။ တစ်နှစ် အဲ... မဟုတ်သေးဘူး၊ နှစ်နှစ်ပေါ့။ ကျုပ် ဒီအိပ်မက် လုံးဝမမက်ဘူး။ ကျုပ်ဖြင့် အစစအရာရာ အိုကေပြီလို့ ထင်မိခဲ့ တယ်။ အဲဒီလို မဟုတ်ဘူး။ အိပ်မက်မက်ပြန်ရော။ ကျုပ်ဖြင့် အိုကေပြီ၊ ကျုပ် တော့ သက်သာရာရပြီလို့ ထင်မိပြီဆိုတာနဲ့ ဒီအိပ်မက် ပြန်မက်ရော။ အဲဒီလို ပြန်မက်တာပဲ။ အဲဒီလို စပြီဆိုရင် ဘာမှ မတတ်နိုင်တော့ဘူး”

မီယာကဲ ခေါင်းခါလို့နေရဲ့။

“ကျုပ်မှားတယ်၊ ဂျူ(နှ)၊ ဒီလို စိတ်ဓာတ်ကျစရာ အကြောင်းတွေကို ကျုပ် တကယ့်ကို မပြောသင့်ဘူး”

“မဟုတ်ဘူး၊ ရှင်ပြောပြကောင်းပါတယ်”၊ ဂျူ(နှ)ကိုက စီးကရက်တစ် လိပ်ကို နှုတ်ခမ်းမှာ တော့လိုက်တယ်။ မီးခြစ်ခြစ်ကာ မီးညှိတယ်။ ဆေးခိုးတွေ ကို အဆုတ်နဲ့အပြည့် နက်နက်ပြင်းပြင်း ရှိုက်သွင်းလိုက်တယ်။ “ဆက်ပြောပါ ဦး”

မီးပုံကတော့ ငြိမ်းလုပြီ။ အရံထားတဲ့ ထင်းပုံကြီးလည်း ကုန်ပြီ။ မီယာကဲ မီးပုံထဲ အကုန်ထည့်လိုက်ပြီ။ ဂျူ(နှ)ကိုက သေခြင်းအကြောင်းအရာကို တွေး နေတယ် ထင်ရဲ့။ ဒါပေမဲ့ သူက သမုဒ္ဒရာမြည်သံ ပိုပြီး ကျယ်လောင်လာတယ် လို့ တွေးနေတယ်။

“အမေရိကန် စာရေးဆရာတစ်ယောက် ရှိတယ်။ သူ့နာမည် ဂျက် လန်ဒန်” လို့ မီယာကဲ စကားစတယ်။

“ကျွန်မသိတယ်၊ မီးအကြောင်း ရေးတဲ့သူပေါ့”

“သူပဲပေါ့၊ နှစ်ကာလ အတော်ကို ကြာခဲ့တယ်၊ ပင်လယ်ထဲမှာ ရေနစ်ပြီး သူသေမယ်လို့ အတွေးဝင်နေခဲ့တာ။ သူ့မှာ ဒါ လုံးဝသေချာနေခဲ့တာ။ ညအချိန် သမုဒ္ဒရာထဲ သူ ကျသွားမယ်၊ ဒါကို ဘယ်သူမှမသိဘူး၊ ဒါနဲ့ သူ ရေနစ်သေဆုံးမယ်”

“သူ တကယ်ရေနစ်သေခဲ့လား”

မီယာကဲ ခေါင်းခါတယ်။ “ဟင့်အင်း၊ သူ မော်ဖိန်းထိုးပြီး ကိုယ့်ကိုယ် ကိုယ် သတ်သေသွားတယ်”

“ဒါဆို၊ သူ့စိတ်မှာ ထင့်နေခဲ့တဲ့ နိမိတ်က မမှန်ဘူးပေါ့။ ဒါမှမဟုတ် အဲဒီ နိမိတ်မမှန်ဘူးဆိုတဲ့ အဖြစ်မျိုးဖြစ်အောင် အသေအချာ လုပ်သွားတာဖြစ်မယ် ထင်တယ်နော်”

“အပေါ်ယံအားဖြင့်တော့ အနိမ့်ဆုံးတွေးရင်ကို ဒီလို မြင်နိုင်ပါတယ်” လို့ ပြောကာ မီယာကဲဟာ ခဏ တန့်သွားတယ်။ “ဒါပေမဲ့၊ သဘောတရားတစ်ခု အနေနဲ့ သူမှန်တယ်။ နက်မှောင်တဲ့ ပင်လယ်ထဲမှာ သူတစ်ယောက်တည်း တကယ့်ကို နစ်မွန်းသေဆုံးခဲ့တယ်။ သူဟာ အရက်သမားတစ်ယောက် ဖြစ်သွားတယ်။ သူဟာ သူရဲ့ ကိုယ်ကို သူရဲ့ စိတ်ဓာတ်ကျဆုံးမှုတွေထဲ နှစ်နေခဲ့တာ၊ တစ်ဆုံးဒုတ်ဒုတ်ထိ ရောက်တဲ့အခါ၊ မချိမဆံ့ဝေဒနာနဲ့ သေရတာပဲ။ နိမိတ်ကလည်း တစ်ခါတလေ တခြားတစ်စုံတစ်ရာနဲ့ သင်္ကေတပြုတတ်တယ်။ နိမိတ်က သင်္ကေတပြုတဲ့အရာဟာ တကယ့်အစစ်ထက်ကိုပဲ အဆမတန် ပြင်းထန်နေတတ်တယ်။ နိမိတ်ထင်မြင်ခြင်းရဲ့ ထိတ်လန့်ချောက်ချားစရာ အကောင်းဆုံးကိစ္စဟာ အဲဒါပဲ။ ကျုပ်ပြောချင်တာကို မင်း သိပါတယ်နော်”

ဂျူ(နိ)ကို ခဏ တွေးနေတယ်။ သူ ပြောလိုတာကို ဂျူ(နိ)ကို မသိ။

“ကျွန်မဘယ်လို သေမလဲဆိုတာ ကျွန်မတစ်ကြိမ်တစ်ခါမှ မစဉ်းစားမိဖူးဘူး။ ကျွန်မ ဘယ်လို ‘သေ’မယ်ဆိုတာကို မစဉ်းစားတတ်ဘူး။ ကျွန်မ ဘယ်လို ‘နေရမယ်’ ဆိုတာတောင် မသိသေးဘူး”

မီယာကဲ ခေါင်းတစ်ချက်ညိတ်တယ်။ “မင်း ဘာပြောချင်တယ်ဆိုတာ ကျုပ်သိပါတယ်။ အဲဒါပဲလေ၊ လူတစ်ယောက် ဘယ်လိုသေမယ်ဆိုတဲ့ နည်း

လမ်းက သူ ဘယ်လိုနေမယ်ဆိုတဲ့ နည်းလမ်းကို လမ်းညွှန်တာပဲ”

“ရှင် သေမယ်ဆိုတဲ့နည်းနဲ့ ရှင်နေနေတာပေါ့နော်”

“အသေအချာတော့ မပြောတတ်ဘူး။ တစ်ခါတလေလည်း အဲသလိုနည်းနဲ့ တူရဲ့”

မီယာကဲက ဂျူ(နှ)ကိုနှင့် ယှဉ်ကာ ထိုင်ချလိုက်တယ်။ သူဟာ မြင်နေကျ ထက် ပိုပြီး ပင်ပန်းနွမ်းနယ်၊ ပိုပြီး အိုမင်းရင့်ရော်တယ် ထင်ရရဲ့။ သူ့နားရွက် အထက် ဆံပင်တွေဟာ မတိမည္ဉပ် ထိုးထိုးထောင်ထောင် ဖြစ်နေတယ်။

“ရှင်... အခုဘယ်လို ပန်းချီကားတွေ ဆွဲနေလဲဟင်” လို့ ဂျူ(နှ)ကိုက မေးလိုက်တယ်။

“အဲဒါ ရှင်းပြရအတော်ခက်တယ်”

“အိုကေ၊ ဒါဆိုရင်၊ ရှင် အခု နောက်ဆုံးဆွဲခဲ့တဲ့ဟာ ဘာပုံလဲ”

“ကျုပ်က ‘မီးပူနဲ့ ရှုမျှော်ခင်း’လို့ နာမည်ပေးထားတယ်။ အဲဒါကို ကျုပ် လွန်ခဲ့တဲ့ သုံးရက်က ပြီးသွားတယ်။ အခန်းတစ်ခန်းထဲမှာ ရှိနေတဲ့ မီးသွေးမီးပူ တစ်လုံးကို ဆွဲထားတဲ့ ပုံပါပဲ”

“အဲဒါ ဘာဖြစ်လို့ ရှင်းပြရခက်တာလဲ”

“ဘာဖြစ်လို့လဲဆိုတော့ အဲဒါက အမှန်ကတယ် မီးပူတစ်လုံး မဟုတ်ဘူး”

“မီးပူတစ်လုံးဟာ မီးပူတစ်လုံး မဟုတ်ဘူး၊ ဟုတ်လား” လို့ ဆိုရင်း ဂျူ(နှ)ကိုဟာ မီယာကဲကို မျက်စိချင်း တည့်တည့်ဆိုင်လို့ ကြည့်ရဲ့။

“မှန်ပါတယ်”

“အဓိပ္ပာယ်က တခြားတစ်ခုခုကို ဆိုလိုချင်တာပေါ့နော်”

“ဖြစ်နိုင်ပါတယ်”

“ဒီဟာ မဟုတ်တဲ့ တခြားအကြောင်း တစ်ခုခုကို ပြောချင်လို့ ဒီဟာကို ဆွဲတယ်ဆိုတဲ့ အဓိပ္ပာယ်လားဟင်”

မီယာကဲ ဘာမှ ပြန်မဖြေဘဲ ခေါင်းညိတ်တယ်။

ဂျူ(နှ်)ကို မော့ကြည့်လိုက်တဲ့အခါ ကောင်းကင်မှာ စောစောကထက် ကြယ်တွေ ပိုပြီး များပြားလာတာကို တွေ့ရတယ်။ လရောင်က တပြန့်တလျား ဖြန့်နေရဲ့။ မီယာကဲက သူ ကိုင်ထားတဲ့ နောက်ဆုံး ထင်းချောင်းရှည်ရှည်ကို မီးပုံထဲ ပစ်ထည့်လိုက်တယ်။ ဂျူ(နှ်)ကိုက မီယာကဲဘက်ဆီ ပခုံးချင်း ထိရုံလေး ကိုယ်ကို မှီလိုက်တယ်။ မီယာကဲရဲ့ ဂျက်ကက်မှာ မီးပုံရာဂဏန်းများစွာရဲ့ မီးခိုး နံ့တွေ စွဲနေတယ်။ အဲဒီအနံ့ကို ဂျူ(နှ်)ကိုက ကြာကြာနဲ့ နစ်နစ် ရှိုက်ယူလိုက်တယ်။

“ရှင် အမှန်တရား တစ်စုံတစ်ရာကို သိတယ်နော်” လို့ ဂျူ(နှ်)ကိုကမေးတယ်။

“ဘာကို”

“ကျွန်မတော့ အလျင်းကို ဟင်းလင်း ဖြစ်သွားပြီ”

“အဟုတ်”

“အဟုတ်ပဲ”

ဂျူ(နှ်)ကို မျက်စိတွေ မှိတ်လိုက်တယ်။ သူမ မသိမီ ပါးပြင်တွေပေါ် မျက်ရည်တွေ စီးဆင်းကုန်တယ်။ ဂျူ(နှ်)ကိုက ညာလက်နဲ့ မီယာကဲရဲ့ ဒူးတွေကို သူမအားရှိသရွေ့ တင်းတင်းရစ်ရစ် ဆုပ်ကိုင်လိုက်တာ ချီနိုဘောင်းဘီကို ထွင်းဝင်တဲ့တိုင်ပဲ။ ဂျူ(နှ်)ကိုရဲ့ ကိုယ်တစ်လျှောက် တစ်စိုးတစ်စေ့ စိမ့်သွားတယ်။ မီယာကဲက ဂျူး(နှ်)ကိုရဲ့ ပခုံးကို လက်နဲ့ သိုင်းဖက်လိုက်တယ်။ သူတို့ နှစ်ယောက် နီးကပ်သွားတယ်။ ဒါပေမဲ့ ဂျူ(နှ်)ကိုရဲ့ မျက်ရည်တွေကတော့ မရပ်။

“ဒီအတွင်းထဲမှာ တကယ့်ကို ဘာမှ လုံးဝမရှိတော့ဘူး” လို့ အတော်ကြာတဲ့အခါ ဂျူ(နှ်)ကို ပြောတယ်။ သူမအသံက အက်ရှရှ တိမ်ပျပျ။ “ကျွန်မကို အကုန် ရှင်းပစ်လင်းပစ်လိုက်ပြီ။ ‘ဟင်းလင်း’ပေါ့”

“မင်းဆိုလိုတာ ကျုပ် သိပါတယ်”

“တကယ်”

“တကယ်ပါ။ ဒီကိစ္စမှာ ကျုပ်က နက်နက်နဲနဲ အကျွမ်းတဝင် သိတဲ့သူပါ”

“ကျွန်မဘာလုပ်ရမလဲ”

“တစ်ညတာ အိပ်ရေးဝဝ အိပ်ပစ်လိုက်။ ဒီလို အိပ်ပစ်လိုက်တာက ပြန်ပြင်ပေး ပြန်ညှိပေးတတ်တာပါပဲ”

“ကျွန်မခံစားရတာက ပြန်ပြင်ပြန်ညှိဖို့ မလွယ်ပါဘူး”

“မင်းပြောတာ ဟုတ်ပါလိမ့်မယ်၊ ဂျူ(နှ်)။ ဒီလောက်တော့လည်း လွယ်လွယ်တော့ မဟုတ်ဘူးပေါ့လေ”

ဒီအခိုက် အခိုးတလူလူနဲ့ တစ်စစ်စစ် တစ်စီစီ မြည်သံရှည်ရှည်က ထင်းစတစ်စအတွင်း အောင်းနေတဲ့ ရေတွေ လောင်မြိုက်အငွေ့ပျံကုန်တာကို ကြေညာလိုက်တယ်။ မီယာကဲဟာ မျက်လုံးတွေကို အထက်ဆီဝင်ပြီးမှ မှေးစင်းကာ ခဏတာလေး မီးပုံဆီ စူးစူးစမ်းစမ်း ကြည့်တယ်။

“ဒီတော့ ကျွန်မဘာလုပ်ရမလဲ” လို့ ဂျူ(နှ်)ကိုက မေးလိုက်တယ်။

“ကျုပ် မသိဘူး။ ကျုပ်တို့ အတူတူ သေလို့တော့ ရတယ်။ မင်း ဘယ်လို ထင်လဲ”

“ကျွန်မအတွက် ကောင်းမယ်ထင်တယ်”

“အလေးအနက် ပြောတာလား”

“အလေးအနက် ပြောတာပါ”

မီယာကဲရဲ့ လက်တွေက ဂျူ(နှ်)ကို့ ပုခုံးကို သိုင်းဖက်ထားဆဲပဲ။ မီယာကဲဟာ အခိုက်အတန့် တိတ်ဆိတ်ငြိမ်သက်သွားတယ်။ ဂျူ(နှ်)ကိုဟာ မျက်နှာကို မီယာကဲရဲ့ ဟောင်းနွမ်းတဲ့ နူးညံ့တဲ့ သားရေဂျက်ကက်မှာ မြှုပ်လိုက်တယ်။

“ဘယ်လိုပဲဖြစ်ဖြစ်၊ မီးပုံငြိမ်းသွားတဲ့ အထိတော့ စောင့်လိုက်ရအောင်။ ဒီမီးပုံကို ကျုပ်တို့ ဖန်တီးခဲ့တာ၊ ဒီတော့ ဒီမီးပုံ ဆုံးတဲ့အထိ သူ့ကို ကျုပ်တို့ အဖော်ပြုပေးရမှာပေါ့။ မီးငြိမ်းသွားတာနဲ့ တစ်ပြိုင်တည်း အမှောင်တကာ့ အမှောင်ဆုံး အမှောင်ကျလာမယ်။ အဲဒီအခါ ကျုပ်တို့ သေလို့ရပြီ” လို့ မီယာကဲက ပြောတယ်။

“ကောင်းပြီလေ၊ ဒါပေမဲ့ ဘယ်လို...”

“တစ်ခုခု ကျုပ် စဉ်းစားပါ့မယ်”

“အိုကေ”

မီးတောက် မီးခိုးအနံ့တွေရဲ့ အထုအဝန်းအလယ်မှာ ဂျူ(နှ)ကိုဟာ မျက်စိတွေ မှိတ်လိုက်တယ်။ သူ့ပခုံးကို သိုင်းဖက်ထားတဲ့ မီယာကဲရဲ့ လက်ဟာ ယောကျ်ားကြီးတစ်ယောက် အနေနဲ့ သေးငယ်နေတယ်။ ထူးထူးခြားခြားပဲ အရိုးပေါ်အရေတင်မှု။ ဒီလူနဲ့ ဘယ်တော့မှ ငါ အတူမနေနိုင်ဘူးလို့ ဂျူ(နှ)ကိုက တွေးတယ်။ ဒီလူ့နှလုံးသားထဲကို ငါ ဘယ်တော့မှ ရောက်မယ်မဟုတ်။ ဒါပေမဲ့ ဒီလူနဲ့အတူ ငါသေနိုင်တယ်။

သူ တစ်စထက်တစ်စ အိပ်ငိုက်လာတာ ဂျူ(နှ)ကို သူမဘာသာ သူမ သိလိုက်တယ်။ ဝီစကီကြောင့် ဖြစ်မယ်လို့ သူမထင်တယ်။ မီးတောက်မီးလျှံတောက်ခဲ့တဲ့ ရေမျောထင်း အကုန်လိုလို ပြာကျကုန်ပြီ။ အမှုန်မှုန် အမွှမွ ကြေကုန်ပြီ။ ဒါပေမဲ့ အကြီးဆုံး ရေမျောတုံးကတော့ လိမ္မော်ရောင် ဝင်းပနေဆဲပဲ။ အဲဒီက နူးညံ့တဲ့ အနွေးဓာတ်ကို ဂျူ(နှ)ကို ခံစားရတယ်။ အဲဒီက အနွေးဓာတ်ဟာ သူ ကိုယ်တိုင် ငြိမ်းမသွားမီ အခိုက်အတန့်ကလေး နွေးမယ်။

“ကျွန်မ ခဏလေး တစ်ဖွေးလောက် မှေးလိုက်ချင်တယ်၊ စိတ် အနှောင့်အယှက် ဖြစ်မှာလား”

“စိတ်ချလက်ချ၊ အိပ်မှာသာ အိပ်ပါ”

“မီးပုံ ငြိမ်းသွားရင် ကျွန်မကို နှိုးမယ်မဟုတ်လား”

“မစိုးရိမ်နဲ့၊ မီးငြိမ်းသွားတဲ့အခါ အအေးဓာတ်ကို မင်း ခံစားရမှာပဲ။ မင်း နိုးချင်လို့ဖြစ်ဖြစ် မနိုးချင်ဘဲဖြစ်ဖြစ် မင်းနိုးလိမ့်မယ်”

ဂျူ(နှ)ကို စိတ်ထဲ အဲဒီစကားခွန်းတွေကို ပြန်လည် ရေရွတ်နေမိတယ်။

“မီးငြိမ်းသွားတဲ့အခါ အအေးဓာတ်ကို မင်းခံစားရမှာပဲ။ မင်းနိုးချင်လို့ ဖြစ်ဖြစ်၊ မနိုးချင်ဘဲဖြစ်ဖြစ် မင်းနိုးလိမ့်မယ်။ ဒီနောက် ဂျူ(နှ)ကိုဟာ မီယာကဲကို မှီကာ သူမကိုယ်သူမ ကွေးကွေးကလေးပြုလို့ အရုပ်ကြိုးပြတ်သလို တဒင်္ဂ်၊ ဒါပေမဲ့၊ နက်စွာ၊ အိပ်မောကျသွားပြီ။

❑

(မူရင်း ဂျပန်မှ အင်္ဂလိပ်သို့ Jay Rubin ဘာသာပြန်တဲ့ ဟာရုကိမူရာကာမိရဲ့ After The Quake ဝတ္ထုတိုစု စာအုပ်မှ Landscape With Flatiron ကို မြန်မာပြန်ပါတယ်)

လူကတော့ စကားပြောရတာ

ပျင်းစရာကောင်းတဲ့ လူစားမျိုးထဲကပေါ့။

ဒါပေမဲ့ ရည်ရည်မွန်မွန်နဲ့

ရိုးရိုးဖြောင့်ဖြောင့်လူတစ်ယောက်ပါ။

သူ့မှာ ညာဖက်နားရွက်မရှိဘူး။

သူကလေးတုန်းက ခွေးက ကိုက်ဝါးပစ်လိုက် တာတဲ့။ တစ်နေ့ သူလမ်းပေါ်မှာ လျှောက်လာတုန်း တစ်ခါမှ

သူမမြင်ဖူးတဲ့ ခွေး တစ်ကောင်က သူ့ကို ခုန်အုပ်ပြီး

နားရွက်တစ်ခုလုံး ကိုက်ဝါးသွားတာတဲ့။

သူက မရှိတော့တဲ့ဟာက နားရွက်တစ်ဖက်မို့လို့

ဝမ်းသာရတယ်လို့ ပြောတတ်တယ်။

နားရွက်တစ်ဖက်မရှိဘဲ နေလို့ရတယ်တဲ့။

နှာခေါင်းဆိုရင် တစ်မျိုးတစ်ဖုံဖြစ်မှာပေါ့။

နတ်ဘုရားသားမှန်သမျှ ကနိုင်ကြ

ယိုရှိယ နိုးတော့ အဆိုးတကာ့ ဆိုးစွာ အရက်နာကျပြီ။ မျက်လုံးတစ်ဖက် မှေးမှေးမျှ ပွင့်ဖို့တောင် မနည်းဖွင့်ရတယ်။ ဘယ်ဖက်မျက်ခွံက စေ့စေ့မျှ မဖွင့်နိုင်ဘူး။ သူ့ခေါင်းထဲမှာ ညတစ်ညလုံး တဖြည်းဖြည်း ကျိုးခဲ့ကြေခဲ့တဲ့ သွားတွေနဲ့ ပြည့်နေကျပ်နေသလို ခံစားရတယ်။ ရေစီးကမ်းပြိုလိုက်သလို တစ်စစ ပျက်စီးလာနေတဲ့ သွားဖုံးတွေကနေ ညစ်ပုပ်နံစော်တဲ့ ပြည်သွေးသလိပ်တွေ ယိုစီးနေပြီး အထဲဆီမှာ ဦးနှောက်တွေဟာ ဆွေးရိပျက်စီးနေတယ်။ ဒါကို သူ လျစ်လျူရှုရင် သူ့ဦးနှောက် တစ်စမျှ ကျန်တော့မယ် မဟုတ်ဘူး။ အဲဒီလိုဆိုရင်လည်း အဆင်ပြေသွားမှာပဲ။ တစ်မှေးလောက် ထပ်ပြီး အိပ်လိုက်ရရင် သူ့အလိုပြည့်မှာပါ။ ဒါပေမဲ့ သူသိပြီးသား၊ ဘယ်လိုမှ သံသယဝင်စရာ မလိုဘူး။ သူ့မှာ အင်မတန် အင်မတန် မအီမသာ ဖြစ်နေပြီမို့ အိပ်ပျော်တော့မယ် မဟုတ်ဘူး။

ခေါင်းအုံးဘေးမှာ နာရီရှာတယ်။ ဒါပေမဲ့ နာရီပျောက်နေပြီ။ ဘာဖြစ်လို့ ခေါင်းအုံးဘေးမှာ နာရီမရှိရသလဲ။ မျက်မှန်လည်း မရှိဘူး။ တစ်နေရာရာမှာ သူ လွှင့်ပစ်ခဲ့ပြီ ထင်ရဲ့။ အရင်လည်း အဲဒီလိုဖြစ်ဖူးရဲ့။

သူအိပ်ရာက ထလိုက်ရပေါ့။ သူ့ကိုယ်အထက်ပိုင်းကို သူ့ဘာသာ ခက်ခက်ခဲခဲ အားယူပြီး ထူတယ်။ ဒါပေမဲ့ သူ စိတ်ထဲ နောက်ကျိရှုပ်ထွေးသွားတယ်။ ဒါနဲ့ မျက်နှာကို ခေါင်းအုံးမှာ ပြန်ပြီး မြှုပ်ပစ်လိုက်တယ်။ အဝတ်လှမ်းတဲ့ စင်တွေ ရောင်းတဲ့ ထရပ်ကားက ရပ်ကွက်ထဲ ဝင်လာတယ်။ စင်ဟောင်းတွေကို စင်သစ်တွေနဲ့ လဲတယ်လို့ လော်စပီကာနဲ့ အော်နေတယ်။ ဈေးနှုန်းက အရင် အနှစ်နှစ်ဆယ်တုန်းက အတိုင်းပဲ။ ဖန်တရာတေနေပြီ ဖြစ်တဲ့ အသက်ကုန် ဖျစ်ညှစ်အော်နေတဲ့ အသံက လူလတ်ပိုင်း ယောကျ်ားတစ်ယောက်ရဲ့ အသံပဲ။ အဲဒီ အသံကြောင့် သူ့ဝမ်းထဲ အော်ဂလီဆန်လာပေမဲ့ မအော့နိုင် မအန်နိုင်ဖြစ်နေရဲ့။

သူ့သူငယ်ချင်းတစ်ယောက်ရဲ့အဆိုအရ ဆိုးဆိုးဝါးဝါး အရက်နာကျတာကို ကုရာမှာ မနက်ခင်း တီဗီစကားပိုင်းကြည့်တာ အကောင်းဆုံးပဲတဲ့။ ရုပ်ရှင်ဂီတ အနုပညာရပ်ဝန်း သတင်းထောက်ရဲ့ စူးစူးရှရှအသံက အရင်ညက အစာအိမ်ထဲ ကျန်တဲ့ နောက်ဆုံးစားကြွင်းစားကျန်ကလေးကို အန်ထွက်အောင် လုပ်လိမ့်ဦးမယ်။

ဒါပေမဲ့ ယိုရိယဟာ တီဗီဆီ သူ့ဘာသာသူ ဒယဉ်တိုက် ရွှေဖို့ကို အားမရှိဘူး။ အသက်ရှူရတာကို တစ်ပင်တစ်ပန်း အားထုတ်နေရတယ်။ သူ့မျက်လုံးထဲမှာ တောက်ပတဲ့ အလင်းတန်းတွေနဲ့ အဖြူရောင်မီးခိုးတန်းတွေ ရောယှက်ဝဲလှည့်နေတာ အချိန်ကိုက် ပုံစံကိုက်မဟုတ်ပေမယ့် အဆက်မပြတ်ပဲ။ ဒါကြောင့် သူ့အမြင်မှာ ပုံမှန်မဟုတ်ဘဲ လောကကြီးကို အပြားလိုက် မြင်ရတယ်။ ဒါဟာ သေခါနီးခံစားရတဲ့ ဝေဒနာမျိုးလား။ အိုကေ။ ဒါပေမဲ့ တစ်ကြိမ်ဆိုရင် လုံလောက်ပါပြီ။ အိုရ အရှင်ဒေဝ ကျေးဇူးပြု၍ ကျွန်ုပ်အား ဤဝေဒနာကို နောက်ထပ် မပေးပါနှင့်။

‘ဒေဝ’ဆိုတဲ့ နတ်ဘုရား စကားလုံးကြောင့် သူ့အမေကို သူ သတိရလိုက်တယ်။ ရေတစ်ခွက်လောက်ပေးဖို့ သူ့အမေကို အော်ခေါ်လိုက်မိတယ်။ ဒါပေမဲ့ အိမ်မှာ သူတစ်ယောက်တည်း ဆိုတာ သတိရလိုက်တယ်။ သူမနဲ့ သူမလို ယုံကြည်ကိုးကွယ်သူ တစ်စုဟာ လွန်ခဲ့တဲ့ သုံးရက်ကတည်းက ကန်ဆိုင်းကို သွားကြပြီလေ။ လောကတစ်ခု ဖြစ်တည်ဖို့ အမျိုးမျိုးအဖုံဖုံ အကုန်အစုံလိုပါကလား။ နတ်ဘုရားထံ ကိုယ့်ဆန္ဒနဲ့ကိုယ် အစေခံဆက်ကပ်သူ တစ်ယောက်ဟာ ဟောဒီ အရက်နာကျနေတဲ့ လေးလုံးခြောက်ဖက်ကောင် တစ်ကောင်ရဲ့ အမေပါကလား။ သူ အိပ်ရာက မထနိုင်ဘူး။ ဘယ်ဖက်မျက်စိ ဖွင့်မရသေးဘူး။ သောက်ကျိုးနဲ့ ဘယ်လိုကောင်နဲ့များ ဒီလောက်များများ အတူတူ သောက်ခဲ့ပါလိမ့်။ ဘယ်လိုမှ မှတ်မိစရာ အကြောင်းမရှိဘူး။ သူ့ဦးနှောက်ရဲ့ အဆံကို ကျောက်ခဲဖြစ်သွားအောင် ကြိုးစားနေတာ သက်သက်ပါကလား။ အခုကိစ္စမရှိဘူး။ နောက်မှ ဒီကိစ္စ သူစဉ်းစားမယ်။

အခု မွန်းမတည့်သေးဘူး။ ဒါပေမဲ့ ပြတင်းခန်းဆီးကို ဖောက်ပြီး ဝင်လာတဲ့ နေရောင်တစွန်းတစ်စရဲ့ စူးစူးဝါးဝါးနိုင်ပုံကို အကဲခတ်ရင် ဆယ့်တစ်နာရီကျော်လောက်ပြီလို့ ယိုရှိယ ခန့်မှန်းတယ်။ လူငယ်ဝန်ထမ်းတစ်ယောက် နည်းနည်းပါးပါး အလုပ်ချိန်နောက်ကျတဲ့ အပြစ်လောက်ကတော့ သူ့အလုပ်ရှင် စာအုပ်ထုတ်ဝေရေး ကုမ္ပဏီအတွက် ဘယ်ခါကမှ ပြောပလောက်တဲ့ ပြဿနာ မဟုတ်ခဲ့ဘူး။ အစဉ်သဖြင့် ယိုရှိယက အလုပ်ချိန်နောက်ကျတာနဲ့ အညီ အလုပ်ချိန်လွန်တဲ့အထိ အလုပ် လုပ်တယ်။ ဒါပေမဲ့ မွန်းလွဲမှ ရောက်လာရင်တော့ ဘော့(စ်)ရဲ့ ပက်ပက်စက်စက် ဝေဖန်ချက်တွေ တန်ရာတန်ကြေး ရတတ်တယ်။ ဒါတွေကို သူ မသိကျိုးကျဲ ပြုနိုင်ပေမယ့် ဒီအလုပ်အတွက် သူ့ကို

စောင်မကြည့်ရှု ထောက်ခံမှု ပေးခဲ့တဲ့ ဒေဝကိုးကွယ်သူမှာ ဘယ်လိုမှ ပြဿနာ မတက်စေချင်ဘူး။

သူအိမ်က ထွက်တဲ့အချိန်မှာ တစ်နာရီထိုးလုပြီ။ တခြားနေ့တစ်နေ့သာ ဆို သူ ခွင့်တိုင်စာပို့ပြီး အိမ်မှာပဲ နေလိုက်တော့မှာပါ။ ဒါပေမဲ့ ဒီနေ့ သူ့မှာ ဒစ်(စ်)ထဲက စာတွေ၊ ပုံတွေကို ဖောမက်ချပြီး ပရင့်ထုတ်ရမယ့် တာဝန်ရှိနေ တယ်။ ဒီအလုပ်က တခြားဘယ်သူမှ လုပ်လို့မရဘူး။

သူ့အမေနဲ့သူ ငှားပြီးနေတဲ့ အဆဂါယကွန်ဒိုက သူထွက်ခဲ့ပြီး ယိုဆုယ အထိ ချုံအိုကောင်းကင် ရထားလိုင်းကို စီးတယ်။ ယိုဆုယကနေမှ မာရုနိုအုချို မြေအောက်ရထားကို ကာစုမိဂါစဲကိုအထိ စီးတယ်၊ အဲဒီကတစ်ဆင့် ဟိဘိယ မြေအောက်ရထားစီးပြီး သူအလုပ်လုပ်တဲ့ နိုင်ငံခြား ခရီးသွားလုပ်ငန်း လမ်း ညွှန်စာစောင် ထုတ်ဝေရေးကုမ္ပဏီနဲ့ အနီးဆုံး ကာမိယ-ချို ဘူတာမှာ ဆင်း တယ်။ ဘူတာရုံတွေရဲ့ လှေကားထစ်တွေ များပြားရှည်လျားလှတဲ့ အတက် အဆင်း လှေကားတွေ ကိုယိုရှိယဟာ ဒယီးဒယိုင် ခြေလှမ်းတွေနဲ့ တက်လိုက် ဆင်းလိုက်ပေါ့။

အဲဒီည ဆယ်နာရီဝန်းကျင်မှာ ကာစုမိဂါနဲ့ကို မြေအောက်ဘူတာကနေ အပြန်ရထားတစ်စီးကို အကူးမှာ နားရွက်တစ်ဖက် မပါတဲ့လူကို သူတွေ့တာပါ။ ဆံပင်တွေ အဖြူရောင်သန်းနေပြီဖြစ်တဲ့ ဟိုလူက အသက်ငါးဆယ့်နဲ့ လေး ငါးခြောက်နှစ်ဝန်းကျင် ရှိမယ်။ အရပ်မြင့်တယ်။ မျက်မှန်မတပ်ဘူး။ ရှေးဆန် ဆန် သက္ကလပ်အပေါ်ရုံ ကုတ်အင်္ကျီရှည် ဝတ်ထားတယ်။ ညာဖက်လက်ထဲ ရုံးသုံးလက်ဆွဲအိတ် ဆွဲထားတယ်။ ဟိဘိယလိုင်းစကြံ်နဲ်ကနေ ချိယိုဒလိုင်း ရထားဆိုက်မယ့် စကြံ်နဲ်ဆီ ဦးတည်လို့ သူ့အတွေးထဲသူ မျောကာ ဖြည်းဖြည်းဆေးဆေး လျှောက်နေတဲ့ ဟိုလူနဲ့ အမီယိုရှိယ လျှောက်ခဲ့ရာ ဟိုလူ့ နောက်တည့်တည့် ရောက်သွားတယ်။ အဲဒီအခိုက် သူ သတိထားမိလိုက်တာက သူရဲ့ လည်ချောင်းဟာ သားရေထည်စ တစ်စလို ခြောက်သွေ့နေပြီ ဆိုတာပဲ။

ယိုရိယရဲ့အမေက အသက် လေးဆယ့်သုံးနှစ်ရှိပြီ။ ဒါပေမဲ့ သုံးဆယ့်ငါး နှစ်ထက် ကြီးတဲ့ပုံ မပေါက်ဘူး။ သပ်သပ်ရပ်ရပ်နဲ့၊ ရိုးရာဆင်ယင်ထုံးဖွဲ့မှုနဲ့ သူမ အသွင်က ချောချောလှလှပါ။ ကိုယ်လုံးကိုယ်ပေါက်က ကျန်းကျန်းမာမာ ထွားထွားကြိုင်းကြိုင်းထဲကပါ။ သူမက အစားအသောက်လည်း အဟာရမျှတရုံ စားပြီး မနက်တိုင်း ညနေတိုင်း ကာယလေ့ကျင့်ခန်း ပြင်းပြင်းလုပ်တာပါ။

အသားအရေက ဖြူဖွေးနေတာပဲ။ ယိုရှိယထက် အသက်ဆယ့်ရှစ်နှစ်ပဲ ကြီးတယ်။ သူမကို ယိုရှိယရဲ့ အစ်မလို့ အထင်မှားကြတာ မကြာခဏပေါ့။

သူမမှာ မိခင်သဘာဝ မိခင်စိတ် သိပ်ရှိလှတယ် မဟုတ်ဘူး။ သူမက အများနဲ့မတူ ထူးသလိုလို ရူးသလိုလို ဖြစ်ကောင်းဖြစ်နိုင်တယ်။ ယိုရှိယ အလယ်တန်းကျောင်းတက်လို့ လိင်ကိစ္စ စိတ်ဝင်စားမှု ရှိလာတဲ့အရွယ် ရောက်တာတောင် သူမက အသားကပ်အတွင်းခံနဲ့ ဖြစ်စေ၊ ဘာမှမဝတ်ဘဲဖြစ်စေ အိမ်ထဲမှာ ဟိုဟိုဒီဒီ လျှောက်သွားနေတတ်တုန်းပဲ။ အိပ်တာတော့ တစ်ယောက်တစ်ခန်း ခွဲပြီး အိပ်ကြတာပေါ့။ ဒါပေမဲ့ ညတိုင် အထီးကျန်တယ်ရယ်လို့ ခံစားရတဲ့အခါ သူမက ဘာအဝတ်မှမကပ်ဘဲ ယိုရှိယရဲ့ ခြံစောင်ထဲ တိုးဝင်လာတတ်တယ်။ ခွေးလေးတစ်ကောင်၊ ကြောင်လေးတစ်ကောင်ကို ပွေ့ဖက်သလို ယိုရှိယကို သူမရဲ့ရင်ခွင်ထဲထည့်ကာ အိပ်တတ်တယ်။ ဒီလိုပြုမူတာ သူမမှာ ဘယ်လိုဝိပါကစိတ်မှ မပါပေမယ့် ယိုရှိယကတော့ စိတ်ထဲ တုန်လှုပ်နေခဲ့တယ်။ ယိုရှိယဟာ သူ သွေးသားပုံမှန်မဟုတ်တာ သူ့အမေ သတိမပြုမိအောင် သူ့ကိုယ်ကို ကွေးကာကျုံ့ကာ ကျပ်ကျပ်တည်းတည်း အနေအထား ပြောင်းရတယ်။

သူ့အမေအပေါ် မှောက်မှောက်မှားမှား ပြစ်မှားမိမှာ ကြောက်ရွံ့သမို့ ယိုရှိယဟာ တဒင်္ဂအဖော်လေး ဘာလေးကို မနှုးမနပ် ထိတ်ထိတ်ပျာပျာနဲ့ ရှာတတ်လာတယ်။ ကြံတိုင်း ဖြစ်မလာသရွေ့တော့ သူဟာ အချိန်မှန်မှန် တစ်ကိုယ်ရည်ဖြေရတယ်။ သူက အထက်တန်းကျောင်းသား ဘဝမှာ အချိန်ပိုင်းအလုပ် လုပ်ကာ ဝင်ငွေရှာပြီး အပြာကုန်စုံဆိုင် ဖောက်သည်တစ်ယောက်တောင် ဖြစ်နေပြီ။

သူဟာ သူ့အမေအိမ်ကနေ ထွက်ခွဲပြီး ကိုယ့်ဘာသာကိုယ် ရပ်တည်နေဖို့ ကောင်းတာပါ။ ဒါကို ယိုရှိယ ကောင်းကောင်းသိရဲ့။ သူ ကောလိပ်ကျောင်း စတက်တဲ့ အချိန်လို၊ အလုပ်စဝင်တဲ့ အချိန်လို ဆုံးဖြတ်ရမယ့် အချိန်ကျတော့ သူ ရင်ဆိုင်ရှင်းရတာ အတော် ကျပ်ကျပ်တည်းတည်း ခက်ခက်ခဲခဲ ပြဿနာပါ။ ဒါနဲ့ အသက် နှစ်ဆယ့်ငါးနှစ်အရွယ် အခုအထိ ပြတ်ပြတ်စဲစဲ ခွဲပြီး သူဘာသာသူ မနေနိုင်ခဲ့ဘူး။ အကြောင်းတစ်ခုကတော့ သူ့အမေကို တစ်ယောက်တည်း ထားရစ်ခဲ့ပြီး သူ ထွက်သွားခဲ့ရင် သူ့အမေ ဘာလုပ်လိမ့်မလဲ ဆိုတာ ဘယ်သူမှ ဘာမှမပြောနိုင်ဘူး ဆိုတာပဲ။ လွန်ခဲ့တဲ့ နှစ်များစွာတစ်လျှောက် ယိုရှိယဟာ သူ့အမေ ဆောက်တည်ရာမရ ကိုယ့်ကိုယ်ကိုယ် ညှင်းပန်းနှိပ်စက် (သူမက

စိတ်ကောင်းနှလုံးကောင်း ရှိပေမယ့်) မယ့် အရေးကို တွေးပြီး စောင့်ရှောက်ရင်း သူ့ဘဝရဲ့ ခွန်အားရှိရှိသမျှ ရင်းခဲ့တယ်။ အစဉ်သဖြင့် သူမက အဲဒီလို စိတ်ထွက်ပေါက် ရှာတတ်တာကိုး။

ဒါ့ပြင် သူသာ အိမ်က ထွက်သွားတော့မယ်လို့ ရုတ်တရက် ဖွင့်ပြောလိုက်ရင် ဖြစ်ပွားမယ့် ပေါက်ကွဲမှုဟာ ကြောက်မက်ဖွယ် ကောင်းလှတယ်။ တစ်နေ့မှာ သူတို့ သားအမိနှစ်ယောက် တစ်ယောက်တကွဲစီ ကွဲကွာသွားနိုင်တယ် ဆိုတဲ့ အတွေးမျိုး သူ့အမေရဲ့စိတ်ထဲ စိတ်ကူးယဉ်မျှ ဝင်ဖူးမယ် မဟုတ်ဘူးဆိုတာ ယိုရှိယ အခိုင်အမာ သိတယ်။ သူ အသက်ဆယ့်သုံးနှစ်တုန်းက ဒေဝယုံကြည်ကိုးကွယ်မှုကို သူစွန့်လွှတ်တော့မယ်လို့ ဖွင့်ပြောလိုက်တဲ့အခါ သူ့အမေ စိတ်နှလုံးကြေကွဲပြီး သောကပရိဒေဝ ဖိစီးမှု ခံစားခဲ့ရတာကို ယိုရှိယ အင်မတန် အင်မတန် ပီပီပြင်ပြင် ထင်ထင်ရှားရှား မှတ်မိသေးတယ်။ သူ့အမေဟာ ဘာမှမစားဘဲ၊ ဘာမှ မပြောဘဲ၊ လုံးဝ ရေမချိုးဘဲ၊ လုံးဝ ဆံပင်မဖီးမသင်ဘဲ၊ ဝတ်လက်စ အတွင်းခံ မလဲဘဲနေတာ နှစ်ပတ်တိတိ၊ ဒါမှမဟုတ် နှစ်ပတ်ထက် ပိုရင်လဲ ပိုမယ်။ သူမ ဓမ္မတာအချိန်ကျမှ ပြုပြုပြင်ပြင် လုပ်တော့တယ်။ ယိုရှိယဟာ သူ့အမေရဲ့ ဒီလို မသန့်မပြန့် အနံ့အသက် ဆိုးရွားတဲ့ အဖြစ်ကို ဘယ်ခါကမှ မကြုံဖူးဘူး။ နောင်အခါ ဒီအဖြစ်ကို စဉ်းစားမိရုံမျှ သူ့ရင်ထဲ အောင့်ရဲ့။

ယိုရှိယမှာ အဖေ မရှိဘူး။ သူမွေးတဲ့ အချိန်ကစလို့ အမေပဲ ရှိတယ်။ ပြီး၊ သူ ကလေးငယ်အရွယ်မှာ သူ့အမေ အဖန်ဖန် အလဲလဲ ပြောတာက “မင်းအဖေဟာ မေမေတို့ရဲ့ အရှင်ဒေဝ” (ဒါက သူမတို့ရဲ့ နတ်ဘုရားကို သူမတို့ ရည်ညွှန်းပြောလေ့ ရှိတဲ့ အသုံးအနှုန်း)။ “အရှင်ဒေဝက အထက်ကောင်းကင်ဘုံမှာ စံတော်မူတယ်။ အမေတို့ လူသားတွေနဲ့အတူ ဆင်းပြီး ဘယ်နေပါ့မလဲ။ ဒါပေမဲ့ အရှင်က သားကို အမြဲတမ်း ကြည့်ရှုစောင့်ရှောက်နေတာပါ ယိုရှိယရယ်။ အမြဲတမ်း အရှင်က သားအတွက် အမြတ်ဆုံး အကောင်းဆုံး အောင်မြင်မှုတွေ ပျော်ရွှင်မှုတွေ ဖန်တီးပေးလိုပါတယ်ကွယ်”

ယိုရိယကလေးအပေါ် ဂရုတစိုက် စောင့်ရှောက်တဲ့ ‘အုပ်ထိန်းသူ’ မစ္စတာ,တာဘာတာကလဲ အဲဒီလိုပဲ ပြောလေ့ရှိရဲ့...

“အဲဒါ အမှန်တရားပဲ၊ ဒီကမ္ဘာပေါ်မှာတော့ မင်းရဲ့ အဖေမရှိဘူး။ အဲဒါနဲ့ပတ်သက်လို့ မင်းကို အစဉ်းစား အဆင်ခြင် ကင်းမဲ့တဲ့ဟာတွေ ပြောတဲ့ လူအမျိုးမျိုးကို မင်းတွေ့ရမှာပဲ။ ကံဆိုးတာကတော့ လူအများစုဟာ မျက်စိထဲ တိမ်

သလွာဖုံး နေပြီး အမှန်တရားကို မမြင်နိုင်ကြဘူးကွဲ့။ ယိုရှိယရေ၊ ငါတို့ရဲ့ အရှင်ဒေဝ၊ မင်းရဲ့ ဖခင်ကိုယ်တော်တိုင် လောကကြီးလဲ ဖြစ်တယ်၊ လောကကြီးရဲ့ ဖြစ်တည်မှုလည်း ဖြစ်တယ်။ မင်းဟာ အရှင်ရဲ့ မေတ္တာ လွှမ်းခြုံခြင်း ခံစားရတာ သိပ်ကို ကံကောင်းပါတယ်ကွယ်။ အဲဒီအတွက် မင်းဂုဏ်ယူဖို့ ကောင်းပါတယ်။ မွန်မြတ်တဲ့၊ အမှန်တရားနဲ့ ပြည့်စုံတဲ့ ဘဝတသက်တာမှာ ပျော်ပျော်ရွှင်ရွှင်နေဖို့ ကောင်းပါတယ်ကွယ်”

“ကောင်းပါပြီ။ ဒါပေမဲ့ အရှင်ဒေဝက လူတိုင်းနဲ့ ဆိုင်တယ်လေ ဟုတ်တယ် မှတ်လား။ ဘာပဲဖြစ်ဖြစ် အဖေဆိုတာကတော့ မတူဘူးလေ။ လူတိုင်းလူတိုင်းမှာ အဖေတွေက တစ်ယောက်နဲ့။တစ်ယောက် မတူဘူးလေ။ အဲဒါ မှန်တယ်မဟုတ်လား” လို့ ယိုရှိယ မူလတန်းကျောင်း စတက်တဲ့အချိန်မှာ တုံ့ပြန်တတ်လာတယ်။

“ဘဘ ပြောတာကို သေသေချာချာ နားထောင်စမ်းပါ ယိုရှိယရယ်။ တစ်နေ့တော့ ငါတို့ရဲ့ အရှင်ဒေဝ၊ မင်းဖခင်ဟာ မင်းရဲ့ ဖခင်အဖြစ်၊ မင်း တစ်ယောက်တည်းရဲ့ဖခင်အဖြစ် မင်းကို ကိုယ်ထင်ပြလာ ပါလိမ့်မယ်ကွယ်။ မင်း သိပ်မျှော်လင့်မထားတဲ့ တစ်ချိန်ချိန် တစ်နေရာရာမှာ အရှင့်ကို မင်း။တွေ့ရ ပါလိမ့်မယ်ကွယ်။ ဒါပေမဲ့ ယုံကြည်မှုကို မင်းက စွန့်လွှတ်လိုက်မယ်ဆိုရင်၊ ယုံကြည်မှုအပေါ် သံသယဝင်မယ် ဆိုရင်တော့ အရှင်က သိပ်ဒေါသဖြစ်ပြီး မင်းကို ဘယ်တော့မှ ကိုယ်ထင်ပြလိမ့်မယ် မဟုတ်ဘူး။ မင်း သဘောပေါက်တယ်နော်၊ ယိုရှိယ”

“ဟုတ်ကဲ့... သဘောပေါက်ပါတယ်”

“ဘဘ ပြောတာကို မင်းစိတ်ထဲ စွဲစွဲမြဲမြဲ မှတ်ထားပါကွယ်”

“မှတ်ထားပါ့မယ် ဘဘ”

အမှန်တကယ် မစ္စတာ,တာဘာတာ ပြောတာက ယိုရှိယအဖို့ အဓိပ္ပာယ်သိပ်ပြီး ရှိလှတာမဟုတ်ဘူး။ သူဟာ ထူးကဲတဲ့ ‘ဒေဝပုတ္တ (ဝါ) နတ်ဘုရားရဲ့သား’ ဆိုတာ ယိုရှိယက ယုံနိုင်တာမှ မဟုတ်ဘဲ။ သူ မြင်ဖူး တွေ့ဖူးသမျှ တခြားယောကျ်ားလေးတွေ မိန်းကလေးတွေလိုပဲ သူဟာ သာမန်ကလေးသူငယ် တစ်ယောက်ပဲ။ ဒါမှမဟုတ် သူက သာမန်ထက် နည်းနည်းတောင် နိမ့်ချင်နိမ့်ဦးမယ်။ သူက သူတကာထက် ပိုပြီး ထူးကဲကြောင်း ပံ့ပိုးပေးတဲ့အချက် ဘာမှ သူ့

မှာမရှိဘူး။ သူ ဘာလုပ်လုပ် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ။ မူလတန်း ကျောင်းသားဘဝ တစ်လျှောက်လုံး ဒီလိုချည်းပါပဲ။ သူရဲ့ ပညာရည်အဆင့် ကတော့ သင့်ပါတယ်။ ဒါပေမဲ့ အားကစားမှာတော့ မျှော်လင့်စရာမရှိ ညံ့ရဲ့။ ခြေတံတွေက ရှည်ရှည်တွေပေမယ့် ပုလွေရိုး၊ မျက်စိတွေက အဝေးမှုန်၊ လက်တွေက ဘာလုပ်လုပ် ဘာကိုင်ကိုင်မမြဲဘူး။ ဘော့(စ်) ဘောကစားတဲ့အခါ သူ့ဆီလာသမျှ ဘောလုံးတွေ လွတ်တာချည်းပဲ။ သူ့အသင်းသားတွေက သူ့ကို စိတ်ပျက်လက်ပျက် မြည်တွန်တောက်တီးကြတယ်။ ပွဲကြည့်စင်ပေါ်က ကောင်မလေးတွေကတော့ တခိခိ ကျိတ်ရယ်ကြတယ်။

ညစဉ် ညတိုင်း အိပ်ရာမဝင်ခင် သူ့ဖခင် အရှင်ဒေဝထံမှာ ယိုရှိယဆုတောင်းတယ်။ “အရှင် ကျွန်တော့်အား အဝေးဆုံး တာက ဘောလုံးများကို အမိဖမ်းနိုင်အောင် စောင့်ရှောက်တော်မူပါ၊ အရှင့်အား မဆုတ်မနစ်သော ယုံကြည်ခြင်းဖြင့် ယုံကြည်ပါ့မယ်လို့ ကတိပြုပါတယ်အရှင်။ လောလောဆယ်အဖို့ ကျွန်တော် ဒီလောက်ပဲ ဆုတောင်းပါတယ် အရှင်” တကယ်လို့ အရှင်ဒေဝဟာ သူ့ဖခင်ဖြစ်ရိုးမှန်ရင် ယိုရှိယအတွက် ဒီလောက်တော့ လုပ်ပေးသင့်တာပေါ့။ ဒါပေမဲ့ ယိုရှိယ ဘယ်တော့မှ ဆုတောင်းမပြည့်ဘူး။ ပျံဝဲလာတဲ့ ဘောလုံးတွေဟာ သူ့လက်အိတ်ကြားကနေ လွတ်ကုန်တာချည်းပဲ။

“ဒါဟာ မင်းက အရှင့်ကို သွေးတိုးစမ်းတဲ့ သဘောပဲ ယိုရှိယ။ တစ်ခုခုအတွက် ဆုတောင်းတာ ဘာမှမမှားဘူး။ ဒါပေမဲ့ မင်းအနေနဲ့ ဒီထက်ပိုပြီး အရေးပါတဲ့ ဆုတောင်းမျိုးကို တောင်းဖို့ကောင်းတယ်။ ခိုင်မာတဲ့ ကိစ္စတစ်ခုအတွက် ဆုတောင်းတာဟာ ဖြစ်ချိန်တန်မှဖြစ်မယ် ဆိုတဲ့ အချိန်ကန့်သက်ချက်ကြောင့် လွဲတာလည်း ရှိမယ်” လို့ မစ္စတာ,တာဘာတာက အတင်းအကျပ်ပြောရဲ့။

ယိုရှိယ အသက်ဆယ့်ခုနစ်နှစ် ပြည့်တော့ သူ့အမေက သူ့ကို ဘယ်လို မွေးခဲ့တယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို (ဖြစ်သမျှ ပျက်သမျှ အကုန်ဆိုပါစို့) ဖွင့်ပြောပြတယ်။ အမှန်တရားကို သိဖို့ သူ ရင့်ကျက်တဲ့အရွယ် ရောက်ပြီလို့ သူမက ဆိုရဲ့။

“မေမွေ့ရဲ့ ဆယ်ကျော်သက်အရွယ် တစ်လျှောက်လုံး သိပ်ကို ဆိုးရွားတဲ့ ဒုစရိုက် အမိုက်အမှောင်ထဲမှာ နေခဲ့ရတယ်။ မေမွေ့ရဲ့ စိတ်နလုံးဟာ သမုဒ္ဒရာကြီးလို တရိပ်ရိပ် တက်လာတဲ့ ကျယ်လှတဲ့ နွံတောကြီးထဲ အပြင်းအထန် ရုန်း

ရသလို ကမောက်ကမ ဖြစ်နေခဲ့တယ်။ “ဟုတ်မှန်သော အလင်းရောင်က မှောင်မည်းတဲ့ တိမ်တိုက်တွေ နောက်မှာပေါ့။ ဒီလိုနဲ့ အချစ်မပါဘဲ ယောကျ်ားသုံးလေးယောက်နဲ့ ကာမဂုဏ်ဘုံဓလ့ မေမေ ကြုံတွေ့ခဲ့ရတယ်။ ကာမဂုဏ်ဘုံဓလ့ဆိုတာ ဘာအဓိပ္ပာယ်လဲ သားသိတယ် မဟုတ်လား”

အဲဒါ ဘယ်လို အဓိပ္ပာယ်လဲလို့ သူ ကောင်းကောင်းသိကြောင်း ယိုရှိယ ဖြေတယ်။ သူ့အမေက လိင်ကိစ္စနဲ့ ပတ်သက်ရင် တကယ့်ကို ရှေးကျကျ စကားလုံးတွေ သုံးတတ်တယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ယိုရှိယလည်း မိန်းကလေးသုံးလေးယောက်နဲ့ အချစ်မပါဘဲ ကာမဂုဏ်ဘုံဓလ့ ကိုယ်တွေ့ ကြုံတွေ့ခဲ့ဖူးပြီ။

သူ့အမေက သူမရဲ့ ဇာတ်ကြောင်းကို “မေမေ ပထမဆုံး ကိုယ်ဝန်ရတာက အထက်တန်းကျောင်း ဒုတိယဆင့်မှာပေါ့။ အဲဒီအခါက ဘယ်လိုနေရင် ကိုယ်ဝန်ရနိုင်တယ် ဆိုတာ သိပ်သိတာမှ မဟုတ်ဘဲ။ သူငယ်ချင်း တစ်ယောက်က ဆရာဝန်တစ်ယောက်နဲ့ မိတ်ဆက်ပေးပြီး အဲဒီဆရာဝန်က ကိုယ်ဝန်ဖျက်ပေးတာပဲ။ အဲဒီဆရာဝန်ကတော့ သိပ်ကို ကြင်နာတတ်တယ်၊ အတော်လည်းငယ်တယ်၊ ကိုယ်ဝန်ဖျက်ပေးပြီးတဲ့အခါ သူက မေမေ့ကို သန္ဓေတားနည်း ပညာပေးတယ်။ ကိုယ်ဝန်ဖျက်တာက လူမှာ ရုပ်ပိုင်းအတွက်ကော စိတ်ပိုင်းအတွက်ပါ မကောင်းဘူးလို့ သူက ပြောပြတယ်။ ပြီးတော့ မေမေ့အနေနဲ့ လိင်ကိစ္စက တစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတွေကိုလည်း သတိထားရမယ်တဲ့။ အဲဒီတော့ ကွန်ဒုံးကို အမြဲတမ်း သေသေချာချာ သုံးသင့်တယ်လို့ ပြောပြီး ကွန်ဒုံးအသစ်တစ်ဘူးပေးတယ်”

“မေမေကလည်း ဆရာဝန်ကို ပြောတယ်၊ ကျွန်မ ကွန်ဒုံးသုံးသားပဲလို့။ ဒီတော့ သူက ‘အေး... တချို့က ကွန်ဒုံးကို ကျကျနန စွပ်တတ်တာ မဟုတ်ဘူး။ ကွန်ဒုံး ဘယ်လို မှန်မှန်ကန်ကန် သုံးရမယ်ဆိုတာ သိတဲ့လူ နည်းနည်းပဲ ရှိတာ အံ့ပါရဲ့ကွာ’ လို့ ပြောတယ်။ မေမေကလည်း အဖျင်းအထဲကမှ မဟုတ်ဘဲ။ သန္ဓေတားတာနဲ့ ပတ်သက်လို့ သတိကြီးကြီး ထားပါတယ်။ အဝတ်ကင်းပြီဆိုတာနဲ့ ကိုယ်တိုင် သေသေချာချာ ကွန်ဒုံးစွပ်ပေးတာပဲ။ ဒီလိုကိစ္စမျိုးမှာ ယောကျ်ားတွေဟာ မယုံရဘူး။ မင်းလည်း ကွန်ဒုံး ဘယ်လိုသုံးရမယ်ဆိုတာ သိတယ်နော်”

ယိုရှိယက ကွန်ဒုံးအကြောင်း သူသိကြောင်း ပြောတယ်။

“ဒီလိုနဲ့ နောက်နှစ်လ ကြာတဲ့အခါ ကိုယ်ဝန်ရှိပြန်ရော။ အတော်ကို ယုံရခက်တယ်။ အရင့်အရင်ထက် ပိုပြီး သတိထားတာပဲ။ ဘာမှမတတ်နိုင်ဘူး၊ ဟိုဆရာဝန်ဆီပဲ သွားရတာပေါ့။ သူက မေမေ့ကို ကြည့်ပြီး ‘သတိထားပါလို့ ငါ ဒါလောက် ပြောထားတာ၊ မင်းရဲ့ခေါင်းထဲမှာ ဘာတွေများ ထည့်ထားပါလိမ့်’ လို့ ပြောတယ်။ မေမေလည်း ဘယ်လိုမှ ထိန်းလို့မရဘဲ ငိုချပစ်လိုက်တယ်။ မေမေကလည်း ကျွန်မ ကာမဂုဏ်ဘုံဓလေ့ ကြုံတွေ့တိုင်း ဘယ်လောက်တောင် ဂရုစိုက်ပြီး တားတယ်ဆိုတာ ရှင်းပြတယ်။ ဒါပေမဲ့ သူက မယုံဘူး။ ‘ကွန်ဒုံးကို မှန်မှန်ကန်ကန် သုံးတာမှန်ရင် ဒီလိုဘယ်တော့မှ မဖြစ်နိုင်ဘူး’ လို့ သူက ပြောတယ်။ သူ အရမ်းကို ဒေါသဖြစ်သွားတယ်”

“အေး လိုရင်း ပြောရရင်တော့ကွယ်၊ အဲဒီလို ရှင်းရခက်တဲ့ အဖြစ်တွေက ဆက်တိုက်ဆိုသလို ကြုံရပြီး နောက်ခြောက်လလောက်မှာ အဲဒီ ဆရာဝန်ကိုယ်တိုင်နဲ့ ကာမဂုဏ်ဘုံဓလေ့ ကြုံတွေ့တာနဲ့ အဆုံးသတ်တာပဲ။ အဲဒီတုန်းက သူက အသက်သုံးဆယ်၊ လူပျိုပေါ့။ လူကတော့ စကားပြောရတာ ပျင်းစရာကောင်းတဲ့ လူစားမျိုးထဲကပေါ့။ ဒါပေမဲ့ ရည်ရည်မွန်မွန်နဲ့ ရိုးရိုးဖြောင့်ဖြောင့် လူတစ်ယောက်ပါ။ သူ့မှာ ညာဖက်နားရွက် မရှိဘူး။ သူ ကလေးတုန်းက ခွေးက ကိုက်ဝါးပစ်လိုက်တာတဲ့။ တစ်နေ့ သူလမ်းပေါ်မှာ လျှောက်လာတုန်း တစ်ခါမှ သူမမြင်ဖူးတဲ့ ခွေးတစ်ကောင်က သူ့ကို ခုန်အုပ်ပြီး နားရွက်တစ်ခုလုံး ကိုက်ဝါးသွားတာတဲ့။ သူက မရှိတော့တဲ့ဟာက နားရွက်တစ်ဖက်မို့လို့ ဝမ်းသာရတယ်လို့ ပြောတတ်တယ်။ နားရွက်တစ်ဖက် မရှိဘဲ နေလို့ရတယ်တဲ့။ နှာခေါင်းဆိုရင် တစ်မျိုးတစ်ဖုံ ဖြစ်မှာပေါ့။ မေမေလည်း သူပြောတာ သဘောတူတယ်”

“သူနဲ့အတူ နေရတဲ့အခါ မေမေရဲ့ ဟိုတစ်ချိန်က ပျော်ရွှင်ကြည်နူးမှုတွေတော့ ပြန်ပြီး ရခဲ့တယ်။ သူနဲ့အတူ ကာမဂုဏ်ဘုံဓလေ့ ကြုံတွေ့ကြရတဲ့ အချိန်ဆိုရင် မေမေ့မှာ စိုးရိမ်သောက ပူလောင်မှုတွေကို မတွေးမိဘဲ မေ့ဖျောက်ထားနိုင်တယ်။ သူရဲ့ ပြတ်နေတဲ့ နားရွက်ရာကလေးကိုတောင် သဘောကျနေမိတယ်။ သူက သူ့အလုပ်ကိုသူ သိပ်ကို ယုံယုံကြည်ကြည်နဲ့ ဘဝကို နှစ်မြုပ်လုပ်လေတော့ အိပ်ရာထဲ အတူနေကြတဲ့ အချိန်မှာတောင် သူက သန္ဓေတားရေးပညာတွေ ပေးတာတွေ ဘာတွေပေါ့လေ။ ကွန်ဒုံးကို စနစ်တကျ ဘယ်လိုသုံးရမယ် ဆိုတာမျိုးပေါ့လေ။ ကွန်ဒုံးသုံးတာဟာ ချွင်းချက်မရှိ သေချာတဲ့ သန္ဓေတားနည်းလို့ ယူဆကြမှာပဲ။ ဒါပေမဲ့ မေမေ ကိုယ်ဝန်ရတာနဲ့ အဆုံးသတ်ပြန်တာပဲ”

ယိုရိယရဲ့အမေဟာ သူမရဲ့ တိတ်တိတ်ပုန်းလင် ဆရာဝန်ဆီသွားပြီး သူမကိုယ်ဝန်ရှိပုံရကြောင်း ပြောပြတယ်။ ဆရာဝန်က သေသေချာချာ စမ်းသပ်ပြီး ဟုတ်ကြောင်း အတည်ပြု ပြောတယ်။ ဒါပေမဲ့ သူဟာ ဒီကလေးရဲ့ ဖခင်ဖြစ်တယ်လို့ ဝန်မခံဘူး။ “ငါက ပညာရှင်တစ်ယောက်ကွ။ ငါရဲ့ သန္ဓေတားနည်းတွေဟာ အပြစ်ဆိုစရာ တစ်ကွက်မှ မရှိဘူး။ ဒီတော့ မင်း တခြားတစ်ယောက်နဲ့ ဆက်ဆံခဲ့တာပဲ ဖြစ်မယ်” လို့ ပြောတယ်။

“အဲဒီလို အပြောခံရတာတော့ မေမေ သိပ်ကိုနာတယ်။ သူ အဲဒီလိုပြောတာကို မေမေ သိပ်ကို ဒေါသထွက်ခဲ့တယ်။ မေမေ ဘယ်လိုမှ မထိန်းနိုင်ဘဲ အသားတွေ တဆတ်ဆတ် တုန်နေခဲ့တယ်။ ဒီအဖြစ်ဟာ မေမေ ဘယ်လောက် အထိ နာနာကျည်းကျည်း ခံစားရမယ်ဆိုတာ သားသိတယ် မဟုတ်လား”

ယိုရိယက သူ ကောင်းကောင်းသိကြောင်း ဖြေတယ်။

“မေမေဟာ သူနဲ့အတူ နေခဲ့တဲ့ကာလမှာ တခြား ဘယ်သူနဲ့မှ ကာမဂုဏ်ဘုံဓလေ့ မကြုံမတွေ့ခဲ့ပါဘူး။ တစ်ကြိမ်တစ်ခါတောင် မတွေ့ခဲ့ဘူး။ သူကတော့ မေမေ့ကို အပျက်မတစ်ယောက်လို သတ်မှတ်လိုက်လေရဲ့။ အဲဒါ သူ့ကို မေမေ နောက်ဆုံးတွေ့ခဲ့တာပဲ။ မေမေဟာ ကိုယ်ဝန်ကိုလည်း မဖျက်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ဆုံးဖြတ်လိုက်တယ်။ မေမေ ဆုံးဖြတ်တဲ့အတိုင်း လုပ်မှာပဲ။ တကယ်လို့ မေမေလမ်းပေါ်မှာ ခြေဦးတည့်ရာ လျှောက်သွားနေတာကို မစ္စတာ,တာဘာတာသာ မတွေ့ခဲ့ဘူး၊ ဆုံးမစကား မပြောခဲ့ဘူး ဆိုရင် မေမေဟာ အိုရှိမကို သွားတဲ့ မော်တော်တစ်စင်းပေါ် လိုက်သွားပြီး ကုန်းပတ်ပေါ်ကနေ ခုန်ချလိုက်မှာပဲ။ သေမှာကို နည်းနည်းကလေးမှ မကြောက်တော့ဘူးလေ။ ဒီလိုပေါ့ကွယ်၊ အဲဒီတုန်းက မေမေသာ သေခဲ့ရင်၊ သားလည်း ဒီလောကကြီးထဲ ဘယ်တော့မှ မွေးလာမယ် မဟုတ်ဘူးပေါ့ ယိုရှိယရယ်။ ဒါပေမဲ့ မစ္စတာ,တာဘာတာရဲ့ အဆုံးအမကြောင့် မေမေဟာ မင်း ဒီနေ့ သိတဲ့အတိုင်းပဲ၊ ကယ်တင်ခြင်းခံရတဲ့ လူတစ်ယောက် ဖြစ်ခဲ့တာပါပဲ။ နောက်ဆုံးမှာ ‘ဟုတ်မှန်သော အလင်းရောင်’ကို မေမေ မြင်နိုင်ခဲ့တယ်။ ဒီနောက်မှာတော့ အရှင်ဒေဝကို ယုံကြည်ကိုးကွယ်သူတွေရဲ့ ကူညီပံ့ပိုးမှုနဲ့ သားကို ဒီလောကထဲကို ခေါ်ယူခဲ့တာပေါ့”

ယိုရှိယရဲ့အမေကို မစ္စတာ,တာဘာတာ ပြောခဲ့၊ ဆုံးမခဲ့တာကတော့ ဒီလို-

“မင်းဟာ သန္ဓေတားနည်းကို သိပ်ကို ဂရုတစိုက်နဲ့ တိကျနိုင်သမျှ အတိကျဆုံး လိုက်နာကျင့်သုံးခဲ့တယ်။ ဒါတောင် ကိုယ်ဝန်ရတယ်။ တကယ်ဆိုရင် မင်းဟာ သုံးကြိမ်ဆက်တိုက် ကိုယ်ဝန်ရခဲ့တာပဲ။ ဒီလို ကြုံရတာဟာ မတော်တဆ တိုက်ဆိုင်မှုကြောင့်လို့ မင်းတွေးမလား။ တခြားသူတွေ မဆိုနဲ့၊ ငါ့ တစ်ယောက်အဖို့ ဒါ တိုက်ဆိုင်မှုလို့ မယုံကြည်နိုင်ဘူး။ သုံးကြိမ်ဆက်တိုက် ဖြစ်လာတဲ့ ‘တိုက်ဆိုင်မှု’ဟာ မတော်တဆ ‘တိုက်ဆိုင်မှု’ မဟုတ်နိုင်တော့ဘူး။ ပြီးတော့ နံပါတ်သုံးဂဏန်းဟာ ငါတို့ရဲ့ အရှင်ဒေဝ နိမိတ်လက္ခဏာ ပြတဲ့အခါ သုံးတဲ့ ဂဏန်းကလွဲလို့ ဘာမှ မဖြစ်နိုင်ဘူး။ တစ်နည်းပြောရရင် မစ္စအိုဆာကီ၊ ဒါဟာ ငါတို့ အရှင်က မင်းကို ကလေးတစ်ယောက် မွေးဖို့ ဆန္ဒရှိတော်မူတာ ဖြစ်မယ်။ မင်းရဲ့ဝမ်းမှာ လွယ်ထားတဲ့ ကလေးဟာ တခြားဘယ်သူရဲ့ ကလေးမှ မဟုတ်ဘူးကွဲ့ မစ္စအိုဆာကီရေ၊ ဒါကောင်းကင်ဘုံက ငါတို့ရဲ့ အရှင်ဒေဝရဲ့ ကလေးပဲ။ ယောကျ်ားလေးဖြစ်မယ်၊ ယိုရှိယလို့ ငါ နာမည်ပေးလိုက်မယ်ကွယ်။ “ဒါ ကောင်းချီးခံစားရတာကိုးကွဲ့ ” တဲ့။

ဒီနောက် မစ္စတာ,တာဘာတာ ကြိုတင်ဟောကိန်း ထုတ်ခဲ့သလို သားကလေး။မွေးတယ်။ ယိုရှိယလို့ နာမည်ပေးတယ်။ ယိုရှိယရဲ့အမေဟာ ဒေဝ (ဝါ) နတ်ဘုရားကို အစေခံသောသူ တစ်ယောက်အဖြစ် နေထိုင်ခဲ့တယ်။ ဘယ်ယောကျ်ားနဲ့မှ ကာမဂုဏ်ဘုံဓလေ့ မကြုံမတွေ့တော့ဘူး။

“ဒီတော့” လို့ ပြောပြီး ယိုရှိယ တုန့်သွားတယ်။ “ဇီဝဗေဒ သဘောတရား အရ ပြောရင်တော့ ကျွန်တော့်အဖေဟာ ဟို မီးယပ်နဲ့သားဖွား ဆရာဝန်ပေါ့ နော်။ မေမေနဲ့ ကာမဂုဏ်ဘုံဓလေ့ တွေ့ကြတဲ့ လူပေါ့နော်” လို့ သူ့အမေကို ပြောတယ်။

“မဟုတ်ဘူး” လို့ သူ့အမေဟာ ဒေါသနဲ့ ဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့၊ ပြတ်သားတဲ့ လေသံနဲ့ ပြောလိုက်တယ်။ “သူရဲ့ သန္ဓေတားနည်းစနစ်ဟာ လုံးဝ ချွင်းချက်မရှိ တိကျသေချာတာပဲ။ မစ္စတာ,တာဘာတာက မှန်တယ်။ မင်းဟာ ငါတို့ရဲ့ အရှင်ဒေဝရဲ့သား။ မင်းဟာ မေထုန်သံဝါသအားဖြင့် ဖွားသော သားအဖြစ် လောကထဲကို ရောက်လာတာ မဟုတ်ဘူး။ အရှင်ဒေဝ အလိုတော် အရ ဖွားတဲ့သား”

သူ့အမေရဲ့ ယုံကြည်မှုက လုံးဝ ရှင်းလင်းပြတ်သားတယ်။ ဒါပေမဲ့ ယိုရှိယကလည်း သူ့အဖေဟာ မီးယပ်နဲ့သားဖွား ဆရာဝန်ဖြစ်တယ်လို့ အသေအချာ

ပဲ။ ကွန်ဒုံးသုံးရာမှာ တစ်နည်းနည်း လွဲတာပဲ ဖြစ်ရမယ်။ တခြား ဘာမှစဉ်းစား စရာ အကြောင်းမရှိဘူး။

“မေမေ ကျွန်တော့်ကို မွေးလိုက်တဲ့အကြောင်း ဆရာဝန်သိလား”

“သိလိမ့်မယ်လို့ မေမေတော့ မထင်ဘူး။ သူ့ကို မေမေ နောက်ထပ်မတွေ့ တော့ဘူး။ ဘယ်လို အကြောင်းကြောင့်မှ သူကို အဆက်အသွယ် မလုပ်တော့ ဘူး။ သူမသိဖို့ အကြောင်းက ပိုပြီး ဖြစ်နိုင်ပါတယ်”

ဟိုလူဟာ အာဘိကို သွားမယ့် ချီယိုဒလိုင်း ရထားပေါ်တက်တယ်။ ယိုရှိ ယ သူ့နောက်ကလိုက်ပြီး သူတက်တဲ့ တွဲပေါ်တက်တယ်။ ညဉ့်ဆယ်နာရီ လွန် ပြီ။ ရထားပေါ်မှာ ခရီးသည် နည်းနည်းပဲပါတယ်။ ဟိုလူဟာ ထိုင်ခုံမှာထိုင်ပြီး လက်ဆွဲအိတ်ထဲက မဂ္ဂဇင်းတစ်စောင်ကို ထုတ်တယ်။ မဂ္ဂဇင်းက ပညာရပ် ဆိုင်ရာစာ စောင်တစ်ခုနဲ့ တူတယ်။ ယိုရှိယက သူနဲ့ မျက်နှာချင်းဆိုင် ထိုင်လိုက် ပြီး သတင်းစာ ဖတ်ချင်ယောင် ဆောင်နေတယ်။ ဟိုလူဟာ လူပုံခပ်သွယ်သွယ်၊ မျက်နှာပုံတိတိရိရိ ရုပ်ဖြောင့်ဖြောင့်နဲ့ အင်မတန်တည်ကြည်တဲ့ အသွင်အပြင် ပါ။ သူဟာ ဆရာဝန်တစ် ယောက်ဖြစ်ကြောင်း အရိပ်လက္ခဏာ မြင်ရတယ်။ သူ့အသက်အရွယ်က ယိုရှိယရဲ့ အဖေအရွယ်နဲ့ ကွက်တိပဲ။ နားရွက်တစ်ဖက် မ ရှိဘူး။ ညာဖက်နားရွက် မရှိဘူး။ ဒါ ခွေးကိုက်ဝါးသွားတာ သိပ်ကိုဖြစ်နိုင်ရဲ့။

ဟိုလူဟာ သူရဲ့ ဇီဝဗေဒသဘောတရားဆိုင်ရာ အဖေလို့ အာရုံသိအရ ယို ရှိယ သိနေတယ်။ ဒါပေမဲ့ ဟိုလူဟာ သူ့ရဲ့ ဟောဒီက သား သက်ရှင်ထင်ရှား ရှိ နေကြောင်းတောင် မသိဘူး။ ယိုရှိယက ဖြစ်ကြောင်းကုန်စင် ရုတ်ချည်း ဖွင့် ပြောလိုက်ရင်လည်း ဟိုလူဟာ လက်သင့်ခံချင်မှ ခံလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီဆရာဝန်ဟာ ပညာရှင်ပဲမို့ သူရဲ့ သန္ဓေတားနည်းစနစ်ကလည်း ဘာမှ ချွင်း ချက်မရှိဘူး။

ရထားက ရှင်အိုချာနိုမိဓု၊ ဆန်ဒါဂီ၊ မာချိယ မြေအောက်ဘူတာတွေကို ဖြတ်ကျော်ခဲ့ပြီး မြေပြင်ပေါ် တက်တော့မယ်။ ဘူတာတိုင်းမှာ ခရီးသည် အရေအတွက် လျော့လျော့လာတယ်။ ဟိုလူဟာ မဂ္ဂဇင်းကလွဲလို့ တခြား ဘယ်ကိုမှ မကြည့်ဘူး။ ထိုင်ခုံကနေ ထမယ့် အရိပ်အယောင်လည်း မမြင်ရဘူး။ ယိုရှိယဟာ လက်ထဲက သတင်းစာပေါ်က ကျော်ကာ ဟိုလူကို စူးစူးစမ်းစမ်း ကြည့်ရင်း မနေ့ညက ဖြစ်ခဲ့သမျှ ဟိုတစ်စဒီတစ်စ ပြန်ပြီး သတိရလာတယ်။

ကောလိပ်တုန်းက သူငယ်ချင်း ရော့ပွန်ဂီရယ်၊ ရော့ပွန်ဂီရဲ့ အသိအကျွမ်း ကောင်မလေး နှစ်ယောက်ရယ်နဲ့အတူ သူ အရက်သောက်တယ်။ အရက်ဆိုင်ကနေ ကပွဲကလပ်တစ်ခုကို သူတို့ သွားကြတာ သူမှတ်မိတယ်။ ဒါပေမဲ့ သူ့အတွဲကောင်မလေးနဲ့ သူနဲ့ အိပ်ဖြစ်ကြသေးလား ဆိုတာ သူ ပြန်ပြီး စဉ်းစားမရတော့ဘူး။ မအိပ်ဖြစ်ဖို့များတယ်လို့ သူ စိတ်ပိုင်းဖြတ်လိုက်တယ်။ သူ အမူးလွန်လွန်း သွားခဲ့ပြီလေ။ ကာမဂုဏ်ဘုံဓလေ့ကို စဉ်းစားစရာအကြောင်း မရှိဘူး။

သတင်းစာက တွေ့နေကျ ငလျင်သတင်းတွေချည်း အပြည့်ပါ။ အဲဒီအချိန်မှာ သူ့အမေနဲ့ ယုံကြည်သူတွေဟာ အိုဆာကာ ယုံကြည်ကိုးကွယ်သူများအသင်း အဆောက်အအုံထဲမှာ ရှိကြလိမ့်မယ် ထင်ရဲ့။ နံနက်တိုင်း သူတို့ဟာ ကျောပိုးအိတ်တွေထဲ လှူစရာပစ္စည်းအထွေထွေနဲ့ စားနပ်ရိက္ခာ အစုံအလင် အပြည့်အသိပ်ထည့်ကာ မြို့ပတ်ရထား စီးလို့ရသလောက် ခရီးကို ရထားစီးပြီး တဲ့နောက် အဝေးပြေး ကျောက်ခင်းလမ်းမအတိုင်း ကိုဘေးအထိ လမ်းလျှောက်ကြတယ်။ ကိုဘေးမှာ ငလျင်ဘေးဒုက္ခသည်တွေကို တစ်နေ့စာရိက္ခာ ဝေကြတယ်။ သူမရဲ့ ကျောပိုးအိတ်ဟာ သုံးဆယ့်ငါးပေါင်လောက် လေးကြောင်း သူအမေ့ ဖုန်းဆက်တုန်းက သူ့ကို ပြောတယ်။ ယိုရှိယရယ်၊ သူ့မဂ္ဂဇင်းထဲသူ စိတ်အာရုံ ဝင်စားနေတဲ့ ဟိုလူရယ်တို့အဖို့ ကိုဘေးမြို့ဟာ အလင်းနှစ်များစွာ ကွာဝေးနေသလိုလိုပဲ။

မူလတန်းကျောင်း အမြင့်ဆုံးအဆင့် မအောင်သေးခင်အထိ ယိုရှိယဟာ တစ်ပတ်တစ်ကြိမ် သူ့အမေနဲ့အတူ ဒေဝဂိုဏ်းအသင်းရဲ့ နယ်လှည့်ဟောပြောရာမှာ လိုက်ပါခဲ့တယ်။ အသင်းမှာ သူမက ဘယ်သူထက်မဆို အောင်မြင်မှုအကောင်းဆုံးပဲ။ သူမဟာ အရွယ်က အတော်ငယ်၊ ရုပ်ရည်က ဆွဲဆောင်မှုရှိ၊ ရည်ရည်မွန်မွန်နဲ့ ယဉ်ယဉ်ကျေးကျေး (တကယ့်ကို ရည်ရည်မွန်မွန်နဲ့ ယဉ်ယဉ်ကျေးကျေးပါ) ဖြစ်လေတော့ အစဉ်သဖြင့် လူတွေက သူမကို နှစ်လိုခင်မင်ကြတယ်။ ဒါ့ပြင် သူမနဲ့အတူ ချစ်စရာကောင်းတဲ့ သားငယ်လေးတစ်ယောက်ပါလာရဲ့။ လူအများစုက သူမရောက်လာတဲ့အခါ အဟန့်အတားပြုလုတယ်မဟုတ်ဘူး။ သူတို့က ယုံကြည်ကိုးကွယ်မှုကို စိတ်မဝင်စားပေမယ့် သူမ ဟောတာပြောတာ နားထောင်ဖို့ စိတ်ရှိကြတယ်။ သူမက ရိုးရိုးရှင်းရှင်း ပုံစံပေမယ့် သူမရဲ့ ကိုယ်လုံးကိုယ်ထည် ကောက်ကြောင်းနဲ့ ကွက်တိဝတ်စုံကို ဝတ်ပြီး တစ်အိမ်တက် တစ်အိမ်ဆင်း လျှောက်ကာ လက်ကမ်းစာစောင်လေးတွေ ဝေတယ်။

ယုံကြည်ကိုးကွယ်ခြင်းကနေ သုခခံစားရခြင်းကို တည်တည်အေးအေးနဲ့ ချီးမွမ်းထောမနာတွေ ရွတ်တယ်။

“ဘယ်လို ဝေဒနာခံစားရရင်ဖြစ်ဖြစ်၊ အခက်အခဲ အကျပ်အတည်း ကြုံရရင်ဖြစ်ဖြစ် ကျွန်မတို့ဆီ လာဖြစ်အောင်လာပါ။ ကျွန်မတို့ ဘယ်တော့မှ သွေးဆောင်ဖျားယောင်းခြင်း မပြုပါဘူး၊ ကျွန်မတို့က ကမ်းလှမ်းကူညီခြင်းသာ ဖြစ်ပါတယ်” လို့ ခင်မင်နှစ်လိုဖွယ် အသံ၊ တောက်ပကြည်လင်တဲ့ မျက်လုံးတွေနဲ့ ပြောလေ့ရှိတယ်။ “ကျွန်မတို့အရှင်ရဲ့ အဆုံးအမတွေနဲ့ ကယ်တယ်ခြင်း မခံရမီက ကျွန်မရဲ့ စိတ်နှလုံးဟာ အလွန်တရာမှ နက်နဲတဲ့ အမိုက်မှောင်ထဲမှာ ရည်ရွယ်ရာမဲ့ လွင့်နေခဲ့ပါတယ်။ ဟောဒီသားကလေးကို ဝမ်းမှာ လွယ်ထားရတယ်။ သားကလေးရော၊ ကျွန်မကိုယ်တိုင်ရော သမုဒ္ဒရာထဲ ခုန်ချပစ်လိုက်တော့မလို့ပါ။ ဒါပေမဲ့ ကောင်းကင်ဘုံမှာ ရှိတော်မူတဲ့ အရှင်ဒေဝ ဘုန်းတန်ခိုးအာနုဘော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ခဲ့ပါတယ်။ အခုတော့ ကျွန်မနဲ့ သားလေးတို့ဟာ အရှင်ဒေဝရဲ့ သန့်ရှင်းသောအလင်းမှာ နေထိုင်နေကြပါပြီ”

ယိုရှိယဟာ သူ့အမေနဲ့အတူ သူစိမ်းတွေရဲ့ အိမ်တံခါးတွေ ခေါက်ရတာကို ဘယ်ခါကမှ စိတ်ကသိကအောင့် မဖြစ်ခဲ့ဘူး။ အဲဒီအခါဆို သူ့အမေက သူ့အပေါ် ထူးထူးခြားခြားကို ချိုချိုသာသာ ယုယုယယရှိတယ်။ သူမရဲ့ လက်တွေလည်း အမြဲတမ်း နွေးနွေးထွေးထွေး ဖြစ်နေတယ်။ သူတို့ဟာ မကြာခဏ အိမ်ဝက လှည့်ခဲ့ရတာတွေ ကြုံရလေတော့ ရှားရှားပါးပါး ကြင်နာတဲ့ စကားသံကို ကြားရရင် ယိုရှိယအဖို့ ဆထက်ထမ်းပိုး တိုးပြီး ပျော်ရွှင်ရတာပေါ့။ ဒေဝဂိုဏ်းအတွက် ယုံကြည်လာသူတစ်ယောက် စည်းရုံးနိုင်ခဲ့ပြီ ဆိုရင်တော့ ယိုရှိယဂုဏ်ယူရပြီပေါ့။ ဒီအခါ သူ့ဖခင် အရှင်ဒေဝဟာ သူ့သားဖြစ်ကြောင်း အသိအမှတ်ပြုတာ ဖြစ်လိမ့်မယ်လို့ တွေးမိရဲ့။

ဒါပေမဲ့ ယိုရိယ အလယ်တန်းကျောင်း ဆက်တက်ရလို့ မကြာခင် ဒေဝယုံကြည်ကိုးကွယ်မှုကို စွန့်လွှတ်လိုက်တော့တယ်။ သူ့ရဲ့ အမှီအခိုကင်းတဲ့ အတ္တဘဝ ဖြစ်တည်မှုအကြောင်း စဉ်းစားရမှန်း သိလာတယ်ဆိုရင် ယိုရှိယဟာ ဒေဝဂိုဏ်းရဲ့ တင်းကျပ်တဲ့ ဓလေ့ထုံးစံတွေကို လက်ခံနိုင်ဖို့ တဖြည်းဖြည်း တစ်စတစ်စ ပိုလို့ ခက်ခဲလာတယ်။ အဲဒါတွေဟာ လူ့အဖွဲ့အစည်းရဲ့ သာမန် စံသတ်မှတ်ချက်တွေနဲ့လည်း ခြားနားဆန့်ကျင်နေတာချည်းပဲ။ ဒါပေမဲ့ တကယ့်ကို အဓိကအကျဆုံးနဲ့ အတိကျ အပြတ်သားဆုံး အကြောင်းရင်းကတော့ တစ်

ဦးတစ်ယောက်ရဲ့ ဘယ်တော့မှ ဆုံးခန်းတိုင်မယ် မဟုတ်တဲ့ စိမ်းကားရက်စက်မှုပဲ။ သူ့အဖေပဲ။ သူ့အဖေရဲ့ လျှို့ဝှက်တဲ့၊ တင်းမာတဲ့၊ နှုတ်ဆိတ်တဲ့၊ ဂရုဏာစေတနာ ကင်းမဲ့တဲ့ နှလုံးသားကြောင့်ပဲ။ အဲဒီလို ယိုရှိယ ယုံကြည်ကိုးကွယ်မှုစွန့်လွှတ်လိုက်တာဟာ သူ့အမေအဖို့ ပြင်းပြင်းထန်ထန် သောကပူလောင်ခံစားရတဲ့ အကြောင်းတစ်ခု ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ ယိုရှိယရဲ့ဆုံး ဖြတ်ချက်က မယိမ်းယိုင်ဘူး။

မီးရထားက တိုက္ကျိုမြို့အပြင်ဖက် ရောက်လုပြီ။ ချိဘာစီရင်စုထဲ တစ်ဘူတာလား၊ နှစ်ဘူတာလား မီးရထားဖြတ်လာခဲ့ပြီးတဲ့ အချိန်မှာ ဟိုလူဟာ မဂ္ဂဇင်းစာအုပ်ကို ရုံးသုံးလက်ဆွဲအိတ်ထဲ ထည့်လိုက်ပြီး ထိုင်ရာကထကာ တံခါးပေါက်ဆီ ချဉ်းတယ်။ ယိုရှိယဟာ ဟိုလူရဲ့ နောက်ကနေ စကြံ့တစ်လျှောက်လိုက်တယ်။ ဟိုလူက အထွက်ဂိတ်ကျတော့ ကတ်ပြားကို စက်မှာပြပြီး ထွက်သွားတဲ့အခါ ယိုရှိယဟာ ဒီလောက်ဝေးတဲ့အထိ ဘူတာလွန် စီးခဲ့တဲ့တွက် ပိုက်ဆံထပ်ပေးရမှာမို့ တန်းစီစောင့်နေခဲ့ရတယ်။ ဒါပေမဲ့ ယိုရှိယဟာ တက္ကစီကားတန်းစီရာမှာ ဟိုလူတက်တဲ့ ကားရဲ့ နောက်ကားတစ်စီးကို စီးနိုင်ဖို့ နေရာရအောင် လုပ်နိုင်လိုက်တယ်။ သူဟာ ကားပေါ်တက်လိုက်ပြီး သူ့ပိုက်ဆံအိတ်ထဲက ယန်းတစ်သောင်းတန်အသစ် စက်စက်တစ်ရွက်ကို ထုတ်ပြီး ကားဒရိုင်ဗာကို ပေးလိုက်တယ်။

“ဟိုကားနောက်ကို လိုက်စမ်းပါဗျာ” လို့ ပြောလိုက်တယ်။

ဒရိုင်ဗာက သူ့ကို သံသယနဲ့ တစ်ချက် ကြည့်လိုက်ပြီးတဲ့နောက် ပိုက်ဆံကိုကြည့်တယ်။

“ဟော... ရာဇဝတ်မှုတွေ ဘာတွေလားကွာ”

“မပူပါနဲ့ဗျာ၊ တစ်ယောက်ယောက်ကို နောက်ယောင်ခံလိုက်တာသက်သက်ပါ”

ဒရိုင်ဗာဟာ ယန်းတစ်သောင်းတန် ပိုက်ဆံကို ယူလိုက်ပြီး စကြံ့နံဘေးကနေ ကားကို အရှိန်နဲ့ မောင်းထွက်ခဲ့တယ်။ “အိုကေ အဲ... သွားသလောက်ကျမယ့် ပိုက်ဆံလည်း ကျုပ်က လိုချင်သေးတယ်နော်။ မီတာက စတက်နေပြီ”

တက္ကစီကားနှစ်စီးဟာ တံခါးတွေ ပိတ်ကုန်ပြီဖြစ်တဲ့ ဆိုင်တန်းတွေနဲ့ လမ်းမှာ အရှိန်လျှော့လိုက်တယ်။ ပြီးတော့ မှောင်မည်းနေတဲ့ ကွင်းလပ်တွေကို ဖြတ်တယ်။ ပြီးတော့ ပြူတင်းပေါက်တွေမှာ မီးရောင်တွေ လင်းနေတဲ့ ဆေးရုံတစ်ခုကို ဖြတ်ခဲ့တယ်။ လေးထောင့်စက်စက် သေတ္တာပုံးလေးတွေလို အိမ်ကလေးတွေ ပြည့်ညပ်နေတဲ့ ဖွံ့ဖြိုးစည်ကားလာတာ မကြာသေးတဲ့ ကွက်သစ်တစ်ခုကို ဖြတ်ခဲ့တယ်။ လမ်းတွေပေါ်မှာ ဟာလာဟင်းလင်း ရှင်းနေတယ်။ နောက်ယောင်ခံ လိုက်လာတာ ဘာမှ ပြဿနာမရှိဘူး။ အထိတ်တလန့် ဖြစ်စရာလည်း ဘာမှမကြုံရဘူး။ ယိုရှိယရဲ့ တက္ကစီဒရိုင်ဗာဟာ သူ့ကားနဲ့ ရှေ့ကားရဲ့ အကွာအဝေးကို လိုသလောက် ကပ်ကာ ခွာကာ ကျွမ်းကျွမ်းကျင်ကျင် မောင်းတယ်။

“ကိုယ့်လူပြဿနာတွေ ဘာတွေလားကွာ”

“အဲ... လူတော်နောက် လိုက်တဲ့ကိစ္စပါဗျာ။ လူတော်တစ်ယောက် အတွက် ကုမ္ပဏီနှစ်ခု ပြိုင်ကြချကြတာပါ”

“နောက်စရာ မဟုတ်ဘူးနော်။ ခုခေတ်ထဲ ကုမ္ပဏီတွေ လူတော်တွေ ရဖို့ ပြိုင်ကြဆိုင်ကြတာတော့ ကိုယ်သိပါတယ်။ ခုလို ဆိုးဆိုးဝါးဝါးကြီးကတော့ ကိုယ် သဘောမပေါက်ဘူး ဖြစ်နေတယ်”

လမ်းတစ်လျှောက် အိမ်ခြေမရှိသလောက် ပါးသွားပြီ။ လမ်းက မြစ်ကမ်းနားဆီ ဦးတည်နေတယ်။ တက္ကစီကားဟာ တစ်ဖက်တစ်ချက် စက်ရုံတွေနဲ့ ကုန်လှောင်ရုံတွေ တန်းနေတဲ့ နယ်မြေတစ်ခုထဲ ဝင်လာတယ်။ ဒီလို အိမ်ခြေရာခြေနဲ့ လူသူကင်းတဲ့ နယ်မြေမှာ မြေကြီးထဲက ထိုးထွက်နေတဲ့ ဓာတ်မီးတိုင်အသစ်တွေက ထင်ထင်ရှားရှား ဖြစ်နေတယ်။ လမ်းနံဘေး တစ်လျှောက် မြင့်မားတဲ့ အုတ်နံရံ တစ်ပြန့်တစ်လျား ကာထားတဲ့နေရာမှာ ရှေ့က တက္ကစီဟာ ရုတ်ချည်းထိုးပြီး ရပ်သွားတယ်။ ရှေ့ကားရဲ့ ဘရိတ်မီးတွေ အချက်ပြလင်းတော့ ယိုရှိယရဲ့ ဒရိုင်ဗာဟာ ရှေ့ကားရဲ့နောက် ကိုက်တစ်ရာသာသာမှာ သူ့ကားကို ရပ်လိုက်ပြီး ကားရဲ့ရှေ့မီးတွေကို မှိတ်ပစ်လိုက်တယ်။ အထက်ဆီက မာကျူရီမီး အလင်းရောင်တွေဟာ ကတ္တရာလမ်းမပေါ် စူးစူးရဲရဲ ဖြာကျနေတယ်။ အဲဒီမှာ အုတ်တံတိုင်းတွေရယ်၊ တံတိုင်းပေါ်က ထူထပ်တဲ့ သံဆူးကြိုးခွေတွေရယ်က လွဲလို့ ဘာမှမတွေ့ရဘဲ တစ်လောကလုံးနဲ့ ဆန့်ကျင်ခြားနားနေသလိုလို ထင်ရတယ်။ ရှေ့ဆီက တက္ကစီကား တံခါးပွင့်လာပြီး

နားရွက်တစ်ဖက်မရှိတဲ့ ဟိုလူ ဆင်းသွားတယ်။ ယိုရှိယက ဒရိုင်ဗာကို ကနဦး ယန်းတစ်သောင်းထက် ယန်းနှစ်ထောင် ပိုပြီး ခပ်သုတ်သုတ် ပေးလိုက်တယ်။

“ဆရာသမား ဒီလို ခေါင်တဲ့နေရာမျိုးမှာ တက္ကစီတစ်စီးရမယ် မဟုတ်ဘူးနော်။ ကိုယ့်ကို စောင့်ပေးစေချင်လား” လို့ ဒရိုင်ဗာက မေးတယ်။

“ကိစ္စမရှိဘူး” လို့ ယိုရှိယပြောပြီး ကားအပြင် ထွက်လိုက်တယ်။

ဟိုလူဟာ တက္ကစီထဲက ထွက်ပြီး ဘာကိုမှ ကြည့်မနေဘဲ အုတ်တံတိုင်းနဲ့ ယှဉ်လို့ လမ်းတစ်လျှောက် ရှေ့ဆီသာ စူးစူးစိုက်စိုက်နဲ့ မီးရထားဘူတာရုံ စင်္ကြံမှာ လျှောက်ခဲ့တဲ့အတိုင်း ဖြည်းဖြည်းမှန်မှန် လျှောက်သွားတယ်။ ဟိုလူဟာ သံလိုက်ဆွဲငင်ရာဆီ ဦးတည်ရွေ့နေတဲ့ စနစ်တကျ တည်ဆောက်ထားတဲ့ အရုပ်တစ်ရုပ်နဲ့ တူတယ်။ ယိုရှိယဟာ ကုတ်အင်္ကျီကော်လာကို ပင့်တင်လိုက်ပြီး သက်ငွေ့ဖြူဖြူ တစ်ရှိုက်ပြင်းပြင်း ရှူသွင်းလိုက်ပြီး ဟိုလူ မမြင်နိုင်လောက်တဲ့ အကွာအဝေးကနေ ခွာပြီး လိုက်ခဲ့တယ်။ ဟိုလူရဲ့ ရှူးဖိနပ်က လမ်းမျက်နှာပြင်ပေါ် နင်းလိုက်တဲ့၊ ဘာမှ ထူးထူးခြားခြား မဟုတ်တဲ့ ဖိနပ်ခွာသံက လွဲလို့ ဘာသံမှ ယိုရှိယမကြားရဘူး။ ယိုရှိယရဲ့ ရှူးဖိနပ် ရာဘာခွာကတော့ ဘာသံမှ မထွက်ဘူး။

ဒီနေရာမှာ လူသားရဲ့ သက်ရှင်လှုပ်ရှားမှု အရိပ်အယောင် တစ်ခုတစ်လေမျှ မတွေ့ရဘူး။ ပတ်ဝန်းကျင်က အိပ် မက်ထဲက စိတ်ကူးယဉ် အခင်းအကျင်းတစ်ခုကို မြင်ရသလို ဖြစ်နေတယ်။ အုတ်တံတိုင်း ဆုံးသွားတဲ့အခါ အဟောင်းတွေ စွန့်ပစ်တဲ့ ကွင်းတစ်ခုပါ။ ပတ်ပတ်လည် သံဆူးကြိုးတွေ ကြက်ခြေခတ် စည်းရိုး ကာရံထားတဲ့ ဝန်းထဲမှာ မော်တော်ကားဟောင်းတွေ တောင်ကုန်းတစ်ခုလို ပုံနေတယ်။ တပြင်တပြန့်လုံး တညီတညာတည်း ဖြန့်ကျနေတဲ့ မာကျူရီမီး အလင်းရောင်အောက်မှာ အိုဟောင်းပျက်စီးနေတဲ့ သတ္ထုထည် အပုံလိုက်ဟာ အသွေးအရောင် ကင်းမဲ့ပြီး ပုံပန်းမခွဲခြားနိုင်တော့ဘဲ အစုအပုံအကြီးကြီးတစ်ခုအသွင် ပြောင်းသွားတယ်။ ဟိုလူက ဦးတည်ရာ စူးစူးဖြောင့်ဖြောင့် ဆက်လျှောက်သွားရဲ့။

ဒီလို လူသူကင်းမဲ့၊ အိမ်ခြေရာခြေ ကင်းမဲ့တဲ့ နေရာမျိုးမှာ တက္ကစီကား ပေါ်က ဆင်းရတာ ဘာအကြောင်းလဲလို့ ယိုရှိယ စဉ်းစားတယ်။ ဟိုလူ သူ့အိမ်သူ ပြန်နေတာ မဟုတ်ဘူးလား။ ဒါမှမဟုတ် ဟိုလူဟာ လမ်းလွဲချင်လို့ ပိုပြီး

ရှည်တဲ့လမ်းကို လျှောက်နေတာလား။ ဘယ်လိုပဲဖြစ်ဖြစ် ဖေဖော်ဝါရီညကတော့ အေးလွန်သမို့ လမ်းလျှောက်ဖို့ မကောင်းဘူး။ အေးစက်နေတဲ့ လေက လမ်းတစ်လျှောက် တစ်ရှိန်ထိုးဝှေ့ရင်း ယိုရှိယရဲ့ ကျောပြင်ကို မကြာမကြာ တွန်းတွန်းတိုက်တိုက် ရိုက်သွားရဲ့။

အဟောင်းပုံကွင်းဆုံးတော့ စိတ်မသက်မသာ ဖြစ်ရတဲ့ တံတိုင်းရှည်ကြီး တစ်ခု ထပ်တဖန် အစပြုပြန်တယ်။ အကြားမှာ လမ်းကျဉ်းကျဉ်း မြောင်မြောင်လေး တစ်သွယ် ပွင့်နေတယ်။ ဒီနေရာဟာ ဟိုလူအတွက် ကျွမ်းကျွမ်းဝင်ဝင် ဖြစ်ပုံရတယ်။ လမ်းမြောင်ကလေးက မှောင်မည်းနေတာပဲ။ ယိုရှိယဟာ လမ်းကလေးအထဲမှာ ဘယ်လောက်အထိ ရှည်လျားမယ်ဆိုတာ မှန်းလို့ကို မမြင်နိုင်ဘူး။ သူ ခဏတော့ တုန့်သွားတယ်။ ဒါပေမဲ့ ဟိုလူသွားရာနောက်ကို လှမ်းဝင်လိုက်သွားတယ်။ ဒီလောက်ဝေးဝေးအထိ ရောက်မှ သူ လက်လျှော့လို့ မဖြစ်တော့ဘူး။

မြင့်မားတဲ့ တံတိုင်းကြီးတွေက ဖြောင့်တန်းတဲ့ လမ်းမြောင်ကလေး တစ်ဖက်တစ်ချက်စီမှာ ဖိညပ်အုပ်မိုးနေတယ်။ လမ်းမြောင်ကလေး လူနှစ်ယောက် ဘေးချင်းယှဉ် ဖြတ်လျှောက်လောက်အောင်ကို မကျယ်ဘူး။ ညဉ့်ကာလပင်လယ်ရဲ့ ကြမ်းပြင်လို မှောင်မည်းနေတယ်။ ယိုရှိယဟာ လမ်းလျှောက်သွားတဲ့ ဟိုလူရဲ့ ရှူးဖိနပ်ခွာသံကိုသာ ကြားနေရတယ်။ သူ့ရှေ့ဆီကနေ လမ်းမျက်နှာပြင်ပေါ် ဖိနပ်ရဲ့သားရေခွာ နင်းလိုက်တဲ့ အသံဟာ ခြေလှမ်းမှန်မှန်နဲ့ အဆက်မပြတ် ကြားနေရတယ်။ အလင်းရောင် လုံးဝကင်းမဲ့တဲ့ လောကထဲ အဲဒီအသံကိုသာ မြဲမြဲမြံမြံ လိုက်မှတ်ပြီး ယိုရှိယဟာ ရှေ့ဆီ လှမ်းနေရတယ်။ ဒီနောက် အဲဒီအသံ လုံးဝ မကြားရတော့ဘူး။

သူ့နောက်က လိုက်လာတာကို ဟိုလူ သိသွားပြီလား။ ဟိုလူ ငြိမ်ပြီး ရပ်နေတာလား၊ အသက်မှမရှူဘဲ၊ သူ့နောက်က ဘာပါလိမ့်လို့ သိရ၊ မြင်ရ၊ ကြားရအောင် အာရုံစိုက်နေတာလား။ မှောင်မှောင်မည်းမည်းထဲ ယိုရှိယ နှလုံးခုန်တာ ဆုတ်ဆိုင်းသွားတယ်။ ဒါပေမဲ့ ကျယ်လောင်တဲ့ နှလုံးခုန်သံကို လူသူတစ်ပါး မကြားရအောင် ဖုံးဖုံးဖိဖိနဲ့ ရင်ဘတ်ကို ဖိထားမိတယ်။ ဘာမှသောက်ရေးစိုက်စရာ မလိုဘူးလို့ သူတွေးတယ်။ သူ့နောက်က ခြေရာခံလိုက်လာတဲ့အတွက် ဟိုလူက အော်မယ်ငေါက်မယ်ဆိုရင် ဘာဖြစ်မလဲ။ ဟိုလူကို အမှန်တရားကို ပြောပြလိုက်ရုံပေါ့။ ဒါဟာ အဖြစ်မှန်ကို အမှန်အတိုင်း ဟိုလူသိ

အောင် အမြန်ဆုံး လုပ်တဲ့နည်းပဲ။ ဒါပေမဲ့ အဲဒီမှာ လမ်းမြောင်ကလေးက ဆုံးပြီ။ အဲဒီအဆုံးမှာ သွပ်ပြားစည်းရိုး ပိတ်ပြီး ကာထားတယ်။ အပေါက်အဟ ရှိမလားလို့ စက္ကန့်နည်းနည်းကြာအောင် ယိုရှိယ ရှာတယ်။ သွပ်ပြားကို ဆွဲယူခွာထားတာ လူတစ်ယောက် ဝင်လောက်ရုံကျယ်တဲ့ အပေါက်တစ်ပေါက် တွေ့တယ်။ သူ့ကုတ်အင်္ကျီအနားစကို သိမ်းလိုက်ပြီး အပေါက်ကနေ ကိုယ်ကို ကျုံ့ကာ ဝင်လိုက်တယ်။

စည်းရိုးရဲ့ အခြားတစ်ဘက်မှာ တစ်ပြန့်တစ်ပြော ကျယ်တဲ့ ကွင်းပြင်ကြီး ဖြစ်ရဲ့။ ဘာမှမရှိတဲ့ ဟာလာဟင်းလင်း မဟုတ်ဘဲ အားကစားကွင်းလို ကွင်းမျိုး ဖြစ်ရဲ့။ ယိုရိယဟာ မတ်တပ်ရပ်ရင်း လရောင်မှိန်မှိန်အောက်မှာ တစ်ခုခု တွေ့လေမလားလို့ အားစိုက်ပြီး ကြည့်တယ်။ ဟိုလူမရှိတော့ဘူး။

ယိုရှိယဟာ ဘေ့(စ်)ဘောကွင်းထဲ ဘောလုံးအဖမ်းသမားရဲ့ ပြေးလမ်းလိုလို အနင်းခံထားရဖန်များလို့ အလေ့ကျပင်ကလေးတွေ ပြောင်သလင်း ရှင်းနေတဲ့ ခပ်ပြန့်ပြန့်နေရာမှာ ရပ်နေတယ်။ ကုန်းပြောင်ပြောင်လေးဟာ အဖမ်းသမား ရပ်လေ့ရှိတဲ့ နေရာဖြစ်ကြောင်း ပြနေတယ်။ လှမ်းလှမ်းဆီက ဘောလုံးအရိုက်သမားရဲ့ နေရာအလွန်မှာ ကျွံလာတဲ့ ဘောလုံးကို တားတဲ့ ပိုက်ကွန်တိုင်ဟာ တောင်ပံမည်းမည်း တစ်စုံနဲ့ တူလှတယ်။ သူနဲ့ ပိုပြီး နီးတဲ့ ဘောလုံးအပစ်သမားရဲ့နေရာ ပြင်ညီဟာ မြေပြင်ထက် မြင့်နေတယ်။ ကစားကွင်းပတ်ပတ်လည်မှာ မြင့်မားတဲ့ သွပ်နံရံ စည်းရိုးကာထားတယ်။ လေပြေတစ်သုတ်က မြက်ခင်းကို ဖြတ်ပြီး တိုက်ခတ်လာရာ အာလူးကြော်အိတ်ခွံတစ်ခု ဘယ်ဆီ မသိလွင့်ပါလာရဲ့။

ယိုရှိယဟာ သူ့လက်တွေကို ကုတ်အင်္ကျီအိတ်တွေထဲ ထည့်လိုက်ပြီး ဘာများဖြစ်လေမလဲလို့ စိုးရိမ်စိတ်နဲ့ စောင့်နေမိတယ်။ ဒါပေမဲ့ ဘာမှဖြစ်မလာဘူး။ ယိုရိယဟာ ကွင်းရဲ့ညာဖက်၊ ကွင်းရဲ့ဘယ်ဖက် တစ်လှည့်စီ စေ့စေ့စပ်စပ်ကြည့်တယ်။ ဘောလုံးပစ်သမားရဲ့ ကုန်းမိုမိုနဲ့ သူ့ဖဝါးအောက်က မြေပြင်တို့ကို ကြည့်တယ်။ ကောင်းကင်ဆီ မော့ကြည့်တယ်။ တိမ်ဆိုင်တိမ်တိုက် သုံးလေးအုပ်ဖွဲ့နေတယ်။ လရဲ့ အလင်းရောင်ကြောင့် တိမ်ဆိုင်တိမ်တိုက်တွေရဲ့ ပြတ်သားတဲ့ အနားကွပ်တွေမှာ ဆန်းဆန်းကြယ်ကြယ် အရောင်တွေ လက်နေတယ်။ မြက်ခင်းရနံ့ထဲ ခွေးချေးနံ့က ရောပြီး တစ်ချက်ဝေ့သွားတယ်။ ဟိုလူဟာ ခြေရာမှ မကျန်ရစ်ဘဲ ပျောက်သွားတယ်။ မစ္စတာ,တာဘာတာသာ ဒီနေရာမှာ ရှိမယ်

ဆိုရင် “ကဲ. မင်း သိပြီ ဟုတ်လား၊ ယိုရိယ။ ငါတို့ရဲ့ အရှင်ဒေဝဟာ လုံးဝ မျှော်လင့်မထားတဲ့ နည်းလမ်းနဲ့ ကိုယ်တော်တိုင် ကိုယ်ထင်ပြတာပဲ” လို့ ပြော လိမ့်မယ်။ ဒါပေမဲ့ မစ္စတာ, တာဘာတာက သေပြီ။

လွန်ခဲ့တဲ့ သုံးနှစ်က ဆီးလမ်းကြောင်းကင်ဆာ ရောဂါနဲ့ သူသေတယ်။ သူ့ ရဲ့ နောက်ဆုံးအသက်ရှင်နေခဲ့တဲ့ လပိုင်းကာလထဲ ဆိုးဆိုးဝါးဝါး ဝေဒနာခံစားရ တယ်။ သူဟာ အဲဒီကာလထဲ တစ်ကြိမ်တလေမျှ အရှင်ဒေဝကို သွေးတိုးမစမ်း ဘူးလား။ ဆိုးဆိုးဝါးဝါး ခံစားနေရတဲ့ ဝေဒနာ သက်သာရာ သက်သာကြောင်း အရှင်ဒေဝထံ တစ်ကြိမ်တလေမျှ သူ ဆုမတောင်းဘူးလား။ ကိုယ်တိုင် ယုံကြည်လက်ခံထားတဲ့ အရှင်ဒေဝရဲ့ တင်းကျပ်တဲ့ ပညတ်ချက်တွေကို တိတိကျကျ ပြင်းပြင်းထန်ထန် ရိုသေလိုက်နာတဲ့၊ အရှင်ဒေဝနဲ့ ကျွမ်းကျွမ်းဝင်ဝင် ဆက်သွယ်မှုရှိတဲ့ မစ္စတာ,တာဘာတာလို လူတစ်ယောက်ဟာ ဆုတောင်းပြည့်ဖို့အတွက် အရည်အချင်း အပြည့်ဆုံးသူပါ၊ (ဆုတောင်းတွေက လည်း ပြည့်ထိုက်ပါလျက် အကျိုးအကြောင်း အချက်အလက် တိတိကျကျ၊ အချိန်ကာလနဲ့ အရေအတွက် စိစိစစ်စစ် ဆုတောင်းတွေ ဖြစ်မှာပါ)။ ဒီအပြင် အရှင်ဒေဝက လူကို သွေးတိုးစမ်းဖို့ အခွင့်အရေး အပြည့်အဝရှိတယ်ဆိုရင် လူက အရှင်ဒေဝကို သွေးတိုးစမ်းတာဟာ မှားသလား။

ယိုရိယနားထင်ဆီမှာ တဒုတ်ဒုတ် သွေးတိုးနေတာ ခံစားရတယ်။ ဒါပေမဲ့ ဒါဟာ အရက်နာကျတာရဲ့ လက်ကျန်ဝေဒနာလား၊ တခြား အကြောင်းလား သူ မပြောတတ်ဘူး။ မျက်နှာရှုံ့မဲ့ရင်း ယိုရှိယဟာ ကုတ်အင်္ကျီအိတ်ထဲက လက် တွေကို ထုတ်လိုက်ပြီး ဘောလုံးအရိုက်သမားရပ်ရာ ပြင်ညီဆီ ခြေလှမ်းကျဲကျဲ ဖြည်းဖြည်းချင်း လှမ်းလျှောက်သွားတယ်။ လွန်ခဲ့တဲ့ စက္ကန့်ပိုင်းအချိန်တုန်းက ဆို သူ့အဖေ ဖြစ်နိုင်တဲ့ လူတစ်ယောက်ရဲ့နောက်ကို အသက်မရှူနိုင်အောင် နောက်ယောင်ခံလိုက်ရေး တစ်ခုတည်းပဲ သူ့စိတ်ကို လွှမ်းနေခဲ့တယ်။ အဲ့ဒီစိတ် ကြောင့် သူ ဘယ်တုန်းကမှ မရောက်ဖူးတဲ့ မြို့ပြင်ကွက်သစ်ကြီး တစ်ခုထဲက ဘော့(စ်)ဘောကွင်းထဲ သူ အခုရောက်နေပြီ။ ဟိုလူစိမ်းက ပျောက်သွားပြီဖြစ်ရာ ဒီလောက် ဝေးဝေးအထိ ရောက်အောင် သူ့ကို ခေါ်ခဲ့တဲ့ ဟိုလူကို တွေ့ရပြီး နောက် ပြုမိတဲ့ လှုပ်ရှားမှုတွေရဲ့ အရေးကြီးမှုဟာ သူ့စိတ်ထဲ မရောမရာ ဖြစ် ကုန်ပြီ။ မျှော်မှန်းချက်က အလိုလို ပျက်သွားပြီး ဒီလို ထပ်တူထပ်မျှ ဘယ်တော့ မှ ထပ်တဖန် ကြုံရမယ် မဟုတ်ဘူး။ အဝေးဆုံး တာက ဘောလုံးတွေ ဖမ်းနိုင်

ခြင်းနဲ့ မဖမ်းနိုင်ခြင်းအပေါ် သံသယစိတ်ဟာ သူ့အဖို့ နေရေးနဲ့ သေရေးအတွက် မစဉ်းစားရင် မဖြစ်တဲ့အရေး မဟုတ်တော့သလိုပေါ့။

ဒီအခြေအနေကနေ ငါ ဘာရဖို့ မျှော်လင့်ဦးမလဲ။ ရှေ့ဆီ ဆက်လှမ်းရင်း သူ့ဘာသာသူ မေးရဲ့။ ဒီနေရာ ဒီအချိန်မှာ ငါ ရှိနေဖြစ်နေအောင် ဖန်တီးတဲ့ ဆက်နွယ်မှုတွေဟာ ပကတိအမှန်ဟုတ်၊ မဟုတ် ငါ ကြိုးစားဆုံးဖြတ်ဦးမလား။ ဒီထက်ပိုပြီး အဓိပ္ပာယ်ပီပြင်တဲ့ ဇာတ်ကောင်တစ်ကောင် အနေနဲ့ အသုံးတော်ခံစရာ ဇာတ် လမ်းဇာတ်ကွက် အသစ်တစ်ခုခု သူ့အတွက် ဖွဲ့နွဲ့ပေးဦးမလားလို့ မျှော်လင့်နေတာလား။ ဟင့်အင်း၊ အဲသလို မဟုတ်ဘူးလို့ သူတွေးတယ်။ စက်ဝိုင်းထဲလည်ကာ ငါ ခြေရာခံလိုက်နေခဲ့တာဟာ ငါ့ရဲ့ အတွင်းထဲဆီက မှောင်မိုက်ခြင်းရဲ့ အမြီးဖျား ဖြစ်မယ်ထင်ရဲ့။ ငါ့အဖြစ်က အဲဒီအရာရဲ့ အသွင်အပြင်ကို လိုက်ဖမ်းနေတဲ့ အဖြစ်ပဲ။ အဲဒီအသွင်အပြင်နောက်ကို လိုက်နေတာပဲ။ အဲဒီအသွင်အပြင်ကို ဖမ်းဆုပ်တယ်။ အဆုံးမှာ အဲဒီအသွင်အပြင်ဟာ ဒီထက် မှောင်တဲ့မိုက်တဲ့ မှောင်မိုက်ခြင်းထဲ လှစ်ခနဲ ဝင်သွားရဲ့။ ငါ အဲဒီအရာကို ဘယ်တော့မှ ထပ်တစ်ဖန် တွေ့တော့မယ် မဟုတ်ဘူး၊ သေချာရဲ့။

အခုအချိန်မှာ ယိုရှိယရဲ့ ဝိညာဉ်ဟာ အချိန်နဲ့ ဟင်းလင်းပြင်ထဲ တည်ငြိမ်တဲ့၊ ပြတ်သားတဲ့ သီးသန့်အမှတ်စက် တစ်နေရာမှာ ဆက်လက်စွဲမြဲ တည်ရှိနေတယ်။ ဟိုလူဟာ သူ့အဖေဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် နတ်ဘုရားဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် တိုက်ဆိုင်လို့ တွေ့ရတဲ့ ညာဖက်နားရွက်ပြတ်နေတဲ့ လူစိမ်းတစ်ယောက် သက်သက်မျှ ဖြစ်ခဲ့ရင် ဘာဖြစ်မလဲ။ အခုတော့ သူ့အဖို့ ဘာမှမထူးခြားဘူး။ ပြီးတော့ ဒီကိစ္စမှာ သူ့အနက်အဓိပ္ပယ်သူ ပြသလိုက်တာပဲ၊ ဒေဝပုတ္တ (ဝါ) နတ်ဘုရားရဲ့သား အသက်တာကို ထာဝရရရှိစေခြင်းပဲ။ ချီးမွမ်းထောမနာ ရွတ်ဆိုသင့်သလား။

ဘောလုံးအရိုက်သမားရဲ့ ပြင်ညီမို့မို့ပေါ် သူ တက်လိုက်တယ်။ ယိုယွင်းပျက်စီးနေပြီဖြစ်တဲ့ ခြေနင်းကွက်ပေါ် သူ့အရပ်အမြင့်နဲ့အညီ ဆန့်ဆန့်မတ်မတ် ရပ်လိုက်တယ်။ သူ့လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး အထက်ဆီ ဆတ်ခနဲ ထိုးကာ ဆန့်ထုတ်လိုက်တယ်။ အေးစက်တဲ့ ညဉ့်လေကို ပါးစပ်ဟကာ အဆုတ်နဲ့အပြည့် ရှူသွင်းလိုက်တယ်။ လမင်းကို တစ်ကြိမ်ထပ်ပြီး မော့ကြည့်တယ်။ လမင်းက အင်မတန် ကြီးမားလှတယ်။ ဘာကြောင့် လမင်းဟာ တစ်နေ့မှာ အင်မတန်ကြီးမားပြီး တခြားတစ်နေ့မှာ အင်မတန်သေးငယ်

သလဲ။ ရိုးရိုးပွဲကြည့်စင်ခုံ တန်းလျားတွေဟာ ပထမနဲ့ တတိယ အပြင်စည်းတွေရဲ့ အလျားအလိုက် ရှည်လျားတယ်။ ဟာလာဟင်းပဲလေ။ ဖေဖော်ဝါရီလရဲ့ ညတစ်ည သန်းခေါင်အချိန်မှာလေ။ အဆင့်သုံးဆင့်ရှိတဲ့ ဖြောင့်တန်းတဲ့ ထိုင်ခုံတန်းလျားတွေ တစ်ဆင့်တစ်ဆင့် အလှမ်းကွာကွာ မြင့်သွားတဲ့ပုံက အဆင်မပြေလှဘူး။ ကစားကွင်းအဆုံး လွန်တော့ ကုန်လှောင်ရုံ ဖြစ်ကောင်းဖြစ်နိုင်တဲ့၊ ပြူတင်းပေါက်မရှိတဲ့ ပုံဆိုးပန်းဆိုး အဆောက်အအုံတွေ တစ်စုတစ်ဝေး မှောင်နဲ့မည်းမည်း တွေ့ရတယ်။ အလင်းရောင်မရှိဘူး။ ဘာသံမှ မကြားရဘူး။

ယိုရှိယဟာ ပြင်ညီမို့မို့ပေါ် မတ်မတ်ရပ်ရင်း သူ့လက်အစုံကို အထက်အောက် စက်ဝိုင်းသဏ္ဌာန် လွှဲလိုက်တယ်။ လက်အစုံနဲ့အညီ ခြေထောက်နှစ်ဖက်ကလည်း ရှေ့ဆီတစ်ခါ ဘေးဆီတစ်လှည့် ရွှေ့တယ်၊ လှမ်းတယ်။ ဒီလို ကသလိုလို လှုပ်ရှားမှုကို ဆက်လှုပ်ရင်း ရွှေ့ရင်း လှမ်းရင်း သူ့ကိုယ်ခန္ဓာဟာ ပူနွေးလာပြီး၊ အသက်ရှင်သန်နေတဲ့ ဇီဝရုပ်ဖွဲ့စည်းမှုတစ်ခုအဖြစ် အာရုံခံစားမှု အပြည့်အဝ ပြန်လည်ခံစား ရရှိလာတယ်။ မကြာမီ သူရဲ့ခေါင်းကိုက်ဝေဒနာ လုံးဝနီးပါး ပျောက်ကင်းသွားရဲ့။

ယိုရှိယ ကောလိပ်ကျောင်းသားဘဝ ရည်စားက သူ့ကို ‘စူပါဖား’ လို့ ခေါ်တာပါ။ ယိုရှိယကတဲ့အခါ ဇရာမကြီးမားတဲ့ ဖားကြီးတစ်ကောင်လိုလို မြင်ရတာကြောင့်တဲ့။ သူမက အက ဝါသနာကြီးတယ်။ ကပွဲကလပ်တွေဆီ သူ့ကို အမြဲတမ်း ချော့မော့ ခေါ်သွားတတ်တယ်။ “ကြည့်ပါလားလို့၊ မင်းရဲ့လက်တံရှည်၊ ခြေတံရှည်ကြီးတွေကို တောင်ပံခတ်သလို ကနေတာ ချစ်ဖို့ သိပ်ကောင်းတာပဲ။ မိုးရေထဲက ဖားတစ်ကောင်နဲ့ တူလိုက်တာ” လို့ သူမပြောတတ်ရဲ့။

ပထမအကြိမ် အဲ့ဒီလို သူမပြောတုန်းက သူနာလိုက်သေးတယ်။ သူမနဲ့အတူ အကြိမ်အတော်များများ ကပွဲသွားပြီးတဲ့နောက် ယိုရှိယ ကရတာ ပျော်လာတယ်။ ဂီတသံရဲ့ စည်းဝါးနဲ့အညီ သူ့စိတ်ရောကိုယ်ပါ လှုပ်ရှားလာတာနဲ့အမျှ သူရဲ့ အတွင်းထဲဆီက ပင်ကိုနရီစည်းဟာ လောကရဲ့ အခြေခံနရီစည်းနဲ့ လုံးလုံးလျားလျား တညီတညွတ် စည်းချက်မှန်မှန် လှုပ်ရှားလာတယ်။ ဒီရေတက်တာ၊ ကျတာ၊ ကွင်းပြင်ကို ဖြတ်သန်းလာတဲ့ လေတိုက်ခတ်သွားတာ၊ ကောင်းကင်ပြင်တစ်ပြန့် ကြယ်တွေ လင်းလက်ပေါ်ထွက်လာတာ အဲဒီအရာ

တွေဟာ သူနဲ့ ဆက်နွယ်မှုမရှိတဲ့ နေရာတွေမှာ တွေ့နေရတာတော့ ဘယ်နည်းနဲ့မှ မဟုတ်ဘူးလို့ သူ အသေအချာ သိနေတယ်။

သူ့ရည်းစားကတော့ သူ့လို လူလွန်မသားကို မတွေ့ဖူးဘူးလို့ ပြောတတ်ရဲ့။ ဒီလို လူလွန်မသားအဖြစ်ဟာ ကတဲ့အခါ ကသိကအောင့် မဖြစ်ဘူးလားလို့ သူ့ရည်းစားက မေးဖူးတယ်။ ဘယ်တော့မှ အနှောင့်အယှက် မဖြစ်ဘူးလို့ သူ ပြောတယ်။ အမှန်ပဲ၊ သူဟာ လူလွန်မသားပါ။ ကလေးဘဝတုန်းကလည်း ကလေးအလျောက် လူလွန်မသားပါ။ ဒါပေမဲ့ အဲ့ဒီလို လူလွန်မသားအဖြစ်ဟာ ကြီးကြီးကျယ်ကျယ် ကောင်းကျိုးပေးတယ်ရယ်လို့ သူပြန်စဉ်းစားလို့ ရဘူး။ ကောင်မလေးတချို့က သူ့ကို လူလွန်မသားဆိုကာ ငြင်းဖူးတယ်။ ရူပကာယ အလှသဘော ကြည့်ပြန်တော့လည်း ထုံထိုင်းထိုင်း၊ ပုံပန်းမကျ၊ အသုံးမဝင်ဘူး။ အဲဒီအကြောင်းကြောင့် သူက ဖုံးဖုံးကွယ်ကွယ် နေတာပါ။ သူ့အမေကတော့ “သားရဲ့ ဂျိုးဟာ နိမိတ်လက္ခဏာပဲ။ သားဟာ အရှင်ဒေဝရဲ့ သားဖြစ်ကြောင်း သက်သေပြတာပဲ” လို့ ယုံကြည်သက်ဝင်မှု အပြည့်နဲ့ ပြောလေ့ရှိတယ်။ သူလည်း ယုံကြည်ခဲ့တာပဲ။ ဒါပေမဲ့ တစ်နေ့မှာ အဲ့ဒီလို အဆင်ခြင်မဲ့ ယုံကြည်မှုကြောင့် သူ တုန်လှုပ်ခဲ့ရတယ်။ ကစားကွင်းမှာ အဝေးက ပစ်လွှတ်လိုက်တဲ့ ဘောလုံးတွေကို ဖမ်းနိုင်တဲ့ အစွမ်းရှိဖို့ သူဆုတောင်းတာ မပြည့်ဘူး။ သူ့ဆုတောင်းအတွက် အရှင်ဒေဝဟာ သူတကာထက် ထွားတဲ့ လူလွန်မသားဘဝကို ပေးသနားတော်မူခဲ့တယ်။ ဒီလို မထော်မနမ်း အပေးအယူမျိုးကို ဖန်တီးတာ ဘယ်လိုလောကပါလိမ့်။

ယိုရှိယဟာ မျက်မှန်ကို ချွတ်ပြီး မျက်မှန်ဘူးထဲ ထည့်လိုက်တယ်။ အက၊ ကမလား၊ ဟူး... မဆိုးတဲ့ စိတ်ကူးပဲ။ လုံးဝမဆိုးဘူး။ သူ မျက်လုံးတွေ မှိတ်လိုက်တယ်။ သူ့အရေပြားပေါ် လရဲ့ ရောင်ခြည်ဖြူဖြူတွေ ကျနေတဲ့အတွေ့ကို ခံစားတယ်။ သူတစ်ယောက်တည်း စပြီး ကတယ်။ အဆုတ်ထဲကို လေတဝကြီး ရှူသွင်းလိုက်ပြီး၊ အဆုတ်ထဲကနေ လေတဝကြီး ရှိုက်ထုတ်လိုက်တယ်။ သူ့ခံစားမှုနဲ့ လိုက်ဖက်ညီတဲ့ သီချင်းကို စဉ်းစားလို့မရဘူး။ မြက်ခင်းပြင်ရဲ့ ယိမ်းလှုပ်မှုနဲ့၊ တိမ်တိုက်တွေရဲ့ လွင့်မျောမှုနဲ့ စည်းညီဝါးညီသူကတယ်။ မကြာမီ သူ့ကို တစ်ယောက်ယောက် စောင့်ကြည့်နေတယ်လို့ ခံစားရတယ်။ သူဟာ တစ်ယောက်ယောက်ရဲ့ မြင်ကွင်းထဲမှာ ကနေတာ လုံးလုံးလျားလျားသေချာကြောင်း သူ့အရေပြား၊ သူ့အရိုး သူ့တစ်ကိုယ်လုံးက သူ့ကို ပြောနေရဲ့။

အဲဒီတော့ ဘာဖြစ်သလဲ။ သူစဉ်းစားတယ်။ အဲ့ဒါ ဘယ်သူပဲဖြစ်ဖြစ် ကြည့်ချင်တယ်ဆိုရင် ကြည့်ခွင့်ပေးရုံပေါ့။ နတ်ဘုရားရဲ့သားမှန်သမျှ ကနိုင်ကြပေါ့။

ယိုရှိယ မြေပေါ် နင်းလျှောက်သွားတယ်။ သူရဲ့လက်တွေကို ညင်ညင်သာသာ လှလှပပ လွှဲလို့ လျှောက်တယ်။ လက်တွေက တစ်ချက်လွှဲလိုက်တိုင်း သူ့ အလိုအလျောက် တစ်ချက်ပြီး တစ်ချက် ချောချောမောမောနဲ့ အဆက်မပြတ် လိုက်လို့ လွှဲတယ်။ သူ့ရဲ့ကိုယ်ဟာ ထင်ထင်ရှားရှား မမြင်သာတဲ့ စည်းချက်ဝါးချက်ထဲမှာ စည်းကိုက်ဝါးကိုက်နဲ့ လက်တန်း ကကွက်အမျိုးမျိုး ပြောင်းကာ အချိုးအဆစ်ကျကျ ကနေတယ်။ သူ့အကရဲ့ ထိထိမိမိ ကချိုးတိုင်းမှာ ရှင်းပြဖို့ခက်တဲ့ အဲဒီလို အခြေခံသဘောတရားတွေ ရောယှက်ဖွဲ့စည်းနေတာ သူ ဂရုစိုက်မိတော့ တွေ့သွားတယ်။ သဘာဝစင်စစ်အလား ထင်ယောင်မှားလောက်တဲ့ ပန်းချီရုပ်ပုံတွေလို တောအုပ်ထဲမှာ တိရစ္ဆာန်တွေ ပုန်းအောင်းနေတယ်။ တချို့ တိရစ္ဆာန်တွေက သူ မမြင်ဖူးတဲ့ ကြောင်မက် ဖွယ်ရာ သားရဲကောင်တွေပေါ့။ အဆုံးမှာ တောအုပ်ထဲကို သူ ဖြတ်သွားရတယ်။ သူ ကြောက်တော့ မကြောက်ဘူး။ တောအုပ်က သူရဲ့ အတွင်းထဲဆီ ရှိနေတာ သူသိနေတာပဲလေ။ အဲဒီတောအုပ်ကြောင့် သူဆိုတဲ့ ဖြစ်တည်မှု ရှိနေတာပဲလေ။ အဲ့ဒီသားရဲကောင်တွေဟာ သူကိုယ်တိုင် ပိုင်စိုးတဲ့ သတ္တဝါတွေပဲလေ။

ဘယ်လောက်ကြာကြာ ကလိုက်သလဲ ယိုရှိယ မပြောတတ်ဘူး။ ဒါပေမဲ့ သူချိုင်းကြားမှာ ချွေးတွေ ထွက်လာတဲ့အထိ ကြာတယ်။ သူ အခိုင်အမာ ခြေစုံရပ်နေတဲ့ မြေပြင်ရဲ့အောက်ဆီမှာ မြုပ်နေတဲ့အရာက သူ့ကို တုန်လှုပ်အောင် လှုန့်လိုက်တယ်။ အမိုက်ဆုံး အမှောင်ထဲဆီက တချိမ့်ချိမ့် တဟည်းဟည်း မြည်လာနေတဲ့ နိမိတ်ဆိုးပေါ့။ အလိုဆန္ဒကို ကြီးစေတဲ့ လှုံ့ဖျော်မြစ်တွေပေါ့။ မချိမဆံ့ တွန့်လိမ်နေတဲ့ ရိုရွိရွိ သတ္တဝါတွေပေါ့။ မြို့ကြီးတွေကို အပြုအပျက် အပိုင်းအစ အစုအပုံကြီးတွေ ဖြစ်အောင်ပြုမယ့် ငလျင်ခိုအောင်းနေတဲ့ သားရဲတွင်းပေါ့။ အဲ့ဒါတွေက ကမ္ဘာကြီးရဲ့ နရီကို ပြောင်းလဲအောင်လည်း ပြဋ္ဌိုးမှာလေ။ သူ အကရပ်လိုက်တယ်။ အသက်အောင့်ထားလိုက်တယ်။ အဆုံးမဲ့တွင်းတစ်တွင်းထဲ အာရုံစိုက်ကြည့်သလို သူ့ခြေအစုံအောက်က မြေပြင်ကို စူးစူးစိုက်စိုက် ကြည့်တယ်။

သူ့အမေဟာ အဝေးတစ်နေရာက ပြိုပျက်နေတဲ့ မြို့ကြီးတစ်ခုမှာ ရောက်နေတယ်လို့ သူတွေးမိတယ်။ သူတွေးမိတယ်၊ သူက သူရဲ့ လက်ရှိ ဘဝ

ဖြစ်တည်မှုအတိုင်း ဆက်ပြီး ဖြစ်တည်ကာ၊ အချိန်ကို နောက်ပြန်လှည့်လို့ သူ့အ မေက ငယ်ငယ်ရွယ်ရွယ်နဲ့ သူမရဲ့ အမိုက်ဆုံး အမှောင်ထဲက စိတ်နှလုံးနဲ့ ဖြစ် တည်မယ်ဆိုရင် ဘာဖြစ်လေမလဲ။ ဒုစရိုက်လွမ်းတဲ့ အညစ်အကြေးခွံထဲ သက် ဆင်းကြကာ၊ တစ်ယောက်ကို တစ်ယောက် ပျက်စီးရာ ပျက်စီးကြောင်း ပြုကြ ကာ အပြင်းထန်ဆုံး အပြစ်ဒဏ်ကို ရင်ဆိုင်ကြရမှာ တစိုးတစေ့မျှ မလွဲဘူး။ အဲ့ ဒီတော့ ဘာဖြစ်သလဲ။

'အပြစ်ဒဏ်'တဲ့လား။ ငါဟာ အပြစ်ဒဏ် ခံသင့်တာ ကြာလှပေါ့။ မြို့ကြီး ဟာ ငါ့နံဘေး ပတ်ပတ်လည်မှာ တစ်စစီ ပြိုကွဲပျက်စီးခဲ့ဖို့ ကောင်းတာ ကြာလှ ပေါ့။

သူတို့ ကောလိပ်က ဘွဲ့ရတဲ့အခါ သူ့ရည်းစားက လက်ထပ်ဖို့ ပြောရဲ့။ "ဒို့ မင်းနဲ့ လက်ထပ်ချင်တယ် စူပါ-ဖား ရေ။ ဒို့ မင်းနဲ့အတူ နေပြီး မင်းနဲ့ရတဲ့ ကလေးကို မွေးချင်သေးတယ်ကွာ သားလေးတစ်ယောက်ပေါ့။ မင်းလိုပဲ လူလွန်မသားလေးပေါ့"

"ကိုယ်က မင်းနဲ့ လက်ထပ်လို့ မရဘူး။ ကိုယ်မင်းကို ပြောပြခဲ့ဖို့ ကောင်း မှန်းတော့ သိပါတယ်။ ကိုယ်က အရှင်ဒေဝရဲ့သား ကိုယ် ဘယ်သူ့ကိုမှ လက်ထပ်လို့ မရဘူးလေ"

"အဲ့ဒါ တကယ် အမှန်ပဲလား"

"အမှန်ပဲ၊ ကိုယ် စိတ်မကောင်းပါဘူးကွာ"

သူဒူးထောက်ထိုင်လိုက်တယ်။ သဲလက်တစ်ဆုပ် ဆုပ်ယူလိုက်ပြီး၊ အဲဒီ သဲတွေကို လက်ချောင်းတွေ ကြားကနေ မြေပြင်ပေါ်ပြန်ပြီး စစ်ချလိုက်တယ်။ အဲဒီလို ထပ်ခါထပ်ခါ အကြိမ်ကြိမ်လုပ်တယ်။ ချောချောမွေ့မွေ့ မရှိ အေးစက်စက် မြေသားရဲ့ အထိအတွေ့ကြောင့် သူဟာ မစ္စတာ,တာဘာတာရဲ့ သွေးဆုတ်နေတဲ့ လက်ကို ဆုပ်ကိုင်ခဲ့တဲ့ အချိန်ကို သတိရလိုက်တယ်။

"ငါ သိပ်ကြာကြာနေရတော့မယ် မဟုတ်ဘူး၊ ယိုရှိယရယ်" လို့ မစ္စတာ,တာဘာတာဟာ အက်ကွဲနေတဲ့ အသံနဲ့ ပြောတယ်။ ယိုရိယက ဆန့်ကျင်ပြောဖို့ ပြင်သေးပေမယ့် မစ္စတာ, တာဘာတာက ခေါင်းကို ညင် ညင်သာသာ ခါရင်း တားခဲ့တယ်။

“အကြောင်းမဟုတ်ပါဘူးကွယ်။ ဘဝဆိုတာ ဝေဒနာခံစားနေရတဲ့ အိပ်မက်တိုတိုလေး တစ်ခုမျှပါပဲ။ အရှင်ရဲ့ လမ်းပြမှုကို ကျေးဇူးတော် ချီးမွမ်းပါတယ်။ ဒီမျှအထိ ဘဝမှာ ရှင်သန်နေနိုင်ခဲ့တယ်။ အေး ငါမသေခင် မင်းကို ပြောစရာတစ်ခုတော့ ဖွင့်ပြောခဲ့ချင်တယ်။ ဒီလို ပြောရတာ ငါ့အတွက် ရှက်ဖို့ကောင်းလှတယ်ကွယ်။ ဒါပေမဲ့ ငါ့မှာ ရွေးခွင့်မရှိဘူး။ ငါဟာ မင်းအမေအပေါ် ရမက်ထန်ထန် အတွေးတွေ အကြိမ်ကြိမ် တွေးခဲ့မိတယ်။ မင်းသိတဲ့အတိုင်း၊ ငါ့မှာ ငါ့နှလုံးသားနဲ့ရင်းပြီး ချစ်ရတဲ့ မိသားစုရှိတယ်လေ။ မင်းအမေဟာ တကယ့်ကို ဖြူစင်တဲ့ စိတ်နှလုံးရှိတဲ့ လူတစ်ယောက်ပါ။ ဒါပေမဲ့၊ မင်းအမေရဲ့ ခန္ဓာကိုယ်ကို ရုန့်ရင်းကြမ်းတမ်းတဲ့ စိတ်နဲ့ မက်မောတောင့်တမိခဲ့တယ်။ ဘယ်လိုမှ ချိုးနှိမ်လို့ မရအောင်ကို မက်မောတောင့်တခဲ့တယ်။ မင်း ငါ့ကို ခွင့်လွှတ်ဖို့ တောင်းပန်ချင်တာပါပဲ”

မစ္စတာ, တာဘာတာရေ၊ ခင်ဗျားအနေနဲ့ ဘယ်သူ့ရဲ့ ခွင့်လွှတ်ခြင်းကိုမှ တောင်းခံနေစရာ မလိုပါဘူး။ ဒီလို ရမက်လွှမ်းတဲ့ အတွေးတွေးမိတာ ခင်ဗျား တစ်ယောက်တည်း မဟုတ်ပါဘူး။ ကျုပ်လို သားတစ်ယောက်တောင်မှ၊ ကြောက်မက်ဖွယ် ကောင်းလှတဲ့ စိတ်စွဲလမ်းမှုနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့မိသေးတာပဲ ဆိုတာမျိုး ယိုရိယဟာ သူ့ကိုယ်တိုင်ရဲ့ ခံစားမှုကို ဖွင့်ဟပစ်လိုက်ချင်ခဲ့တာပါ။ ဒါပေမဲ့ အဲ့ဒီလို တစ်ဆုံးတစ်စ ဖွင့်ချလိုက်ရင် မစ္စတာတာဘာတာအဖို့ ပိုလို့သာ စိတ်နှလုံး ကြေကွဲသွားမှာပါ။ ယိုရှိယဟာ မစ္စတာ,တာဘာတာရဲ့ လက်ကို ဆွဲယူကာ အချိန်ကြာကြာရှည်ရှည် ဆုပ်ကိုင်ထားရင်း သူ့ရင်ထဲက အတွေးတွေဟာ သူ့လက်ကတစ်ဆင့် မစ္စတာ,တာဘာတာရဲ့ လက်ဆီ အလိုအလျောက် ကူးဆက်သွားလိမ့်မယ်လို့ မျှော်လင့်မိတယ်။ ငါတို့ရဲ့ နှလုံးသားတွေဟာ ကျောက်တုံးတွေ မဟုတ်ဘူး။ ကျောက်တုံးဟာ အချိန်နဲ့အမျှ တဖြည်းဖြည်း ကြေကွဲပြီး သူရဲ့ အပပုံသဏ္ဌာန် ပျောက်ဆုံးသွားနိုင်တယ်။ နှလုံးသားကတော့ ဘယ်တော့မှ တစ်စစ မကြေမပျက်ဘူး။ နှလုံးသားမှာ အပပုံသဏ္ဌာန်လည်း မရှိဘူး။ အကောင်းနဲ့အဆိုး မရှိဘူး။ ငါ့တို့ဟာ နှလုံးသားချင်း တစ်ယောက်နဲ့ တစ်ယောက် ဆက်နွယ်ကူးလူးကြတယ်။ နတ်ဘုရားသား မှန်သမျှ ကနိုင်ကြတယ်။ နောက်တစ်နေ့မှာ မစ္စတာ,တာဘာတာ နောက်ဆုံးထွက်သက် ရှိုက်ခဲ့တယ်။

ဘောလုံးအပစ်သမားရဲ့ မြေပြင်မို့မို့မှာ ဒူးထောက်ထိုင်ရင်း ယိုရှိယ သူ့ကိုယ်သူ အချိန်ရဲ့အလျင်နဲ့ မျှောပစ်လိုက်တယ်။ ခပ်လှမ်းလှမ်း တစ်နေရာဆီက

ဥဩဆွဲသံ သဲ့သဲ့ကြားရတယ်။ လေပြေတစ်သုတ်ဟာ သူ အရှိန်မသေခင်အထိ မြက်ပင်ကလေးတွေကို ကကွက်ဖွဲ့စည်းကာ မြက်ခင်းပြင် တေးကို ဖော်ကျူးရဲ့။

“အို... အရှင်ဒေဝ” လို့ ယိုရှိယ ကျယ်ကျယ်လောင်လောင် ရွတ်ရဲ့။

❑

(မူရင်း ဂျပန်မှ အင်္ဂလိပ်သို့ Jay Rubin ဘာသာပြန်တဲ့ ဟာရုကိမူရာကာမိရဲ့ After The Quake ဝတ္ထုတိုစု စာအုပ်မှ All God's Children Can Dance ကို မြန်မာပြန်ပါတယ်။)

လက်ဝတ်ရတနာလို

အပြစ်အနာကင်းပြီး

အရောင်တဖိတ်ဖိတ်လက်နေတာ

မော်ဒယ်အသစ် ကားတစ်စီးထက်ကို

ပိုလို့ လှပနေတယ်။

တခြားဂြိုဟ်တစ်ခုက

အရာဝတ္ထုတစ်ခုနဲ့တောင်

တူသေးတယ်။

လုံးလုံးလျားလျား

တစ်စုံတစ်ယောက်ရဲ့

စိတ်ကူးကွန်မြူးမှုနဲ့

တည်ဆောက်ထားတဲ့

ပုံသဏ္ဌာန်တစ်ခုနဲ့တောင်

တူသေးတယ်။

ထိုင်းဌာနီ

ကြေညာချက်တစ်ခု ကြေညာတယ်။ “ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ။ ကျွန်တော်တို့ရဲ့ လေယာဉ်ဟာ ပြင်းထန်တဲ့ လေထုတစ်ခုကို ဖြတ်သန်းရပါမယ်။ ကျေးဇူးပြု၍ မိမိတို့ရဲ့ ထိုင်ခုံများမှာ ပြန်လည်နေရာယူကြပြီး ထိုင်ခုံခါးပတ်များကို ပတ်ထားကြပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျာ” စာဆုခိရဲ့ စိတ်က လွင့်ချင်ရာကို လွင့်နေတာကြောင့် ထိုင်းအမျိုးသား လေယာဉ်မောင်ရဲ့ ထိုင်းသံဝဲဝဲ ဂျပန်စကားကို အခိုက်အတန့်မျှ အဓိပ္ပာယ်ဖော်ယူရတယ်။

စာဆုခိဟာ ပူအိုက်ကာ ချွေးပြန်နေတယ်။ ရေနွေးငွေ့ထဲ ရေချိုးရတာနဲ့ တူတယ်။ သူမတစ်ကိုယ်လုံး အပူရှိန် တစ်ငွေ့ငွေ့ လောင်နေတယ်။ အသားကပ် ဘောင်းဘီ၊ ဘရာစီယာတွေက ကသိကအောင့် နိုင်လွန်းသမို့ ချွတ်ပစ်လိုက်ချင်တယ်။ လွတ်လွတ်ကျွတ်ကျွတ် နေပစ်လိုက်ချင်တယ်။ သူမကလည်ကိုင့်ကာ ဘစ်ဇနစ်(စ်) ကလပ်(စ်)က တခြားခရီးသည်တွေကို ကြည့်တယ်။ မဟုတ်ပြီ။ သူမတစ်ယောက်တည်းသာ အပူဝေဒနာကို ခံစားနေရတာ ထင်ရှားပြီ။ ခရီးသည်အားလုံး လေအေးစက်ရဲ့ အအေးကို ရင်ဆိုင်ကာ စောင်ကို ပခုံးထက် လွှမ်းကာ ကွေးကွေးကလေးတွေ အိပ်ပျော်နေကြတယ်။ ကိုယ့်အပူဝေဒနာက သွေးဆုံးချိန် ခံစားရတဲ့ အပူဖြစ်မယ်။ စာဆုခိဟာ နှုတ်ခမ်းကို ကိုက်ရင်း အပူကို မေ့ဖျောက်ကာ တခြားဆီ အာရုံကျက်စားစေမယ်လို့ ဆုံးဖြတ်တယ်။ သူမက စာအုပ်ကို ဖွင့်တယ်။ ဖတ်လက်စ စာမျက်နှာကနေ ပြန်စပြီး ကြိုးစားပမ်းစား ဖတ်တယ်။ ဒါပေမဲ့ အပူကို မေ့ဖို့တော့ ဖြစ်ကို မဖြစ်နိုင်။ ဒီအပူကတော့ သွေးရိုးသားရိုးအပူ မဟုတ်။ လေယာဉ်က ဘန်ကောက်လေဆိပ်ကို ဆင်းဖို့ နာရီချီကာ ကြာဦးမယ်။ အနားက ဖြတ်သွားတဲ့ လေယာဉ်မယ်ဆီ သူမ ရေတောင်းတယ်။ လက်ဆွဲအိတ်ထဲက ဆေးဘူးကို ထုတ်ပြီး ဆေးကို ရှာတယ်။ သူမသောက်ဖို့ မေ့နေတဲ့ ဟိုမုန်းဆေးတစ်စုံကို ရေနဲ့ မျှောချလိုက်တယ်။

သွေးဆုံးဝေဒနာ။ ဒါက လူသားဟာ ကိုယ့်သက်တမ်းကို ရှည်သထက် ရှည်အောင် ကိုယ့်အတတ်နဲ့ကိုယ် ဆန့်တာကြောင့် နတ်ဘုရားက လူသားကို သွယ်သွယ်ဝိုက်ဝိုက် သတိပေးမှု ဒါမှမဟုတ် ရက်ရက်စက်စက် ကျီစယ်မှုဖြစ်မယ်လို့ သူမဘာသာသူမ မရေမတွက်နိုင်ပြီဖြစ်တဲ့ အကြိမ်အဖြစ် ရေရွတ်မိ

တယ်။ လွန်ခဲ့တဲ့ နှစ်တစ်ရာမျှကပဲ လူသားရဲ့ ပျမ်းမျှသက်တမ်းက အနှစ်ငါး ဆယ် ရှိသေးတယ်။ မိနစ်မတစ်ယောက် သွေးဆုံးပြီးနောက် အနှစ်နှစ်ဆယ် အနှစ်သုံးဆယ် ဆက်လက် အသက်ရှင်နေသေးတဲ့ အဖြစ်ဟာ ထူးထူးခြားခြား အဖြစ်တစ်ခုပါ။ သားအိမ်ကနေ ဖြစ်စေ၊ သိုင်းရွိုက်ကနေဖြစ်စေ ဟိုမုန်း ထုတ်ပေးတာ မှန်မှန်မရတော့တဲ့ တစ်ရှူးတွေနဲ့ ဆက်လက်အသက်ရှင်ဖို့ အခက်အခဲရယ်၊ သွေးဆုံးလွန်ကာလ အီစတြိုဂျင် လယ်ဗယ်(လ်) ကျဆင်းတာနဲ့ အယ်(လ်)ဇိုင်းမားဝေဒနာ ဆက်စပ်မှု ဖြစ်နိုင်ခြေ ပြဿနာရယ်ကတော့ စိတ်သောက ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပြဿနာတွေ မဟုတ်။ ဒါ့ထက် လွန်လို့ လူသား အများစုအတွက် အရေးတကြီး ရင်ဆိုင်နေရတဲ့ ပြဿနာက နေ့စဉ်အစာရေစာ ဖူလုံရေးဖြစ်တယ်။ ဆေးပညာတိုးတက်မှုက လူသားမျိုးနွယ် ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဖော်ထုတ်တာ၊ ကဏ္ဍအဆင့်ဆင့် အကန့်ကန့် ထပ်ဆင့် ခွဲခြားတာ ပိုမို ရှုပ်ထွေး ခက်ခဲစေတာအပြင် ပြဿနာဖြေရှင်းပေးခဲ့တယ် လို့ ရှိပါသလား။

မကြာမီ ကြေညာချက်တစ်ခု စပီကာက ထွက်လာပြန်တယ်။ ဒီတစ်ကြိမ် အင်္ဂလိပ်လိုပါ။ “လေယာဉ်ပေါ် လိုက်ပါသူများတွင် ဆရာဝန်ပါလျှင် မိမိ ဆရာဝန်ဖြစ်ကြောင်း လေယာဉ်အမှုထမ်းထံ သတင်းပေးစေလိုပါတယ်” လို့ ဖြစ်တယ်။

ခရီးသည် တစ်ယောက်ယောက် နေထိုင်မကောင်းလို့ ဖြစ်မယ်။ စာဆုခိ ဟာ လုပ်အားပေးဖို့ စဉ်းစားမိသေးတယ်။ ဒါပေမဲ့ သူမ စိတ်ပြောင်းတာ မြန်တယ်။ အရင် ခရီးနှစ်ခေါက်တုန်းက ဒီလိုလုပ်အားပေးဖို့ သူမသွားတဲ့အခါ ကုသရေးနယ်ပယ်မှာ ကျင်လည်နေတဲ့ အထွေထွေ အထူးကုဆရာဝန်တွေ လေယာဉ်ပေါ်ပါလာတဲ့ အဖြစ်နဲ့ ရင်ဆိုင်ခဲ့ရဖူးတယ်။ အဲဒီ အထွေထွေ အထူးကုဆရာဝန်တွေဟာ ရှေ့ တန်းစစ်မျက်နှာမှာ စစ်တပ်ကို အမိန့်ပေးကွပ်ကဲတဲ့ သမ္ဘာရင့် ဗိုလ်ချုပ်တွေရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမျိုး ရှိကြပုံလည်း တွေ့ရတယ်။ လူကို မြင်ရင်မြင်ချင်း စာဆုခိဟာ တိုက်ရေးခိုက်ရေး အတွေ့အကြုံမရှိတဲ့လူ၊ ဆေးပညာမှာ ကုသရေး အတွေ့အကြုံမရှိတဲ့ ရောဂါဗေဒပါရဂူ တစ်ဦးမျှလို့ သတ်မှတ်ကြပုံလည်း တွေ့ရတယ်။ “အစစ အဆင်ပြေပါတယ်၊ ဒေါက်တာ၊ ဒီကေ့(စ်)ကို ကျွန်တော့်ဘာသာ ကျွန်တော် ကောင်းကောင်း ကိုင်နိုင်ပါတယ်။ ဒေါက်တာ နားနားနေနေ နေပါ” လို့ အေးတိအေးစက် အပြုံးနဲ့ ပြောတာကို စာဆုခိ ခံခဲ့ရဖူးပြီ။ စာဆုခိဟာ ခပ်တုံးတုံး လောကဝတ်စကားကို ဗလုံးဗထွေး

ပြောပြီး သူမရဲ့ ထိုင်ခုံဆီ ပြန်လာကာ အဓိပ္ပာယ်မရှိတဲ့ ရုပ်ရှင်တစ်ပိုင်းတစ်စကို ကြည့်နေခဲ့ရဖူးပြီ။

ဒါပေမဲ့ စာဆုခိုက ဒီလေယာဉ်ပေါ်မှာ ဆရာဝန်ဆိုလို့ သူမ တစ်ယောက်တည်း ဖြစ်ကောင်း ဖြစ်နိုင်သေးတယ်လို့ တွေးမိတယ်။ လူနာဟာ သိုင်းရွိုက်နဲ့ ဆက်နွယ်တဲ့ ကိုယ်ခံအားဝေဒနာ ပြင်းပြင်းထန်ထန် ခံစားနေရ တာလည်း ဖြစ် ကောင်း ဖြစ်နိုင်သေးတယ်။ တကယ်လို့ အခြေအနေက အဲဒီလို ဖြစ်ရင်၊ အဲဒီ အခြေအနေလောက် အရေးမကြီးလည်း အဲဒီအခြေအနေနဲ့ အလားတူ ဖြစ်ရင်လည်း သူဟာ တစ်နေရာရာမှာ အသုံးတည့်ပါလိမ့်မယ်။ စာ ဆုခိုဟာ အသက်တစ်ချက် ရှူသွင်းလိုက်ပြီး လေယာဉ်အမှုထမ်းကို ခေါ်တဲ့ ခလုတ်နှိပ်လိုက်ရဲ့။

ကမ္ဘာ့သိုင်းရွိုက်ညီလာခံကို ဘန်ကောက် မဲရိယတ်ဟိုတယ်မှာ လေး ရက်ကြာ ကျင်းပတယ်။ ညီလာခံတစ်ခုထက် ကမ္ဘာတစ်ဝှမ်းက မိသားစုတွေ ပြန်လည် တွေ့ဆုံတဲ့ပွဲနဲ့ ပိုတူတယ်။ တက်ရောက်တဲ့လူ အားလုံးဟာ သိုင်းရွိုက် ပါရဂူတွေ ချည်း။ သူတို့အားလုံး တစ်ဦးနဲ့ တစ်ဦး ရင်းနှီးနှင့်ကြပြီး ဖြစ်ရင်လည်း ဖြစ်၊ မဖြစ်သေးရင်လည်း ခုမြင်ခုတွေ့ မိတ်ဆက် ရင်းနှီးကုန်တာချည်း။ ကမ္ဘာ က ကျဉ်းကျဉ်းကလေး မဟုတ်ပါကလား။ ဒီညီလာခံမှာ နေ့ပိုင်းက ဟောပြောပွဲ တွေ၊ အစုအဖွဲ့လိုက် ဆွေးနွေးပွဲတွေ ပြုလုပ်ပြီး ညပိုင်းက ပုဂ္ဂိုလ်ရေးပါတီပွဲ တွေပါ။ မိတ်ဆွေတွေ စုစုဝေးဝေး ဆုံကြကာ ချစ်ခင်ရင်းနှီးမှု ပြန်လည်ဆန်း သစ်ကြတယ်။ သြစတြေးလျားဝိုင် သောက်ကြတယ်။ သိုင်းရွိုက်နဲ့ စပ်လျဉ်းတဲ့ ဆေးပညာ အတွေ့အကြုံတွေ ဖလှယ်ကြတယ်။ နှစ်ကိုယ်ကြား အတင်းပြော ကြတယ်။ သူတို့ရဲ့ လက်ရှိ အလုပ်အကိုင် ရာထူးအသီးသီးကို အပြန်အလှန် အသိပေးရတယ်။ ဆေးသမားလောက ဟာသကြမ်းကြမ်းတွေကို ပြောကြ တယ်။ ဒီနောက် ကာရာအိုကေဘားမှာ 'လှိုင်းစီးတဲ့ မိန်းကလေး' (Surfer Girl) သီချင်းကို ဆိုကြရဲ့။

ဘန်ကောက်မြို့မှာ စာဆုခိုဟာ ဒီးထရွိုက်မြို့က မိတ်ဆွေတွေနဲ့ အတူတူ နေတဲ့ အချိန်က အများဆုံးပါ။ အဲဒီလူတွေနဲ့ဆို စာဆုခို အလွန်အလွန် စိတ်လက် ချမ်းချမ်းသာသာ ရှိတယ်လို့ ထင်တယ်။ စာဆုခိုက ဒီးထရွိုက်မြို့ တက္ကသိုလ်ဆေးရုံမှာ ဆယ်နှစ်နီးပါး အလုပ်လုပ်ခဲ့တယ် သိုင်းရွိုက်ဂလင်းရဲ့ ကိုယ်ခံအားစနစ် အလုပ်လုပ်ပုံ သုတေသနလုပ်တယ်။ အဆုံးမှာ စတော့စာချုပ်

တွေ၊ စတေ့စျေးကွက်တွေထဲ နစ်နေတဲ့ ခင်ပွန်းဟာ တစ်နှစ်ထက်တစ်နှစ် အရက်စွဲသထက် စွဲလာရာကနေ စာဆုခိလည်း ကောင်းကောင်းသိတဲ့ မိန်းမ တစ်ယောက်နဲ့ ငြိသမို့ စာဆုခိနဲ့ ရန်ပွားရတယ်။ ရှေ့နေရှေ့ရပ်တွေ ပတ်သက် ပါဝင်တဲ့ ခါးခါးသီးသီး ရန်ပွဲဟာ တရွေ့ရွေ့ တထင့်ထင့်နဲ့ တစ်နှစ်လုံးလုံး ကုန် တယ်။ “ငါ့ကို ပျက်စီးအောင်လုပ်တဲ့ အဓိက ပြဿနာကတော့ မင်း ငါ့အတွက် ကလေးမွေးပေးချင်စိတ် မရှိတာဘဲ” လို့ သူမရဲ့ ခင်ပွန်းက စွပ်စွဲတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ကွာရှင်းပြတ်စဲတဲ့ အမှုပြီးတယ်။ ဒီနောက် နှစ်လသုံး လအကြာမှာ ဆေးရုံ၊ မော်တော်ယာဉ် ရပ်နားရာကွင်းမှာ လူတစ်ယောက်က စာဆုခိရဲ့ ဟွန်းဒအက္ကော့(ဒ်)ကားရဲ့ ရှေ့မီးသီးကြီးတွေကို ရိုက်ခွဲသွားပြီး ရှေ့ စက်ဖုံးပေါ်မှာ အဖြူရောင်စာလုံးတွေနဲ့ ‘ဂျပန်ကား’လို့ ရေးခဲ့တယ်။ သူ ပုလိပ် ကို ခေါ်တယ်။ လူလုံးလူထည်ထွားထွား လူမည်းပုလိပ်က အပျက်အစီးကို မှတ်စုရေးမှတ်ပြီး “လေဒီ၊ ဒါ ဒီးထရွိုက်ပါ ခင်ဗျာ၊ နောက်တစ်ခါ ကားဝယ်မယ် ဆိုရင် ဖို့(ဒ်)တောရပ်(စ်) ဝယ်ပါခင်ဗျာ” လို့ စာဆုခိကို ပြောရဲ့။

စာဆုခိဟာ အလုပ်ကလည်း ခေါင်းဖော်နိုင်တယ် မရှိ။ ရှုပ်ရဲ့။ ဒီလိုနဲ့ စာ ဆုခိဟာ အမေရိကားမှာ နေရတာ ငြီးငွေ့လာကာ ဂျပန်ပြန်ဖို့ ဆုံးဖြတ်တယ်။ တိုကျိုမြို့က တက္ကသိုလ်ဆေးရုံမှာ ရာထူးတစ်နေရာ သူတွေ့တယ်။ “ခင်ဗျားဒီ လို မလုပ်သင့်ဘူးဗျာ။ အနှစ်နှစ်အလလ ကျုပ်တို့ သုတေသနလုပ်ခဲ့တာ အသီး အပွင့် မြင်ရခါနီးမှဗျာ။ နိုဘယ်(လ်)ဆု စာရင်းမှာ ကျုပ်တို့နာမည် တင်သွင်းခံရ နိုင်တယ် နော်။ ဒါ ရူးတာမဟုတ်ဘူးဗျ” လို့ စာဆုခိတို့ရဲ့ သုတေသနအဖွဲ့က အိန္ဒိယနိုင်ငံသား လုပ်ဖော်ကိုင်ဖက်က ပြောတယ်။ သူက စာဆုခိကို အမေရိ ကားမှာ ဆက်လက်နေထိုင်ဖို့ တောင်းပန်တယ်။ စာဆုခိကတော့ ဆုံးဖြတ်ချက် ချပြီးပြီ။ စာဆုခိရဲ့ အတွင်းသဏ္ဌာန်ထဲ ဘယ်လိုမှ ဆက်လက်ထိန်းနိုင်စွမ်း မရှိ ပြီ။

ညီလာခံပြီးတော့ စာဆုခိဟာ ဘန်ကောက်မြို့က ဟိုတယ်မှာ တစ်ယောက်တည်း ဆက်နေတယ်။ “ဒီကွန်ဖရင့်ပြီးရင် ကိုယ် တစ်ယောက်တည်း အပန်းဖြေခရီးတစ်ခု စီစဉ်ထားတယ်လေ။ တကယ့်ကို အနားရမယ့် အနီးအနားက ရီဇော့(ထ်) တစ်ခုခုကို သွားမယ်ကွယ်။ ရေကူးကန် ဘေးမှာ စာဖတ်မယ်၊ ရေကူးမယ်၊ ကော့(ခ်)တေး(လ်) ကောင်းကောင်း

အေးအေးကလေး သောက်မယ် ဆိုတာကလွဲလို့ တစ်ပတ်လုံးလုံး ဘာဆို ဘာမှ မလုပ်ဘဲ နေမယ်ကွယ်” လို့ မိတ်ဆွေတွေကို သူက ပြောတယ်။

“နိပ်ပါ့ လူတိုင်း ဒီလို အခိုက်အတန့်ကလေး ဖြစ်ဖြစ် နားနားနေနေ အချိန်ကလေးက လိုတယ်။ မင်းရဲ့ သိုင်းရွိုက်အတွက်လည်း ကောင်းတယ်” လို့ မိတ်ဆွေတွေကလည်း ပြောကြတယ်။ စာဆုခိကလည်း လက်ဆွဲနှုတ်ဆက်တဲ့ သူ လက်ဆွဲ၊ ပွေ့ဖက် နှုတ်ဆက်တဲ့သူ ပွေ့ဖက်၊ ပြန်လည်ဆုံတွေ့ကြဖို့ ကတိ ပေးတဲ့သူကို ပေးနဲ့ မိတ်ဆွေတွေကို နှုတ်ဆက်တယ်။

စီစဉ်ထားတဲ့အတိုင်း နောက်တစ်နေ့ မနက်စောစော ဟိုတယ်ရှေ့ကို ဇိမ်ခံကားတစ်စီး ဆိုက်လာတယ်။ ပင်လယ်ပြာရောင် မော်ဒယ်ဟောင်း မာစေးဒီး တစ်စီးပါ။ လက်ဝတ်ရတနာလို အပြစ်အနာကင်းပြီး အရောင်တဖိတ်ဖိတ် လက်နေတာ မော်ဒယ်အသစ် ကားတစ်စီးထက်ကို ပိုလို့ လှပနေတယ်။ တခြား ဂြိုဟ်တစ်ခုက အရာဝတ္ထုတစ်ခုနဲ့တောင် တူသေးတယ်။ လုံးလုံးလျားလျား တစ်စုံတစ်ယောက်ရဲ့ စိတ်ကူးကွန့်မြူးမှုနဲ့ တည်ဆောက်ထားတဲ့ ပုံသဏ္ဌာန် တစ်ခုနဲ့တောင် တူသေးတယ်။ ပိန်ပိန်ပါးပါးနဲ့ အသက်ခြောက်ဆယ်အတွင်း ရှိမယ့် ထိုင်းအမျိုးသားက စာဆုခိအတွက် မော်တော်ယာဉ်မောင်းနဲ့ ခရီးသွားလမ်းညွှန် ဖြစ်လိမ့်မယ်။ အဲဒီလူဟာ ကော်တောင့်တောင့် မီးပူပြန့်ပြန့် တိုက်ထားတဲ့ အဖြူရောင် လက်တိုရှပ်အင်္ကျီ၊ အနက်ရောင် ပိုးသားလည်စီး၊ အမည်းရောင် နေကာမျက်မှန်တွေကို ဝတ်ဆင်ထားတယ်။ အဲဒီလူရဲ့ မျက်နှာက နေလောင်တဲ့ ညိုတိုတိုအရောင်၊ လည်ပင်းက ခပ်ရှည်ရှည် ခပ်သွယ်သွယ်ပါ။ စာဆုခိဆီ အဲဒီလူက သူ့ဘာသာသူ လာပြီး မိတ်ဆက်တယ်။ စာဆုခိကို လက်ဆွဲနှုတ်မဆက်ဘဲ လက်အုပ်ကို ရင်ညွန့်မှာချီလို့ ဦးခေါင်းကို သာသာညွတ်တယ်။ ဂျပန်လူမျိုးတွေ ဦးညွတ်ဂါရဝပြုတာနဲ့ အတော်တူရဲ့။

“ကျွန်တော့်ကို နိမစ်လို့ ခေါ်နိုင်ပါတယ်။ လာမယ့် တစ်ပတ်အတွင်း ဒေါက်တာအတွက် လမ်းညွှန်တစ်ယောက်၊ အကူတစ်ယောက်အဖြစ် ကျွန်တော် အမှုထမ်းမှာပါ”

‘နိမစ်’ဆိုတဲ့ နာမည်ဟာ သူရဲ့ နာမည်လား၊ ဒါမှမဟုတ် မိဘမျိုးရိုး နာမည်လား ဆိုတာတော့ ရှင်းရှင်းလင်းလင်း မသိရ။ ဘယ်လိုဖြစ်ဖြစ် သူဟာ ‘နိမစ်’ပါ။ အဲဒီလို သူ နိမစ်ဖြစ်ကြောင်းကိုလည်း အမေရိကန်တို့ရဲ့ ထလာထသွား အင်္ဂလိပ်စကားရယ်၊ ဖြိတိသျှတို့ရဲ့ ဟန်ကြီးပန်ကြီး အင်္ဂလိပ်စကားရယ်

အလျဉ်းမပါဝင်ဘဲ လွယ်လွယ်ကူကူ နားလည်နိုင်တဲ့ အင်္ဂလိပ်စကားနဲ့ ရည်ရည်မွန်မွန် ယဉ်ယဉ်ကျေးကျေး ပြောတယ်။ သူ့အင်္ဂလိပ်စကားသံမှာ ဘယ်လူမျိုးရဲ့ အသံမှ သိသိသာသာ ဝဲတာ မကြားရ။ အင်္ဂလိပ်စကားကို ဒီနည်းဒီဟန် ပြောသံကို စာဆုခို အရင်က ကြားဖူးပေမယ့် ဘယ်မှာ ကြားခဲ့ရတာ မမှတ်မိတော့။

“ကျေးဇူးတင်ပါတယ်ရှင်” လို့ စာဆုခိုက ပြန်ပြောတယ်။

သူမတို့နှစ်ဦး ဘန်ကောက်မြို့ရဲ့ အောက်တန်းကျကျ၊ ဆူဆူညံညံ၊ လူထုထူလူရှုပ်ရှုပ် လမ်းတွေတစ်လျှောက် ဖြတ်သန်းခဲ့ကြတယ်။ မော်တော်ကားတွေက တသီတတန်း တရွှေ့ရွှေ့ တလိမ့်လိမ့် လှိမ့်နေကြတယ်။ လူတွေက တစ်ယောက်နဲ့ တစ်ယောက် ရိုင်းရိုင်းစိုင်းစိုင်း အော်ဟစ်နေကြတယ်။ မော်တော်ကား ဟွန်းသံတွေက ဝန်းကျင်တစ်ခွင်လုံး စူးစူးရဲရဲ့ ကျယ်ကျယ်လောင်လောင် မြည်နေကာ လေကြောင်းအန္တရာယ် ဥဩဆွဲသံနဲ့ တူလှတယ်။ ဒါ့ပြင် လမ်းမပေါ်မှာ ဆင်တွေက လေးလေးတွဲ့တွဲ့ အိပ့်အိပ့် သွားနေလာနေတယ်။ ဆင်က တစ်ကောင်နှစ်ကောင်မျှမက။ ဒီလို မြို့တော်ကြီးထဲ “ဆင်တွေက ဘာလုပ်နေကြတာလဲ” လို့ စာဆုခိုက နိမစ်ကို မေးမိတယ်။

“ဆင်ပိုင်ရှင်တွေက ဆင်တွေကို တောကနေ ဒီမြို့ပေါ်ကို ခေါ်လာကြတာပါ။ တောမှာတော့ သူတို့ကို သစ်ဆွဲတဲ့နေရာမှာ ခိုင်းတာပါ။ ဒါပေမဲ့ ဆင်အတွက် သစ်ဆွဲတဲ့ အလုပ်ကလည်း ပေါပေါများများ မရှိပါဘူး။ ဆင်တွေ နေဖို့စားဖို့ အသက်ရှင်ဖို့ အလုပ်လုပ်စရာ အလုပ်က တောမှာ လုံလုံလောက်လောက်မှ မရှိဘဲ။ ဆင်တွေကို မြို့ပေါ် ခေါ်လာပြီး သင်ထားသမျှ ခြေလှုပ်လက်လှုပ် အကကလေး ကျွမ်းကလေးပြပြီး တိုးရစ်တွေဆီက ငွေရှာတာပေါ့လေ။ အခုဆိုဘန်ကောက်မှာ ဆင်တွေ တော်တော့်ကို များနေပါပြီ။ မြို့သူမြို့သားတွေလည်း အတော် အခက်အခဲ တွေ့ရတယ်။ တစ်ခါတလေ ဆင်တစ်ကောင် အထိတ်တလန့်ဖြစ်ပြီး ဒေါသနဲ့ လျှောက်ရမ်းနေတာမျိုးလည်း ရှိတယ်။ မနေ့တစ်နေ့ကတွင်ပဲ အဲဒီလို ဆင်တစ်ကောင်ကြောင့် မော်တော်ကားတွေ အတော် ပျက်စီးကုန်တယ်။ ဒါကို ပုလိပ်ကလည်း ကြိုးစားပြီးတော့ တားဆီးနေတာပါပဲ။ သိတဲ့အတိုင်းပဲလေ၊ ဒီဆင်တွေကို ပိုင်ရှင်တွေလက်ကနေ ဖမ်းပြီး ထိန်းသိမ်းထားဖို့ တတ်နိုင်တာမှ မဟုတ်တာဘဲ။ ဒီလို ဖမ်းပြီး ဒီဆင်ကိုထားဖို့ နေရာက

ဘယ်မှာလဲ။ ပြီးတော့ သူတို့ကို ကျွေးရတဲ့ စရိတ်ကလည်း ကြီးမားပါဘိ။ ပုလိပ်လည်း ဘာတတ်နိုင်မလဲ၊ ဒီအတိုင်း လွှတ်ထားရ၊ ကြည့်နေရတာပဲပေါ့ ခင်ဗျာ”

အဆုံးမှာ မော်တော်ကားဟာ မြို့တော်ထဲက ထွက်ခွာစပြုပြီ။ အဝေးပြေးလမ်းမကြီးပေါ်မှာ မြောက်ဘက်ဆီ ဦးတည်ကာ မော်တော်ကားကို မောင်းနှင်နေတယ်။ နိမစ်ဟာ ကားရှေ့ပိုင်း ဒက်(ရှ်)ဘုတ် အကန့်ထဲကနေ ကက်ဆက်တိပ်ခွေတစ်ခုကို ထုတ်ယူကာ စတီရီယိုသီချင်းစက်ထဲ ထည့်တယ်။ အသံတိုးတိုးမျှ ဖွင့်လိုက် တယ်။ ဂျက်(ဇ်)သီချင်းပါ။ စာဆုခို ခံစားချက်ရှိရှိ မှတ်မိနေတဲ့ တေးသွားတစ်စပါ။

“တဆိတ်လောက်၊ အသံကျယ်ပေးလို့ ရမလားရှင့်” လို့ စာဆုခိမေးတယ်။

“ဟုတ်ကဲ့ ဒေါက်တာ၊ ရပါတယ်” လို့ နိမစ်ဖြေကာ အသံပိုကျယ်အောင် ချဲ့လိုက်တယ်။ တေးသွားက ‘ကိုယ် ဘာမှစမလုပ်နိုင်သေး’ (I Can't Get Started) ဆိုတဲ့ သီချင်းပါ။ ဒီသီချင်းဟာ လွန်ခဲ့တဲ့ နှေ့ရက်ဟောင်းများစွာက မကြာခဏ နားထောင်ခဲ့ရတဲ့ သီချင်းမူဟောင်းပဲ ဆိုတာ စာဆုခို ပီပီပြင်ပြင် မှတ်မိတယ်။

“ဟောင်းဝါ့(ဒ်)မင်္ဂီးက ထရမ်းပက်၊ လက်စတာယန်းက တင်နာ။ ဂျေအေတီပီပေါ့” လို့ စာဆုခို သူမဘာသာသူမ ရေရွတ်မိရဲ့။

နိမစ်က နောက်ကြည့်မှန်ကတစ်ဆင့် စာဆုခိကို တစ်ချက်ကြည့်တယ်။

“သိပ်လှတဲ့ ဂီတပါပဲ ဒေါက်တာ၊ ဒေါက်တာ ဂျက်(ဇ်)ဂီတ ကြိုက်ပါသလား”

“ကျွန်မရဲ့ အဖေကတော့ ဂျက်(ဇ်) အရူးအမူးတစ်ယောက်ပါပဲ။ ကျွန်မငယ်ငယ် ကလေးမလေးအရွယ် ကတည်းက အဖေက ကျွန်မနားထောင်ရအောင် ဂျက်(ဇ်)ဓာတ်ပြားတွေကို ဖွင့်ဖွင့်ပြတတ်တယ်။ ဒီသီချင်းတွေချည်းပဲ ထပ်ခါတလဲလဲပေါ့။ အဖေက အဆိုသမား အတီးသမားတွေကို ကျွန်မ မှတ်မိနေတဲ့အထိ ဖွင့်ဖွင့်ပြတာ။ ကျွန်မက အသံနဲ့ လူ၊ အတီးအမှုတ်နဲ့ လူ မှန်အောင် တွဲပြီး ပြောနိုင်ရင် အဖေက ကျွန်မကို သကြားလုံးတွေ ပေးတယ်လေ။ သူတို့ အကုန်လုံးလိုလို ကျွန်မ မှတ်မိနေသေးတယ်။ အဲ အဆိုတော်ဟောင်းကြီးတွေ

အတီးသမားဟောင်းကြီးတွေပေါ့။ ဂျက်(ဖ်)ဂီတသမား အငယ်တွေ အသစ်တွေ တော့ ကျွန်မ မသိတော့ပါ ဘူး။ ကျွန်မသိတာက လိုင်ယနယ်ဟမ်တမ်၊ ဘတ် ပေါင်ဝဲ(လ်)၊ အား(လ်)ဟင်း(န်)(စ်)၊ ဟာရီအယ်ဒီဆန်၊ ဘတ်(ခ်)ကလေတန်”

“ကျွန်တော် နားထောင်တာကလည်း ရှေးဂျက်(ဇ်)တွေချည်းပါပဲ။ ဒေါက်တာရဲ့ ဖခင်ကတော့ ဘာအလုပ်အကိုင် လုပ်ကိုင်ပါလဲ ခင်ဗျာ” လို့ နိမစ် မေးတယ်။

“အဖေကလည်း ဆရာဝန်တစ်ယောက်ပါပဲ။ အထွေထွေ အထူးကု သမားတော် တစ်ယောက်ပါ။ ဂျမ အထက်တန်းကျောင်း ဝင်ခါစမှာ သူဆုံးပါ တယ်”

“ကြားရတာ စိတ်မကောင်းစရာပါ ခင်ဗျာ။ ဂျက်(ဇ်)သီချင်းကိုတော့ နားထောင်တုန်းပဲ မဟုတ်လား ဒေါက်တာ”

စာဆုခိ ခေါင်းညိတ်တယ်။ “အမှန်တကယ်တော့ နားမထောင်ဖြစ်ပါဘူး။ နှစ်အတော်ကြာပါပြီ။ ကျွန်မယောကျ်ားက ဂျက်(ဇ်)ကို မုန်းတယ်လေ။ သူ ကြိုက်တာက အော်ပရာ။ အိမ်မှာ အင်မတန်မှ ကောင်းတဲ့ စတီရီယိုစက် တစ်စုံ ရှိတယ်။ ဒါပေမဲ့ အော်ပရာမဟုတ်တဲ့ တခြားဂီတတစ်ခုခုကို ဖွင့်ဖို့ ကြံမိရင်ပဲ ကျွန်မ ယောကျ်ားက မျက်နှာရှုစ်ခေါက်ချိုး ကြည့်တော့တာ။ လောကမှာ အော်ပရာဂီတ ကြိုက်တဲ့လူတွေဟာ အမြင်အကျဉ်းမြောင်းဆုံး လူတွေ ဖြစ်မယ် ထင်ပါရဲ့။ အင်း၊ ကျွန်မ သူနဲ့ ကွာလိုက်ပါပြီ။ ကျွန်မတစ်သက်၊ အော်ပရာကို နောက်တစ်ကြိမ်တလေမှ နားမထောင်ရလည်း ကျွန်မစိတ်ထဲ ဘယ်လိုမှ ကြောင့်ကြောင့်ကြကြ ဖြစ်မယ်လို့ကို မထင်မိဘူး”

နိမစ်က ဘာစကားမျှမပြောဘဲ ခေါင်းပဲ မသိမသာညိတ်တယ်။ လက်တွေ က စတီယာရင်ခွေကို ကိုင်ရင်း နိမစ်ဟာ ရှေ့က လမ်းမဆီပဲ တိတ်ဆိတ်ငြိမ် သက် စူးစူးစိုက်စိုက် ကြည့်နေတယ်။ သူ စတီယာရင်ခွေ ကိုင်တွယ်ပုံက အလွန် လှပတယ်။ သူ့လက်တွေဟာ စတီယာရင်ခွေကို မော်တော်ကားကွေ့မယ့် အချိုးအကွေ့ အတိအကျ လှည့်တယ် ဝိုက်တယ်။ အဲဒီအချိန်မှာ သီချင်းစက်က အယ်ရယ်(လ်)ဂါနာရဲ့ ‘သတိရနေမယ် အေပရယ်(လ်)’ (I'll Remember April) ကို ကြားနေရတယ်။ ဒီသီချင်းက စာဆုခိကို အတိတ်ဆီ ပိုလို့ အမှတ်တရ ဖြစ် စေတယ်။ ဂါနာရဲ့ ‘ပင်လယ်ကမ်းခြေက ဂီတပွဲ’ (Concert By The Sea)

အယ်(လ်)ဘမ်ဟာ သူမရဲ့ဖခင် အလွန်ကြိုက်တဲ့ ဓာတ်ပြားပါ။ စာဆုခိုဟာ မျက်စိမှိတ်ရင်း ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေထဲ နစ်လို့နေတော့တယ်။ သူမရဲ့ ဖခင်ကင်ဆာနဲ့ မဆုံးခင် အချိန်ထိ စာဆုခိဘဝက သာသာယာယာ အေးအေးချမ်းချမ်း ဖြစ်ခဲ့တယ်။ အစစ အရာရာ ခွင်းချက်မရှိ သာသာယာယာ အေးအေးချမ်းချမ်း ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဇာတ်ခုံက ရုတ်တရက် မှောင်သွားတယ်။ အဲဒီအချိန်မှာ သူမရဲ့ ဘဝထဲကနေ သူမရဲ့ဖခင် ထာဝရပျောက်ကွယ်သွားခဲ့ပြီ ဆိုတာ စာဆုခို သိခဲ့တယ်။ ဒီနောက် အစစအရာရာပဲ အမှားဆီဦးတည်ခဲ့ပြီဆိုတာ သိခဲ့တယ်။ ဇာတ်လမ်းအသစ်တစ်ပုဒ် အစကအဆုံး ဇာတ်ညွှန်းအသစ်နဲ့ ပြန်စသလိုပဲ။ သူမရဲ့ ဖခင်ဆုံးလို့ တစ်လမှ ကောင်းကောင်းမလွန်မီ သူမရဲ့မိခင်ဟာ ဖခင်စုဆောင်းခဲ့သမျှ ဂျက်(ဇ်)သီချင်း ဓာတ်ပြားတွေနဲ့ စတီရီယိုစက်ကို ရောင်းပစ်လိုက်ရဲ့။

“ဒေါက်တာက ဂျပန်မှာတော့ ဘယ်မြို့မှာ နေပါသလဲ ခင်ဗျာ။ ခုလို မေးတာ ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်မှ ဖြေပါ ဒေါက်တာ”

“ကျွန်မက ကျိုတိုကပါ။ ဒါပေမဲ့ ကျိုတိုမှာ အသက် ဆယ့်ရှစ်နှစ်အထိပဲ နေခဲ့တာပါ။ တစ်ခါမှ ပြန်မရောက်တော့ပါဘူး”

“ကျိုတိုက ကိုဘေးနဲ့ မြို့ချင်းဆက်ရက် မဟုတ်လား ခင်ဗျာ”

“သိပ်မဝေးပါဘူး။ ဒါပေမဲ့ မြို့ချင်း တစ်လျှောက်တည်း ဆက်ရက်တော့ မဟုတ်ပါဘူး။ ကိုဘေးငလျင်မှာလည်း ကျိုတိုဟာ အပျက်အစီး သိပ်ရှိခဲ့ပုံမရပါဘူး”

နိမစ်ဟာ မော်တော်ကားကို ယာဉ်ကျော်လမ်းကြောထဲ ဝင်မောင်းကာ မွေးမြူရေးတိရစ္ဆာန်တွေကို တင်လာတဲ့ ထရပ်ကားကြီး လေးငါးစီးကို ကျော်ပြီး အဝေးပြေးယာဉ်ကြောထဲ ချောချောမောမော ပြန်ဝင်လိုက်တယ်။

“ကြားရတာ ဝမ်းသာစရာပါ ခင်ဗျာ။ အရင်လတုန်းက ငလျင်မှာတော့ လူတွေ အများကြီးပဲ သေကြတာပဲ ခင်ဗျာ။ အင်မတန် ဝမ်းနည်းစရာ ကောင်းပါတယ်။ ဒေါက်တာ့ အသိအကျွမ်းထဲကများ ပါသွားသေးသလား သိပါရစေ ခင်ဗျာ”

“ဟင့်အင်း၊ တစ်ယောက်မှ ပါမသွားပါဘူး။ ကိုဘေးမှာ ကျွန်မ သိကျွမ်းတဲ့ လူတစ်ယောက်မှ မရှိဘူးလို့ ထင်ပါတယ်” လို့ စာဆုခိုဖြေတယ်။ ဒါပေမဲ့ ဒီအဖြေ မမှန်။ ‘သူ’ကိုဘေးမှာနေရဲ့’

နိမစ်ဟာ ခဏာတာ တိတ်ဆိတ်ငြိမ်သက်သွားတယ်။ ဒီနောက် သူဟာ စာဆုခီဘက်ဆီ လည်ကို မသိမသာ ငဲ့ပြီး “ဘာပဲဖြစ်ဖြစ် ဆန်းကြယ်လှပြီး လျှို့ဝှက်နက်နဲလှပါတယ် ခင်ဗျာ။ ဒီငလျင်ဟာ၊ ဟုတ်တယ်မဟုတ်လား ခင်ဗျာ။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ခြေဖဝါးအောက်က ကမ္ဘာမြေကြီးဟာ ခိုင်ခိုင်မာမာနဲ့ မြဲမြဲမြံမြံ မရွေ့မလျောနိုင်တဲ့ အရာလို့ ယုံကြည်အားကိုးထားတာပါ။ စကားပြောတာမှာတောင် လက်တွေ့ဘဝနဲ့ တစ်သားတည်းနေပါဆိုတာကို မြေကြီးပေါ် ဆင်းပါလို့၊ မြေကြီးပေါ် ကိုယ့်ခြေထောက်ကိုယ် မြဲမြဲခိုင်ခိုင် ရပ်နိုင်ပါစေလို့ ပြောကြတာပါ။ ဒါပေမဲ့ တစ်နေ့မှာ ဒါ မမှန်ကန်ပါလားလို့ ကျွန်တော်တို့ ရုတ်တရက်ကြီး သိလိုက်ရပါတယ်။ ကမ္ဘာမြေကြီး၊ ကျောက်စိုင်ကျောက်တုံးကြီးတွေဟာ၊ ကျွန်တော်တို့က ခိုင်ခိုင်မြဲမြဲလို့ ယူဆထားတဲ့ အရာတွေဟာ တစ်မုဟုတ်ခြင်း ပျော့ပျော့ညံ့ညံ့နဲ့ အရည်ပျော်ကျသွားပြီ မဟုတ်လား။ ကျွန်တော် တီဗီသတင်းမှာ ကြားလိုက်ရပါတယ်လေ၊ ‘အရည်ပျော်ကုန်ပြီ’ တဲ့။ သူတို့ အဲ့ဒီလိုပဲ သုံးသွားတယ်လို့ ထင်ပါတယ်။ ကံကောင်းထောက်မစွာ ဒီထိုင်းနိုင်ငံမှာတော့ အဲဒီလို ကြီးကြီးကျယ်ကျယ် ငလျင်ကြီး မလှုပ်ဖူးသလောက်ပါပဲ”

မော်တော်ကား နောက်ဘက်ထိုင်ခုံက ပုခက်လွဲသလို တငြိမ့်ငြိမ့်။ စာဆုခီဟာ မျက်စိမှိတ်ရင်း အယ်ရယ်(လ်) ဂါနာရဲ့ ဂီတထဲ စူးစူးနစ်နစ် အာရုံဝင်စားနေတယ်။ ဟုတ်တယ်၊ သူ ကိုဘေးမှာ နေတယ်၊ ‘ကြီးကြီးမားမား လေးလေးလံလံ တစ်စုံတစ်ခု တိုက်မိခိုက်မိလို့ သူသေလိမ့်မယ်ထင်တယ်။ ဒါမှမဟုတ် ပျော်ကျ ပြိုကျတဲ့ မြေကြီးက သူ့ကို မျိုပစ်လိုက်မယ်။ ဒါတွေဟာ အခု နှစ်ကာလတွေထဲ ငါ သူ့ကို ဖြစ်စေချင်နေတာတွေပါကလား လို့ စာဆုခီ တွေးရဲ့။

မော်တော်ကားက နေ့လယ်သုံးနာရီမှာ ခရီးအဆုံးရောက်တယ်။ သူမတို့ဟာ အဝေးပြေးလမ်းမပေါ်က မော်တော်ယာဉ် ရပ်နားရာ စခန်းတစ်ခုမှာ ဆယ့်နှစ်နာရီတိတိတုန်းက ခဏနားတယ်။ စာဆုခီက ကော်ဖီဆိုင်မှာ အနှစ်ကျကျ ကော်ဖီတစ်ခွက်သောက်ပြီး ဒိုးနတ်တစ်ပိုင်း စားတယ်။ သတင်းတစ်ပတ်ကြာ အနားယူတာကို ဈေးကြီးကြီး တောင်ပေါ်စခန်း တစ်ခုမှာ သူ ကုန်လွန်စေ

မယ်။ တောင်ကြားက တသွင်သွင် စီးဆင်းနေတဲ့ စမ်းချောင်းကလေးကို အဆောက်အအုံတွေကနေ ဆီးမြင်နေရတယ်။ တောင်ကြားတောင်ကြော ကုန်းစောင်းကုန်းလျှောတွေမှာ အလွန် ရှုန်းရှုန်းစိုစို ဝေဝေဖြာဖြာ ဝါနီပြာရောင်စုံ ပန်းပွင့်တွေ လွှမ်းနေတယ်။ ငှက်တွေက စီစီညံညံ အော်မြည်လို့ သစ်ပင်တစ်ပင်က တစ်ပင် လူးလာပျံသန်း နေကြတယ်။ စာဆုခိနေဖို့ အိမ်ငယ်လေးတစ်ဆောင် ပြင်ဆင်ထားတယ်။ တောက်တောက်ပြောင်ပြောင် ရေချိုးခန်း ကျယ်ကျယ်တစ်ခု ပါဝင်တယ်။ အမိုးအကာခန်းစီးနဲ့ ခမ်းခမ်းနားနား ခုတင်တစ်လုံး ပါဝင်တယ်။ နှစ်ဆယ့်လေးနာရီ ဝန်ဆောင်မှု ပါဝင်တယ်။ အပန်းဖြေစခန်း ဧည့်ခန်းဆောင်က စာကြည့်တိုက်မှာ စာအုပ်၊ ဓာတ်ပြား၊ ဗီဒီယိုရတယ်။ ဒီနေရာကတော့ အပြစ်အနာအဆာ တစ်စိုးတစ်စေ့မရှိ၊ သန့်ရှင်းလှပရဲ့။ အပြုံအစုမှာလည်း မဟာ၊ ပေးရဲ့။ ငွေပမာဏမှာလည်း မဟာ၊ ယူရဲ့။ အသေးအဖွဲမှအစ အတိုင်းအဆမရှိ ဇာခွဲရဲ့။

“ခရီးရှည် ကားစီးခဲ့ရလို့ ဒေါက်တာ သိပ်ကို ပင်ပန်းနေရောပေါ့။ အခု အနားယူနိုင်ပါပြီ။ မနက်ဖြန် မနက်ဆယ်နာရီမှာ ရေကူးကန်ကို သွားရအောင် ကျွန်တော် လာကြိုပါ့မယ်။ မျက်နှာသုတ်ပုဝါနဲ့ ရေကူးဝတ်စုံသာ ဒေါက်တာ ယူလာဖို့ လိုပါတယ်” လို့ နိမစ်က ပြောတယ်။

“ရေးကူးကန်၊ ဒီဟိုတယ်မှာ ရေကူးကန် ကျယ်ကျယ် အပြည့်အစုံရှိမယ် မဟုတ်ဘူးလား။ ကျွန်မတော့ ဒီလိုပဲ သိထားတာပါ”

“မှန်ပါတယ် ဒေါက်တာ၊ ဒါပေမဲ့ ဒီက ရေကူးကန်က လူအင်မတန်ရှုပ်၊ လူအင်မတန် ထူပါတယ်။ မစ္စတာရပ္ဘာပေါ့(ဖ်)က ဒေါက်တာဟာ တကယ့် ရေကူးသမားတစ်ယောက်လို့ ပြောပါတယ်။ ကျွန်တော် တွေ့ထားတဲ့ ဒီနားက ကန်မှာဆိုရင် ဒေါက်တာ ကန်ကို အလျားလိုက် ခေါက်တုံ့ခေါက်ပြန် ကူးနိုင်ပါတယ်။ အဲဒီမှာ ဝင်ခပေးရတယ် ဆိုပေမယ့် အနည်းအကျဉ်းပါ။ ဒေါက်တာ ကျေနပ်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ် ခင်ဗျာ”

ဂျွန်ရပ္ဘာပေါ့(တ်)ဟာ စာဆုခိရဲ့ ဒီအပန်းဖြေခရီးကို စီစဉ်ပေးတဲ့ အမေရိကန်မိတ်ဆွေပါ။ ဂျွန်ဟာ အရှေ့တောင်အာရှ ဒေသအတွင်း ကမ္ဘောဒီးယားနိုင်ငံမှာ ခမာနီတွေ ရက်ရက်စက်စက် ဖိနှိပ်အုပ်ချုပ်တဲ့ ကာလကတည်းက သတင်းထောက် တစ်ယောက်အဖြစ် အလုပ်လုပ်ခဲ့တယ်။ သူက ထိုင်းနိုင်ငံမှာလည်း အဆက်အသွယ်များစွာ ရှိတယ်။ နိမစ်ကို လမ်းညွှန်တစ်ယောက်အဖြစ်၊

ဒရိုင်ဘာတစ်ယောက်အဖြစ် ဆက်သွယ်ပေးခဲ့၊ ညွှန်းခဲ့တဲ့ သူကလည်း ဂျွန်ပဲ။ ဂျွန်က လှောင်သလိုလို ပြောင်သလိုလို မျက်စိတစ်ဖက် မှိတ်ပြကာ “ခင်ဗျား ဘာမှ စဉ်းစားနေစရာ မလိုဘူးနော်။ ပါးစပ်ကို ပိတ်ထားရုံပဲ။ နိမစ်က ဆုံးဖြတ်စရာရှိသမျှ ဆုံးဖြတ်လိမ့်မယ်။ အစစအရာရာ ပြီးပြည့်စုံ ဖြစ်သွားမယ်ဗျာ။ အင်မတန်မှ ခင်မင်စရာ လေးစားစရာ ကောင်းတဲ့ လူတစ်ယောက်ပါပဲဗျာ” လို့ စာဆုခိုကို ပြောခဲ့တယ်။

“ကောင်းပါပြီလေ။ ရှင်ပဲ စီစဉ်စရာရှိတာကို စီစဉ်ဖို့ ရှင့်ပဲ တာဝန်လွှဲရမှာပါပဲ” လို့ စာဆုခိက နိမစ်ကို ပြောလိုက်တယ်။

“ဒါဆိုရင် ကောင်းပါပြီ။ ကျွန်တော် မနက်ဖြန်မနက် ဆယ်နာရီ ဒေါက်တာဆီ လာခဲ့ပါမယ်”

စာဆုခိဟာ သူ့အိတ်ကို ဖွင့်တယ်။ အင်္ကျီနဲ့ စကတ်ကို အတွန့်အကြေ ပြန့်ပြန့်ရန့်ရန့် သပ်ပြီး ဘီရိုထဲမှာ ချိတ်နဲ့ ချိတ်လိုက်တယ်။ ဒီနောက် ရေကူးဝတ်စုံ လဲကာ ဟိုတယ်ရေကူးကန်ဆီ ထွက်ခဲ့တယ်။ နိမစ်ပြောသလိုပဲ အဲဒီ ရေကူးကန်ဟာ တကယ့် ရေကူးသမားတစ်ယောက်အတွက် မဟုတ်။ ဘူးသီးပုံသဏ္ဌာန် အဲဒီရေကူးကန်ရဲ့ အလယ်မှာ လှတပတ ရေတံခွန်ကလေး တစ်ခုလည်း ရှိတယ်။ ရေတိမ်ပိုင်းမှာ ကလေးတွေ ဘောလုံး ပစ်ကစားနေကြတယ်။ ရေကူးမယ့် စိတ်ကူး ရှိရှိသမျှ စွန့်လွှတ်လိုက်ပြီး ထီးတစ်စင်းအောက်မှာ အဆန့်သား လဲလျောင်းနေလိုက်တယ်။ ဖွံ့တေယိုပေ ပေ ဝိုင်နဲ့ ဖွံ့ပယ်ရိယဲ မင်နရယ်ရေကို မှာလိုက်တယ်။ စာဆုခိဟာ ဂျွန်လက္ကာရေးရဲ့ ဝတ္ထုကို ဖတ်လက်စ စာမျက်နှာကနေ ပြန်ဖတ်တယ်။ စာဖတ်လို့ ငြီးလာတော့ ဦးထုပ်ကို မျက်နှာပေါ် အုပ်ကာ တရေးမှေးတယ်။ စာဆုခိ ယုန်တစ်ကောင်ကို အိပ်မက်မက်တယ်။ အိပ်မက်က တိုတယ်။ ယုန်ဟာ သံနန်းကြိုးတွေနဲ့ ရက်လုပ်ကာရံထားတဲ့ လှောင်အိမ်ထဲမှာ တုန်တုန်ယင်ယင် ဖြစ်နေတယ်။ ညဉ့်လယ်မှာ တစ်စုံတစ်ခု ဖြစ်ပျက်မှာ ခံစားနေရတဲ့၊ သိနေတဲ့အသွင်ဖြစ်တယ်။ အစမှာ စာဆုခိဟာ လှောင်အိမ်ထဲက ယုန်ကို သူက အပြင်ကနေ မြင်ရတာပါ။ ခဏမှာ သူကိုယ်တိုင် ယုန်ဖြစ်သွားတယ်။ သူဟာ မှောင်မှောင်မည်းမည်းထဲ ဘာကိုမျှ ခွဲခွဲခြားခြား စဉ်းစားမရ။ စာဆုခိဟာ အိပ်မက်နိုးတဲ့အခါတောင် ပါးစပ်ထဲ ဆိုးရွားတဲ့ အရသာတစ်ခု ခံစားရတယ်။

သူ ကိုဘေးမှာ နေတယ်။ သူ့အိမ်လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်ကို စာဆုခိ သိတယ်။ သူနဲ့ပတ်သက်လို့ သတင်းအစအန ဘယ်အခါကမှ ပြတ်တယ်မရှိ။ ငလျင်လှုပ်ပြီးနောက် သူ့ဆီ စာဆုခိ တယ်လီဖုန်း ခေါ်သေးတယ်။ ဒါပေမဲ့ တယ်လီဖုန်း အဆက်အသွယ် ဘယ်လိုမှ မရခဲ့။ “ငါ့အထင် အဲဒီနေရာဟာ ပြု ကျပျက်စီးကုန်ပြီး မိသားစုတစ်ခုလုံး ပိုက်ဆံတစ်ပြားတစ်ချပ်မှ မရှိဘဲ လမ်းမ ပေါ် လျှောက်သွားနေရမယ်လို့ကို ထင်မိတယ်။ ကျွန်မဘဝကို ရှင်လုပ်သွားခဲ့ သမျှအကြောင်း တွေးမိတဲ့အခါ ကျွန်မ မွေးများမွေးမိခဲ့ရင် ရလာမယ့် သားသမီး အကြောင်း တွေးမိတဲ့အခါ၊ ဘယ်နည်းနဲ့မဆို ဒါဟာ ရှင်နဲ့ တန်ကိုတန်တယ်လို့ စာဆုခိ တွေးမိတယ်။

နိမစ် တွေ့ထားတဲ့ ရေကူးကန်ကို ဟိုတယ်ကနေ နာရီဝက်လောက် မော်တော်ကား မောင်းရတယ်။ တောင်ပေါ်လမ်းကို ဖြတ်သန်းရတယ်။ တောင်ထိပ်အနီး တစ်ဝိုက် သစ်တောအုပ်ထဲ မီးခိုးရောင်မျောက်တွေ အများ အပြားတွေ့ရတယ်။ မျောက်တွေက လမ်းတစ်လျှောက် စီတန်းထိုင်နေကြကာ ဖြတ်သန်းသွားတဲ့ မော်တော်ကားကို အလျဉ်မပြတ် ကြည့်နေကြပုံက အရှိန်အဟုန်နဲ့ မောင်းနှင်သွားတဲ့ ယာဉ်ရဲ့ ကံကြမ္မာကို ဖတ်နေကြသလိုလို။

တံတိုင်းမြင့်မြင့်ကြီး ဝန်းရံထားတဲ့ ကျယ်ဝန်းတဲ့ လှုိ့ဝှက်ဆန်းကြယ်တဲ့ ပရဝဏ်ထဲဆီ သံတံခါးမကြီးကနေ ဖြတ်သန်းဝင်ရောက်ခဲ့တဲ့အခါ ရေကူးကန် ကို ရောက်တယ်။ အဝင်အဝက အစောင့်ကို နိမစ်က မော်တော်ကား ပြတင်း တံခါးဖွင့်ပြီး သူ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်း ပြရင် စကားတစ်ခွန်းမျှမဟဘဲ တံခါးမကြီးကို ဖွင့်ပေးလိုက်တယ်။ ကျောက်စရစ်ခဲခင်းတဲ့ လမ်းတစ်လျှောက် မော်တော်ကားလမ်းကလေး အဆုံးမှာ ကျောက်နဲ့ ဆောက်တဲ့ ရှေးဟောင်းနှစ် ထပ်တိုက် ရှိတယ်။ တိုက်နောက်မှာ ရှည်မျောမျော ရေကူးကန်ရှိတယ်။ အဲဒီ ရေကူးကန်ဟာ သက်တမ်းရင့်ပြီ ဆိုတာ အထင်အရှားပါ။ ရေကူးလမ်းကြောင်း သုံးလမ်းနဲ့ နှစ်ဆယ့်ငါးမီတာ အလျားရှည်တဲ့ ရေကူးကန် စစ်စစ်တစ်ခုပါ။ ရေကူးသမား တစ်ယောက်တလေရဲ့ အနှောင့်အယှက် မခံရသေးတဲ့ စတုဂံ ပုံသဏ္ဌာန် အပြန့်သားအဆန့်သား ရေပြင်ဟာ မြက် ခင်းပြင်နဲ့ သစ်ပင်တွေ ခြံရံ ကာ လှပနေတယ်။ ရေကန်နံဘေးမှာ သစ်သားပက်လက် ကုလားထိုင်အို သုံး လေးလုံး စီရရီ ခင်းထားတယ်။ ပတ်ဝန်းကျင်တစ်ခွင်မှာ တိတ်ဆိတ်ငြိမ်သက်မှု က လွှမ်းနေတယ်။ လူတစ်ဦးတစ်ယောက် အရိပ်အယောင်မျှ မမြင်ရ။

“ဒေါက်တာ ဘယ်လို မြင်ပါသလဲ ခင်ဗျာ”

“အံ့သြစရာပါပဲ။ ဒါ အားကစားကလပ် တစ်ခုခုများ ဖြစ်မလား”

“အဲဒီလို နေရာတစ်မျိုးပါပဲ။ အခုတော့ သုံးတဲ့လူ အတော်ပါးနေပါပြီ။ ကျွန်တော်က ဒေါက်တာ တစ်ယောက်တည်း စိတ်ရှိလက်ရှိ ရေကူးရအောင် ဒီ နေရာကို စီစဉ်ပေးတာပါ”

“အို... နိမစ် သိပ်ကို ကျေးဇူးတင်ပါတယ်ရှင်။ ရှင်ကတော့ တကယ့်ကို ခင်မင်လေးစားစရာ ကောင်းတဲ့ လူတစ်ယောက်ပါပဲ”

“ဒေါက်တာရဲ့ ချီးမွမ်းခြင်းအတွက် အင်မတန်မှ ဂုဏ်ယူပါတယ်၊ ဒေါက်တာ” လို့ ဘာခံစားမှုမျှ မပြတဲ့ မျက်နှာနဲ့ ဦးညွတ်ရင်း နိမစ်ဟာ ရှေးရိုးစဉ်လာ လောကဝတ်စကားကို ဆိုတယ်။ ဒီနောက် “ဟိုဘက်နားက အိမ်ကလေးက အဝတ်လဲဆောင်ကလေးပါ၊ ဒေါက်တာ။ အဲဒီမှာ အိမ်သာနဲ့ ရေချိုးခန်း အသင့်ပါပါတယ်။ ဒီက အသုံးအဆောင် အားလုံးကို စိတ်လက် လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း သုံးပါ၊ ဒေါက်တာ။ ကျွန်တော် မော်တော်ကားနားမှာ အသင့်ရှိနေပါမယ်။ ဒေါက်တာ တစ်ခုခု အလိုရှိရင်သာ ကျွန်တော့်ကို ခေါ်ပါ ခင်ဗျာ” လို့ ပြောတယ်။

စာဆုခိကတော့ ရေကူးတာကို ထာဝရ မြတ်နိုးသူပါ။ သူက အခွင့်ရရင် ရသလို အားကစားရုံ ရေကူးကန်ကို သွားစမြဲ။ ရေကူးသင်တန်းဆရာ တစ်ယောက်ဆီမှာ စနစ်တကျ သင်ခဲ့တယ်။ ရေကူးနေတုန်း စာဆုခိဟာ စိတ်အတွင်းက မသာယာတဲ့ အသိအမှတ်အားလုံးကို ထုတ်ပစ်ထားနိုင်တယ်။ စာဆုခိဟာ ရေကူးရင်း လုံလောက်တဲ့ အလျားအတာ တစ်ခုအထိ ရောက်တဲ့အခါ ကောင်းကင်ထဲ ပျံသန်းတဲ့ ငှက်တစ်ကောင်လို လုံးလုံးလျားလျား လွတ်လပ်မှုကို ခံစားရတဲ့ အခြေအနေတစ်ခု ရောက်ပြီ။ နှစ်ကြာကြာ မှန်မှန် လေ့ကျင့်ခန်းယူကာ ရေကူးခဲ့တဲ့ ကျေးဇူးကြောင့် စာဆုခိဟာ မကျန်းမမာတာကြောင့် ဖြစ်စေ၊ ကိုယ်ခန္ဓာဝေဒနာ ခံစားရတာကြောင့်ဖြစ်စေ အိပ်ရာထဲ အကျဉ်းကျတာကို ဘယ်အခါကမျှ မကြုံခဲ့ရ။ ခန္ဓာကိုယ်အလေး ချိန်တက်ကာ ဂဖြိုးတာလည်း မရှိ။ သူမဟာ အသက်အရွယ် မငယ်တော့တာလည်း အမှန်။ သွယ်သွယ်လျလျ ခန္ဓာကိုယ်ကို အကြိုက်တွေ့ဖို့လည်း မတန်ပြီ။ အထူးသဖြင့် တင်ပါးဆုံမှာ မဆိုစလောက် အသားတိုးတာကို ရှောင်ဖို့ လမ်းကတော့ မရှိသလောက်ပါ။

အင်မတန် မျှော်လင့်ချက် ကြီးမားလွန်းရာ ကျလိမ့်မယ်။ စာဆုခိဟာ ဖက်ရှင် မော်ဒယ် တစ်ယောက်ဖြစ်ဖို့ ကြိုးစားမယ်မဟုတ်။ စာဆုခိဟာ သူမရဲ့ အသက် ထက် ငါးနှစ်ငယ်တဲ့ ရုပ်ရှိတာကိုက အင်မတန်၊ အင်မတန် တော်လှပြီ မဟုတ်ပါ ကလား။

နေ့လယ်မှာ နိမစ်က စာဆုခိအတွက် ရေခဲစိမ် လက်ဖက်ရည်နဲ့ ဆင်းန ဝစ်တွေကို ရေကူးကန်နံဘေးဆီ ယူလာတယ်။ ဆင်းနဝစ်က ဟင်းသီးဟင်းရွက် နဲ့ ချို(စ်) ပါးပါးမျှင်မျှင် ဌာပနာတဲ့ တြိဂံပုံ ခပ်သေးသေး အရွယ်တော်ပဲ။

စာဆုခိ အံ့အားသင့်မိတယ်။

“ဒါတွေ ရှင်လုပ်လာတာလား”

မေးခွန်းကြောင့် နိမစ်ရဲ့ ခံစားမှုကင်းမဲ့တဲ့ မျက်နှာမှာ အခိုက်အတန့် ကလေးမျှ အပြောင်းအလဲ ဖြစ်သွားတယ်။ “မဟုတ်ပါဘူး၊ ဒေါက်တာ။ အစားအသောက်တွေကို ကျွန်တော် ပြင်တင်ထားတာ မဟုတ်ပါဘူး။ တခြား တစ်ယောက်ကို လုပ်ခိုင်းခဲ့တာပါ”

စာဆုခိဟာ ဘယ်သူလုပ်သလဲလို့ မေးမယ်ပြုပြီးခါမှ ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်တယ်။ ဂျွန်ရာပေါ့(တ်)က “ပါးစပ်ကို ပိတ်ထားရုံပဲ။ နိမစ်က ဆုံးဖြတ်စရာ ရှိသမျှ ဆုံးဖြတ်လိမ့်မယ်။ အစစအရာရာ ပြီးပြည့်စုံ ဖြစ်သွားမယ် ဗျာ” လို့ သူမကို ပြောခဲ့တယ်။ ဆင်းနဝစ်တွေက ကောင်းလှတာ အမှန်။ နေ့လယ်စာပြီးတော့ စာဆုခိ နားတယ်။ နိမစ်ဆီက ငှားထားတဲ့ ဘင်နီဂဒ်မင်း ခြောက်ဦးအဖွဲ့ တိပ်ခွေကို ဝေါ့(ခ်)မင်း တကိုယ်ရည် သီချင်းစက်ကလေးနဲ့ နားထောင်တယ်။ ဒီနောက် စာအုပ်ဆက်ဖတ်တယ်။ နေ့လယ်ခင်းမှာ အချိန်နည်းနည်း ရေကူးသေးတယ်။ မွန်းလွဲသုံးနာရီမှာ ဟိုတယ်ကို ပြန်တယ်။

စာဆုခိဟာ ငါးရက်တိုင်တိုင် အဲဒီ ပုံသေလှုပ်ရှားမှုအတိုင်း အစီအစဉ် မ ပြောင်းမလဲ ပုံသေလှုပ်ရှားတယ်။ စာဆုခိဟာ စိတ်နှလုံး အလိုပြည့်တဲ့တိုင် ရေကူးတယ်။ ဟင်းသီးဟင်းရွက်နဲ့ ချို(စ်)ဆင်းနဝစ် စားတယ်။ သီချင်း နားထောင်တယ်။ စာဖတ်တယ်။ ရေကူးကန်ကို သွားတာကလွဲလို့ ဟိုတယ်က နေ ပြင်ပထွက်တယ် မရှိ။ သူ့အလိုက အပြည့်အဝ အနားယူတာပဲ။ ဘာအတွေး မျှ မတွေးဘဲနေ တဲ့ အခွင့်အရေးပဲ။

ရေကူးကန်မှာ ရေကူးတဲ့လူကလည်း စာဆုခိ တစ်ယောက်တည်း။ ရေကလည်း တောင်ကုန်း မြေအောက်ရေကြောကနေ သွယ်ယူထားသလို အမြဲ စိမ့်နေ အေးနေတယ်။ ရေထဲ အစဦးဆင်းတိုင်း သူ့မှာ အသက်ရှူရပ်သွားရတာ ချည်း။ အလျားတစ်ပြန်နှစ်ပြန် ကူးပြီးခါမှ နွေးတယ်။ ရေရဲ့ အပူချိန်ကလည်း စံအပူချိန်ပဲ။ စာဆုခိဟာ လက်ပစ်ကူးနည်းကူးလို့ ပြီးတော့ ရေကာမျက်မှန်ချွတ်ပြီး ပက်လက် ကူးနည်းကူးတယ်။ အဖြူရောင် တိမ်အုပ်တွေက ကောင်းကင်မှာ လွင့်မျောနေတယ်။ ငှက်တွေ၊ ပုဇွန်းကလေးတွေက တိမ်အုပ်တွေကြား လူးလာပျံသန်း နေကြတယ်။ စာဆုခိဟာ ဒီလို ထာဝရနေနိုင်က နေလိုရဲ့။

“အင်္ဂလိပ်စကားကိုတော့ ရှင် ဘယ်မှာသင်ခဲ့တာလဲ” လို့ စာဆုခိက နိမစ်ကို ရေကူးကန်က အပြန်လမ်းမှာ မေးတယ်။

“ဘန်ကောက်မှာ နော်ဝေနိုင်ငံသား ရတနာကုန်သည် တစ်ယောက်ရဲ့ ယာဉ်မောင်းအဖြစ် အနှစ်သုံးဆယ် ကျွန်တော် အလုပ်လုပ်ခဲ့ပါတယ်။ အဲဒီအခါ ကျွန်တော် သူနဲ့ အင်္ဂလိပ်လိုပဲ အမြဲတမ်း ပြောပါတယ်”

ဒီအင်္ဂလိပ်စကား ပြောပုံပြောနည်းကို ကျွမ်းကျွမ်းဝင်ဝင် ရှိတယ်လို့ ထင်တာ ရှင်းပြီ။ စာဆုခိ အလုပ်လုပ်ခဲ့ဖူးတဲ့ ဘာ(လ်)တီမိုးမြို့ ဆေးရုံတစ်ရုံက ဒိန်းမတ်နိုင်ငံသား လုပ်ဖော်ကိုင်ဖက် တစ်ယောက်လည်း ဒီလိုပဲ ဂရမ္မာမှန်မှန်၊ ဘယ်လူမျိုး အသံမှ မတိမ်းမဝဲ၊ ဘန်းစကား မပါမဝင် အင်္ဂလိပ်စကားကို တိတိကျကျ သေသေသပ်သပ် ပြောလေ့ရှိတယ်။ အင်မတန် ပီပီသသ ရှင်းရှင်းလင်းလင်းနဲ့ နားလည်လွယ်တယ်။ အသံ အရောင်ကင်းတယ်။ ထိုင်းနိုင်ငံမှာ အဲဒီနော်ဝေသား အင်္ဂလိပ်စကားကို ကြားရတာ ဆန်းစွ။

“ကျွန်တော့် အလုပ်ရှင်က ဂျက်(ဇ်)ဂီတကို အင်မတန် ကြိုက်ပါတယ်။ သူ ကားပေါ်မှာ ရှိနေတဲ့အခါ သီချင်းတိပ်တစ်ခွေ အမြဲတမ်း ဖွင့်ပါတယ်။ အဲဒီအကြောင်းကြောင့်ပေါ့ ခင်ဗျာ၊ သူရဲ့ ယာဉ်မောင်း ကျွန်တော်ဟာ ခရီးသွားဟန်လွဲ ဆိုသလို ဂျက်(ဇ်)ဂီတနဲ့ အကျွမ်းတဝင် ဖြစ်ခဲ့ရတယ်၊ သဘာဝကျပါတယ် နော်။ လွန်ခဲ့တဲ့ သုံးနှစ်က သူသေဆုံးတဲ့အခါ ဒီမော်တော်ကားရယ်၊ သီချင်းတိပ်ခွေတွေရယ် ကျွန်တော့်အတွက် ပေးထားရစ်ခဲ့ပါတယ်။ အခု ကျွန်တော် နားထောင်နေတဲ့ တိပ်ခွေဟာလည်း သူရဲ့ တိပ်ခွေတွေထဲက တစ်ခုပေါ့ခင်ဗျာ”

“ဒီတော့၊ သူဆုံးတဲ့အခါ ရှင်ဟာ နိုင်ငံခြားသားတွေအတွက် ဒရိုင်ဗာ ဂိုက်(ဒ်)တစ်ယောက်အဖြစ် ကိုယ့်ကိုယ်ပိုင်အလုပ် အနေနဲ့ လုပ်ခဲ့တာပေါ့နော်”

“ဟုတ်ကဲ့၊ အမှန်ပါပဲ ခင်ဗျာ။ ထိုင်းနိုင်ငံမှာ ဒရိုင်ဗာ-ဂိုက်(ဒ်)တွေ အများကြီးရှိပါတယ်။ ကိုယ့်ကိုယ်ပိုင် မာစေးဒီးကားနဲ့ ဒရိုင်ဗာ-ဂိုက်(ဒ်)ကတော့ ကျွန်တော်တစ်ယောက်တည်း ရှိမယ် ထင်ပါတယ်”

“သူဟာ ရှင့်အပေါ်မှာ အင်မတန်မှ ယုံကြည်မှု ကြီးကြီးမားမား ထားခဲ့ပုံရပါတယ်”

နိမစ်ဟာ အတန်ကြာကြာ တိတ်ဆိတ်ငြိမ်သက်သွားတယ်။ သူဟာ စာဆုခိရဲ့ ကောက်ချက်ကို တုံ့ပြန်ဖို့ သင့်မယ့်မှန်မယ့် စကားလုံး ရှာနေတာ ထင်တယ်။ “သိတယ်မဟုတ်လား ဒေါက်တာ၊ ကျွန်တော်က လူပျိုလူလွတ်လေ။ ကျွန်တော် တစ်ကြိမ်တစ်ခါမှ အိမ်ထောင်မပြုခဲ့ပါဘူး။ အနှစ်သုံးဆယ်သုံးနှစ်လုံးလုံး ကျွန်တော်ဟာ တခြားလူတစ်ယောက်ရဲ့ အရိပ်အဖြစ် အချိန်ကုန်ခဲ့ပါတယ်။ သူ သွားလေရာရာ ကျွန်တော် သွားခဲ့ရတယ်။ သူလုပ်သမျှ အရာရာ သူ့ကို ကျွန်တော် ကူရတယ်။ ကျွန်တော်ဟာ သူ့ရဲ့ အစိတ်အပိုင်းတစ်ခုလို့ ထင်မိပါတယ်။ လူတစ်ယောက်ဟာ အဲဒီလိုဘဝနဲ့ ကာလကြာရှည် နေလာရင် အဲဒီလူဟာ သူ့ဘဝမှာ သူ့ဘာသာသူ အမှန်တကယ် ဘယ်လိုဆန္ဒရှိတယ်ဆိုတဲ့ လမ်းကြောင်း တဖြည်းဖြည်း တစ်စစ ပျောက်သွားပါတယ်”

နိမစ်က မော်တော်ကား စတီရီယိုသီချင်းစက်ကို အသံမဆိုစလောက် မြှင့်လိုက်တယ်။ ရင်ခေါင်းနက်နက်အတွင်းက ထုတ်လိုက်တဲ့ ဆက်ဆိုဖုန်းရဲ့ တူရိယာသံသက်သက် တင်နာတစ်ပိုဒ်ပါ။

“ဒီ ဂီတတစ်ပိုဒ်ကို ဥပမာအဖြစ် ပြောပါရစေ၊ ဒေါက်တာ။ ဒီဂီတတစ်ပိုဒ်ကို သူပြောခဲ့တာကို ကျွန်တော် တိတိကျကျ မှတ်မိနေပါသေးတယ်။ ဒါကို နားထောင်စမ်း နိမစ်။ ကိုး(လ်)မင်းဟော့ကင်း(စ်)ဟာ တေးသွားကို ဘယ်လို အာရုံစူးစိုက်မှုနဲ့ လက်တန်းမှုတ်ထားတယ် ဆိုတာ၊ နားထောင်စမ်း။ ကိုး(လ်)မင်းက သူ့ဆက်ဆိုဖုန်းနဲ့ ဒီတေးသွားနဲ့ ငါတို့ကို တစ်ခုခုပြောနေတာ။ အာရုံကို ခပ်ပြင်းပြင်း စူးစူးစိုက်စိုက် ထားပြီး နားထောင်စမ်း။ လွတ်လပ်တဲ့ စိတ်ဓာတ်ခွန်အားရဲ့ ဖြစ်စဉ်ကို သူ ပြောပြနေတာ၊ သူရဲ့ အတွင်းသဏ္ဌာန်ကနေ လွတ်မြောက်မှုရဖို့ အစွမ်းရှိသမျှ လုပ်တဲ့ စိတ်ဓာတ်ခွန်အားရဲ့ ဖြစ်စဉ်ကို ပြော

ပြနေတာ။ အဲဒီလို စိတ်ဓာတ်ခွန်အားဟာ ငါ့အတွင်းသဏ္ဌာန်မှာလည်း ရှိတယ်၊ မင်းရဲ့ အတွင်းသဏ္ဌာန်မှာလည်း ရှိတယ်။ အဲဒီ ဂီတတစ်ပိုဒ်မှာလေ၊ မင်းကြားတယ်နော်၊ ငါ ယုံတယ်၊ မင်းကြားတယ်။ ခံစားမှုပြင်းပြင်း သက်ခင်ရှိုက်သံ၊ နှလုံးသားရဲ့ တုန်တုန်ယင်ယင် လှုပ်ခတ်သံတဲ့။ ဒီတေးတစ်ပုဒ်ကိုပဲ အကြိမ်ကြိမ် အဖန်ဖန် နားထောင်ရင်း ကျွန်တော်ဟာ ဂီတကို ခံစားမှု နက်နက်နဲနဲနဲ့ နားထောင်တတ်လာတယ်။ စိတ်ဓာတ်ခွန်အားရဲ့ အသံကို ကြားလာတယ်။ ဒါပေမဲ့၊ ကျွန်တော် ယုံယုံကြည်ကြည် မဖြစ်သေးတာတော့ ရှိတယ်။ ကျွန်တော်ဟာ ကျွန်တော့်နားနဲ့ ကျွန်တော် ကြားတာ ဟုတ်မှဟုတ်ရဲ့လား ဆိုတာပါပဲ။ တစ်နည်းစဉ်းစားရင်၊ လူတစ်ယောက်ဟာ တခြားလူတစ်ယောက်နဲ့ ကာလရှည် အတူတူ နေလာခဲ့ရင်၊ တခြားလူတစ်ယောက်ရဲ့ အမိန့်ကို လိုက်နာနေခဲ့ရင်၊ တခြားလူရဲ့ ခံစားချက်တွေ၊ အတွေးတွေနဲ့ တစ်ထပ်တည်း တူလာတယ်လို့ မြင်မိ တယ်။ လင်နဲ့မယားလိုပေါ့။ ကျွန်တော် ပြောတာကို ဒေါက်တာ သိပါတယ်နော်”

“သိတယ်လို့ ကျွန်မထင်ပါတယ်”

နိမစ်နဲ့ သူ့အလုပ်ရှင်ဖြစ်သူ နော်ဝေနိုင်ငံသားတို့ဟာ ချစ်သူတွေ ဖြစ်ရင် ဖြစ်မယ်ဆိုတဲ့ အတွေးက စာဆုခိရဲ့ စိတ်အတွင်း ဖျတ်ခနဲ ဝင်တယ်။ အဲဒီ အထင်အမြင်ဟာ ဘယ်အချက်ကို အခြေခံတာ သက်သေပြစရာတော့ သူ့မှာမ ရှိ။ အာရုံသိနဲ့ တဒင်္ဂ မြင်လိုက်သိလိုက်တဲ့ အသိမျှ။ ဒါပေမဲ့ အဲဒီအသိကပဲ နိမစ် ကြိုးစားပြောပြတာကို ထင်းခနဲ ရှင်းပြလိုက်သလိုလို။

“ဘယ်လိုပဲဖြစ်ဖြစ်ပါ ဒေါက်တာ၊ ကျွန်တော် နည်းနည်းကလေးမှ နောင်တမရပါဘူး။ ကျွန်တော့်ဘဝကို အစကနေ ပြန်ပြီး စခွင့်ရမယ်ဆိုရင်လည်း ကျွန်တော်တော့ အခုဘဝအတိုင်း တသဝေမတိမ်း လုပ်ဖို့ အလားအလာ ရှိပါတယ်။ ဒေါက်တာ ဘယ်လိုထင်ပါသလဲ”

“ကျွန်မ မသိဘူး နိမစ်၊ ကျွန်မတကယ့်ကို မသိပါဘူး”

ဒီနောက် နိမစ်ဟာ ဘာစကားမျှ မပြောတော့။ သူတို့ဟာ မီးခိုးရောင် မျောက်တွေရှိတဲ့ တောင်ကို ဖြတ်သန်းပြီး ဟိုတယ်ကို ပြန်ခဲ့တယ်။

စာဆုခိ ဂျပန်ပြန်ဖို့ တစ်ရက်မျှအလို နောက်ဆုံးနေ့မှာ နိမစ်ဟာ ဟိုတယ်ကို တိုက်ရိုက်မပြန်ဘဲ အနီးအနားက ရွာကလေးတစ်ရွာဆီ စာဆုခိကို

ခေါ် သွားတယ်။

“ကျွန်တော် ဒေါက်တာ့ဆီက အခွင့်အရေးတစ်ခု တောင်းပါရစေ၊ ကိုယ်ရေးကိုယ်တာ အခွင့်အရေးတစ်ခုပါ” လို့ နိမစ်က မော်တော်ကား နောက်ကြည့်မှန်က တစ်ဆင့် စာဆုခိရဲ့ မျက်ဝန်းတွေဆီ ကြည့်ရင်း မေးလိုက်တယ်။

“ဘာများပါလိမ့်ရှင်”

“ဒေါက်တာ ကျွန်တော့်ကို တစ်နာရီလောက် အချိန်ပေးပါလား ခင်ဗျာ။ ဒေါက်တာ့ကို လိုက်ပြချင်တဲ့ ရွာကလေးတစ်ရွာ ရှိလို့ပါ”

စာဆုခိမှာ ကန့်ကွက်ဖို့ အကြောင်းမရှိ။ သူ့ကို နိမစ် ဘယ်နေရာ လိုက်ပို့မယ် ဆိုတာလည်း မမေး။ စာဆုခိဟာ သူ့ကိုယ်သူ နိမစ်လက်အတွင်း လုံးလုံးလျားလျား အပ်ဖို့ ဆုံးဖြတ်ပြီးဖြစ်ရဲ့။

အဲဒီအမျိုးသမီးဟာ ရွာတစ်ရွာရဲ့ အစွန်အဖျားက အိမ်ငယ်ငယ်တစ်ခုမှာ နေတယ်။ တောင်စောင်းတောင်စောက် အထပ်ထပ်အလွန် စပါးစိုက်ခင်း လယ်ကွက်ငယ်ငယ်နဲ့ ဆင်းဆင်းရဲရဲ ရွာကလေးတစ်ရွာက ဆင်းဆင်းရဲရဲ အိမ်ကလေး တစ်ခုပါ။ ညစ်ပတ်ပေရေနေတဲ့ ပိန်ချုံးချိနဲ့နေတဲ့ မွေးမြူရေးတိရစ္ဆာန်တွေကို တွေ့ရတယ်။ လမ်းတွေမှာ ရွံ့ဗွက်ဗရပွ၊ ချိုင့်ခွက်ဗရပွေ။ လေထဲမှာ ကျဲချေးနံ့ပုံ့နေတယ်။ ကျဲတစ်ကောင်က သိုတရမ်းရမ်း လမ်းသလားနေတယ်။ ၅၀ စီစီ မော်တော်ဆိုင်ကယ်တစ်စီးက အသံတဗြီးဗြီးပြုလို့ တစ်ဖက်တစ်ချက်ဆီ ရွံ့တွေ ဗွက်တွေ လွင့်စဉ်စေကာ ဖြတ်သွားတယ်။ ဝတ်လစ်စလစ်နီးနီး အဝတ်ကပ်တယ်ဆိုရုံ ဝတ်ထားတဲ့ ကလေးတွေက လမ်းတစ်လျှောက်မှာ ရပ်လို့ မာစေးဒီးကားကို ငေးကြည့်နေကြတယ်။ အဲဒီလို ကြေကွဲဖွယ် ရွာကလေးတစ်ရွာဟာ သူတည်းခိုတဲ့ အဆင့်အတန်းမြင့်မြင့် ရီဇော့(တ်) ဟိုတယ်တစ်ခု အနီးအနားမှာ တည်ရှိနေတယ်ဆိုတဲ့ အဖြစ်ဟာ စာဆုခိကို တုန်လှုပ်ချောက်ချား သွားစေတယ်။

အဲဒီအမျိုးသမီး အိုပြီ။ အသက်ရှစ်ဆယ်လောက် ရှိကောင်းရှိမယ်။ သူမ အသားအရောင်က ဟောင်းနွမ်းတဲ့ သားရေတစ်ချပ်လို့ မည်းတယ်။ အသားအရေ တွန့်ရုံ့အက်ကွဲနေတာ နက်လွန်းချိုင့်လွန်းသမို့ သူမခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း အနှံ့အပြား ခရီးသွားနိုင်မယ့် တောင်ကြားလမ်းတွေလို ဖြစ်နေပြီ။

သူမ ခါးကိုင်းနေပြီ။ ပန်းပွင့်ဒီဇိုင်း ဖော်ထားတဲ့ မတော်မလျော် ပွရောင်းရောင်း အဝတ်အစားက သူမရဲ့ ယိုင်ယိုင်ချည့်ချည့် အရိုးစုကိုယ်မှာ ချိတ်ထားသလိုလို။ သူမကို မြင်တော့ နိမစ်က လက်အုပ်ချီ နှုတ်ဆက်တယ်။ အဲဒီ အမျိုးသမီးကြီး ကလည်း နိမစ်နည်းတူ ပြန်နှုတ်ဆက်တယ်။

စာဆုခိုနဲ့ အဲဒီအဘွားအိုဟာ စားပွဲတစ်လုံးရဲ့ တစ်ဖက်တစ်ချက်စီ မျက်နှာချင်းဆိုင် ထိုင်ကြတယ်။ နိမစ်ကတော့ စားပွဲရဲ့ တခြားတစ်ဘက်စွန်းမှာ ထိုင်တယ်။ အစမှာ နိမစ်နဲ့ အဘွားအိုသာ စကားပြောတယ်။ သူမတို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ဘာစကားတွေ ပြောနေကြမှန်း စာဆုခိ မသိ။ ဒါပေမဲ့ အဘွားအို အသံက သူမအသက်အရွယ်နဲ့စာရင် အသက်ဝင်လှပြီး ခွန်းအားရှိလှတာ စာဆုခိ သတိပြုမိတယ်။ အဘွားအိုမှာ သွားတွေကလည်း အစုံအစေ့ ရှိပုံရတယ်။ တစ်ခဏ အကြာမှာ အဘွားအိုက စာဆုခိဘက် မျက်နှာမူတယ်။ စာဆုခိရဲ့ မျက်လုံးတွေထဲဆီ တည့်တည့်ကြည့်တယ်။ အဘွားအိုမှာ ထွင်းထွင်းဖောက်ဖောက် စူးစူးစိုက်စိုက် ကြည့်နိုင်တဲ့ အစွမ်းရှိတယ်။ သူမဟာ မျက်တောင်တစ်ချက်မျှ မခတ်။ စာဆုခိဟာ လွတ်ဖို့လမ်းမရှိတဲ့ အခန်းတစ်ခုအတွင်း ထောင်ချောက်မိနေတဲ့ တိရစ္ဆာန်ငယ်ကလေး တစ်ကောင်လို ခံစားလာရတယ်။ သူမရဲ့ ကိုယ်အနှံ့အပြားမှာ ချွေးစို့လာပြီလို့ သိတယ်။ သူမရဲ့ မျက်နှာ ပူလောင်လာတယ်။ သူမ အသက်ရှူရခက်လာတယ်။ ဆေးတစ်လုံးလောက် သူမ သောက်လိုက်ချင်တယ်။ ဒါပေမဲ့ မော်တော်ကားထဲမှာ မင်နရယ်ရေပုလင်း ကျန်ရစ်ခဲ့ပြီ။

“ဒေါက်တာ့ လက်နှစ်ဖက်ကို စားပွဲပေါ်မှာ ဖြန့်တင်ထားလိုက်ပါ ဒေါက်တာ” လို့ နိမစ်က ပြောလိုက်တယ်။ သူပြောတဲ့အတိုင်း စာဆုခိလုပ်တယ်။ အဘွားအိုက စာဆုခိဆီ လက်လှမ်းကာ စာဆုခိရဲ့ လက်ယာဖက်လက်ကို ဆွဲယူလိုက်တယ်။ အဘွားအိုရဲ့ လက်တွေက သေးငယ်ပေမဲ့ ခွန်အားပြည့်တယ်။ ဆယ်မိနစ်ပြည့်ပြည့် (အဲဒီအချိန်ဟာ နှစ်မိနစ် ဒါမှမဟုတ် သုံးမိနစ်မျှ ဖြစ်ရင်လည်း ဖြစ်မယ်) ကြာတဲ့တိုင် အဘွားအိုဟာ စာဆုခိရဲ့ လက်တွေကို ဆုပ်ကိုင်ရင်း စကားတစ်ခွန်းမျှ မပြောဘဲ စာဆုခိရဲ့ မျက်လုံးတွေကို စိုက်ကြည့်နေတယ်။ အဘွားအိုရဲ့ အားကောင်းတဲ့ အကြည့်ကို စာဆုခိက သူမရဲ့ ရွံ့တွန့်တွန့်အကြည့်နဲ့ တုံ့ပြန်ရင်း လက်ဝဲဖက်လက်မှာ ကိုင်ထားတဲ့ လက်ကိုင်ပုဝါနဲ့ နဖူးဆံစပ်၊ မျက်ခုန်းတွေကို မကြာခဏ ပွတ်သပ်မိတယ်။ အဆုံးမှာ သက်ပြင်းပြင်းပြင်းတစ်ချက် ချကာ အဘွားအိုက စာဆုခရဲ့ လက်ကို လွှတ်လိုက်တယ်။ ဒီ

နောက် အဘွားအိုဟာ နိမစ်ကို ထိုင်းဘာသာနဲ့ ပြောတယ်။ နိမစ်က အင်္ဂလိပ်လို ဘာသာပြန်တယ်။

“အဘွားက ပြောတယ်၊ ဒေါက်တာရဲ့ ကိုယ်အတွင်းမှာ ကျောက်တုံးတစ်တုံး ရှိတယ်တဲ့။ ကျောက်တုံးက မာကျောတယ်၊ အဖြူရောင်တဲ့။ အရွယ်အစားက ကလေးငယ်တစ်ယောက်ရဲ့ လက်သီးဆုပ်လောက် ရှိမယ်တဲ့။ ဒီကျောက်တုံး ဘယ် နေရာကနေ ရောက်လာခဲ့တယ်ဆိုတာ သူလဲ မသိပါဘူးတဲ့”

“ကျောက်တုံး” လို့ စာဆုခိုက မေးခွန်းမေးသလို ပြောတယ်။

“ကျောက်တုံးပေါ်မှာ အကြောင်းအရာ တစ်ခုခုကို စာရေးထားတယ်၊ ဒါပေမဲ့ အဲဒီစာက ဂျပန်လို ရေးထားတာမို့ အဘွားဖတ်လို့ မရဘူးတဲ့။ အနက်ရောင် လက်ရေးသေးသေးလေးနဲ့ အက္ခရာတစ်မျိုးပဲတဲ့။ ဒီကျောက်တုံးရယ်၊ ထွင်းထားတဲ့ စာတွေရယ်ဟာ ဟောင်းလှအိုလှပြီတဲ့၊ ရှေးဟောင်းပစ္စည်းတွေပါပဲ တဲ့။ ဒေါက်တာဟာ ဒီကျောက်တုံး ကိုယ့်ခန္ဓာကိုယ်ထဲမှာ ရှိနေပြီး အသက်ရှင်နေထိုင်နေခဲ့တာ အတော်ကြာလှပြီ။ ဒေါက်တာ ဒီကျောက်တုံးကို ထုတ်ပစ်လိုက်ဖို့ ကောင်းတယ်တဲ့။ အဲဒီလို မထုတ်ပစ်ရင်၊ ဒေါက်တာ သေဆုံးပြီး မီးသင်္ဂြိုဟ်ပြီးတဲ့အခါ ဒီကျောက်တုံးပဲ ကျန်နေရစ်မယ်တဲ့”

အဲဒီအခိုက် အဘွားအိုဟာ စာဆုခိုဆီပြန်ပြီး မျက်နှာမူလာတယ်။ ဒီနောက် ထိုင်းဘာသာနဲ့ပဲ ဖြည်းဖြည်းချင်း အချိန်အတော်ကြာကြာ စကားပြောနေတယ်။ အဘွားအိုရဲ့ အသံအနိမ့်အမြင့် အတိုးအကျယ်က သူမပြောနေတဲ့ စကားဟာ အရေးကြီးကြောင်း အထင်အရှား သိစေတယ်။ နိမစ်က ဘာသာပြန်တယ်။

“မကြာခင်မှာ ဒေါက်တာ ရှည်လျားတဲ့ မြွေတစ်ကောင်ကို အိပ်မက်မက်မယ်။ အိပ်မက်ထဲမှာ မြွေဟာ နံရံတစ်ခုရဲ့ အပေါက်တစ်ပေါက်ကနေ သူ့လွတ်ရာလွတ်ကြောင်း လမ်းကို ရှာပြီး ထွက်လာပါလိမ့်မယ်။ မြွေက အရေခွံအစိမ်းရောင်။ နံရံအပေါက်ကနေ အလျားသုံးပေလောက် မြွေ တိုးထွက်လာပြီဆိုတဲ့အခါ ဒေါက်တာက မြွေရဲ့ လည်မျိုကို လက်နဲ့ဆုပ်ပြီး ဖမ်းလိုက်ပါ။ ဘယ်တော့မှ ပြန်လွတ်မပေးပါနဲ့တော့။ မြွေဟာ အင်မတန် ကြောက်ရွံ့စရာကောင်းတဲ့ အသွင်အပြင် ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဒေါက်တာ့ကို အန္တရာယ် မပေးနိုင်တာ အမှန်ပါ။ ဒီတော့ ဒေါက်တာ ဒီမြွေကို ကြောက်ရွံ့စရာ မလိုပါဘူး။ သူ့ကို ဒေါက်

တဲ့လက်နှစ်ဖက်စလုံးနဲ့ ချုပ်ထားပါ။ ဒီမြွေဟာ ဒေါက်တာရဲ့ အသက်လို့ မှတ်ပါ။ ဒေါက်တဲ့မှာ ရှိသမျှ ခွန်အားအကုန်နဲ့ ချုပ်ထားပါ။ ဒေါက်တာ အိပ်မက်ကနိုးလာတဲ့တိုင်အောင် ဒီမြွေကို ချုပ်ထားပါ။ ဒီမြွေက ဒေါက်တဲ့ကိုယ်စား ဒေါက်တာရဲ့ ကျောက်တုံးကို မျိုလိုက်ပါလိမ့်မယ်။ ဒေါက်တာ နားလည်ပါတယ်နော်”

“အလို... ဘယ်လို လောကကြီးပါလိမ့်”

“ဒေါက်တာ နားလည်ပါတယ်ဆိုတာ ပြောလိုက်ပါဦး ဒေါက်တာ” လို့ နိမစ်က အလွန့်အလွန် အလေးအနက် ပြောနေတယ်။

“ကျမ နားလည်ပါတယ်ရှင်” လို့ စာဆုခိ ဖြေရတယ်။

အဘွားအိုက ညင်ညင်သာသာ ခေါင်းညိတ်ပြီး စာဆုခိကို ထပ်ပြီး စကားပြောပြန်တယ်။

“အဲဒီလူဟာ မသေသေးဘူးတဲ့” လို့ နိမစ်က ဘာသာပြန်တယ်။ “သူဟာ အစင်းအရာ တစ်ခုတောင် ဒဏ်ရာမရခဲ့ဘူးတဲ့။ ဒေါက်တာ ဖြစ်စေချင်တာက ဒီလို ဟုတ်ကောင်းမှ ဟုတ်မှာပါ။ ဒါပေမဲ့ အဲဒီလို ဒီလူ အနာတရ မဖြစ်တာဟာ တကယ်တော့ ဒေါက်တဲ့အတွက် ကံကောင်းဖို့ ဖြစ်လာတာပါ။ ဒေါက်တာဟာ ဒေါက်တဲ့ရဲ့ ကောင်းမွန်တဲ့ ကံကြမ္မာကို ကျေးဇူးတင်ဖို့ ကောင်းပါတယ်တဲ့”

အဘွားအိုက တိုတိုပြတ်ပြတ် စကားလုံး သုံးလေးလုံးလောက် ရွတ်တယ်။

“ဒါပါပဲ တဲ့။ ကျွန်တော်တို့ ဟိုတယ်ကို ပြန်နိုင်ပါပြီ ဒေါက်တာ” လို့ နိမစ်က ပြောလိုက်တယ်။

မော်တော်ကားထဲ ပြန်ရောက်ကြတဲ့အခါ စာဆုခိက နိမစ်ကို “ဒါက ရှေ့ဖြစ်ဟောနည်း တစ်မျိုးပဲလားရှင်” လို့ မေးတယ်။

“မဟုတ်ပါဘူး ဒေါက်တာ။ ဒါ ရှေ့ဖြစ်ဟောတာ မဟုတ်ပါဘူး။ ဒေါက်တာက လူရဲ့ ရုပ်ပိုင်းကို ကုသသလိုပဲ သူက နာမ်ပိုင်းကို ကုသတာပါ။ သူက လူတွေရဲ့ အိပ်မက်ကို ဖတ်တာ အဓိကပါ ဒေါက်တာ”

“ကျွန်မ သူ့ကို တစ်ခုခု ပေးထားခဲ့သင့်တယ်နော်၊ ကျေးဇူးတင်တဲ့ အထိမ်းအမှတ် တစ်ခုခုပေါ့။ အဖြစ်အပျက် တစ်ခုလုံးက ကျွန်မအတွက် အံ့သြစရာ ကောင်းလွန်းလို့ ကျွန်မစိတ်မှာ မေ့မေ့လျော့လျော့ ဖြစ်ကုန်တော့တာပါပဲ”

နိမစ်ဟာ တောင်ပေါ်လမ်း တစ်ဆစ်ချိုး အကွေ့တစ်ကွေ့ကြောင့် မော်တော်ကား စတီယာရင်ခွေကို သူရဲ့ တိကျသေသပ်တဲ့ နည်းနဲ့ ထိန်းထိန်းညှိညှို လှည့်နေဝိုက်နေရတယ်။ “ကျွန်တော် အဘွားကို ပေးခဲ့ပါပြီ။ အနည်းအကျဉ်းပါ။ ဒေါက်တာ့အတွက် ဘာမှ စိတ်အနှောင့်အယှက် ဖြစ်လောက်တဲ့ ပမာဏလည်း မဟုတ်ပါ ဘူး။ ဒေါက်တာ့အတွက် ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးအရ လေးစားမှု အထိမ်းအမှတ် တစ်ခုလို့သာ သဘောထားစေချင်ပါတယ် ခင်ဗျာ”

“ရှင်ရဲ့ ခရီးသည်မှန်သမျှ ဒီကို ခေါ်လာတာပဲလား”

“မဟုတ်ပါဘူး ဒေါက်တာ။ ဒေါက်တာ တစ်ယောက်တည်းကိုသာ ခေါ်လာဖူးတာပါ”

“ဘာဖြစ်လို့ ကျွန်မတစ်ယောက်တည်းကိုမှ ခေါ်လာရတာလဲရှင်”

“ဒေါက်တာဟာ ချောမောလှပတဲ့သူ တစ်ယောက်ဖြစ်ပါတယ် ဒေါက်တာ။ အတွေးအမြင်ကလဲ ရှင်းတယ်။ ခွန်အားလည်း ရှိတယ်။ ဒါပေမဲ့ တစ်ချိန်လုံးလိုလို ဒေါက်တာဟာ စိတ်ဓာတ်ကျဆင်းနေတယ် လို့ ထင်မြင်ရတယ်။ အခုချိန်က စပြီး တစ်စတစ်စ ဒေါက်တာဟာ သေခြင်းတရားကို ရင်ဆိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်နိုင်လာမယ် ထင်ပါတယ်။ ဒေါက်တာဟာ မိမိရဲ့ အနာဂတ်စွမ်းအားကို အသက်ရှင်ခြင်းမှာသာ လုံးလုံးလျားလျား မြှုပ်နှံထားရင် သေခြင်းကောင်းစွာ သေနိုင်ဖို့ မစွမ်းဘဲ ရှိပါလိမ့်မယ်။ ဒေါက်တာရဲ့ စိတ်နေစိတ်ထားကို စပြီး ပြောင်းလဲသင့်ပါပြီ၊ တစ်ချိန်တစ်ချိန်မှာ တစ်စချင်းတစ်စချင်းပေါ့ ဒေါက်တာ။ တစ်နည်းစဉ်းစားရင် အသက်ရှင်ခြင်းနဲ့ သေခြင်းဟာ တန်ဖိုးက အတူတူပါပဲ”

“ကျွန်မကို တစ်ခုပြောစမ်းပါလား နိမစ်” လို့ စာဆုဒါဟာ နေကာမျက်မှန်ချွတ်ပြီး ထိုင်ခုံကျောမှီမှာ လှဲမှီကာ မေးလိုက်တယ်။

“ဘာကို ပြောစေချင်တာပါလဲ ဒေါက်တာ”

“ရှင် သေဖို့ ပြင်ဆင်ပြီးပြီလား”

“ကျွန်တော်ဟာ တစ်ဝက်သေနှင့်ပါပြီ ဒေါက်တာ” လို့ နိမစ်က အထင်အရှား မြင်တာကို ထွက်ဆိုသလို ဆိုရဲ့။

အဲဒီညမှာ စာဆုခိဟာ ကျယ်ကျယ်ပြန့်ပြန့် အသစ်စက်စက်လို သန့်ရှင်း တောက်ပြောင်တဲ့ အိပ်ရာထက်မှာ ငိုတယ်။ သူမဟာ သေခြင်းဆီ ဦးတည်နေ တာကို မြင်ပြီသိပြီ။ သူမရဲ့ကိုယ်အတွင်း မာကျောတဲ့ အဖြူရောင် ကျောက်တုံး တစ်တုံး ရှိတာကို မြင်ပြီ သိပြီ။ အရေခွံအစိမ်းရောင် မြွေတစ်ကောင် အမှောင် အတွင်း တစ်နေရာရာမှာ ခိုအောင်းနေတာကို သူမ မြင်ပြီ သိပြီ။ သူမဟာ ဘယ် အခါကမှ သူမ မမွေးဖွားခဲ့တဲ့ ကလေးအကြောင်း တွေးတယ်။ သူမက အဲဒီ ကလေးကို ဖျက်စီးခဲ့တယ်။ အဆုံးမရှိနက်တဲ့ ရေတွင်းထဲ ဒေါသပူလောင်ကာ စွန့်ပစ်ခဲ့တယ်။ ဒီနောက် သူမဟာ လူတစ်ယောက်ကို မုန်းရင်း အနှစ်သုံးဆယ် ကုန်လွန်ခဲ့တယ်။ အဲဒီလူ မချိမဆန့်ဝေဒနာနဲ့ သေဖို့ မျှော်လင့်ခဲ့တယ်။ အဲဒီ အဖြစ် ဖန်စေဖို့ သူမရဲ့ စေတသိက်မှာ ငလျင်တစ်ခုကို ဆန္ဒရှိတဲ့တိုင် စာဆုခိ ဆိုက်ခဲ့ပြီ။ တစ်နည်းအားဖြင့် “ ငါဟာ ငလျင်လှုပ်စေချင်တဲ့ လူတစ်ယောက်ပဲ။ သူ့ကြောင့် ငါ့နှလုံးသားဟာ ကျောက်တုံးတစ်တုံးဖြစ်သွားပြီ” လို့ စာဆုခိ စိတ် အတွင်း ရေရွတ်မိတယ်။ အဝေးက တောင်တွေပေါ်က မီးခိုးရောင်မျောက်တွေ က စာဆုခိကို တိတ်ဆိတ်ငြိမ်သက် စူးစူးစိုက်စိုက် ကြည့်နေကြတယ်။ တစ် နည်းစဉ်းစားရင် ရှင်ခြင်းတရားနဲ့ သေခြင်းတရားဟာ တန်ဖိုးအတူတူပဲ။

လေယာဉ်ကုမ္ပဏီ ကောင်တာမှာ သူမရဲ့အိတ်တွေကို စစ်ဆေးပြီးတဲ့အခါ စာဆုခိက နိမစ်ကို ဒေါ်လာတစ်ရာတန် ငွေစက္ကူတစ်ရွက် ထည့်ထားတဲ့ စာအိတ်ကို ပေးလိုက်တယ်။ “အားလုံးအတွက် ကျေးဇူးပါပဲ နိမစ်။ အံ့မခန်းတဲ့ အပန်းဖြေမှုတစ်ခုကို မဖြစ်ဖြစ်အောင် ရှင် ဖန်တီးပေးခဲ့တာပါ။ ဒါကတော့ ရှင့် အတွက် ကျွန်မရဲ့ ပုဂ္ဂိုလ်ရေးအရ လက်ဆောင်တစ်ခုပါ”

“ဒါကတော့ ဒေါက်တာရဲ့ အင်မတန်မှ အမြော်အမြင် ကြီးမားမှုပါ ဒေါက် တာ။ အင်မတန်မှပဲ ကျေးဇူးတင်ပါတယ် ခင်ဗျာ” လို့ ပြောကာ နိမစ်ဟာ စာအိတ်ကို လက်ခံယူတယ်။

“ကော်ဖီသောက်ရအောင် အချိန်ရှိပါသေးလား ဒေါက်တာ”

“ဟုတ်ကဲ့၊ ကျွန်မလည်း ကော်ဖီသောက်ချင်ပါတယ်”

သူမတို့ နှစ်ယောက်အတူ ကဖေးဆိုင်တစ်ဆိုင်ကို သွားကြတယ်။ စာဆုခိ က ဘလက်ကော်ဖီမှာတယ်။ နိမစ်က မလိုင်အပြည့်အနှစ် ကော်ဖီတစ်ခွက် မှာ တယ်။ အချိန်အတော်ကြာကြာပဲ စာဆုခိဟာ သူမရဲ့ ကော်ဖီပန်းကန်လုံးကို ပန်းကန်ပြားထက်မှာ ပတ်လည်လှည့်နေမိတယ်။

“သိတယ် မဟုတ်လား၊ ကျွန်မမှာ လျှို့ဝှက်ချက်တစ်ခုရှိတယ်။ ဒါကို ဘယ်သူ့ကိုမှ ကျွန်မ ပြောမပြခဲ့ဖူးဘူး။ ဒီအကြောင်း ပြောပြဖို့အတွက်လည်း ဘယ်တုန်းကမှ ကိုယ့်စိတ်ကိုယ် မဆောင်နိုင်ခဲ့ဘူး။ တစ်ချိန်လုံး ကျွန်မဟာ ဒါ ကို ကိုယ့်စိတ်ထဲမှာ ကိုယ့်ဘာသာကိုယ် လှောင်ထားဝှက်ထားခဲ့တယ်။ ဒါပေမဲ့ အခု ရှင့်ကိုတော့ ကျွန်မ ပြောပြချင်တယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်မတို့ နောင်ပြန်တွေ့ဖို့ ဖြစ်နိုင်တာမှ မဟုတ်ဘဲ။ ကျွန်မရဲ့အဖေ ရုတ်တရက် ဆုံးသွား တဲ့အခါ ကျွန်မအမေဟာ ကျွန်မကို စကားတစ်ခွန်းမှ မပြောမဆိုဘဲ”

နိမစ်က သူ့လက်တွေကို ပင့်ကာ စာဆုခိကို လက်ဖဝါးကာပြရင်း၊ ခေါင်းခါရင်း “ကျေးဇူးပြုပြီး ဒေါက်တာ၊ ကျွန်တော့်ကို ဘာတစ်ခုမှ ထပ်ပြီး မ ပြောပါနဲ့ ခင်ဗျာ။ အဘွားအို ပြောသလိုပဲ ဒေါက်တာ့အိပ်မက်ကို ဒေါက်တာ မက်ရမှာပါပဲ။ ဒေါက်တာ ဘယ်လိုခံစားရမယ် ဆိုတာ ကျွန်တော် နားလည်ပါ တယ်။ ဒါပေမဲ့ ဒေါက်တာ ဒီခံစားမှုတွေကို စကားလုံးတွေအဖြစ် ပြောင်းလဲ လိုက်ရင် ခံစားမှုတွေဟာ မုသားတွေအဖြစ် ပြောင်းလဲသွားပါလိမ့်မယ်” လို့ ဆို တယ်။

စာဆုခိလည်း သူမရဲ့ စကားတွေကို မျိုသိပ်ထားလိုက်ရတယ်။ ဒီနောက် တိတ်ဆိတ်ငြိမ်သက် မျက်လုံးတွေ မှိတ်ထားလိုက်တယ်။ အသက်ပြည့်ပြည့်ဝဝ နက်နက်စူးစူး ရှူသွင်းလိုက်တယ်၊ ဒီနောက် ပြန်ပြီး ရှိုက်ထုတ်လိုက်တယ်။

“အိပ်မက် မက်ပါစေ၊ ဒေါက်တာ” လို့ နိမစ်ဟာ အတွေးအကြံတစ်ခုကို ကြင်ကြင်နာနာ ဝေမျှသလို “အခု ဒေါက်တာ့မှာ လိုအပ်တဲ့ တစ်ခုတည်းသော အရာက စည်းစောင့်ခြင်းပါ။ စကားလုံးတွေကိုသာ စွန့်လွှတ်လိုက်ပါ။ စကားလုံး တွေဟာ ကျောက်တုံးဖြစ်သွားလိမ့်မယ်” လို့ ပြောတယ်။

နိမစ်ဟာ သူ့လက်တွေကို လှမ်းကာ စာဆုခိရဲ့ လက်တွေကို ဆုပ်ကိုင် လိုက်တယ်။ သူ့လက်တွေက အစဉ်သဖြင့် တန်းဖိုးကြီးမားတဲ့ သားရေ လက်အိတ်တွေထဲ အကာအကွယ် ပြုထားသလို ထူးထူးကဲကဲ နုညံ့ချောမွတ်ပြီး

ပျိုရွယ်နုနယ် နေတယ်။ စာဆုခိဟာ မျက်လုံးဖွင့်ကာ နိမစ်ကို ကြည့်တယ်။ နိမစ်က လက်တွေကို ရုပ်ကာ စားပွဲပေါ်မှာ ပြန်တင်ပြီး လက်ချောင်းကလေးတွေ အချင်းချင်း ယှက်ထား ဆုပ်ထားတယ်။

“ကျွန်တော့်အလုပ်ရှင် နော်ဝေနိုင်ငံသားဟာ အမှန်တကယ် လက်(ပ်)လင်းကပါ။ ဒေါက်တာ သိပါတယ်၊ လက်(ပ်)လင်းဟာ နော်ဝေရဲ့ မြောက်ဖျား၊ မြောက်ဝင်ရိုးစွန်း အနီးမှာပါ။ အဲဒီမှာ တန်ဒြာသမင်တွေ အများကြီးရှိပါတယ်။ နွေအခါ ညမရှိပါဘူး၊ ဆောင်းအခါ နေ့မရှိပါဘူး။ သူ့အတွက် အဲဒီမှာ အေးလွန်းတာကြောင့် ထိုင်းနိုင်ငံမှာ သူလာနေတာ ဖြစ်နိုင်ပါတယ်။ ဆန့်ကျင်ဘက် ဒေသနှစ်ခုလို့ ပြောဆို ပြောနိုင်မယ် ထင်ပါတယ်။ သူ ထိုင်းနိုင်ငံကို ချစ်တယ်။ ထိုင်းနိုင်ငံမှာ ရိုးပြာမြေကျဖို့ သူဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ သူသေတဲ့နေ့တိုင် သူမွေးတဲ့ လက်(ပ်)လင်းက မြို့ကလေးကို လွမ်းနေခဲ့တာပါ။ ကျွန်တော့်ကို တစ်ချိန်လုံး လက်(ပ်)လင်းအကြောင်း သူ ပြောပြောပြခဲ့တယ်။ ဒါပေမဲ့ အဲဒီလို လွမ်းနေတဲ့တိုင် နော်ဝေကိုတော့ သုံးဆယ့်သုံးနှစ်လုံးလုံး တစ်ကြိမ်တစ်ခါမှ သူ ပြန်မသွားခဲ့ဘူး။ သူ အခုလို အဝေးမှာသာ နေရတဲ့အကြောင်းက အဲဒီမှာ တစ်ခုခု ဖြစ်ပျက်ခဲ့တယ် ထင်ပါတယ်။ သူလည်း အတွင်းမှာ ကျောက်တုံးရှိတဲ့ လူတစ်ယောက်ပါပဲ”

နိမစ်က ကော်ဖီခွက်ကို ယူကာ တစ်မြို့မျှ မြိုတယ်။ ဒီနောက် ကော်ဖီခွက်ကို ပန်းကန်ပြားထဲ အသံမမြည်စေအောင် ဂရုတစိုက် ပြန်ထားတယ်။

“တစ်ခါက သူ ကျွန်တော့်ကို ပိုလာဝက်ဝံတွေအကြောင်း ပြောပြဖူးတယ်။ ပိုလာဝက်ဝံတွေဟာ အင်မတန်မှ အထီးကျန်ဆန်တဲ့ တိရစ္ဆာန်တွေပါပဲ။ သူတို့ တစ်နှစ်မှ တစ်ကြိမ် မိတ်လိုက်ကြတယ်တဲ့။ တစ်နှစ်လုံးမှာမှ တစ်ကြိမ်တည်းတဲ့။ ပိုလာဝက်ဝံလောကမှာ ဒီလိုမြဲမြံတဲ့ ဖိုနဲ့မ ရင်းနှီးမှုမျိုးလို ဆက်ဆံမှုမျိုး ဘာမှမရှိဘူး။ ပိုလာဝက်ဝံဖိုတစ်ကောင်နဲ့ ဝက်ဝံမတစ်ကောင်ဟာ အေးစက်နေတဲ့ ရေခဲပြင် တစ်ပြင်ကြီး တစ်ပြန့်ကြီးထဲက တစ်နေရာရာမှာ တကယ့်ကို အခွင့်အလမ်းတိုက်ဆိုင်မှု တစ်ခုအနေနဲ့ တွေ့ကြတယ်။ အဲဒီအခါ မိတ်လိုက်ကြတယ်။ သိပ်ကြာလှတာ မဟုတ်ပါဘူး။ မိတ်လိုက်ပြီးတာနဲ့ တစ်ပြိုင်တည်း ဝက်ဝံဖိုဟာ သေမှာကို ကြောက်လန့်သလို ဝက်ဝံမနဲ့ ဝေးရာကို ထွက်ပြေးတော့တယ်။ သူတို့ မိတ်လိုက်တဲ့ နေရာကနေ ဝေးရာကို ထွက်ပြေးတော့တယ်။ ဝက်ဝံဖိုဟာ ဘယ်တော့မှ နောက်ကြောင်း လှည့်ကြည့်ရိုး မရှိတာ

အမှန်ပဲ။ အဲဒီတစ်နှစ်ရဲ့ ကျန်တဲ့ အချိန်တစ်လျှောက်လုံးမှာတော့ သူဟာ အင်မတန်မှ အထီးကျန်လှစွာ နေတော့တယ်။ အပြန်အလှန်ဆက်သွယ်မှု၊ တစ်ဦးပေါ်တစ်ဦး စာနာနားလည် ခံစားမှုကတော့ သူတို့ မရှိပါဘူး။ အဲဒါပါပဲ။ ပိုလာဝက်ဝံတွေရဲ့ ဇာတ်လမ်းကတော့ အဲဒီလိုပါပဲ။ ကျွန်တော့်ကို ကျွန်တော့် အလုပ်ရှင် ပြောပြတဲ့ ပိုလာဝက်ဝံအကြောင်းပါပဲ”

“တော့်တော့်ကို ဆန်းကြယ်တာပဲ” လို့ စာဆုခို ပြောတယ်။

“မှန်ပါတယ် ခင်ဗျာ၊ ဆန်းကြယ်လှပါတယ်”။ နိမစ်ရဲ့ မျက်နှာမှာ လေးလေးနက်နက် တည်တည်ငြိမ်ငြိမ် ရှိတယ်။ “ဒီလိုဆိုရင် ပိုလာဝက်ဝံတွေဟာ ဘာအတွက် အသက်ရှင်နေကြတာလဲ လို့ ကျွန်တော့်အလုပ်ရှင်ကို ကျွန်တော် မေးခဲ့တာကိုလည်း မမေ့သေးပါဘူး။ ‘ကောင်းပြီ နိမစ်၊ အဲဒီလို မင်းက မေးတော့၊ ငါတို့ကကော ဘာအတွက် အသက်ရှင်နေကြတာလဲ’ လို့ ပြုံးပြုံးကြီး ဖြေခဲ့တယ်လေ”

လေယာဉ်က စံအမြင့်ကို ရောက်တော့ “ထိုင်ခုံခါးပတ်ကို ပတ်ထားပါ” ဆိုတဲ့ သတိပေးစာတန်း ပျောက်ကွယ်သွားတယ်။ ဒီအခါ စာဆုခိုဟာ “ငါ ဂျပန်ကို ပြန်တော့မှာပါလား” လို့ တွေးမိတယ်။ ရှေ့မှာ ဘယ်လို ကြုံရမယ်ဆိုတာ သူမ ကြိုးစားမှန်းကြည့်တယ်။ ဒါပေမဲ့ မကြာမီ လက်လျှော့ရတယ်။ “စကားလုံးတွေက ကျောက်တုံးဖြစ်သွားလိမ့်မယ်” လို့ နိမစ်က သူမကို ပြောခဲ့တယ်။ စာဆုခိုဟာ ထိုင်ခုံမှာ ကိုယ်ရောစိတ်ပါ လျှော့လို့ မှီချလိုက်တယ်။ မျက်လုံးတွေ မှိတ်လိုက်တယ်။ ဒီအခိုက် သူ ရေကူးကန်ထဲ ပက်လက်ကူးနည်း ရေကူးနေစဉ် မြင်ခဲ့တဲ့ ကောင်းကင်ပုံ ရိပ်ထင်လာတယ်။ ဒီနောက် အယ်ရယ်(လ်)ဂါနာရဲ့ ‘သတိရနေမယ် အေပရယ်(လ်)။ အိပ်ပျော်ပါစေတော့’ လို့ စာဆုခိုတွေးတယ်။ အိပ်ပျော်ပါစေတော့။ ဒီနောက် အိပ်မက်ဖို့ အသင့်။

❑

(မူရင်း ဂျပန်မှ အင်္ဂလိပ်သို့ Jay Rubin ဘာသာပြန်တဲ့ ဟာရူကိမူရာကာမိရဲ့ After The Quake ဝတ္ထုတိုစု စာအုပ်က Thailand ကို မြန်မာပြန်ပါတယ်။)

ကျုပ်ရဲ့ သွင်ပြင်က
ဖား အစစ်တစ်ကောင်ရဲ့
သွင်ပြင်နဲ့ တသဝေမတိမ်းပါ။
သကော်တအရုပ်တစ်ခုလည်း
မဟုတ်ဘူး။ ဟုတ်ယောင်ထင်ယောင်
ပြုတာလည်း မဟုတ်ဘူး။
ဒီကွန်စထရပ်ရှင်း ပြုထားတဲ့
ပစ္စည်းလည်း မဟုတ်ဘူး။
လွယ်သလို ရှုပ်ရှုပ်ယှက်ယှက်
ခက်ခက်ခဲခဲ လုပ်ထားတဲ့
ပစ္စည်းတစ်ခုမှ မဟုတ်ဘူး။
ကျုပ်ဟာ
တကယ့်ဖားအစစ်တစ်ကောင်ပါ
ခင်ဗျာ။

တိုက္ပြဲမြို့ကို ကယ်တင်သူ စူပါဖား

ခတကိရိဟာ သူ့အိမ်ခန်းမှာ သူ့ကို စောင့်နေတဲ့ ဧရာမ ဖားကြီးတစ်ကောင်ကို တွေ့ရတယ်။ အဲဒီဖားဟာ ခန္ဓာကိုယ်က ထွားထွားကြိုင်းကြိုင်း ကြံ့ကြံ့ခိုင်ခိုင်နဲ့ ခြေထောက်အစုံ မတ်မတ်ရပ်နေတာ ခြောက်ပေကျော်ကျော် မြင့်တယ်။ အရပ် ငါးပေသုံးလက်မလောက်မှ မရှည်တဲ့ အရေပါးပါး အသားလှီလှီ ခတကိရိဟာ အဲဒီ ဖားရဲ့ ခန္ဓာကိုယ် မြင့်မြင့်ကြွားကြွား ထည်ထည်ဝါဝါ ရှိလှတာကြောင့် အံ့အားသင့်နေရဲ့။

“ကျုပ်ကို ‘ဖား’လို့ ခေါ်ပါ” လို့ ကျယ်တဲ့ ရှင်းတဲ့ ပြတ်တဲ့ အသံနဲ့ အဲဒီဖားက ပြောလိုက်တယ်။

ခတကိရိဟာ အိမ်ခန်းတံခါး အဝင်အဝမှာ ကြက်သေသေကာ မလှုပ်မယှက် ရပ်နေတယ်။ စကားတစ်ခွန်းမှ ပြောနိုင်စွမ်း မရှိဘူး။

“မကြောက်ပါနဲ့။ ခင်ဗျားကို ရန်ပြုဖို့ ဒီမှာ ကျုပ်ရောက်နေတာ မဟုတ်ပါဘူး။ ဝင်ခဲ့ပါလေ၊ ကျေးဇူးပြုပြီး တံခါးကို ပိတ်လိုက်ပါဦးလေ”

ရုံးလက်ဆွဲအိတ်ကို လက်ယာလက်မှာ၊ လတ်လတ်ဆတ်ဆတ် ဟင်းသီးဟင်းရွက်တွေ ဆယ်မန် ငါးစည်သွတ်ဘူးတွေပါတဲ့ စျေးလက်ဆွဲအိတ်ကို လက်ဝဲလက်မှာ ဆွဲလို့ ခတကိရိဟာ မလှုပ်ရဲ မရွေ့ရဲဘူး။

“ကျေးဇူးပြုပြီး မြန်မြန်လေးဝင်ပြီး တံခါးကို ပိတ်လိုက်ပါ၊ ခင်ဗျားရဲ့ ဖိနပ်တွေကိုလည်း ချွတ်လိုက်ပါ၊ ဦးခတကိရိ”

သူ့နာမည် ခေါ်သံကြောင့် ခတကိရိ ပြန်လည်သတိဝင်လာတယ်။ စေတဲ့အတိုင်း တံခါးကို ပိတ်လိုက်တယ်။ စျေးအိတ်ကို တစ်ဆင့်မြင့်တဲ့ သစ်သားကြမ်းပြင်ထက်မှာ တင်လိုက်တယ်။ ရုံးအိတ်ကို လက်မောင်းတစ်ဖက်အကြားညှပ်လိုက်ကာ ရှူးဖိနပ်ကြိုးတွေကို ဖြည်တယ်။ ဖားက မီးဖိုခန်းထဲက သူနေရာယူပြီးဖြစ်တဲ့ စားပွဲမှာ ထိုင်ဖို့ ခတကိရိကို ကိုယ်ဟန်လက်ဟန်နဲ့ ပြောတယ်။

“ကျုပ်က တောင်းပန်းရမှာပါပဲ ဦးခတကိရိ။ ကျုပ်က ခင်ဗျားမရှိတုန်း ကျူးကျူးကျော်ကျော် ဝင်နေခဲ့တာကိုး။ ဒီမှာ ကျုပ်ကိုတွေ့ရင် ခင်ဗျား အထိတ်တလန့် ဖြစ်မယ်ဆိုတာ ကျုပ်သိပါတယ်။ ဒါပေမဲ့ ကျုပ် ရွေးစရာမရှိဘူး။ လက်ဖက်ရည် တစ်ခွက်လောက် သောက်ပါခင်ဗျာ။ ခင်ဗျား မကြာခင် အိမ်ပြန်ရောက်မယ် တွေးပြီး ကျုပ် ရေနွေးကျိုထားပါတယ်” လို့ ဖားက ပြောတယ်။

ခတကိရိဟာ လက်မောင်းအကြား ရုံးလက်ဆွဲအိတ်ကို တင်းတင်းညှပ်ထားဆဲပဲ။ တစ်စုံတစ်ယောက်က သူ့ကို နောက်ပြောင်နေတာ ဖြစ်မလားလို့ သူ စဉ်းစားနေတာပါ။ တစ်စုံတစ်ယောက်က ဟောဒီ ဧရာမ ဖားအရေခွံဝတ်စုံကို ဝတ်ပြီး သူ့ကို အပျော်အပြက် လုပ်နေတာလားလို့ စဉ်းစားနေတာပါ။ ဒါပေမဲ့ ဖားက တစ်လျှောက်လုံး မပီမမြည် အသံတစ်သံ ညည်းရင် လက်ဖက်ရည်ကရားထဲ ရေနွေးငွဲ့တာကို ကြည့်ရင် ဒီခြေလက်အင်္ဂါ အစိတ်အပိုင်းတွေနဲ့ ဒီလှုပ်ရှားမှုတွေဟာ ဖားစစ်စစ် တစ်ကောင်ရဲ့ အင်္ဂါတွေနဲ့ လှုပ်ရှားမှုတွေ ဖြစ်ကြောင်း ခတကိရိသိတယ်။ ဖားက လက်ဖက်ရည်ခါး တစ်ခွက်ကို ခတကိရိရှေ့မှာ တည်ပြီး သူ့အတွက် နောက်ထပ် တစ်ခွက်ငှဲ့တယ်။

လက်ဖက်ရည်ကို တစ်မြို့ချင်းမြို့ရင်း ဖားက “စိတ်အေးအေးထားပါ ခင်ဗျာ” လို့ ဆိုရဲ့။

ဒါပေမဲ့ ခတကိရိမှာ စကားမပြောနိုင်သေးဘူး။

“ခင်ဗျားဆီကို လာတွေ့ဖို့ ဘယ်နေ့ဘယ်ရက် ခွင့်ပြုချက် အရင်တောင်းသင့်တယ် ဆိုတာ ကျုပ်သိပါတယ်၊ ဦးခတကိရိ။ သူတစ်ပါးရဲ့ ပိုင်နက်တွေ ပိုင်ဆိုင်ခွင့်တွေကို ကျုပ် အပြည့်အဝ အလေးထားပါတယ်။ လူတစ်ယောက်ရဲ့ အိမ်ထဲမှာ ဖားတစ်ကောင်က သူ့ကို စောင့်နေတာကို တွေ့ရင် အဲဒီလူ အထိတ်တလန့် ဖြစ်မှာပါ။ ဒါပေမဲ့ ကျုပ်မှာ အရေးပေါ်ကိစ္စကြောင့် ဒီကို လာရတာပါ။ ကျုပ်ကို ခွင့်လွှတ်ပါ ခင်ဗျာ”

“အရေးပေါ်ကိစ္စ၊ ဟုတ်လား” လို့ ခတကိရိက ဂရုတစိုက်နဲ့ စကားလုံးတွေကို နှုတ်က ထုတ်လိုက်ရတယ်။

“ဟုတ်ပါတယ်၊ တကယ့်ကို မှန်ပါတယ်။ အဲဒီလို အရေးပေါ်ကိစ္စ မဟုတ်ဘဲ ဘာကြောင့် ကျုပ်က သူတစ်ပါးရဲ့ အိမ်ထဲ ကြိုတင်အသိမပေးဘဲ

အကြောင်းမကြားဘဲ ကျူးကျူးကျော်ကျော် ဝင်လိမ့်မလဲ ခင်ဗျာ။ ဒီလို မယဉ်မကျေး မဖွယ်မရာ အပြုအမူမျိုးဟာ ကျုပ်ရဲ့ ဓလေ့စရိုက်လည်း မဟုတ်ပါဘူး”

“အဲဒီကိစ္စက ကျွန်တော်နဲ့ တစ်စုံတစ်ရာ ပတ်သက်နေလို့လားဗျာ”

“ဟုတ်ပါတယ်လို့လည်း ဖြေနိုင်ပါတယ်၊ မဟုတ်ပါဘူးလို့လည်း ငြင်းနိုင်ပါတယ်။ ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး” လို့ ဆိုကာ ဖားဟာ ခေါင်းကို ငဲ့ရဲ့။

ကိုယ့်ဘာသာကိုယ် အားတင်းရင်ဆိုင်ရမှာပဲလို့ တွေးရင်း ခတကိရိက

“ကျွန်တော် ဆေးလိပ်သောက်ရင် စိတ်မရှိဘူး မဟုတ်လားဗျာ” လို့ ပြောလိုက်တယ်။

“လုံးဝ လုံးဝစိတ်မရှိပါဘူး ခင်ဗျာ” လို့ ဖားက ပြုံးပြီး ဖြေတယ်။ “ဒါ ခင်ဗျားရဲ့ အိမ်ပါ ခင်ဗျာ။ ခင်ဗျားအနေနဲ့ ကျွန်တော့်ဆီက ခွင့်ပြုချက်တောင်း နေဖို့ မလိုပါဘူး။ ခင်ဗျား စိတ်တိုင်းကျ ဆေးရှူလိုက ရှူ၊ အရက်သောက်လိုက သောက်၊ လုပ်နိုင်ပါတယ်။ ကျုပ်ကိုယ်တိုင်ကတော့ ဆေးလိပ်သောက်တဲ့သူ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတစ်ယောက်ယောက် သူ့အိမ်သူ့ရာအတွင်း ဆေးလိပ် သောက်ရာမှာ ကျုပ် ဆေးလိပ်မနှစ်မြို့တာကို စကားနဲ့ဖြစ်ဖြစ် အမူအရာနဲ့ ဖြစ်ဖြစ် ပြောခဲပြခဲသားပါ ခင်ဗျာ”

ခတကိရိက ကုတ်အင်္ကျီထဲက စီးကရက်ဘူးကို ထုတ်တယ်။ မီးခြစ် ခြစ်တယ်။ ခတကိရိရဲ့ အခြေအနေက စီးကရက်မီးညှိရာမှာ လက်တွေ တုန်နေတယ်။ သူနဲ့ မျက်နှာချင်းဆိုင် ထိုင်နေတဲ့ ဖားဟာ သူ့လှုပ်ရှားမှု မှန်သမျှ စေ့စေ့စပ်စပ် ခွဲခွဲခြားခြား လိုက်ကြည့်နေပုံရတယ်။

“ခင်ဗျားက အကြောင်းတစ်ခုခုကြောင့် ဂိုဏ်းတစ်ဂိုဏ်းလိုမျိုး တစ်ခုခုနဲ့ ဆက်ဆံနေရတာတော့ မရှိပါဘူးနော်” လို့ ခတကိရိဟာ သတ္တိမွေးပြီး မေးလိုက်တယ်။

“ဟားဟားဟား ဟားဟားဟား၊ အင်မတန် ပြောင်မြောက်တဲ့ ဟာသ ဥာဏ် ရှိပါပေမတဲ့ ဦးခတကိရိ” လို့ သူ့ပေါင်ကို သူရဲ့ အရေပြားအပြားလိုက် ဆက်နေတဲ့ လက်ဖဝါးနဲ့ပုတ်ပြီး ပြောတယ်။ “အဲဒီမှာ ကျွမ်းကျင်အလုပ်သမား ရှားပါးမှု ရှိကောင်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ ဘယ်လို ဂိုဏ်းက သူတို့ရဲ့ ဒုစရိုက်

လုပ်ငန်းအတွက် ဖားတစ်ကောင်ကို ငှားမှာတဲ့လဲ။ သူတို့ကို ပြက်လုံးထုတ်သလို ဖြစ်နေပါဦးမယ်”

“အင်း ဒါဆိုရင် ချေးငွေပြန်ဆပ်တဲ့ ကိစ္စအတွက်များ ခင်ဗျား ဒီကို လာတာလားဗျာ။ ခင်ဗျားရဲ့ အချိန်ကို ခင်ဗျားဖြုန်းတာပါပဲ။ ကျွန်တော့်မှာ အဲဒီကိစ္စအတွက် ဆုံးဖြတ်ချက်ချနိုင်တဲ့ လုပ်ပိုင်ခွင့်အာဏာ မရှိပါဘူး။ ကျွန်တော်ရဲ့ အထက်လူကြီးများသာ လုပ်နိုင်တာပါ။ ကျွန်တော်က အမိန့်နာခံရုံပါ။ ခင်ဗျား အတွက် ဒီကိစ္စမှာ ကျွန်တော် ဘာတစ်ခုမှ လုပ်ပေးနိုင်မယ် မဟုတ်ပါဘူး”

“ကျေးဇူးပြု၍ ဦခတကိရိ၊ ကျုပ် ဒီလို အသေးအဖွဲကိစ္စမျိုးအတွက် ဒီကို လာတာ မဟုတ်ပါဘူး။ ခင်ဗျားဟာ တိုကျိုလူမှုဖူလုံရေး ရန်ပုံငွေဘဏ်ရဲ့ ရှင်ဂျုကုဘဏ်ခွဲမှာ ချေးငွေဌာနခွဲ လက်ထောက်ဦးစီးမှူးဆိုတာ ကျုပ် ကောင်းကောင်း သိပါတယ်။ ဒါပေမဲ့ ကျုပ် ခင်ဗျားဆီ လာရတဲ့ အကြောင်းကတော့ ချေးငွေပြန်ဆပ်ရေး ကိစ္စနဲ့ လားလားမှ မဆိုင်ပါဘူး။ ကျုပ် ဒီကိုလာတာဟာ တိုကျိုမြို့ ပျက်စီးမယ့်အရေး ကာကွယ်ဖို့ပါ”

ခတကိရိဟာ အခန်းအတွင်း ထောက်လှမ်းရေးကင်မရာ လျှို့ဝှက်တပ်ဆင်ထားမလားလို့ စေ့စေ့စပ်စပ် စူးစူးစမ်းစမ်း လှည့်ပတ်ကြည့်ရှုနေမိတယ်။ သူ့ကို အင်မတန် အင်မတန် အကျိုးယုတ် အရှက်ကွဲ လျောင်စရာဟားစရာ လူတစ်ယောက်ဖြစ်အောင် လုပ်ကြံနေတာလား။ ဒါပေမဲ့ ကင်မရာမရှိဘူး။ ကျဉ်းမြောင်းတဲ့ အပတ်(ထ်)မင့် အိမ်ခန်းကလေး တစ်ခန်းမျှပါ။ တစ်စုံတစ်ယောက် ပုန်းစရာခိုစရာ နေရာလည်း မရှိဘူး။

“မဟုတ်ပါဘူးလေ၊ ဒီမှာ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်းပဲ ရှိပါတယ်။ ကျုပ်ဟာ ရူးများရူးနေလားလို့ ခင်ဗျား တွေးနေတာ ကျုပ်သိပါတယ်။ ခင်ဗျား အိပ်မက် မက်နေတာများလားလို့လဲ တွေးနေမယ်။ ဒါပေမဲ့ ကျုပ်လည်း မရူးဘူး၊ ခင်ဗျားလည်း အိပ်မက်မမက်ဘူး။ ဒါဟာ လုံးဝဥဿုံ အလေးအနက်ပါ”

“ဦးဖား ခင်ဗျာ၊ ကျွန်တော့် စိတ်ထဲရှိတာ အမှန်အမှန်အတိုင်း ပြောရရင်”

“ကျေးဇူးပြု၍ ကျုပ်ကို ဖားလို့ ခေါ်ပါ” လို့ ဖားက လက်ချောင်းတစ်ချောင်းကို ထောင်ရင်း ပြောလိုက်တယ်။

“ဒီမယ် ဖား၊ အမှန်အတိုင်း ပြောရရင် ဒီမှာဖြစ်နေသမျှကို ကျွန်တော် လုံးဝ နားမလည်နိုင်ဘူး ဖြစ်နေတယ်ဗျာ။ ဒါ ခင်ဗျားကို မယုံဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော့်မှာ အခြေအနေကို သေသေချာချာ မိမိရရ နားမလည်နိုင်သေးဘူး ဖြစ်နေတာလို့ ထင်ပါတယ်။ ခင်ဗျားစိတ်မရှိရင် မေးခွန်းတစ်ခုနှစ်ခု တော့ မေးချင်တယ်ဗျာ”

“လုံးဝ လုံးဝ စိတ်မရှိပါဘူး။ အပြန်အလှန် နားလည်မှုက အင်မတန် အရေးကြီးပါတယ်။ ဒီနေရာမှာ နားလည်မှုလို့ ပြောပြောနေကြတဲ့ လူတွေ ရှိတယ်။ သူတို့ ပြောပြောနေကြတဲ့ နားလည်မှုဆိုတာက ကျုပ်တို့တစ်တွေရဲ့ နားလည်မှု လွဲမှားခြင်းတွေကို အပေါင်းအစုတစ်ခု ပြုထားတာပါ။ ဒီအမြင်က သူ့ဟာနဲ့ သူတော့ စိတ်ဝင်စားစရာ ကောင်းပေမယ့် တိုက်ရိုက် မသက်ဆိုင်တာကို ယဉ်ကျေးဖွယ်ရာ ပြောရင်း အချိန်ကုန်မှာတော့ ကျုပ် စိုးရိမ်မိသဗျ။ ကျုပ်တို့ နှစ်ယောက်အတွက် အကောင်းဆုံးကတော့ တိုနိုင်သမျှ အတိုးဆုံး လမ်းကြောင်းကနေ အပြန်အလှန် နားလည်မှုရဖို့ပဲ။ ဒီတော့၊ ရပါတယ်ဗျာ၊ ခင်ဗျား မေးချင်တာသာ မေးချင်သလောက် မေးပါ ခင်ဗျာ”

“ဒီတော့၊ ခင်ဗျားဟာ ဖားအစစ် တစ်ကောင်ပါပဲနော်၊ မှန်ပါတယ်နော်”

“မှန်ပါ့ခင်ဗျာ၊ ခင်ဗျား မြင်တဲ့အတိုင်းပဲလေ။ ကျုပ်ရဲ့ သွင်ပြင်က ဖားအစစ်တစ်ကောင်ရဲ့ သွင်ပြင်နဲ့ တသဝေမတိမ်းပါ။ သင်္ကေတ အရုပ်တစ်ခုလည်း မဟုတ်ဘူး။ ဟုတ်ယောင်ထင်ယောင် ပြုတာလည်း မဟုတ်ဘူး။ ဒီကွန်စထရပ်ရှင်း ပြုထားတဲ့ ပစ္စည်းလည်း မဟုတ်ဘူး။ လွယ်သလို ရှုပ်ရှုပ်ယှက်ယှက် ခက်ခက်ခဲခဲ လုပ်ထားတဲ့ ပစ္စည်းတစ်ခုမှ မဟုတ်ဘူး။ ကျုပ်ဟာ တကယ့်ဖားအစစ် တစ်ကောင်ပါ ခင်ဗျာ။ ကျုပ် ခင်ဗျားကို အော်ပြရဦးမလား”

ဖားက ဦးခေါင်းကို နောက်ဆီ တိမ်းကာ လည်ပင်းကြွက်သားတွေရဲ့ အားကို ညှစ်ထုတ်တယ်။ “အုံးအွမ်၊ အုံးအွမ်၊ အုံးအွမ်၊ အုံးအွမ်၊ အွမ် အွမ် အွမ်”

သူရဲ့ ကြီးမားကျယ်လောင်လှတဲ့ အသံကြီးကြောင့် နံရံတွေပေါ်က ပန်းချီကားချပ်တွေ ဓာတ်ပုံကားချပ်တွေ တဂျပ်ဂျပ် မြည်နေတော့တယ်။

“ဟုတ်ပါပြီ ဗျာ၊ ကျွန်တော် ယုံပါပြီ၊ ယုံပါပြီ” ခတကိရိဟာ သူနေထိုင်ရာ စျေးပေါပေါ အပတ်(ထ်)မင့် တိုက်ခန်းရဲ့ ပါးလွှာတဲ့ နံရံတွေအတွက် စိုးရိမ်မိ

တယ်။ “အင်မတန်မှ ပီပြင်လှပါတယ်ဗျာ။ ခင်ဗျားဟာ ဖားအစစ်ဆိုတာ သံသယမရှိတော့ပါဘူး”

“ကျုပ်ဟာ ဖားအပေါင်းကို အပေါင်းအစုတစ်ခုပြု ဖွဲ့စည်းထားတဲ့ ဖားလို့ ပြောလိုက ပြောနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ဟာ ဖားတစ်ကောင်ဖြစ်တယ် ဆိုတဲ့ အချက်ကတော့ ပြောင်းလွဲမသွားပါဘူး။ တစ်ယောက်ယောက်က ကျုပ်ဟာ ဖားတစ်ကောင် မဟုတ်ဘူး စွပ်စွဲလာရင်တော့ ဒါဟာ အတော်ယုတ်ညံ့တဲ့ လိမ်လည်မှုပဲ။ အဲဒီလို လူကိုတော့ ကျုပ်က တစ်စစီ ဆုတ်ဖြဲပစ်မှာပဲ”

ခတကိရိက ခေါင်းညိတ်ရဲ့။ သူ့ကိုယ်သူ တည်ငြိမ်သွားစေဖို့ မျှော်လင့်ကာ သူရဲ့ လက်ဖက်ရည်ခွက်ကို ယူကာ တစ်ကျိုက်ကို ပါးစပ်နဲ့အပြည့် ကျိုက်ချလိုက်တယ်။ “ခင်ဗျား ဒီကိုလာရတာဟာ တိုကျိုမြို့ ပျက်စီးမယ့်အရေးက ကာကွယ်ဖို့လို့ ဆိုတယ်နော်”

“ကျုပ် ပြောတာ အဲဒါပါပဲ”

“ဘယ်လို ပျက်စီးခြင်းမျိုးပါလဲဗျာ”

“ငလျင်”လို့ ဖားက အဆုံးစွန် ပူပင်ကြောင့်ကျ ကြီးမားစွာ၊ အဆုံးစွန် ဂရုမမှုကြီးမားစွာ ပြောလိုက်ရဲ့။

ပါးစပ်ဟောင်းလောင်း ပွင့်ဟလို့ ခတကိရိဟာ ဖားကို ကြည့်နေတယ်။ ဖားကလည်း စကားတစ်ခွန်းမှ မပြောဘဲ ခတကိရိကို ကြည့်နေတယ်။ သူတို့ အချိန် ဘယ်ရွေ့ဘယ်မျှ ကြာတယ် မသိဘူး၊ တစ်ဦးကိုတစ်ဦး ငေးစိုက်ကာ ကြည့်နေကြတယ်။ ဒီနောက် ပါးစပ်ဟတာ ဖားရဲ့ အလှည့်ဖြစ်ရဲ့။

“အင်မတန် အင်မတန် ကြီးမားတဲ့ ငလျင်ပါ။ ဖေဖော်ဝါရီလ ၁၈ရက်နေ့၊ မနက် ၈ နာရီ မိနစ် ၃၀ မှာ တိုကျိုမြို့ကို အင်အားကြီးကြီးမားမား ပြင်းပြင်းထန်ထန်နဲ့ ဖျက်စီးဖို့ ငလျင်ဟာ သေသေချာချာ ဖြစ်တည်နေပါပြီ။ ဒီနေ့ကနေ နောက် သုံးရက်မြောက်တဲ့ နေ့မှာပါ။ အရင်လက ကိုဘေးမြို့ကို ဖျက်စီးခဲ့တဲ့ ငလျင်ထက်ကို များစွာ ပိုပြီး ကြီးမားတဲ့ ငလျင်ပါ။ အဲဒီလို ငလျင်တစ်ခုကြောင့် သေကြေကြမယ့် လူအရေအတွက်ဟာ တစ်သိန်း၊ တစ်သိန်းခွဲထက် ကျော်နိုင်ဖို့ရှိပါတယ်။ လမ်းပန်း ဆက်သွယ်ရေးစနစ် ပျက်စီးရာကနေ သေကြေ

ကြမယ့် အရေအတွက်ဟာ အများဆုံးဖြစ်လိမ့်မယ်။ ရထားတွေ လမ်းချော်တိမ်းမှောက်ကုန်တာ၊ မော်တော်ကားတွေ မိုးပျံလမ်းမတွေပေါ်က ချော်ကျပြုတ်ကျတာ၊ မော်တော်ကားချင်း တိုက်ကြခိုက်ကြတာ၊ မိုးပျံအဝေးပြေးလမ်းမကြီးတွေ ကျိုးကုန်ပြတ်ကုန်တာ၊ မိုးပျံရထားလမ်းတွေ ကျိုးပြတ်ကုန်တာ၊ မြေအောက်ရထားလမ်းတွေ ပြိုကျပျက်စီးကုန်တာ၊ ဓာတ်ဆီပို့ဆောင်တဲ့ ကားကြီးတွေ၊ ဓာတ်ငွေ့ပို့ဆောင်တဲ့ ကားကြီးတွေ ပေါက်ကွဲကုန်တာတွေ ကနေပေါ့။ တိုက်တာ အဆောက်အဦးတွေဟာ ပြိုကျကျိုးကြေနေတဲ့ အုတ် ကျောက် အကျိုးအကြေ အပိုင်းအစတွေရဲ့ အစုအပုံကြီးတွေအဖြစ် ပြောင်းလဲသွားလိမ့်မယ်။ အဲဒီ တိုက်တာ အဆောက်အအုံတွေမှာ နေထိုင်ကြတဲ့ လူတွေဟာ အပြို အကျတွေအောက်မှာ ကြားမှာ ပိကုန်တာ၊ ညပ်ကုန်တာ၊ ပိတ်မိကုန်တာ၊ ကျိုကျကုန်တာတွေကြောင့် သေကြကြေကြမယ်။ နေရာအနှံ့အပြား မီးတွေ လောင်မယ်၊ အဆက်အသွယ် လမ်းပန်းအခြေအနေက ပျက်စီးကုန်ပြီ။ သူနာတင်ကားတွေ၊ မီးသတ်ကားတွေဟာလည်း သုံးမရတဲ့ အခြေအနေရောက်သွားပြီ။ လူတွေဟာ အဲဒီမှာ မလှုပ်သာ မယှက်သာ နေကြရော့၊ သေကြရော့။ တစ်သိန်းခွဲ အရေအတွက် လူတွေပေါ့။ ငရဲစစ်စစ်ပေါ့။ 'မြို့တော်' လို့ အများသိတော်မူကြတဲ့၊ ဒီ သုတ်သုတ်ရုတ်ရုတ် လုပ်ကိုင်စားသောက် နေထိုင်နေကြတဲ့ အစုအဝေးကြီးဟာ တကယ်တော့ အလွန် ကြေလွယ်ပျက်လွယ်ထဲက ပါလားလို့ လူတွေဟာ နားလည်လာကြ၊ လက်ခံလာကြရလိမ့်မယ်" လို့ ဖားဟာ ဦးခေါင်း ညင်ညင်သာသာ ခါရင်း ပြောနေတယ်။ "ငလျင် ဗဟိုပြုရာအရပ်က ရှင်ဂျုကု ဘဏ်ခွဲရုံးနဲ့ နီးပါတယ်"

"ရှင်ဂျုကုဘဏ်ခွဲရုံးနဲ့ နီးတယ်၊ ဟုတ်လား"

"တိတိကျကျပါပဲ ခင်ဗျာ။ တိုကျို လူမှုဖူလုံရေးရန်ပုံငွေဘဏ်ရဲ့ ရှင်ဂျုကု ဘဏ်ခွဲရုံးရဲ့ အောက်တည့်တည့်ကို ဦးတည်ပြီး လှုပ်မယ့် ငလျင်ဖြစ်ပါတယ်"

အဲဒီလို ဖားက ပြောပြီးနောက် ချောက်ချောက်ချားချား တိတ်ဆိတ်ငြိမ်သက်သွားတယ်။

"ဒီတော့ ခင်ဗျားက ငလျင်ကို တားဖို့ အကြံအစည် လုပ်နေတယ်ပေါ့" လို့ ခတကိရိက မေးတယ်။

“ဧကန်ပါပဲ ခင်ဗျား” လို့ ဖားက ခေါင်းညိတ်ပြီး ဖြေတယ်။ “ကျုပ် အဆိုပြုလိုတဲ့ အကြံအစည်ဟာ အဲဒါ ဧကန်အမှန် ဖြစ်ပါတယ် ခင်ဗျာ။ ခင်ဗျား နဲ့ကျုပ် ရှင်ဂျူကုဘဏ်ခွဲရုံးရဲ့အောက်၊ မြေအောက်ထဲကို ဆင်းပြီး တီကောင်နဲ့ တိုက်ပွဲဆင်နွှဲကြရမယ်၊ အသက်ရင်းရမယ့် တိုက်ပွဲပေါ့”

ရန်ပုံငွေဘဏ်၊ ချေးငွေ့ဌာနခွဲ အမှုထမ်းတစ်ယောက်အနေနဲ့ ခတကိရိ ဟာ တိုက်ပွဲအများအပြားအကြား သူ့လမ်းသူ တိုက်ရင်း ထွင်ခဲ့ရတာပါ။ ခတကိ ရိဟာ တက္ကသိုလ်က ဘွဲ့ရပြီး ဘဏ်အမှုထမ်းအဖြစ် လုပ်ငန်းခွင် ဝင်တဲ့နေ့ကစ လို့ တစ်ဆယ့်ခြောက်နှစ် တစ်လျှောက် နေ့စဉ်နေ့တိုင်း တိုက်ပွဲတွေကို ဖြတ်သန်းခဲ့ပြီး တည်ငြိမ်ခဲ့ပြီ။ သူဟာ လိုတိုရှင်းဆိုရရင် ငွေသိမ်းအရာရှိ တစ် ယောက်ပေါ့။ အဲဒီရာထူးဟာ လူကြိုက်နည်းတဲ့ ရာထူးတစ်ခုပေါ့။ သူ့ဌာနခွဲက လူတိုင်းလူတိုင်းဟာ ချေးငွေထုတ်ပေးတဲ့ အလုပ်ကိုသာ ပိုပြီး လုပ်လိုကြတယ်။ အထူးသဖြင့် ဘဏ်လုပ်ငန်း ဖောင်းပွတဲ့ ကာလမှာပေါ့။ အဲဒီအချိန် ဘဏ်တွေ မှာ ငွေတွေ အမြောက်အမြား ရှိနေလိုက်ကြတာ မြေဖြစ်စေ၊ စတော့ဖြစ်စေ ငွေချေးအာမခံပစ္စည်းလို့ ထင်ရတဲ့ ဘာပစ္စည်းမဆို ငွေချေးရေးဌာန အရာရှိတွေ က စိတ်ချလက်ချ လက်ခံတာချည်းပဲ။ တောင်းဆိုသမျှ ချေးငွေကို ရက်ရက် ရောရော ထုတ်ပေးလိုက်တာချည်းပဲ။ အရာရှိတွေအဖို့ ချေးငွေပမာဏ ကြီးလေ လေ ကုမ္ပဏီအတွင်း နာမည်ကောင်း ရလေလေပဲ။ ဒါပေမဲ့ တချို့ချေးငွေ ကတော့ ဘဏ်ကို ပြန်မလာဘူး။ အဲဒါတွေကတော့ ဖွံ့ဒယ်အိုး အောက်ခြေမှာ ကပ်နေလေပြီ။ အဲဒါတွေကို တာဝန်ယူရတာ ခတကိရိရဲ့ အလုပ်။ ဘဏ် လုပ်ငန်း ဖောင်းပွခြင်း ပူဖောင်းပေါက်ကွဲပြီ ဆိုတဲ့အခါ တာဝန်က ရုတ်ချည်း အစုလိုက်အပုံလိုက် ပေါ်ပြီ။ ပထမ၊ စတော့စျေးနှုန်း ကျမယ်၊ ဒီနောက် မြေစျေး ကျမယ်၊ ဒီနောက် အာမခံပစ္စည်းလည်း အာမခံဆိုတဲ့ သူ့ရဲ့ အဓိပ္ပာယ်ကွယ် မယ်။ “အဲဒီကို သွား၊ သူတို့ကို ချောက်နိုင်သမျှ ချောက်၊ ကျပ်နိုင်သမျှ ကျပ်၊ သူ တို့ဆီက မင်း ညှစ်နိုင်သမျှ ညှစ်ပြီး ယူခဲ့” လို့ သူ့အထက်အရာရှိက သူ့ကို အမိန့် ပေးမယ်။

ရှင်ဂျူကုအရပ်၊ ခါဘုခိချိုကွက်သစ်ဟာ အကြမ်းဖက်သောင်းကျန်းမှု ဝင်္ကပါတစ်ခုပါ။ ရှေးမူရှေးစရိုက် ဂိုဏ်းခေါင်းဆောင်တွေ၊ ကိုရီးယား ရာဇဝတ်ကောင် အုပ်စုတွေ၊ တရုတ်မာဖီးယားဂိုဏ်းတွေ တည်တယ်။ သေနတ် တွေ၊ မူးယစ်ဆေးဝါးတွေ၊ ငွေတွေဟာ မြေအောက်လောကမှာ စခန်းတစ်ခုက တစ်ခုဆီ ပုန်းလျှိုးကွယ်လျှိုး စီးဆင်းနေတယ်။ လူတွေက မီးခိုးငွေ့လို ခဏချင်း

ခဏချင်း ပျောက်ကုန်တယ်။ ခါဘုခိချို့ရုပ်ကွက် အတွင်းဆီ စွန့်စွန့်ဝံ့ဝံ့ ဝင်ခဲ့တဲ့ ခတကိရိဟာ ရာဇဝတ်ကောင်အုပ်စုက သတ်မယ် ခြိမ်းချောက်ပြီး ဝိုင်းတာ တစ်ကြိမ်မက ခံခဲ့ရပြီ။ ဒါပေမဲ့ သူက မကြောက်ဘူး။ ဘဏ်တစ်ခုအတွက် ကိုယ့်ဘဝရဲ့ အချိန်တွေ ကုန်လွန်နေသူ တစ်ယောက်ကို သတ်တာနဲ့ သူတို့ အတွက် ဘယ်လိုကောင်းမလဲ။ သူတို့ သူ့ကို ဓားနဲ့ ထိုးလိုရင် ထိုးလို့ရတယ်။ သူတို့ သူ့ကို ထိုးကြိတ်ရိုက်နှက်လို့ ရတယ်။ သူဟာ အလုပ်အတွက် လိုအပ်သမျှ အရည်အချင်း ချွင်းချက်မရှိ ပြည့်သူပါ။ မယားမရှိ၊ သားမရှိ၊ မိဘနှစ်ပါးစလုံး ကွယ်လွန်ပြီ။ သူ့မောင်နှမတွေကတော့ ကောလိပ်ပညာရေး ပြီးလို့ အိမ်ထောင် ရက်သား ကျကုန်ပြီ။ ဒီလိုဆိုရင် သူတို့ သူ့ကိုသတ်လို့ ဘာ အကျိုးထူးမလဲ။ ဘယ်သူ့တစ်ယောက်အတွက်မှ ဘယ်လိုမှ အပြောင်းအလဲ ဖြစ်စေမယ် မဟုတ်ဘူး။ ယုတ်စွအဆုံး ခတကိရိ ကိုယ်တိုင်အတွက်ကို ဘာမှ အပြောင်းအလဲဖြစ်မယ် မဟုတ်ဘူး။

လူဆိုးလူသွမ်းတွေ အဝိုင်းခံရတဲ့ ခတကိရိကတော့ မတုန်လှုပ်ဘူး၊ မထိတ်လန့်ဘူး။ တုန်လှုပ်ထိတ်လန့်သူတွေကတော့ ခတကိရိရဲ့ တည်ငြိမ်ခြင်းနဲ့ သွေးအေးခြင်းကို မြင်ရတဲ့ လူဆိုးလူသွမ်းတွေပေါ့။ မကြာမီ အဲဒီလူဆိုးလူသွမ်း လောကမှာ ခပ်မာမာခပ်ရဲရဲ ငနဲတစ်ယောက်လို့ ဂုဏ်သတင်းတစ်မျိုးကို ခတကိရိ ရခဲ့တယ်။ ဟုတ်ပြီ၊ အခု အဲဒီမာမာရဲရဲ ခတကိရိဟာ စကားတစ်လုံးတစ်လေမျှ လုံးဝ မပြောနိုင်ဘူး။ ဒီဖား ပြောနေတာတော့ အကျိုးနည်းမယ့် အကြောင်းပဲ။ တီကောင် တဲ့။

“တီကောင်ဆိုတာ ဘယ်သူလဲ” လို့ ခတကိရိက တုန့်ဆိုင်းဆိုင်းနဲ့ မေးတယ်။

“မြေအောက်မှာ နေတဲ့ တီကောင်လေ။ အင်မတန် ကြီးမားထွားကြိုင်းတဲ့ ဧရာမတီကောင်ပေါ့။ သူ စိတ်ဆိုးတဲ့အခါ သူက ငလျင်လှုပ်အောင် လုပ်တယ်။ အခု သူ အရမ်းအရမ်း စိတ်ဆိုးနေတယ်”

“သူက ဘာအကြောင်းကြောင့် စိတ်ဆိုးနေရတာလဲဗျာ”

“ကျုပ်လည်း မသိဘူး။ သူရဲ့ မရိုးမသား ညစ်ညစ်ရွှပ်ရွှပ် ခေါင်းထဲမှာ တီကောင် ဘာစဉ်းစားနေတယ် ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ သူ့ကို မြင်ဖူးတဲ့ သူ အရေအတွက်က မရှိဘူးလို့ ပြောမရရုံတမည်။ သူက အိပ်ပျော်နေတတ်တာ

ပဲ။ သူ အမှန်တကယ် လုပ်ချင်တဲ့ အလုပ်ဟာ အဲဒီ အိပ်တဲ့အလုပ်ပါပဲ။ အင်မတန် အချိန်အကြာကြီး အရှည်ကြီး အိပ်တတ်တယ်။ သူက နှစ်ပေါင်းများစွာ အိပ်နေနိုင်တယ်။ ပူနွေးတဲ့ မှောင်မည်းတဲ့ မြေအောက်ထဲမှာ ဆယ်စုနှစ်များစွာ အိပ်နေနိုင်တယ်။ ခင်ဗျား တွေးတဲ့အတိုင်းပါပဲ၊ သူအိပ်နေတဲ့ အချိန်မှာ သူ့မျက်လုံးတွေဟာ အသုံးမ ပြုတာ ကြာလာတော့ မှုန်လာတာပေါ့။ သူ့ဦးနှောက်က ဂျယ်လီဖြစ်ကုန်တာပေါ့။ ခင်ဗျားမေးလို့ ဖြေရရင်၊ ကျုပ် ဒီလို ယူဆမိတယ်။ တီကောင်ဟာ လုံးဝ ဘာတစ်ခုခုကိုမှ မစဉ်းစား မတွေးတောဘဲနေတာ ဖြစ်နိုင်ပါတယ်။ အဲဒီမှာ မလှုပ်မယှက်ကြီး လဲလျောင်းနေပြီး သူ့အဖို့ ကံအားလျော်စွာ ကြုံရကြားရတဲ့ ဆွဲဆွဲငင်ငင် အသံဗလံတွေ၊ အဆက်မပြတ် ကျွက်စီကျွက်စီ အသံတွေ၊ ပဲ့တင်သံတွေ အကုန် ခံစားမိပါလိမ့်မယ်။ အဲဒါတွေကို သူ့ကိုယ်ထဲမှာ စုပ်ယူပြီး သိုလှောင်မျိုသိပ် ထားပါလိမ့်မယ်။ အဲဒီနောက်မှ တချို့တချို့သော ဓာတုဓာတ်ပြုပုံမျိုးနဲ့ ဓာတ်ပြုရာကနေ သူ မျိုသိပ်ထားတာတွေဟာ ဒေါသတွေအဖြစ် ပြောင်းလဲကုန်မယ်။ အဲဒီလို ဘာကြောင့်ဖြစ်တယ်ဆိုတာ ကျုပ်လည်း မသိဘူး။ ဘယ်တော့မှ ကျုပ် ရှင်းပြတတ်မယ် မဟုတ်ဘူး”

ဖားဟာ ငြိမ်ကျသွားရဲ့။ ခတကိရိကို ကြည့်နေရဲ့။ သူ့စကားသံတဖြည်းဖြည်း တိုးလို့တိုးလို့ ပျောက်ကွယ်သွားတဲ့အထိ စောင့်ဆိုင်းနေတယ်။ ဒီနောက် ဆက်ပြီး

“ဘယ်လိုပဲဖြစ်ဖြစ်၊ ကျုပ်ကိုတော့ နားလည်မှု မလွဲပါနဲ့။ ကျုပ်မှာ တီကောင်အပေါ် ပုဂ္ဂိုလ်ရေးမုန်းတီးမှု မရှိပါဘူး။ သူဟာ မကောင်းဆိုးဝါးရဲ့ကိုယ်စားလှယ်လို့လည်း မထင်ပါဘူး။ သူနဲ့ မိတ်ဆွေ ဖြစ်ချင်စိတ်လည်း မရှိပါဘူး။ လောကရေးအရတော့ သူ့လို သတ္တဝါတစ်ကောင် တည်ရှိနေခြင်းဟာ ဘာမှ အနှောင့်အယှက်မရှိ အိုကေတယ်ဆိုတဲ့ အမြင်မျိုးသာ မြင်မိပါတယ်။ ကမ္ဘာကြီးဟာ ဧရာမ ကုတ်အင်္ကျီရှည်ကြီး တစ်ထည်နဲ့ တူပါတယ်။ ဒီကုတ်အင်္ကျီရှည်ကြီးမှာ ပုံစံအမျိုးမျိုး အရွယ်အမျိုးမျိုး အိတ်ကပ်တွေ လိုအပ်ပါတယ်။ ဒါပေမဲ့ အခု လောလောဆယ်မှာတော့ တီကောင်ရဲ့ အခြေအနေဟာ အလွန်အလွန်မှ အန္တရာယ် ကြီးမားလွန်းတာကြောင့် သူ့ကို ဘယ်လိုမှ မသိကျိုးကျွံ ပြုထားလို့ မရပါဘူး။ နှစ်များစွာတစ်လျှောက် အမုန်း အမျိုးမျိုး အထွေထွေကို သူ့ကိုယ်ထဲမှာ သူ့ဘာသာသူ စုပ်ယူသိုလှောင် မျိုသိပ်ထားခဲ့လေတော့ သူ့နှလုံးသားရယ် သူ့ခန္ဓာကိုယ်ရယ်ဟာ ရောင်ရမ်းဖောင်းကားလာပြီး မတော်မတရား အရွယ်အစားကြီး ဖြစ်နေပြီလေ။ ဟို အရင့်အရင်တွေထက်ကိုပဲ ပိုပြီး အကြီး

ကြီး ဖြစ်နေပြီလေ။ ပိုပြီး ဆိုးသွားစေတဲ့ အကြောင်းကတော့ အရင်လတုန်းက ကိုဘေးမှာ လူပ်ခဲ့တဲ့ ငလျင်ဟာ တီကောင် မွေ့မွေ့ပျော်ပျော် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတာကို လှုပ်နှိုးလိုက်သလို ဖြစ်သွားတယ်။ တီကောင်ဟာ သူရဲ့ ကြီးမားပြင်းထန်လှတဲ့ ဒေါသက သူ့ကို လှုံ့ဆော်တာကြောင့် တိမ်မြုပ်နေတဲ့ လျှို့ဝှက်ချက်တစ်ခုကို သိလိုက်ရ ခံစားလိုက်ရတယ်။ အခုတစ်ကြိမ်တော့ အင်မတန့်အင်မတန် ကြီးမားတဲ့ ငလျင်ကြီးတစ်ခု လူပ်ပစ်လိုက်ဖို့ သူ့အလှည့် ရောက်ပြီလို့လည်း ခံစားရတယ်။ သူက ဒီမှာ ငလျင်လှုပ်မယ်။ တိုကျိုမှာပေါ့။ ဦးခတကိရိ၊ ကျုပ် ဘာပြောနေတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ။ ငလျင်လှုပ်မယ့် အချိန်၊ ငလျင်ရဲ့ ပြင်းအားစကေးတွေ သတင်းကို ကျုပ်ရဲ့ အရင်းနှီးဆုံး ပိုးမွှားမိတ်ဆွေတွေဆီကနေ ကျုပ် ခိုင်ခိုင်လုံလုံ ရထားပါပြီ”

ဖားဟာ ပင်ပန်းနွမ်းနယ်သွားတဲ့ အသွင်နဲ့ ပါးစပ်ကို ပျပ်ခနဲ တင်းတင်းစေ့စေ့ ပိတ်လိုက်ပြီး ဝိုင်းစက်လုံးဝန်းတဲ့ မျက်လုံးတွေကိုလည်း မှိတ်လိုက်တယ်။

ခတကိရိက “ဒီတော့ ခင်ဗျားပြောတာက၊ ဒီငလျင်ကို တားဖို့ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်အတူ မြေအောက်ထဲကို ဆင်းပြီး တီကောင်နဲ့ တိုက်ခိုက်ကြရမယ်ပေါ့” လို့ မေးလိုက်တယ်။

“အတိအကျပါပဲ ခင်ဗျာ”

ခတကိရိဟာ သူရဲ့ လက်ဖက်ရည်ခွက်ကို လှမ်းယူလိုက်တယ်။ ဒီနောက် ပြန်ချလိုက်တယ်။ “ခင်ဗျားနဲ့အတူ သွားပြီး တိုက်ဖို့ ကျွန်တော့်ကို ဘာကြောင့် ရွေးတာလဲဗျာ၊ ကျွန်တော်တော့ နားမလည်သေးဘူးဗျာ”

“ဦခတကိရိ၊ ခင်ဗျားကို ကျွန်တော်က အစဉ်သဖြင့် အလေးအနက် လေးလေးစားစား ရှိနေခဲ့တာပါ ခင်ဗျာ။ တစ်ဆယ့်ခြောက်နှစ်တာ ကာလ တစ်လျှောက်လုံး နှစ်လိုစရာ သာယာစရာ အနည်းဆုံးဖြစ်ပြီး အန္တရာယ်တော့ အကြီးဆုံးဖြစ်တဲ့ တာဝန်တွေ၊ တခြားဝန်ထမ်းတွေက လက်ရှောင်ကြတဲ့ အဲဒီ တာဝန်တွေကို ခင်ဗျားဟာ တစ်ခွန်းတစ်ပါဒ မငြင်းမဆို ညည်းညူညည်းတွား ခြင်း အလျဉ်းမရှိ မဆုတ်မတွန့် တာဝန်ခံပြီး လှလှပပ သေသေသပ်သပ် ဖြေရှင်းခဲ့တယ် မဟုတ်ပါလား ခင်ဗျာ။ ဒီအလုပ်တွေဟာ ခင်ဗျားအတွက် ဘယ်လောက် ခက်ခက်ခဲခဲ ကျပ်ကျပ်တည်းတည်း ဆိုတာ ကျုပ်က အကုန်အစုံ

ကောင်းကောင်းသိပါတယ်။ အဲ... ခင်ဗျားရဲ့ အထက်အရာရှိတွေကကော၊ ခင်ဗျားရဲ့ လုပ်ဖော်ကိုင်ဖက်တွေကကော ခင်ဗျား အောင်မြင်မှုကို ထိုက်ထိုက်တန်တန် တန်ဖိုးမထားခဲ့ကြတာကိုလည်း ကျုပ် အရှိအရှိအတိုင်း အမြင်သားပါလေ။ သူတို့ ဒါကို မမြင်နိုင်ကြပါဘူး၊ သူတို့ တစ်အုံတစ်မကြီးဟာ မြင်ကိုမမြင်နိုင်ကြပါဘူး။ ကျေးဇူးလည်း အတင်မခံရ၊ ရာထူးလည်း အတိုးမခံရတဲ့ ခင်ဗျားကတော့ မကျေနပ်တာတွေ၊ တောင်းဆိုတာတွေ မရှိခဲ့ပါဘူး ခင်ဗျာ” လို့ ဖားဟာ ခတကိရိရဲ့ မျက်စိတွေထဲဆီ တည့်တည့်မတ်မတ် စူးစူးစိုက်စိုက် ကြည့်ရင်း ပြောရဲ့။

“ခင်ဗျား မကျေမနပ် မဖြစ်တာကတော့ အလုပ်ကိစ္စသာ မဟုတ်ပါဘူးလေ။ ခင်ဗျားရဲ့ မိဘနှစ်ပါး ကွယ်လွန်သွားပြီးတဲ့နောက် ခင်ဗျားရဲ့ ဆယ်ကျော်သက်ရွယ် ညီလေးနဲ့ နှမကလေးကို ခင်ဗျားတစ်ယောက်တည်း ကျွေးမွေးပြုစုခဲ့ရတယ်။ သူတို့ကို ကောလိပ်ပညာရေး အောင်မြင်တဲ့တိုင် ခင်ဗျား ထောက်ပံ့ခဲ့ရတယ်။ သူတို့ရဲ့ အိမ်ထောင်ရေးကိုတောင် ခင်ဗျားက စီစဉ်ပေးခဲ့ရတယ်။ ခင်ဗျားရဲ့ အချိန်တွေ၊ ခင်ဗျားရဲ့ ဝင်ငွေတွေ၊ တကယ့်ကို ကြီးကျယ်တဲ့ ပေးဆပ်ခြင်းပါပဲ။ ခင်ဗျားရဲ့ အနာဂါတ် အိမ်ထောင်ရေး ဘဝတစ်ခုလုံးကို စတေးခဲ့ရတာပါပဲ။ ခင်ဗျားကသာ သူတို့အတွက် ပေးဆပ်ခဲ့ပေမယ့် ခင်ဗျားရဲ့ ညီလေးနဲ့ နှမကလေးကတော့ သူတို့အတွက် ခင်ဗျား စိတ်ပန်းကိုယ်ပန်း အားထုတ်ခဲ့ရတာကို တစ်ကြိမ်တလေကလေးမှ ကျေးဇူးတင်ကြောင်း ပြောဖော်မရပါကလား။ ဒီထက်ပဲ ဆိုးပုံက၊ ခင်ဗျားရဲ့ မေတ္တာတရား အကြင်နာတရားကိုမှ နားမလည် မငဲ့ညှာ၊ အရိုအသေမဲ့မဲ့ အဂါရဝ ပြုကြတာပါကလား။ ကျုပ်အမြင်မှာတော့ သူတို့ရဲ့ အပြုအမူဟာ ရှက်ဖွယ်လိလိ ကိုယ်ကျင့်တရား ပျက်ပြားမှုပါပဲ။ ဖြစ်များဖြစ်နိုင်ရင် ခင်ဗျားကိုယ်စား ကျုပ်က သင်းတို့ကို စိစိညက်ညက် ထုပစ်ချပစ်လိုက်ချင်တာ။ အင်း ခင်ဗျားကတော့ ဒေါသကလေးတစိုးတစေ့တောင် မပြပါဘူးလေ”လို့ ဖားက ပြောပြန်တယ်။

“ရိုးရိုးသားသား ပြောရရင် ခင်ဗျာ၊ ဦးခတကိရိ၊ ခင်ဗျား စဉ်းစားနေစရာဘာအကြောင်းမှ မရှိပါဘူး။ ပြီးတော့ ခင်ဗျားက ကိုယ့်ခံစားချက်ကိုယ် ထုတ်ပြတတ်တာလည်း မဟုတ်ဘူး။ ခင်ဗျား ပတ်ဝန်းကျင်က လူတွေရဲ့ အထင်သေးတာကို ခံရဖို့သာ ရှိတာပဲ။ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ခင်ဗျားဟာ ဘယ်လောက်ထိအောင် စဉ်းစားဆင်ခြင်ဉာဏ်နဲ့ ပြည့်ဝတဲ့လူ၊ သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့လူ ဆိုတာ သိပါတယ် ခင်ဗျာ။ တိုက္ပိုတစ်မြို့လုံးမှာ၊ သန်းပေါင်းများ

စွာသော လူတွေနဲ့ လှုပ်လှုပ်ရွရွ စည်စည်ကားကား ရှိလှတဲ့ တိုက္ကျိုတစ်မြို့လုံးမှာ ကျုပ်ရဲ့ နံဘေးကနေ ကျုပ်နဲ့အတူ တိုက်စွမ်းခိုက်စွမ်းရှိတဲ့ လူရယ်လို့ ခင်ဗျားကို ယုံကြည်မိသလို ဘယ်သူ့ကိုမှ ယုံကြည်လောက်စရာ မရှိပါဘူး ခင်ဗျာ” လို့ ဖားက ဆိုရဲ့။

“ကျွန်တော့်ကို တစ်ခု ပြောစမ်းပါ၊ ဦးဖား”

“ကျေးဇူးပြု၍ ကျုပ် ‘ဖား’လို့ ခေါ်ပါ” လို့ ဖားဟာ လက်ချောင်းတစ်ချောင်းကို တစ်ဖန်ထောင်ကာ ပြောလိုက်တယ်။

“ကျွန်တော့်ကို တစ်ခုပြောစမ်းပါ ဖား။ ကျွန်တော့် အကြောင်းတွေကို ဒါလောက်များများ ခင်ဗျား ဘယ်လို သိထားပါသလဲဗျာ”

“အင်း၊ ဦးခတကိရိ၊ ဒီနှစ်တွေအတွင်းမှာ ကျုပ်ဟာ ဘာမှအကျိုးမရှိ အမဲလိုက်တဲ့အလုပ် မလုပ်ဘဲနေခဲ့တယ်။ ဘဝမှာ အရေးကြီးတဲ့ အရာတွေကိုသာ ကျုပ် တစ်ကြည့်တည်း ကြည့်နေခဲ့တယ်”

“ပြီးတော့ ရှိသေးတယ်။ ကျွန်တော်ဟာ ထူးထူးခြားခြား သန်မာတဲ့လူ မဟုတ်ပါဘူးဗျာ။ မြေအောက်မှာ ဘယ်လို ဘာတွေ ဖြစ်နေပျက်နေတယ် ဆိုတာကိုလည်း ကျွန်တော်က နည်းနည်းမှ သိတာမဟုတ်ပါဘူး။ မှောင်မှောင်မည်းမည်းထဲမှာ တီကောင်ကို တိုက်ခိုက်ရအောင် ဗလဆိုတဲ့ ကြွက်သားကလည်း ကျုပ်မှာ မရှိပါဘူး။ ကျွန်တော့်ထက် အပုံကြီး ပိုပြီး သန်မာအားကောင်းတဲ့ တစ်ယောက်ယောက်ကို ခင်ဗျား ရှာသင့်တယ်လို့ ကျွန်တော်တော့ ယုံကြည်တယ်ဗျာ။ ကရာတေးတတ်တဲ့ လူတစ်ယောက် ဒါမှမဟုတ် ဆိုပါစို့ရဲ့ ကိုယ်ရေးကာကွယ်ရေးတပ်ဖွဲ့ ကွန်မန်ဒို တစ်ယောက်ယောက်ပေါ့ဗျာ”

ဖားက မျက်လုံးတွေ တလည်လည်နဲ့ ကြည့်ရင်း “အမှန်အတိုင်း ပြောရရင် ဦးခတကိရိ၊ တိုက်ပွဲ အစအဆုံး ကျုပ်တစ်ယောက်တည်း တိုက်ခိုက်မှာပါ။ ဒါပေမဲ့ ဒီတိုက်ပွဲကို ကျုပ်တစ်ယောက်တည်း မတိုက်နိုင်ဘူး။ အဓိကအချက်က အဲဒါပါပဲ။ အမှန်တရားအတွက် ခင်ဗျားမှာရှိတဲ့ သတ္တိ၊ အမှန်တရားအတွက် ခင်ဗျားမှာရှိတဲ့ စိတ်ထက်သန်မှု စိတ်ပြင်းထန်မှုတွေ ကျုပ်မှာ လိုအပ်ပါတယ်။ ကျုပ်ရဲ့ နောက်မှာ ခင်ဗျား ရပ်ပေးဖို့ လိုအပ်ပါတယ်။ ‘ဟုတ်ပြီကွ၊ ဒါမှဖားကွ။ သတ္တိပြောင်ပေ့၊ ဖားနိုင်ပြီကွ၊ တကယ့်ကို တိုက်ရေးခိုက်ရေး ကောင်းတဲ့ ဖားပဲ

ကွ' ဆိုတာမျိုး အနားကနေ ပြောပေးနေဖို့ လိုအပ်ပါတယ် ခင်ဗျာ" လို့ ပြော တယ်။

ဖားဟာ သူ့လက်တွေကို တစ်ဖက်တစ်ချက်ဆီ ဆန့်ထုတ်လိုက်တယ်။ ဒီ နောက် တစ်ဖန် အရေပြားတွေ ဆက်နေတဲ့ လက်တွေကို ဒူးတွေပေါ် တင် လိုက်တယ်။

"အမှန်ဝန်ခံရရင်၊ ဦးခတကိရိရယ်၊ မှောင်မှောင်မည်းမည်းထဲမှာ တီကောင်နဲ့ တိုက်ခိုက်ရမယ်ဆိုတဲ့ အတွေးကို တွေးမိရင် ကြောက်တာ အမှန် ပဲ။ နှစ်ပေါင်းများစွာ တစ်လျှောက် ကျုပ်ဟာ စစ်နဲ့ အကြမ်းဖက်မှုဟာ မှားတယ် လို့ ယုံကြည်တဲ့လူပါ။ အနုပညာကို ချစ်တယ်။ သဘာဝကို ပွေ့ဖက်ပြီး နေခဲ့ တယ်။ တိုက်ခိုက်ခြင်းဟာ ကျုပ် နှစ်လိုတဲ့ အလုပ်တစ်ခု မဟုတ်ပါဘူး။ ကျုပ် မ လွှဲမရှောင်သာ လုပ်ရမယ့် အလုပ်မို့ လုပ်ရမှာပါ။ ဒီလို ကျုပ်ရဲ့ အလေ့အထ မဟုတ် တိုက်ရခိုက်ရမယ့် တိုက်ပွဲကလည်း တကယ့်ကို ပြင်းထန်ကြမ်းတမ်း မယ့် တိုက်ပွဲဖြစ်နေတယ်။ အဲဒါ အသေအချာပါပဲ။ အဲဒီတိုက်ပွဲကနေ ကျုပ် ပြန် ချင်မှလည်း ပြန်လာနိုင်မယ်။ ဒီတိုက်ပွဲမှာ ကျုပ်ရဲ့ ခြေလက်အင်္ဂါ အစိတ်အပိုင်း တစ်ခုဖြစ်စေ နှစ်ခုဖြစ်စေ ကျိုးပဲ့ပျက်စီးနိုင်တယ်။ ဒါပေမဲ့ ကျုပ် ရှောင်ပြေးလို့ မရပါဘူး။ ကျုပ် ရှောင်ပြီးပြေးလည်း မပြေးပါဘူး။ အမြင့်မားဆုံး အသိဉာဏ်ဆို တာ ကြောက်ရွံ့ခြင်း ကင်းမဲ့မှုလို့ နိဂြုံးက ဆိုခဲ့တယ်။ ဦခတကိရိ၊ ခင်ဗျားဆီက ကျုပ်လိုချင်တာဟာ ခင်ဗျားသတ္တိကို ကျုပ်ကို မျှဝေဖို့ပါ။ မိတ်ဆွေစစ် မိတ်ဆွေ မှန် တစ်ယောက်လို့ စိတ်ရောကိုယ်ပါ အားပေးခြင်းပါ ခင်ဗျာ။ ခင်ဗျားကို ကျုပ် ဘာပြောချင်တယ် ဆိုတာ ခင်ဗျား နားလည်ပါပြီနော်"

ဘာကမှ ခတကိရိကို လွယ်လွယ်ကူကူ နားလည်အောင် မပြုနိုင်ပါ။ အခု အဖြစ်အပျက်ကို အိပ်မက်နေသလို ခံစားနေရဆဲပဲ။ ဖားက သူ့ကို ပြောသမျှ တော့ သူ ယုံကြည်မိတယ်။ ဖားရဲ့ မျက်နှာအသွင်အပြင် အမူအရာ၊ ဖားရဲ့ စကားပြောပုံဆိုပုံ စတဲ့ အချက်အလက်တွေက ဖားရဲ့ အပြုအမူ အပြောအဆို ဟာ ရိုးသားမှန်ကန်ကြောင်း ခတကိရိရဲ့ နှလုံးသားအထိ ထွင်းထွင်းဖောက် ဖောက် ထိထိခိုက်ခိုက် ယုံကြည်စေတယ်။ လူမှုဖူလုံရေး ရန်ပုံငွေဘဏ်ရဲ့ အကြမ်းတမ်းဆုံး အခက်ခဲဆုံးဌာနမှာ နှစ်များစွာ အလုပ်လုပ်ပြီးနောက် ခတကို ရိမှာ အဲဒီလို အာရုံခံစားမှု အသိစွမ်းရည် ရရှိခဲ့တယ်။ အဲဒီစွမ်းရည်ဟာ သူ့ပင်ကို စွမ်းရည်လို ဖြစ်နေပြီ။

“ခင်ဗျားအတွက် အခက်အခဲ ဖြစ်ကောင်းဖြစ်မယ် ဆိုတာ ကျုပ်သိပါ တယ်၊ ဦးခတကိရိ။ အင်မတန် ကြီးမားတဲ့ ဖားကြီးတစ်ကောင်က ခင်ဗျားရဲ့ အိမ်ခန်းထဲကို ကျူးကျူးကျော်ကျော် ဝင်ရောက်လာပြီး သူပြောသမျှ သဘာဝယုတ္တိ ကင်းမဲ့တဲ့ စကားတွေကို ယုံပါလို့ ပြောတာဟာ တော်တော် ခက် တာပါ။ ခင်ဗျားရဲ့ တုန့်ပြန်မှုကလည်း သဘာဝယုတ္တိ အပြည့်ပါပဲ။ ဒီတော့ ကျုပ် ဖြစ်တည်နေတယ်ဆိုတဲ့ အခြေအနေ မှန်ကန်ကြောင်း ခင်ဗျားကို သက်သေပြရအောင် ကြံရစည်ရတာပေါ့လေ။ ဆိုပါစို့၊ ဦခတကိရိ၊ ခင်ဗျားတို့ ဘဏ်ကနေ ဝက်ဝံကြီး ထရေးဒင်းကို ချေးထားတဲ့ငွေတွေကို ပြန်ရဖို့ အင်မတန် မှ ကြီးမားတဲ့ အခက်အခဲ အကျပ်အတည်းကို ခင်ဗျား ရင်ဆိုင်ဖြေရှင်းနေရ တယ်၊ ဟုတ်တယ်မဟုတ်လား ခင်ဗျာ”

“မှန်ပါတယ်ဗျာ” လို့ ခတကိရိ ဖြေတယ်။

“ဒီဝက်ဝံကြီးထရေးဒင်းဟာ အကြမ်းဖက်လုယက် အနုကြမ်းသမားတွေ၊ ခားပြတွေ အမြောက်အမြား လျှို့ဝှက်မွေးထားတာပါ။ အဲဒီလို လူစားတွေဟာ ရာဇဝတ်မှုတွေနဲ့ ထွေးရောယှက်တင် နေကြတာပါ။ သူတို့က ခင်ဗျားတို့ဘဏ် ဒေဝါလီခံရအောင် ကြံနေတယ်။ ဒါမှ သူတို့ အကြွေးက ရှောင်နိုင်မယ်။ ခင်ဗျား တို့ဘဏ်က ချေးငွေအရာရှိဟာ သင့်တင့်လျောက်ပတ်တဲ့ နောက်ကြောင်း စစ်ဆေးမှု မရှိဘဲ သူတို့ကို ငွေအပုံလိုက်ကြီး ဒရောသောပါး ထုတ်ပေးခဲ့တယ်။ အဲထုံးစံအတိုင်း အဲဒီလို အရာရှိတစ်ယောက် ရှုပ်ခဲ့သမျှ အရှုပ်ကို ရှင်းရတဲ့လူက ခင်ဗျားပေါ့၊ ဦးခတကိရိ။ ဒါနဲ့ ခင်ဗျားဟာ အဲဒီငနဲတွေရဲ့ကြားမှာ လူရောစိတ်ပါ နစ်နေခဲ့ပြီး အကျပ်အတည်း ရင်ဆိုင်နေရတာ ကြာလှပါပြီလေ။ ချောချောမောမော လွယ်လွယ်ကူကူတော့ တစ်ခုမှ မရှိပါဘူးလေ။ သူတို့ကို ကျောထောက်နောက်ခံ ပြုနေတဲ့ ဩဇာအာဏာ ကြီးမားတဲ့ နိုင်ငံရေးသမား တစ်ယောက် ရှိတယ်။ ခင်ဗျားတို့ကို သူတို့ ဆပ်ရမယ့် ကြွေးက ယန်းသန်းခုနစ် ရာ။ ခင်ဗျား ရင်ဆိုင်ဖြေရှင်းနေရတာဟာ အဲဒီအခြေအနေ မဟုတ်ပါလား ခင်ဗျာ။ ကျွန်တော် မှန်ရဲ့ မဟုတ်လားခင်ဗျာ”

“ခင်ဗျား ပြောတဲ့အတိုင်း အတိအကျပါပဲဗျာ”

ဖားက သူ့လက်တွေကို တစ်ဖက်တစ်ချက် ဖြန့်လို့ဆန့်လို့ ထုတ်လိုက်ရာ အစိမ်းရောင် အရေပြား အပြားလိုက် လက်ကြီးတွေဟာ ဖြူဖတ်ဖြူရော် အတောင်ပံတွေနဲ့ တူသွားတယ်။ “ဘာမှမစိုးရိမ်ပါနဲ့၊ ဦးခတကိရိ၊

အစစအရာရာ ကျုပ်တာဝန် ထားစမ်းပါ။ မနက်ဖြန်မနက်မှာ ခင်ဗျားရဲ့ ပြဿနာတွေကို ဖားအိုကြီးက ဖြေရှင်းပြီး ဖြစ်နေပါလိမ့်မယ်။ နားနားနေနေ နေပါ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ကောင်းမယ့် ညတစ်ည ဖြစ်ပါစေ ခင်ဗျာ”

လှိုက်လှိုက်လဲလဲ အားရပါးရအပြုံးကို ပြုံးရင်း ဖားက ထိုင်ရာမှ ထတယ်။ ဒီနောက် ပိတ်ထားတဲ့ တံခါးစောင်း အကြိုအကြားကနေ ဖားဟာ သူ့ကိုယ်သူ ကင်းမွန်ငါးခြောက်ပြားလေး တစ်ချပ်လို အပြားလိုက် အချပ်လိုက် ပြုကာ လျှိုပြီး ထွက်သွားတယ်။ ခတကိရိ တစ်ယောက်တည်းသာ ကျန်ရစ်တယ်။ မီးဖိုခန်း စားပွဲပေါ်က လက်ဖက်ရည်ခွက် နှစ်ခွက်သာ ခတကိရိရဲ့ အိမ်ခန်းထဲ ဖားလာ ရောက်ခဲ့ကြောင်း သက်သေညွှန်းနေရဲ့။

နောက်တစ်နေ့မနက် ကိုးနာရီမှာ အလုပ်ကို ခတကိရိ ရောက်တဲ့အခိုက်ပဲ သူ့စားပွဲပေါ်က တယ်လီဖုန်းမြည်တယ်။

“ဦခတကိရိပါလား” လို့ ယောကျ်ားသံတစ်သံ ကြားရတယ်။ အဲဒီအသံဟာ အေးတိအေးစက်၊ လုပ်ငန်းဆက်ဆံရေးသက်သက် အသံ ဆန်တယ်။ “ကျွန်တော့် နာမည် ရှိရအိုခပါ။ ဝက်ဝံကြီးထရေးဒင်းအမှု အကျိုးဆောင်ရွက်နေပါ။ ပြန်လည် ပေးဆပ်ဖို့ ကြန့်ကြာနေတဲ့ ချေးငွေကိစ္စနဲ့ ပတ်သက်လို့ ခုမနက်ပဲ ကျွန်တော့် အမှုသည်ဆီက တယ်လီဖုန်းလာပါတယ်။ တောင်းဆိုတဲ့ ငွေပမာဏ အကုန် သတ်မှတ်တဲ့ ရက်မှာ ပြန်လည်ပေးဆပ်ဖို့ တာဝန်အပြည့်အဝ ယူပါတယ်လို့ ခင်ဗျားဆီကို အကြောင်းကြားပေးဖို့ သူက ပြောလာပါတယ်။ ဒီလိုကတိကဝတ်ပြုကြောင်း စာချုပ်တစ်စောင်ကိုလည်း သူ လက်မှတ်ထိုးပြီး ခင်ဗျားဆီ ပို့ပေးပါလိမ့်မယ်။ သူက ခင်ဗျားကို တောင်းပန်တာ တစ်ခုကတော့ ခင်ဗျားက ဖားကို သူ့အိမ်ကို နောက်ထပ် မလွှတ်ဖို့ ဖြစ်ပါတယ်။ ကျွန်တော် တစ်ခါထပ်ပြီး ပြောပါရစေ၊ ခင်ဗျားအနေနဲ့ ဖားကို သူ့အိမ်ကို နောက်ထပ် စေလွှတ်ခြင်းမပြုဖို့ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ ဒီမေတ္တာရပ်ခံချက်ရဲ့ အဓိပ္ပာယ်ကို လုံးဝ မသိပါဘူး။ သို့သော် ဒီမေတ္တာရပ်ခံချက်ဟာ ခင်ဗျားအတွက် ရှင်းရှင်းလင်းလင်း နားလည်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ ဦးခတကိရိ။ မှန်ပါတယ် မဟုတ်လား”

“အမှန်ပဲ မှန်ပါတယ်” လို့ ခတကိရိဖြေရဲ့။

“ကျွန်တော် အကြောင်းကြားတာကို ဖားဆီကို ခင်ဗျားက မေတ္တာတစ်လုံးတစ်ဝန့် ပို့ပေးလိမ့်လို့ ကျွန်တော် ယုံကြည်ပါတယ်”

“ကျွန်တော် ပို့ပေးပါ့မယ်။ ခင်ဗျားရဲ့ အမှုသည်ဟာ ဖားကို ဘယ်တော့မှ ထပ်မတွေ့စေရပါဘူး”

“ကျေးဇူးများစွာ တင်ပါတယ် ခင်ဗျာ။ မနက်ဖြန်မှာ စာချုပ်ကို ခင်ဗျားဆီ ပို့နိုင်အောင် ကျွန်တော် ပြင်ဆင်ပါ့မယ်”

“ကျွန်တော်ကလည်း ဒီအတွက် ကျေးဇူးတင်ပါတယ်”လို့ ခတကိရိက ပြောတယ်။

တယ်လီဖုန်း အဆက်အသွယ်ပြတ်သွားတယ်။

နေ့လယ်စာစားချိန်မှာ ဖားဟာ ခတကိရိရဲ့ ရန်ပုံငွေဘဏ် ရုံးခန်းကို လာတယ်။

“ဝက်ဝံကြီးပြဿနာက ပြေပြေလည်လည် ရှင်းသွားပြီ မဟုတ်လား ခင်ဗျာ၊ ကျွန်တော် အဲဒီလိုပဲ ယူဆရမယ် ထင်ပါတယ်နော်”

ခတကိရိက ပတ်ဝန်းကျင်ကို စိတ်မသက်မသာ ကြည့်မိတယ်။

“မစိုးရိမ်ပါနဲ့ ခင်ဗျာ၊ ကျုပ်ကို မြင်နိုင်တဲ့လူဟာ ခင်ဗျား တစ်ယောက်တည်းပဲ ဖြစ်ပါတယ်။ အဲ ကျုပ်ဟာ ခင်ဗျားရဲ့ စိတ်ကူးယဉ်ထဲမှာ ဖြစ်နေတဲ့ အရာဝတ္ထုတစ်ခု မဟုတ်ဘူးဆိုတာ၊ ကျုပ်ဟာ ခင်ဗျားရဲ့ မျက်မှောက်မှာ အမှန်တကယ် ရောက်ရှိနေတယ် ဆိုတာကိုတော့ ခင်ဗျား နားလည်လက်ခံနိုင်မယ်လို့ ကျုပ်ယုံ ကြည်ပါတယ်။ ကျုပ်ဟာ ပြဿနာတစ်ခုကို တာဝန်ယူ ဖြေရှင်းနိုင်တယ်။ အဖြေ ထုတ်ပေးနိုင်တယ်။ ကျုပ်ဟာ သက်ရှိ ထင်ရှား သတ္တဝါတစ်ကောင် စစ်စစ်ပါခင်ဗျာ”

“ပြောစမ်းပါဦး၊ ဦးဖား”

“ကျေးဇူးပြု၍” ဖားက လက်တစ်ချောင်းထောင်ကာ “ဖားလို့ ကျုပ်ကို ခေါ်ပါ” လို့ ပြောပြန်တယ်။

ခတကိရိက “ပြောစမ်းပါဦး ဖား သူတို့ကို ခင်ဗျား ဘာတွေလုပ်ခဲ့သလဲ ဗျာ”

“အိုး၊ ဘာမှ ထွေထွေထူးထူး မလုပ်ရပါဘူး။ ဂေါ်ဖီထုပ်ကို ပြုတ်တာ ထက် ပိုပြီး ခက်ခဲတာ ရှုပ်ထွေးတာ ဘာမှ မလုပ်ခဲ့ပါဘူး ခင်ဗျာ။ ကျုပ် သူတို့ကို နည်းနည်း ခြောက်လိုက်တာပါ။ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နည်းတစ်နည်း ပါ။ ဂျိုးဇက် ကွန်း(နှ်)ရက်က ရေးဖူးတယ်။ တကယ့် အကြမ်းဖက်မှုဆိုတာ လူ ကို သူရဲ့ စိတ်ကူးစိတ်သန်းနဲ့ ဆက်နွယ်ပြီး ခံစားရအောင် လုပ်တာပါတဲ့။ ဒါ ထားလိုက်စမ်းပါ၊ ဦးခတကိရိ။ ဝက်ဝံကြီးပြဿနာကို ပြောပြပါဦး။ ပြေပြေ လည်လည် ဖြစ်သွားပြီ မဟုတ်လား”

ခတကိရိ ခေါင်းညိတ်တယ်။ စီးကရက် မီးညှိတယ်။

“ပြေပြေလည်လည် ဖြစ်သွားပုံရပါတယ်”

“ဒီတော့ မနေ့က ခင်ဗျားကို ကျုပ်တင်ပြခဲ့တဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး ကျုပ်အပေါ် ခင်ဗျားရဲ့ ယုံကြည်မှုကို ကျုပ် အောင်အောင်မြင်မြင် ရပြီပေါ့၊ ဟုတ်လား။ တီကောင်နဲ့ တိုက်ခိုက်ဖို့ ခင်ဗျား ကျုပ်နဲ့ လက်တွဲမယ်ပေါ့ ဟုတ်လား”

ခတကိရိ သက်ပြင်းချတယ်။ သူ့မျက်မှန်ကို ချွတ်ပြီးသုတ်တယ်။ “အမှန် အတိုင်း ပြောရရင်တော့၊ ဒီအကြံကို ကျွန်တော် စိတ်အား ထက်ထက်သန်သန် သိပ်ပြီး ရှိလှတယ်တော့ မဟုတ်ဘူးဗျာ။ ဒါပေမဲ့ ဒီတာဝန်ကို ရှောင်လွှဲဖို့ရာ လည်း ကျွန်တော့်အနေနဲ့ စဉ်းစားလို့ မရပါဘူးဗျာ”

“ဟုတ်တယ်။ ဒီကိစ္စက တာဝန်ယူမှုနဲ့ ဂုဏ်သိက္ခာ ထိန်းသိမ်းမှုပါ။ ဒီ အကြံနဲ့ ပတ်သက်လို့ ခင်ဗျားမှာ စိတ်အားထက်သန်ခြင်း နည်းမယ်ဆို နည်းနိုင် ပါတယ်။ ဒါပေမဲ့ ကျုပ်တို့မှာ ရွေးစရာလမ်း မရှိဘူး။ ခင်ဗျားနဲ့ ကျုပ် မြေအောက်ထဲကို သွားကိုသွားရမှာပဲ၊ တီကောင်ကို တိုက်ကို တိုက်ကြရမှာပဲ။ ဒီတိုက်ပွဲအတွင်းမှာ ကျုပ်တို့ အသက်ဆုံးရှုံးခဲ့ရင်လည်း ဘယ်သူ တစ်ဦးတစ် ယောက်ရဲ့ နှမြောတသဝမ်း နည်းခြင်းကိုမှ ရမှာမဟုတ်ဘူး။ အဲ ကျုပ်တို့က တီကောင်ကို အနိုင်တိုက်နိုင်ခဲ့ရင်တောင် ဘယ်သူကမှ ကျုပ်တို့ကို ချီးကျူးမယ် မဟုတ်ဘူး။ သူတို့ရဲ့ ခြေထောက်တွေရဲ့အောက် မြေကြီးနက်နက်ထဲမှာ ဒီလို တိုက်ပွဲတစ်ပွဲ ဖြစ်ခဲ့တယ် ဆိုတာကို ဘယ်သူမှ ဘယ်တော့မှ သိလိမ့်မယ် မဟုတ်ဘူး။ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်းပဲ သိမယ်၊ ဦးခတကိရိ။ တိုက်ပွဲ

နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ ကျုပ်တို့ရဲ့ တိုက်ပွဲကတော့ လူမသိသူမသိ လူမရှိ သူမရှိ ကျုပ်တို့ချည်း နွဲ့ရမယ့် တိုက်ပွဲပဲ”

ခတကိရိ ကိုယ့်လက်တွေကို ကိုယ့်ဘာသာကိုယ် ပြန်ကြည့်မိတယ်။ ဒီနောက် သူ့စီးကရက်က မီးခိုးငွေ့တွေကို ကြည့်နေတယ်။ အဆုံးမှာ ဦးဖား၊ ခင်ဗျား သိပါတယ်ဗျာ။ ကျွန်တော်ဟာ သာမန် လူတစ်ယောက်ပါဗျာ” လို့ ဆိုတယ်။

“ကျေးဇူးပြု၍ ဖားလို့ လုပ်စမ်းပါခင်ဗျာ” လို့ ဖားက ပြောတယ်။ ဒါပေမဲ့ ခတကိရိဟာ ပြီးတဲ့အမှု ပြီးပြီလို့ နေ လိုက်တယ်။

“ကျွန်တော်က သာမန်ကောင်မှ လုံးဝ သာမန်ကောင် တစ်ကောင်ပါဗျာ။ သာမန်ထက်ကို နိမ့်ဦးမယ်။ ခေါင်းလည်း ပြောင်ပြီ၊ ဗိုက်လည်း ရွဲပြီ။ အရင်လကပဲ အသက်လေးဆယ်ထဲ ဝင်ပြီး ခြေထောက်တွေက ပြားချပ်ချပ်။ တစ်လောကတွင် ဆရာဝန်က ပြောတာ၊ ကျွန်တော့်မှာ ဆီးချိုရှိချင်နေပြီတဲ့။ ကျွန်တော် မိန်းမတစ်ယောက်နဲ့ အိပ်ခဲ့တာ သုံးလလား၊ သုံးလကျော်ကျော်လား ကြာပြီ၊ အဲဒီအတွက်လည်း ကျွန်တော် ပိုက်ဆံပေးရဦးမယ်။ ကျွန်တော့်ရဲ့ ကြွေးသိမ်းနိုင်တဲ့ အရည်အချင်းအတွက် ဌာနထဲမှာ အသိအမှတ်ပြု ခံတော့ခံရပါတယ်၊ တကယ့် တလေးတစားတော့ မဟုတ်ဘူးပေါ့။ ကျွန်တော့်ကို ခင်မင်တဲ့ လူလည်း တစ်ယောက်မှ မရှိပါဘူး၊ အလုပ်ထဲမှာပဲ ဖြစ်ဖြစ်၊ ကျွန်တော့်ရဲ့ တစ်ကိုယ်ရည်ဘဝမှာပဲ ဖြစ်ဖြစ်။ လူတွေနဲ့ ဘယ်လို စကားပြောရမယ် ဆိုတာကို ကျွန်တော်မသိဘူး။ အဲ လူစိမ်းတွေနဲ့ဆိုရင် ဆိုးပါတယ်။ ဒီတော့ ကျွန်တော်လည်း ဘယ်သူ့ကိုမှ မိတ်ဆွေအပေါင်းအသင်း ဖွဲ့မနေတော့ပါဘူး။ အားကစားအစွမ်းအစကလည်း ကျွန်တော့်မှာမရှိ။ ကျွန်တော့် နားက ဂီတသံ အနိမ့်အမြင့် အထူအပါးကို ခွဲခွဲခြားခြား မကြား။ အရပ်က ပုတိုက်တိုက်။ ဟဂျိက အငုံးမျက်စိက အနီးမှုန်၊ အနီးမှုန်တဲ့အပြင် မျက်လုံးက အရွယ်အစားမညီ။ ကျွန်တော်က ဒုက္ခအတိပြီးတဲ့ ဘဝမှာ နေနေတာပါဗျာ။ အစာစားတယ်၊ အိပ်တယ်၊ အစာဟောင်းစွန့်တယ်၊ ဒါ ကျွန်တော်လုပ်တဲ့ အလုပ်ပါပဲ။ ကျွန်တော် ဘာကြောင့် အသက်ရှင်နေသလဲ ဆိုတာကိုတောင် ကျွန်တော် မသိဘူး။ ဘာကြောင့် ကျွန်တော်လို လူတစ်ယောက်က တိုကျိုမြို့ကို ကယ်တင်မယ့်လူ ဖြစ်သင့်သလဲဗျာ”

“ဘာကြောင့်လဲ ဆိုတော့၊ ဦခတကိရိ၊ တိုကျိုမြို့ကို ခင်ဗျားလို လူတစ်ယောက်ကသာ ကယ်တင်နိုင်မှာမို့ပါ။ ကျုပ် တိုကျိုမြို့ကို ကယ်တင်နိုင်ဖို့ ကြိုးစားနေရတာကလည်း ခင်ဗျားလို လူတွေအတွက်ပါ”

ခတကိရိ သက်ပြင်းချပြန်တယ်။ အခုတစ်ကြိမ် သက်ပြင်းက ပိုပြင်းတယ်။ “ဒါဆိုရင်လည်း ကောင်းပါပြီဗျာ။ ခင်ဗျား ကျွန်တော့်ကို ဘာလုပ်စေချင်သလဲ”

ဖားက ခတကိရိကို သူ့အစီအစဉ် ပြောပြတယ်။ ဖေဖော်ဝါရီ ၁၇၊ ညမှာ မြေအောက်ထဲ သူတို့ သွားကြမယ်။ (ငလျင်လှုပ်မယ့်နေ့ မတိုင်မီ တစ်နေ့ပါ။) သူတို့ရဲ့ လမ်းကြောင်းက တိုကျို လူမှုဖူလုံရေး ရန်ပုံငွေဘဏ်၊ ရှင်ဂျုကုဌာနခွဲရဲ့ မြေအောက် ဘွိုင်လာခန်းကနေ ဖြတ်သွားမှာပါ။ သူတို့နှစ်ယောက် အဲဒီညည့်နှက်နက်အချိန် အဲဒီနေရာမှာ ဆုံကြမယ်။ (ခတကိရိက အဲဒီ ရုံးအဆောက်အအုံအတွင်း အိုဗာတိုင်အလုပ် အကြောင်းပြကာ အဲဒီအချိန်အထိ နေရမှာပါ။) အဲဒီရုံးခန်းနံရံ အကန့်တစ်ကန့် နောက်ဘက်မှာ အထက်က အောက်ဆီ လှိုဏ်ခန်းရှည်ရှိတယ်။ အဲဒီလှိုဏ်ကနေ အောက်ခြေဆီ ပေ ၁၅၀ ကြိုးလှေကားနဲ့ သူတို့နှစ်ယောက် ဆင်းကာ တီကောင်ကို ရှာကြမယ်။

“ခင်ဗျားရဲ့ ခေါင်းထဲမှာ တိုက်ပွဲပလန် ရှိပြီပေါ့နော်” လို့ ခတကိရိက မေးလိုက်တယ်။

“ရှိတယ်၊ ကျုပ်မှာ ရှိပါတယ်။ တီကောင်လို ရန်သူတစ်ယောက်ကို တိုက်ပွဲပလန်မရှိဘဲ နိုင်မယ်လို့ မျှော်လင့်စရာမရှိဘူး။ တီကောင်ဆိုတာ ချောကျိကျိ ပျစ်ချဲချဲ သတ္တဝါတစ်ကောင်ပဲ။ သူ့ပါးစပ်နဲ့ စအိုကို ခင်ဗျား ခွဲခြားပြီး ပြောနိုင်မှာ မဟုတ်ဘူး။ ပြီးတော့ တီကောင်ဟာ ကွန်ပြူတာအမြန်ရထားတစ်စင်းလောက်ကို ရှည်တယ် ကြီးတယ်”

“ခင်ဗျားရဲ့ တိုက်ပွဲပလန်က ဘယ်လိုလဲဗျာ”

တွေးတွေးဆဆ ငြိမ်ငြိမ်သက်သက် တိတ်လို့ သွားပြီးမှ ဖားဟာ

“အင်း၊ ဆိုရိုးတစ်ခု ရှိတယ်မဟုတ်လား ဆိတ်ဆိတ်နေ ထောင်တန်၏တဲ့” လို့ ဖြေတယ်။

“ကျွန်တော် မမေးသင့်ဘူးလို့ ခင်ဗျား ဆိုလိုတာလား”

“ဒီလို ယူလို့လည်း ရပါတယ်”

“တကယ်လို့၊ နောက်ဆုံးမိနစ်ပိုင်းကလေးမှာ ကျွန်တော်ဟာ အကြောက်ကြောက် အလန့်လန့် ဖြစ်ပြီး ထွက်ပြေးမယ်ဆိုရင် ဘာတွေဖြစ်နိုင်မလဲ။ အဲဒီအခါ ခင်ဗျား ဘာလုပ်မလဲ၊ ဦးဖား”

“ဖားပါ ခင်ဗျာ”

“ဖား၊ အဲဒီအခါ ခင်ဗျားဘာလုပ်မလဲ”

ဇားဟာ ခဏကလေး စဉ်းစားပြီး “ကျုပ် တစ်ကောင်တည်း ဆက်ပြီး တိုက်မှာပဲ။ ကျုပ်တစ်ကောင်တည်း တီကောင်ကို တိုက်ပြီး အနိုင်ယူဖို့ဆိုတဲ့ အခွင့်အလမ်းကတော့ တစ်ရှိန်ထိုး ခုတ်မောင်းထိုးဝင်လာတဲ့ မီးရထားကို ရှောင်ဖို့ အင်နာကာရင်နီနာ ရရှိတဲ့ အခွင့်အလမ်းထက် နည်းနည်းကလေး သာပါသေးတယ်။ အင်နာကာရင်နီနာကို ခင်ဗျား ဖတ်ဖူးပါတယ်နော်၊ ဦးခတကိရိ”

အဲဒီဝတ္ထုကို ခတကိရိ မဖတ်ဖူးကြောင်း ကြားရတော့ ဖားရဲ့ မျက်နှာက “ရှက်ဖို့ကောင်းပါဘိ” လို့ ပြောသလိုလိုပဲ။ ဖားက အင်နာကာရင်နီနာကို အတော်နှစ်သက်ပုံရတယ်။

“ဘာပဲဖြစ်ဖြစ် ဦခတကိရိ၊ ကျုပ်တစ်ကောင်တည်း တိုက်နေရစ်တော့လို့ ထားခဲ့ပြီး ခင်ဗျား ထွက်ပြေးလိမ့်မယ်လို့ ကျုပ် မယုံကြည်ပါဘူး။ ကျုပ် ပြောရဲပါတယ်။ ဒါတော့ သတ္တိပြဿနာပဲ။ ကံမကောင်း အကြောင်းမလှလို့ ကျုပ်မှာ သတ္တိရှိများ မရှိခဲ့ဘူးဆိုရင်ပေါ့၊ ဟား ဟား ဟား ဟား” ဖားဟာ ပါးစပ်ပြဲပြဲဖြဲလို့ ရယ်တယ်။ သတ္တိမဲ့ခြင်းဆိုတာ ဖားမှာ ရှိမယ်မဟုတ်တဲ့ အရာပါ။ သွားလည်း ဖားမှာ ရှိမယ်မဟုတ်တဲ့ အရာပါ။

ဘယ်လိုပဲဖြစ်ဖြစ်၊ မျှော်လင့်မထားတာ ဖြစ်ခဲ့တယ်။

ဖေဖော်ဝါရီ ၁၇ မှာ ခတကိရိ သေနတ်ပစ်ခံရတယ်။ သူဟာ အဲဒီနေ့ လုပ်စရာရှိတာ လုပ်လို့ပြီးတာကြောင့် ရန်ပုံငွေဘဏ်ကို အပြန်လမ်းမှာ ရှင်ဂျကု ရပ်ကွက်အတွင်း လမ်းပေါ်လျှောက်လာခိုက် သူ့ရှေ့တူရူက သားရေဂျက်ကက် ဝတ်ထားတဲ့ လူငယ်တစ်ယောက်ဟာ သူ့ရှေ့ဆီ ခုန်ဝင်လာတယ်။ အဲဒီလူငယ်ရဲ့ မျက်နှာက ဗလာမျက်နှာပါ။ လက်တစ်ဖက်မှာ အမည်းရောင် သေနတ်သေးသေး တစ်လက်ကို ဆုပ်ထားတယ်။ သေနတ်ကလေး မည်းနက်လိုက်တာ

အလွန်၊ သေးငယ်လိုက်တာက အလွန် ဖြစ်သမို့ အမှန်တကယ် မြင်နိုင်ဖို့ ခက်ခဲလှတယ်။ ခတကိရိဟာ အဲဒီလူငယ်ရဲ့ လက်ထဲက အရာဝတ္ထုကို စူးစူးစိုက်စိုက် ကြည့်ကာ အဲဒီလူငယ်က အဲဒီသေနတ်ကို သူ့ဆီ ချိန်ရွယ်သလား၊ အဲဒီလူငယ် သေနတ်မောင်း ဖြုတ်လိုက်သလား သတိရှိရှိ မသိနိုင်။ အဖြစ်အပျက်က မြန်ဆန်လွန်းတယ်။ ခတကိရိသိကို မသိလိုက်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ်၊ သေနတ်နဲ့ ပစ်လိုက်ပြီ။

ခတကိရိဟာ သေနတ်ပြောင်းကလေး လေထဲမှာ ဆတ်ခနဲ မြောက်သွားတာ မြင်လိုက်တယ်။ တစ်ပြိုင်နက် သူ့လက်ယာဘက်ပခုံးကို ခြောက်ပေါင်တူနဲ့ နှက်လိုက်သလို ခံစားလိုက်ရတယ်။ သူ ဘယ်လိုမှ နာကျဉ်တာ မခံစားရဘူး။ ဒါပေမဲ့ ပြင်းထန်တဲ့ တွန်းအားကြောင့် သူဟာ စက်ဘီးထက်မှာ ခြေကားရား လက်ကားရား လဲကျခဲ့တယ်။ သူ့လက်ယာဘက် လက်ထဲက သားရေ လက်ဆွဲသေတ္တာလေးဟာ သူ့ဆီက လွင့်ထွက်သွားတယ်။ အဲဒီလူငယ်ဟာ သေနတ်ပြောင်းကို ခတကိရိဆီ တစ်ကြိမ်ထပ်ပြီး ချိန်ရွယ်ပြန်တယ်။ ဒုတိယ ကျည်ဆံထွက်ခဲ့ပြီ။ သူ့မျက်စိရှေ့မှာ စက်ဘီးပေါ်ရှိ စားသောက်ဆိုင်က ဆိုင်းဘုတ်ကလေးတစ်ခု ပေါက်ကွဲလွင့်စဉ်သွားတာ မြင်တယ်။ လူတွေ အော်ဟစ်ကြတဲ့ အသံတွေကို သူကြားတယ်။ သူ့မျက်မှန်လည်း ကျွတ်ပြီး လွင့်သွားပြီ။ အစစအရာရာ မှုန်မှုန်ဝါးဝါး ဖြစ်ကုန်ပြီ။ အဲဒီလူငယ်ဟာ ပစ္စတိုသေနတ်ကို သူ့ဆီ ချိန်ရွယ်ကာ သူ့ဆီ ချဉ်းကပ်လာတာ ခတကိရိ မသဲမကွဲ မြင်တယ်။ “ငါသေတော့မယ်” လို့ ခတကိရိ တွေးတယ်။ အကြမ်းဖက်မှု စစ်စစ်ဆိုတာ လူ့စိတ်ကူးယဉ်ထဲ ခံစားရအောင် လုပ်တာမျိုးလို့ ဖားက ပြောခဲ့တယ်။ ခတကိရိဟာ သူ့အတွေးကို ဖြတ်လိုက်တယ်။ ဒီနောက် တစ်စတစ်စ အလေးချိန် လျော့ပါးပေါ့ပါးလာကာ တိတ်ဆိတ်ငြိမ်သက်လို့ သွားရဲ့။

နိုးတဲ့အခါ တကိရိဟာ အိပ်ရာထဲမှာပါ။ မျက်စိတစ်ဖက်ဖွင့်ကာ ပတ်ဝန်းကျင်ကို ခဏ အကဲခတ်တယ်။ ဒီနောက် တခြားမျက်စိတစ်ဖက်ပါ ဖွင့်လိုက်တယ်။ အဦးဆုံး သူ့မြင်ကွင်းထဲ ဝင်လာတာ ခုတင်ခေါင်းရင်းက သတ္တုထောက်တိုင်နဲ့ အဲဒီထောက်တိုင်ကနေ သူ လဲလျောင်းနေရာဆီ သွယ်တန်းထားတဲ့ ဆေးနဲ့အစာ သွင်းတဲ့ပိုက်ပါ။ သူဟာ သမားရိုးကျမဟုတ်တဲ့ အဝတ်တစ်မျိုးကို ဝတ်ထားရပြီး အဲဒီအဝတ်အတွင်း သူ့ခန္ဓာကိုယ်ဟာ ဝတ်လစ်စလစ်ဖြစ်ကာ အခင်းအမာခံ ခုတင်ထက် ပက်လက် လှဲလျောင်းနေရတာကို ခတကိရိ သဘောပေါက်သွားတယ်။

“အို၊ ဟုတ်ပြီ၊ ငါ လူသွားစကြံတစ်လျှောက် လမ်းလျှောက်လာတုန်း ငါ့ကို လူတစ်ယောက်က သေနတ်နဲ့ ပစ်လိုက်တာပဲ” လို့ ခတကိရိ စဉ်းစားမိတယ်။ ပခုံးမှာ သေနတ်မှန်တာ ဖြစ်မယ်။ လက်ယာပခုံးမှာ ဖြစ်မယ်။ သူက စိတ်ကူးထဲ မြင်ကွင်းကို ပြန်လည် မြင်ယောင်ကြည့်နေမိတယ် အဲဒီလူငယ်တစ်ယောက်ရဲ့ လက်ထဲက သေနတ်မည်းမည်း သေးသေးကလေးကို ပြန်လည် သတိရတဲ့အခါ သူ့နှလုံးဟာ အထိတ်တလန့် ပြင်းပြင်းထန်ထန် ခုန်လာတယ်။ “ခွေးမသားတွေ ငါ့ကို သတ်ကြပါပကောလား” လို့ သူတွေးမိတယ်။ “ဒါပေမဲ့ အခြေအနေက ငါ့မှာ အိုကေပုံပဲ။ ငါ ကောင်းကောင်း မှတ်မှတ်သားသား တွေးနိုင်သားပဲ။ ဘာဝေဒနာမှလည်း မခံစားရဘူး။ နာတာကျင်တာကလေးတောင် မခံစားရဘူး။ ငါ့မှာ ဘာအာရုံခံစားမှုမှ မရှိဘူး။ ငါ့လက်ကို ငါ မမြှောက်နိုင်”

ဆေးရုံအခန်းမှာ ပြတင်းပေါက် မရှိ။ အခုနေ့လား၊ ညလားဆိုတာ သူ မပြောတတ်ဘူး။ ညနေ ငါးနာရီမတိုင်မီ သူ သေနတ်နဲ့ ပစ်တာခံရတာပါ။ အဲဒီကတည်းက အခုအထိ အချိန်ဘယ်လောက် ကြာခဲ့ပြီလဲ။ ဖားနဲ့ သူဆုံဖို့ ချိန်းထားတဲ့ အချိန်လွန်ခဲ့ပြီလား။ ခတကိရိဟာ အခန်းအတွင်း နာရီကို ရှာတယ်။ သူက မျက်မှန်မပါဘဲ ခပ်လှမ်းလှမ်းမှာ ရှိတာတွေကို မြင်နိုင်တာ မဟုတ်ဘူး။

“ဆရာမ ခင်ဗျာ” လို့ သူနာပြုဆရာမကို သူခေါ်တယ်။

“အို ဟုတ်ပြီ ဟုတ်ပြီ။ အခုတော့ ရှင်နိုးလာပြီပေါ့နော်” လို့ သူနာပြုဆရာမက ပြောတယ်။

“အချိန် ဘယ်လောက်ရှိပြီလဲဗျာ” သူနာပြုဆရာမက သူ့လက်ပတ်နာရီကို ကြည့်တယ်။

“ကိုးနာရီ ဆယ့်ငါးမိနစ်”

“ည ကိုးနာရီ ဆယ့်ငါးမိနစ်လား”

“မစဉ်းမစား မပြောပါနဲ့ရှင်၊ မနက်ပါ”

“မနက် ကိုးနာရီဆယ့်ငါး၊ ဟုတ်လား”

ခတ်ကိရိဟာ ညဉ်းညဉ်းညူညူ ပြောလိုက်တယ်။ သူက ဦးခေါင်းကို ခေါင်းအုံးကနေ ရွှေ့လို့မရဘူး။ မောပန်းနွမ်းနယ် ကွဲအက်အက် အသံတစ်သံ

ဟာ တစ်ပါးသူတစ်ယောက်ရဲ့ အသံလိုလို သူ့လည်ချောင်းထဲက ထွက်လာတယ်။

“ဖေဖော်ဝါရီ၊ ၁၈ ရက်၊ မနက် ကိုးနာရီဆယ့်ငါးမိနစ်”

“ဟုတ်ပါတယ်ရှင်” လို့ ပြောကာ သူနာပြုဆရာမဟာ သူရဲ့ ဒစ်ဂျစ်တယ် နာရီက နေ့စွဲကို စစ်စစ်ဆေးဆေး တစ်ကြိမ် ထပ်ကြည့်သေးတယ်။ “ဒီနေ့ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၈ ရက်နေ့ပါ”

“တိုကျိုမှာ ဒီမနက် ငလျင်ကြီး လှုပ်မသွားဘူးလား”

“တိုကျိုမှာ၊ ဟုတ်လား”

“တိုကျိုမှာပေါ့”

“ကျွန်မ သိသရွေ့ တိုကျိုမှာ ငလျင်မလှုပ်ပါကလားရှင်” လို့ သူနာပြုဆရာမက ခေါင်းခါတယ်။

ခတ်ကိရိ စိတ်သက်သာရာ ရသွားသလို သက်ပြင်းတစ်ချက် ရှိုက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ငလျင်ကိုတော့ ကာကွယ်နိုင်ခဲ့ပြီ။

“ကျွန်တော့် ဒဏ်ရာအခြေအနေက ဘယ်လိုလဲဗျာ”

“ရှင့်ရဲ့ ဒဏ်ရာ၊ ဟုတ်လား။ ဘာဒဏ်ရာကို ပြောတာလဲရှင်” လို့ သူနာပြုဆရာမက မေးတယ်။

“သေနတ်ပစ်ခံရတဲ့ ဒဏ်ရာလေ”

“သေနတ်ဒဏ်ရာ၊ ဟုတ်လား”

“ဟုတ်ပါတယ်၊ ရန်ပုံငွေဘဏ် အဝင်အဝမှာ ပစ်ခံရတာလေ။ လူငယ်တစ်ယောက်က ကျွန်တော့်ကို ပစ်လိုက်တာပဲ။ ကျွန်တော့် ညာဘက်ပခုံးမှာလို့ ထင်တယ်”

သူနာပြုဆရာမဟာ ခတကိရိကို တော့တော့ဆိုင်ဆိုင် ကြည့်ကာ စိုးရိမ်တဲ့ အသွင် အပြုံးတစ်ချက် ပြုံးပြီး “ဆောရီး ဦးခတကိရိ၊ ရှင်သေနတ်နဲ့ အပစ်မခံခဲ့ရပါဘူး”

“ကျွန်တော် သေနတ်နဲ့ အပစ်မခံခဲ့ရဘူး။ ဒါ အသေအချာပဲနော် ဆရာမ”

“ဒီနေ့မနက် ငလျင်မလှုပ်တာ သေချာသလိုပဲ သေချာပါတယ်ရှင်”

ခတကိရိ မှင်တက်မိသွားတယ်။ “ဒါဆို ဘယ်လိုအကျိုးနည်းပြီး ကျွန်တော်က ဆေးရုံပေါ် ရောက်နေရတာလဲဗျာ”

“ရှင် လမ်းပေါ်မှာ သတိမေ့ပြီး လဲနေတာကို လူတစ်ယောက်က တွေ့တာ။ ရှင်ဂျကုနားက ဓါဘုမိချိုရပ်ကွက်မှာပေါ့။ ရှင့်ကိုယ်ရဲ့ အပေါ်ယံအပြင်အပမှာတော့ ဘာဒဏ်ရာဒဏ်ချက်မှ မရှိပါဘူး။ သတိမေ့နေတာ တစ်ခုပါပဲ။ ကျွန်မတို့လည်း အဲဒီလို ဘာကြောင့် ဖြစ်ရတယ်ဆိုတာ ခုထိ အဖြေရှာလို့ မရသေးပါဘူး။ ခဏနေရင် ဆရာဝန်လာပါလိမ့်မယ်။ သူနဲ့ ပြောရင် ပိုကောင်းပါလိမ့်မယ်”

သတိမေ့ပြီး လမ်းပေါ်လဲကျနေတယ်လို့ ဆိုသလား။ သူ့ကို ပစ္စတို သေနတ်နဲ့ ချိန်ရွယ်ကာ ပစ်လိုက်တာကို ခတကိရိ အသေအချာ သိတယ်။ သူဟာ အသက်ပြင်းပြင်း တစ်ချက် ရှူကာ ဦးခေါင်းကို မတ်နိုင်ဖို့ ကြိုးစားတယ်။ အဖြစ်အပျက် အချက်အလက်တွေကို အစီအစဉ်တကျ ပြန်လည်စီစဉ်ကာ ခတကိရိ စရမယ်။

“ဆရာမ၊ ခင်ဗျား ကျွန်တော့်ကို ပြောတာက၊ ကျွန်တော် ဒီဆေးရုံမှာ သတိမေ့မြောပြီး နေခဲ့တယ်။ မနေ့က ညနေကတည်းက၊ ဟုတ်ပါတယ်နော်”

“ဟုတ်ပါတယ်ရှင်၊ ပြီးတော့ ရှင့်အတွက် အင်မတန် ဆိုးဝါးတဲ့ ညတစ်ညပါ၊ ဦးခတကိရိ။ ရှင်ဟာ ချောက်ချောက်ချားချား အိပ်မက်ဆိုးတွေ မက်နေခဲ့တယ် လို့ ထင်ပါတယ်။ “ဖားကွ... ဟုတ်ပြီဟော့၊ ဖားကွ” လို့ ရှင် အော်နေတာကို ကျွန်မ ကြားရတယ်။ အဲ့ဒီလို ရှင်တစ်ချိန်လုံး အော်နေတာပဲ။ ရှင့်မှာ ‘ဖား’ဆိုတဲ့ နာမည်ပြောင်နဲ့ သူငယ်ချင်းတစ်ယောက် ရှိလား”

ခတကိရိ မျက်လုံးတွေ မှိတ်လိုက်တယ်။ သူရဲ့ အသက်ရှင်ခြင်းကို မှတ်တမ်းလိုက်မှတ်နေသလို နရီမှန်မှန် တိုးတိုးညင်ညင် ခုန်နေတဲ့ နှလုံးခုန်သံကို နားထောင်နေတယ်။ အဖြစ်အပျက်အမှန် ဘယ်ရွေ့ဘယ်မျှ သူမှတ်မိပြီး ထင်ယောင်ထင်မှားက ဘယ်ရွေ့ဘယ်မျှလဲ။ ဖားဟာ အမှန်တကယ် သက်ရှိထင်ရှား ရှိသလား။ ဖားဟာ တိုက်ပြိုမြို့ကို ငလျင်ဘေးက တားဆီးဖို့ တီကောင်

နဲ့ အမှန်တကယ် တိုက်ခိုက်ခဲ့သလား။ ဒါမှမဟုတ် ဒါတွေဟာ အိပ်မက်ရှည်ကြီး တစ်ခုရဲ့ တစ်ပိုင်းတစ်ကဏ္ဍလား။ ခတကိရိဟာ ဘာက အမှန်ဆိုတာ စဉ်းစားမရတော့ဘူး။

ဖားဟာ ဆေးရုံကို အဲဒီညမှာ လာရဲ့။ ခတကိရိ နိုးလာတော့ မှိန်ပျပျ အလင်းရောင်အောက်မှာ ဖားကို တွေ့တယ်။ ဖားက သံမဏိခေါက်ကုလားထိုင်ပေါ်မှာ နံရံကို ကျောမှီလို့ ထိုင်နေတယ်။ ဖားရဲ့ ဖောင်းမို့ထူအမ်းတဲ့ မျက်ခွံကြီးတွေဟာ စင်းစင်းကြီး မှေးမှေးမျှ မှိတ်လို့နေတယ်။

“ဖား” လို့ ခတကိရိက ကျယ်ကျယ်လောင်လောင် အော်ခေါ်မိတယ်။

ဖားက သူ့မျက်စိတွေကို ဖြည်းဖြည်းလေးလေး ဖွင့်လို့ ကြည့်တယ်။ သူရဲ့ စူစူဖောင်းဖောင်း အဖြူရောင် ဝမ်းဗိုက်က သူ အသက်ရှူတာနဲ့အမျှ ဖောင်းချည် ရှဲ့ချည် ဖြစ်နေတယ်။

“ကျွန်တော် ကတိပေးခဲ့တဲ့အတိုင်း ဘွိုင်လာခန်းမှာ ခင်ဗျားနဲ့ ဆုံဖို့ လာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီညနေမှာ ကျွန်တော် အက်ဆီးဒင့်တစ်ခု ဖြစ်ခဲ့တယ်။ လုံး၀ မျှော်လင့်မထားခဲ့တဲ့ အက်ဆီးဒင့်ပါ။ ဒါနဲ့ ကျွန်တော့်ကို ဒီဆေးရုံကို ခေါ်လာခဲ့ကြတာပဲဗျာ” လို့ ခတကိရိ ရှင်းပြတယ်။

ဖားက ခေါင်းကို ညိတ်ရုံမျှ ညိတ်တယ်။ “ကျုပ်သိပါတယ်။ အိုကေပါ။ မကြောင့်ကျပါနဲ့။ တိုက်ပွဲမှာ ကျုပ်ကို ခင်ဗျား စွမ်းစွမ်းတမံ အထောက်အကူ ပေးခဲ့တာပါ၊ ဦးခတကိရိ”

“ကျွန်တော်က အထောက်အကူ ပေးခဲ့တယ်၊ ဟုတ်လား”

“ဟုတ်ပါတယ်၊ ခင်ဗျားက ကျုပ်ကို အထောက်အကူ ပေးခဲ့ပါတယ်။ ခင်ဗျားဟာ ခင်ဗျားရဲ့ အိပ်မက်ထဲကနေ တကယ့် ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ တာဝန်တစ်ရပ်ကို ထမ်းခဲ့တာပါ။ အဲဒါကြောင့်လည်း ကျုပ်မှာ တီကောင်နဲ့ တိုက်ပွဲကို အဆုံးသတ်အထိ တိုက်ခိုက်နိုင်လောက်အောင် စွမ်းခဲ့တာပါ။ ကျုပ်ရဲ့ အောင်ပွဲအတွက် ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ရမှာပါ”

“ကျွန်တော် နားမလည်ဘူးဗျာ။ တစ်ချိန်လုံး ကျွန်တော် သတိလစ်မေ့မြောနေခဲ့တာပဲ။ အစာနဲ့ဆေးကို ပိုက်နဲ့ သွင်းနေခဲ့ရတာပဲ။ ကျွန်တော့် အိပ်မက်ထဲက အဖြစ်အပျက်တွေကိုတော့ ကျွန်တော် မမှတ်မိဘူးဗျာ”

“အဲဒါ ကောင်းပါတယ်၊ ဦးခတကိရိ။ ခင်ဗျားမမှတ်မိတာ ပိုကောင်းပါ တယ်။ အင်မတန် ဆိုးဝါးတဲ့ တိုက်ပွဲတစ်ခုလုံးဟာ စိတ်ကူးစိတ်သန်း နယ်ပယ် ထဲမှာ ဖြစ်ပွားခဲ့တာပါ။ ဒါ ကျုပ်တို့ရဲ့ တသီးတသန့် စစ်မြေပြင်ပါ။ အဲဒီ တသီးတသန့် စစ်မြေပြင်မှာ ကျုပ်တို့ရဲ့ အနိုင်တွေ အရှုံးတွေကို တွေ့ကြုံကြရ ခံစားကြရတာပါ။ ကျုပ်တို့အားလုံး သတ္တဝါတိုင်းဟာ သက်တမ်းကန့်သတ်ချက် ရှိတဲ့ သတ္တဝါတွေချည်းပါ။ ကျုပ်တို့အားလုံး နောက်ဆုံးမှာ အောင်နိုင်ခြင်းရဲ့ အစွန်းတစ်ဖက်က ရှုံးနိမ့်ခြင်းကို ရင်ဆိုင်ကြရမှာပါ။ အားနက်(စ်)ဟဲမင်းဝေးက ပြတ်ပြတ်သားသား ပြောခဲ့သားပဲလေ။ ကျုပ်တို့ ဘဝရဲ့ တန်ဖိုးကို အဆုံးအဖြတ် ပေးတာဟာ ကျုပ်တို့ ဘယ်လိုနိုင်သလဲ ဆိုတာ မဟုတ်ဘူး၊ ကျုပ်တို့ ဘယ်လိုရှုံးခဲ့သလဲ။ဆိုတာသာ ဖြစ်တယ်တဲ့။ ဦးခတကိရိ၊ တိုကျိုမြို့ကို ဘေးအန္တရာယ်ဆိုးကနေ ခင်ဗျားနဲ့ကျုပ် အတူတူ တားဆီးကာကွယ် နိုင်ခဲ့ပါပြီ။ လူပေါင်း သိန်းတစ်ရာ့ငါးဆယ်ကို သေခြင်းရဲ့ နှုတ်ခမ်းဝကနေ ကျုပ်တို့ ကယ်တင်ခဲ့ပါပြီ။ ဒါကို ဘယ်သူမှ မသိပါဘူး။ အဲဒါကိုက ကျုပ်တို့ရဲ့ တစ်လုံး တစ်ဝ အောင်မြင်မှုပါပဲ”

“တီကောင်ကို ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ခင်ဗျား နှိမ်နင်းခဲ့တာလဲဗျာ။ ကျွန်တော်ကကော ဘာများ လုပ်ခဲ့သလဲဗျာ”

“တိုက်ပွဲ အဆုံးသတ်တဲ့အထိ တကယ့်ကို ပင်ပင်ပန်းပန်း ကြမ်း ကြမ်းတမ်းတမ်းနဲ့ မနားတမ်း မလျှော့တမ်း ကျုပ်တို့မှာ ရှိသမျှ အစွမ်းအစ အကုန်သုံးပြီး ကျုပ်တို့ တိုက်ခဲ့ကြတယ်။ ကျုပ်တို့” ဖားဟာ ပါးစပ်ကို ပျပ်ခနဲ ပိတ်ကာ အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်တယ်။ “ကျုပ်တို့ ကျုပ်တို့ လက်ထဲမှာ ရှိသမျှ လက်နက်တွေနဲ့ တိုက်ခဲ့ကြတယ်၊ ဦးခတကိရိ။ ကျုပ်တို့ အစွမ်းရှိသမျှ သတ္တိကို အစွမ်းပြခဲ့ကြတယ်။ အမှောင်ကတော့ ရန်သူရဲ့ မဟာမိတ်ပေါ့။ ခင်ဗျားက ခြေနင်းဂျင်နရေတာလေး ယူလာခဲ့ပြီး ခင်ဗျားမှာ ရှိ သမျှ အားကို အသကုန် သုံးပြီး အလင်းရောင်ပေးနေခဲ့တယ်။ တီကောင်ဟာ ခင်ဗျားရဲ့ စိတ်ကူးစိတ်သန်းထဲမှာ အမှောင်ကြီးမှောင်အောင် ဖန်တီးပြီး ခင်ဗျား ကို ချောက်လှန့်ထုတ်ပစ်ဖို့ ကြိုးစားသေးတယ်။ ဒါပေမဲ့ ခင်ဗျားက အခိုင်အမာ ခုခံခဲ့တယ်။ အင်မတန် ထိတ်လန့်ချောက်ချားစရာ ကောင်းတဲ့ တိုက်ပွဲမှာ အလင်းတစ်လှည့် အမှောင်တစ်လှည့် အပြိုင်အဆိုင် အနိုင်လုကြတာပေါ့။ အလင်းအလှည့်မှာ ကျုပ်က ဒီ တီကောင်သတ္တဝါကြီးကို ပိုင်ပိုင်နိုင်နိုင် ဖမ်းချုပ် နိုင် လိုက်တယ်။ သူက ကျုပ်ရဲ့ကိုယ်ကို သူရဲ့ကိုယ်နဲ့ ရစ်ပတ်တာပေါ့။ ကျုပ်ကို

သူရဲ့ ချောကျိကျိ ပျစ်ခွဲခွဲ ရွံစရာအရည်ထည်ကိုယ်ကြီးထဲမှာ နှစ်ပစ်တာပေါ့။ ကျုပ်ကလည်း သူ့ကိုယ်ကို တစ်စစီ ဆုတ်ဖြဲပစ်လိုက်တာပေါ့။ ဒါပေမဲ့ ဒီကောင်ကြီး သေကို မသေနိုင်သေးဘူး။ သူက သူ့ကိုယ်သူ အစိတ်စိတ် အပိုင်းပိုင်း ကလေးတွေ တစ်စိတ် စီ တစ်ပိုင်းစီ လုပ်ပစ်တာခင်ဗျ။ ဒီနောက်...”

ဖားဟာ ငြိမ်သွားတယ်။ ဒါပေမဲ့ မကြာမီ သူ့ရှိသမျှအင်အား နောက်ဆုံး တစ်အောင်စမျှကို တူးကာ ကော်ကာ ထုတ်ယူလိုက်သလို အားယူကာ စကား ကို ဆက်ပြီး ပြောပြန်တယ်။ “ဖျိုဒါဒေါ့စတိုယက်စကီက အဲဒီလို ဘုရားသခင်ရဲ့ စွန့်ပယ်ခြင်းခံရတဲ့ သတ္တဝါတွေ အကြောင်းကို ဘယ်လိုမှ ပြုံငဖက်လို့ မရနိုင်တဲ့ ကြင်နာခြင်း ညှာတာခြင်းနဲ့ ရေးဖွဲ့ခဲ့တယ်လေ။ သူက လူသားဖြစ်တည်မှုရဲ့ အဖိုးထိုက် အဘိုးတန် အရည်အသွေးကို တွေ့ခဲ့သိခဲ့တယ်။ လူသားက ဘုရားသခင်ကို ဖန်းတီးတယ်၊ အဲဒီ ဘုရားသခင်က လူသားကို စွန့်ပစ်ခဲ့တယ်ဆိုတဲ့ အင်မတန် ရုပ်ဆိုးတဲ့ ကမောက်ကမ အဖြစ်မှာ သူက လူသားရဲ့တန်ဖိုးကို တွေ့ခဲ့တယ်။ အမှောင်ထဲမှာ တီကောင်နဲ့ တိုက်ခိုက်နေရင်း ကျုပ်ဟာ ဒေါ့စတိုယက်စကီရဲ့ အဖြူရောင်ညများကို တွေးနေမိတယ်။ ကျုပ်...” ဖားဟာ စကား ကို ဆက်ပြောဖို့ အတော်ပဲ အခက်အခဲရှိပုံရတယ်။ “ဦခတကိရဲ့၊ ခင်ဗျား စိတ်မ ရှိဘူးဆိုရင် ကျုပ် တစ်ရေးလောက် အိပ်လိုက်ချင်တယ်။ ကျုပ် အရမ်းကို ပင်ပန်းလှပါပြီ ခင်ဗျာ”

“ရပါတယ်ဗျာ၊ အေးအေးဆေးဆေး နှစ်နှစ်ခြိုက်ခြိုက်သာ အိပ်ပါဗျာ”

ဖားဟာ မျက်စိတွေကို မှေးရင်းမှိတ်ရင်းနဲ့ “နောက်ဆုံးမှာ ကျုပ် တီကောင်ကို နိုင်အောင် မတိုက်ခိုက်နိုင်တော့ပါဘူး။ ငလျင်ကိုတော့ တားဆီး နိုင်ခဲ့ပါတယ်။ ကျုပ်တို့ရဲ့ တိုက်ပွဲကတော့ သရေနဲ့ ပြီးခဲ့ရတယ်။ တီကောင် ဒဏ်ရာရအောင် ကျုပ် လုပ်နိုင်ခဲ့တယ်။ သူကလည်း ကျုပ်ကို ဒဏ်ရာရအောင် လုပ်ခဲ့တယ်။ ဒါပေမဲ့ အမှန်ကို ပြောရရင် ဦးခတကိရိရယ်...”

“ဘာဖြစ်သလဲ၊ ပြောပါ ဖား”

“ကျုပ်က တကယ့်ဖားစစ်စစ်ပါ။ ဒီလို ဖားစစ်စစ်.ဖြစ်ခြင်းနဲ့အတူ တစ်ဖက်မှာ ကျုပ်ဟာ ဖားမဟုတ်တဲ့ သတ္တဝါတွေရဲ့ လောကဘက်ကနေ ရပ်တည်ခဲ့တဲ့ သတ္တဝါတစ်ကောင်လည်း ဖြစ်ပါတယ်”

“ဟင်၊ အဲဒါကို ကျွန်တော်တော့ လုံးဝ နားမလည်နိုင်ဘူးဗျာ”

“ကျုပ်လည်း နားမလည်ပါဘူး”။ ဖားဟာ မျက်စိတွေကိုတော့ မှိတ်ထားဆဲပဲ။ “အဲဒါ ကျုပ်မှာ ရှိတဲ့ ခံစားချက်တစ်ခုပါ။ ခင်ဗျား မျက်စိထဲမှာ မြင်နေရတာတွေဟာ တကယ်တော့ တိတိကျကျ သေသေချာချာ အစစ်အမှန်တွေ မဟုတ်ပါဘူး။ တခြားသတ္တဝါတွေအနက် ကျုပ်ရဲ့ ရန်သူဟာ ကျုပ်ရဲ့ အတွင်းသဏ္ဌာန်မှာရှိတဲ့ ကျုပ်ပါပဲ။ ကျုပ်ရဲ့ အတွင်းသဏ္ဌာန်မှာတော့ ကျုပ်မဟုတ်တဲ့ ကျုပ်ဖြစ်ပါတယ်။ ကျုပ်ရဲ့ ဦးနှောက် ထိုင်းထိုင်းမှိုင်းမှိုင်း နောက်ကျိကျိ ဖြစ်လာပြီ။ မီးရထား စက်ခေါင်းတွဲ လာနေပြီ။ ကျုပ် ဘာပြောနေတယ်ဆိုတာ ခင်ဗျား နားလည်စေချင်တာ အမှန်ပါ၊ ဦးခတကိရိ”

“ခင်ဗျား သိပ်ပင်ပန်းနေပြီ ဖား၊ အိပ်လိုက်ပါဗျာ။ ခင်ဗျား သက်သက်သာသာ ဖြစ်လာမှာပါ

“တဖြည်းဖြည်းချင်း တဖြည်းဖြည်းချင်း ရွံ့အဖြစ်ကို ကျုပ် ပြန်ရောက်သွားမှာပါ၊ ဦးခတကိရိ။ အင်း... အဲဒီလိုပေမယ့် ကျုပ်...”

ဖားဟာ စကားလုံး ပီပီသသ ပြောနိုင်စွမ်း မရှိတော့ဘဲ သတိလစ်ပြီး မေ့မြောသွားတယ်။ သူ့လက်တွေက ကြမ်းပြင်ဆီ တွဲလွဲကျနေတယ်။ သူ့မေးရိုးက အောက်ဆီ တွဲကျလို့ ပါးစပ်က ဟပြဲပြဲ ပွင့်နေတယ်။ မျက်စိတွေကို အားယူစူးစိုက်ပြီး ခတကိရိ ကြည့်ရာ ဖားတစ်ကိုယ်လုံးမှာ စောက်နက်နက် အပိုင်းပိုင်း ပြတ်နေတာ တွေ့ရတယ်။ သူ့အရေပြားမှာ အရစ်လိုက် အရစ်လိုက် အရောင်ပြောင်းလဲ ဖျော့တော့လာတယ်။ သူ့ခေါင်းမှာ အရေပြား စုတ်ပြဲကာ အကွက်လိုက် အကွက်လိုက် ခွက်လာချိုင့်လာတယ်။

ခတကိရိဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ ဖားကို စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြည့်နေတယ်။ သူက “ငါ ဆေးရုံက ဆင်းတာနဲ့ တစ်ပြိုင်တည်း အင်နာကာရီနီနာနဲ့ အဖြူရောင်ညများ စာအုပ်တွေကို ဝယ်ပြီး ဖတ်မယ်။ ပြီးမှ ဖားနဲ့ ဒီစာအုပ်တွေနဲ့ ပတ်သက်ပြီး စာပေရဲ့ ရသအကြောင်း ရှည်ရှည်လျားလျား ဆွေးနွေးဦးမယ်” လို့ စဉ်းစားနေရဲ့။

မကြာမီ ဖားရဲ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခါလာတယ်။ ပထမ ခတကိရိက အဲဒီလို လှုပ်ရှားတာဟာ အိပ်မောကျနေတုန်း သာမန်ဖြစ်ရိုးဖြစ်စဉ် လှုပ်ရှားမှုလို့ ထင်မိတယ်။ ခဏမှာ သူမှားကြောင်း တွေ့ရတယ်။ ဖားရဲ့ကိုယ် တဆတ်ဆတ် ယိမ်းထိုးလှုပ်ခါနေပုံက သွေးရိုးသားရိုး မဟုတ်ဘဲ အရုပ်ကြီးတစ်

ရုပ်ကို နောက်ကျောဖက်ကနေ တစ်ယောက်ယောက်က ကိုင်ပြီး ယမ်းနေတာနဲ့ တူတယ်။ ခတကိရိဟာ အသက်မရှူနိုင်ဘဲ စိုက်ကြည့်နေမိတယ်။ ဖားဆီ အပြေးသွားလိုပေမယ့် သူကိုယ်တိုင်ရဲ့ ခန္ဓာကိုယ်က မလှုပ်မရှားနိုင် ဖြစ်နေပြီ။

ခဏအကြာမှာ ဖားရဲ့ လက်ယာဘက် မျက်လုံးပေါ်မှာ ကြီးမားတဲ့ အဖုကြီးတစ်ဖု ဖူးယောင်လာတယ်။ အလားတူ ကြီးမားတဲ့ ရွံစရာကောင်းတဲ့ အဖုကြီးတွေဟာ ပခုံးပေါ်မှာ၊ နံဘေးတစ်လျှောက်မှာ၊ ခန္ဓာကိုယ်တစ်ပြင်လုံးမှာ ဖူးယောင်လာတယ်။ ဖား ဘယ်လိုဘယ်ပုံ ဖြစ်ပျက်နေသလဲ ခတကိရိ စဉ်းစားလို့ မရဘူး။ မြင်နေရတဲ့ မြင်ကွင်းကိုသာ ကြည့်ရင်း အသက်တောင် မျှဉ်းမျှဉ်းမျှ ရှူနိုင်ရဲ့။

ဒီနောက် ဖူးယောင်နေတဲ့ အဖုကြီးတွေထဲက တစ်ဖုဟာ ကျယ်လောင်တဲ့ မြည်သံနဲ့အတူ ရုတ်တရက် ပေါက်ကွဲသွားတယ်။ အရေပြားတွေက လွင့်စဉ်ပြန့်ကျဲကုန်တယ်။ စီးကပ်ပျစ်ခွဲနေတဲ့ အရည်တွေ ယိုစီးကျကုန်တယ်။ အခန်းတစ်ခန်းလုံး အင်မတန် ဆိုးရွားနံစော်လှတဲ့ အနံ့ကြီး ပျံ့သွားတယ်။ ကျန်တဲ့ အဖုကြီးတွေလည်း တစ်လုံးပြီးတစ်လုံး အလုံးနှစ်ဆယ် ဒါမှမဟုတ် သုံးဆယ်လောက်ဟာ တစ်လုံးမကျန် တဖောင်းဖောင်း ပေါက်ကွဲနေတော့တယ်။ ကိုယ်က အရေခွံတွေနဲ့ အပျစ်အခွဲ အရည်တွေဟာ အက်ကွဲပွင့်စဉ် လွင့်ပြီး နံရံတွေပေါ် ပြန့်ကျဲပေကျံကုန်တယ်။ အဲဒီလို အဖုကြီးတွေ ပေါက်ကွဲလွင့်စဉ်ကုန်တဲ့ ဖားရဲ့ ခန္ဓာကိုယ်မှာ မည်းနက်တဲ့ အချိုင့်အခွက်ကြီးတွေ ချိုင့်ကာခွက်ကာ ကျန်ရစ်တယ်။ အဲဒီ ချိုင့်ခွက်ကြီးတွေထဲကနေ တွန့်တွန့်လိမ်လိမ် တီကောင်လိုလို သံကောင်လိုလို သတ္တဝါကလေးတွေ ကြီးကြီးငယ်ငယ် အရွယ်ရွယ် အစားစား လျှောကာလျှိုကာ ထွက်လာကြတယ်။ ပျော့စိစိ စူဖောင်းဖောင်း သံကောင်ဖြူဖြူတွေပေါ့။ ဒီနောက် ပိုးနသံကောင် ငယ်ငယ်လေးတွေလို သတ္တဝါကလေးတွေဟာ သူတို့ရဲ့ ခြေထောက်ကလေးတွေ ရာပေါင်းများစွာနဲ့ ချိုးချိုးချွတ်ချွတ် ရွှစိရွှစိ အသံကလေးတွေ မြည်ကာ ထွက်လာကြပြန်တယ်။ အဲဒီလို သတ္တဝါကလေးတွေဟာ မည်းနက်တဲ့ အချိုင့်အခွက်တွေထဲကနေ တသီတတန်း အဆုံးမရှိ ထွက်လာနေတယ်။ ဖားရဲ့ ခန္ဓာကိုယ် ဒါမှမဟုတ် တစ်ချိန်တစ်ခါက ဖားရဲ့ ခန္ဓာကိုယ်ဖြစ်ခဲ့တဲ့ အဲဒီခန္ဓာကိုယ် တစ်ကိုယ်လုံး အနှံ့အပြားမှာ အဲဒီ ညဉ့်ရဲက သတ္တဝါကလေးတွေနဲ့ ဖုံးလွှမ်းနေတော့တယ်။ ဖားရဲ့ လုံးဝန်းကြီးမားတဲ့ မျက်လုံးကြီး နှစ်လုံးဟာလည်း မျက်ရိုးခွံအချိုင့်ထဲကနေ ကျွတ်ပြီး ကြမ်းပြင်ပေါ်ကျနေပြီ။ ကြမ်းပြင်ပေါ်က အဲဒီမျက်လုံးကြီးတွေကို သန်မာတဲ့

မေးရိုးတွေနဲ့ အမည်းရောင် ပိုးကောင်ကလေးတွေက တဖိုးဖိုး တဇတ်ဇတ် ကိုက်ဝါးစားနေကြတယ်။ ပျစ်ခွဲခွဲ ချောကျိကျိ တီကောင်ကလေးတွေ အုပ်လိုက်သင်းလိုက်ဟာ နံရံတွေက တစ်ဆင့် မျက်နှာကြက်တွေပေါ် တစ်ကောင့် တစ်ကောင် တစ်ဖွဲ့တစ်ဖွဲ့ အပြိုင်အဆိုင် အလုအယက် အပြေးတက်နေကြတယ်။ မီးချောင်းတွေ မီးလုံးတွေမှာ အဲဒီအကောင်လေးတွေနဲ့ ဖုံးကွယ်သွားပြီ။ မီးအန္တရာယ်ကာကွယ်ရေး အချက်ပေး ကိရိယာထဲကိုလည်း အဲဒီအကောင်ကလေးတွေ ထိုးဖောက်ဝင်ကုန်ပြီ။

အဲဒီလိုပဲ ကြမ်းပြင်ပေါ်မှာလည်း တီကောင်တွေ၊ သံကောင်တွေ၊ ပိုးကောင်လေးတွေ အပြည့် ဖုံးလွှမ်းထားပြီ။ အဲဒီအကောင်တွေဟာ မီးတိုင်ပေါ် တက်ကြကာ အလင်းရောင်ကို ဖုံးကွယ်ပစ်တယ်။ ခတကိရိရဲ့ ခုတင်ပေါ်ကို အဲဒီအကောင်တွေ တွားတက်လာကြတယ်။ ရာဂဏန်းချီတဲ့ အဲဒီအကောင်တွေဟာ အိပ်ရာခင်းတွေ၊ အိပ်ရာဖုံးတွေ၊ စောင်တွေ အောက်ဆီ တိုးလို့ထွင်းလို့ ဝင်လာကုန်တယ်။ အဲဒီအကောင်တွေဟာ ခတကိရိရဲ့ ခြေထောက်တွေပေါ် တွားတက်လာကြတယ်။ သူ့အိပ်ရာဝင် အင်္ကျီထဲကို၊ ပေါင်ကြိုပေါင်ကြားကို တရွရွဝင်လာကြတယ်။ အသေးငယ်ဆုံး တီကောင်ကလေးတွေနဲ့ သံကောင်ကလေးတွေဟာ သူ့စအိုထဲ၊ နှာခေါင်းပေါက်ထဲ၊ နားပေါက်ထဲ လျှိုလို့ တွားလို့ ဝင်ကြတယ်။ ပိုးနသန်ကောင်တွေက သူ့ပါးစပ်ကို ကြိုးစားပမ်းစား တိုးလို့ တွန်းလို့ ဖွင့်ကာ တစ်ကောင်ပြီးတစ်ကောင် တွားဝင်ကြတယ်။ ခတကိရိဟာ စိတ်ဓာတ်အလွန်အမင်း တုန်လှုပ်ချောက်ချားပြီး စူးစူးရဲရဲ အော်မိရဲ့။

တစ်စုံတစ်ယောက်က မီးခလုတ်ကို ရုတ်တရက် နှိပ်လိုက်သမို့ အခန်းထဲ အလင်းရောင် ပြန့်သွားတယ်။

“ဦးခတကိရိ” လို့ သူနာပြုဆရာမက ခေါ်တယ်။ ခတကိရိ မျက်စိဖွင့်ကာ အလင်းရောင်ကို ကြည့်တယ်။ သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေတယ်။ ပိုးကောင်လေးတွေ ပျောက်သွားပြီ။ သတ္တဝါကလေးတွေ အားလုံး ကွယ်ကုန်ပြီး သူ့မှာ စက်ဆုပ်ရွံရှာစရာ ကောင်းတဲ့ စိုရွှဲရွဲ ခွဲပျစ်ပျစ် ခံစားမှုတစ်ခု ခံစားရင်း ကျန်ရစ်တယ်။

“အိပ်မက်ဆိုးတစ်ခု ထပ်မက်ပြန်ပြီလား ဟင် ဒုက္ခကြီးလှတဲ့ အစ်ကို ရယ်” သူနာပြုဆရာမဟာ သွက်သွက်လက်လက် ထက်ထက်မြက်မြက်

လှုပ်ရှားကာ ဆေးထိုးပိုက်ကို ပြင်ဆင်ပြီး ခတကိရိရဲ့ လက်မောင်းမှာ ဆေးထိုးအပ်ကို စိုက်လိုက်တယ်။

ခတကိရိဟာ အသက်ပြင်းပြင်း ရှည်ရှည်လျားလျား ရှူသွင်းလိုက်တယ်။ ဒီနောက် ရှိုက်ထုတ်လိုက်တယ်။ သူ့နှလုံးက ကြမ်းကြမ်းတမ်းတမ်း ပြင်းပြင်းထန်ထန် ပွလိုက်ရုံ့လိုက် ဖြစ်နေရဲ့။

“ရှင် ဘာအိပ်မက်တွေ မက်နေတာလဲဟင်”

ခတကိရိမှာ အိပ်မက်နဲ့ အစစ်အမှန်ကို ခွဲခွဲခြားခြားပြုဖို့ ကြိုးစားရင်း ဒုက္ခတွေ့နေတယ်။ “မင်းမျက်စိနဲ့ မြင်တာတွေဟာ သေသေချာချာ ကြည့်ရင် အစစ်အမှန်တွေ မဟုတ်ဘူးကွ” လို့ သူ့ဘာသာသူ ကျယ်ကျယ်လောင်လောင် ပြောမိတယ်။

“အဲဒါ သိပ်ကို မှန်တာပေါ့ရှင်၊ အထူးသဖြင့် အိပ်မက်နဲ့ ပတ်သက်တာ တွေပေါ့ရှင်” လို့ သူနာပြုဆရာမက ပြုံးလို့ ပြောရဲ့။

“ဖား”လို့ ခတကိရိ တိုးတိုးပျပျ ရေရွတ်တယ်။

“ဖား တစ်ခုခု ဖြစ်သွားသလားဟင်” လို့ သူနာပြုဆရာမက မေးတယ်။

“တိုကျိုမြို့ ငလျင်ဘေးကြောင့် ပျက်စီးမယ့်အရေးကို သူ တားဆီးကာ ကွယ်ခဲ့တယ်လေ။ သူတစ်ယောက်တည်းပေါ့”

“အဲဒါ ကောင်းပါတယ်ရှင်၊ ဒီလို ကြောက်စရာ လန့်စရာ အဖြစ်အပျက်တွေ နောက်ထပ်ပြီးတစ်ခါ တိုကျိုမှာ ဖြစ်မှာကို ကျွန်မတို့ မလိုလားပါဘူး။ ကျွန်မတို့မှာ ဒီအတွေ့အကြုံတွေ များလွန်းလို့ တော်လောက်ပါပြီရှင်” လို့ သူနာပြုဆရာမဟာ ပိုက်နဲ့ဆက်ထားတဲ့ ကုန်လုနီးနီး အစာပုလင်းဟောင်းကို ဖြုတ်ပြီး ပုလင်းအသစ် တစ်လုံးကို တပ်ရင်း ပြောလိုက်တယ်။

“အင်း သူရဲ့အသက် ရင်းလိုက်ရတယ်လေ။ သူသေပြီလေ။ သူ ရှုံ့ပြန်ဖြစ်သွားပြီ ထင်တယ်။ သူ ဘယ်တော့မှ ပြန်လာတော့မယ် မဟုတ်ပါဘူး”

ပြုံးနေတဲ့ သူနာပြုဆရာမက ခတကိရိရဲ့ ဦးခေါင်းက ဆွဲးတွေကို ပုဝါနဲ့ သုတ်နေတယ်။

“ရှင်က ဖားကို အတော်ခင်တယ်နော်၊ ဦးခတကိရိ”

“မီးရထားခေါင်းတွဲ ဘယ်သူကထက်ဖြစ်ဖြစ် ပိုပါတယ်” လို့ ခတကိရိ တိုးတိုးပျပျ ရေရွတ်တယ်။

ဒီနောက် သူဟာ မျက်လုံးတွေမှိတ်ပြီး ဘာအိပ်မက်မျှ မမက်ဘဲ ငြိမ်းငြိမ်းချမ်းချမ်း သက်သက်သာသာ အိပ်မောကျလို့ သွားလေရဲ့။

❑

(မူရင်း ဂျပန်မှ အင်္ဂလိပ်သို့ ဂျေးရူဘင်း (Jay Rubin) ဘာသာပြန်တဲ့ ဟာရုကိမူရာကာမိရဲ့ After the quake ဝတ္ထုတိုစု စာအုပ်မှ Super-Frog Saves Tokyo ကို မြန်မာပြန်ပါတယ်)

ငလျင်လူတဲ့။

အဲဒီလူက သူ့ကို

သေတ္တာသေးသေးလေးထဲကို

ထည့်တာတဲ့။

ဘယ်သူနဲ့မှ မဆန့်အောင်

အရမ်းသေးတဲ့ သေတ္တာကလေးတဲ့။

သူသေတ္တာထဲကို မဝင်ချင်ဘူးလို့

အဲဒီလူကို ပြောတယ်၊

ဒီတော့ အဲဒီလူက သူ့လက်ကို

ဆောင့်ဆွဲရော၊ ကြမ်းလွန်းလို့

သူ့လက် ဆစ်တွေ ကျိုးကုန်ရောတဲ့၊

အဲဒီလူက သူ့ကို သေတ္တာထဲ

ဖိပြီးသိပ်ပြီး ထည့်ဖို့

ကြိုးစားရောတဲ့။ အဲဒီမှာ

ပျားရည်ဘိန်းမုန့်

“ဒီလိုနဲ့ မာစာကိုချိဟာ လက်ခုပ်နဲ့ အပြည့်၊ အပြည့်၊ ညှစ်၊ ညှစ်ယူတာ ပျားရည်တွေ အများကြီး ရခဲ့ရော။ သူတစ်ယောက်တည်း စားလို့မကုန်၊ သောက်လို့မကုန်ပေါ့။ ဒီတော့ သူက ပျားရည်တွေကို လက်ဆွဲပုံးထဲ ထည့်။ ပြီးတော့ တောင်အောက် ဆင်းလာတယ်။ မြို့သွားတဲ့ လမ်းတစ်လျှောက်လုံး ပျားရည်တွေ ရောင်းလာတယ်။ မာစာကိုချိက ပျားဖွပ်တဲ့ ဝက်ဝံတွေထဲမှာ ပြိုင်ဖက်မရှိ ပထမပေါ့”

“ဝက်ဝံတွေမှာ လက်ဆွဲပုံးရှိတယ်၊ ဟုတ်ရဲ့လား”

“မာစာကိုချိကတော့ ကံကောင်းတာကိုး၊ ပုံးတစ်လုံးရှိတာပေါ့။ အဲဒီပုံးက လမ်းပေါ်မှာ ကျနေတာကို သူတွေ့တာ။ သူက ဒီပုံးဟာ တစ်ချိန်ချိန် အသုံးဝင်မှာပဲလို့ စဉ်းစားမိတာကိုး” လို့ ဂျူ(နှ်)ပေက ရှင်းပြတယ်။

“ပုံးက အသုံးဝင်သွားတာပေါ့ နော်”

“ဒါပေါ့၊ တကယ့်ကို အသုံးဝင်သွားတာပေါ့။ ဒါနဲ့ ဝက်ဝံ မာစာကိုချိဟာ မြို့ကို လာခဲ့ရော။ မြို့ထဲက ပန်းခြံမှာ သူ့ဖို့ နေရာကလေးတစ်ကွက် တွေ့ရော။ သူက အဲဒီမှာ ဆိုင်းဘုတ်တင်လိုက်တယ်။ “အရားဟားဟား အာသာပြေ ပျားရည်။ သဘာဝစစ်စစ်။ တစ်ခွက် ယန်း ၂၀၀ လို့”

“ဝက်ဝံက စာရေးတတ်တယ်၊ ဟုတ်လား”

“မဟုတ်ဘူးလေ ဝက်ဝံတွေက စာတော့ မရေးတတ်ဘူးပေါ့။ သူ ပျားရည်ရောင်းတဲ့ ဘေးမှာ အဘိုးအိုတစ်ယောက် ထိုင်နေတယ်၊ အဘိုးက စိတ်ကောင်းစေတနာကောင်း ရှိတယ်၊ လက်ထဲမှာလည်း ခဲတံတစ်ချောင်း ကိုင်လို့ ထိုင်နေတာကိုး။ သူက အဘိုးကို ရေးခိုင်းတာပေါ့”

“ဝက်ဝံက ပိုက်ဆံကော ရေတတ်တာပဲလား”

“ပိုက်ဆံရေတာတော့ အသေအချာ တတ်တာပေါ့။ ဝက်ဝံပေါက်စကလေးတုန်းက မာစာကိုချိဟာ လူတွေနဲ့ အတူတူ နေခဲ့ဖူးတာကိုး။ သူတို့က မာစာကိုချိကို စကားပြောတာတို့၊ ပိုက်ဆံရေတာတို့၊ ပစ္စည်းအရေအတွက် ရေ

တာတို့ သင်ပေးခဲ့တယ်။ ဘာပဲပြောပြော သူကတော့ သိပ်ကို အစွမ်းအစရှိတဲ့ ဝက်ဝံပါပဲ”

“အော ၊ ဒါဆို သူက ရိုးရိုးဝက်ဝံတွေနဲ့ နည်းနည်းတော့ မတူဘူးပေါ့နော်”

“ဒါပေါ့ ဒါပေါ့။ နည်းနည်းတော့ မတူဘူး။ မာစာကိချိုက စပယ်ရှယ်ဝက်ဝံတစ်မျိုးပေါ့။ အဲဒီတော့ တခြားဝက်ဝံတွေက၊ စပယ်ရှယ်မဟုတ်တဲ့ ဝက်ဝံတွေက သူ့ကို ရှောင်ဖယ်ရှောင်ဖယ် လုပ်လာကြတာပေါ့”

“သူ့ကို ရှောင်ဖယ်ရှောင်ဖယ် လုပ်လာကြတယ်ပေါ့နော်”

“ဟုတ်တယ်။ သူတို့ လုပ်ပုံကဟော့ ဒီကောင်က ဘာကောင်လဲကွ။ နေပုံထိုင်ပုံ ထူးထူးခြားခြားပါလား ဆိုတာမျိုး ပြောပြီး သူ့ကို တစ်ယောက်တည်း ထားကြတာ။ အထူးသဖြင့် မိုက်မိုက်ရိုင်းရိုင်းကောင် တွန်ကိချိပေါ့။ သူက မာစာကိချိကို တကယ့်ကို မုန်းတာ”

“မာစာကိချိ၊ သနားစရာ ကောင်းလိုက်တာ”

“ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီလို ဖြစ်နေတာပေါ့။ အဲဒီလို အချိန်မှာ မာစာကိချိကို ကြည့်ရတာတော့ တကယ့်ဝက်ဝံကလေးပါပဲ။ ဒီတော့ လူတွေက ပြောကြတယ်၊ ‘ဟုတ်ပေ့ကွယ်၊ သူက အတွက်အချက်လည်း ရတယ်ကွဲ့၊ အပြောအဆိုလည်း ရတယ်ကွဲ့၊ အကုန်တတ်ကွဲ့။ အေး စေ့စေ့တွေးကြည့်တော့လည်း သူဟာ ဝက်ဝံတစ်ကောင်ပါပဲကွယ်’ တဲ့။ ဒီလိုနဲ့ မာစာကိချိဟာ လောကနှစ်ခုစလုံးနဲ့ မဆိုင်သလို ဖြစ်နေတာပေါ့ - ဝက်ဝံလောကနဲ့ရော၊ လူလောကနဲ့ရောပေါ့”

“သနားစရာလေးနော်၊ သနားစရာလေး မာစာကိချိရယ်။ သူ့မှာ သူငယ်ချင်း မရှိတော့ဘူးလားဟင်”

“တစ်ယောက်မှ မရှိဘူးတဲ့ကွာ။ ဝက်ဝံတွေက ကျောင်းမတက်ကြရဘူးလေ၊ သိတယ်မဟုတ်လား။ ဒီတော့ သူ့မှာ သူငယ်ချင်းရစရာ နေရာ ဘယ်ရှိပါ့မလဲ”

“သမီးမှာ သူငယ်ချင်းတွေရှိတယ်။ မူကြိုကျောင်းမှာပေါ့” လို့ စာလာကပြောတယ်။

“ဒါပေါ့၊ သမီးမှာတော့ သူငယ်ချင်းတွေ ရှိတာပေါ့ ဦးမှာကော သူငယ်ချင်း ရှိလား၊ ဂျူ(နှ)”။ စာလာအတွက် ဦးလေးဂျူ(နှ)ပေက ရှည်လွန်းသမို့ ဂျူ(နှ)လို့ပဲ ခေါ်တယ်။

“သမီးရဲ့ဖေဖေဟာ ဟိုးရှေးရှေးတုန်းကတည်း ဦးရဲ့ အချစ်ဆုံးသူငယ်ချင်း စစ်စစ်ပေါ့။ ပြီးတော့ သမီးရဲ့မေမေရောပေါ့”

“သူငယ်ချင်းတွေရှိတာ ကောင်းတယ်နော်”

“ကောင်းတာပေါ့။ ဒီကိစ္စမှာ သမီးအမှန်ပဲ” လို့ ဂျူ(နှ)ပေက ပြောလိုက်တယ်။

စာလာ အိပ်ရာဝင်ချိန်မှာ ဂျူ(နှ)ပေက ပုံပြင်တွေ ဖန်တီး ပြောပြရတယ်။ စာလာက တစ်ခုခု နားမလည်တိုင်း ဂျူ(နှ)ပေမှာ ရှင်းပြရပြီ။ ဂျူ(နှ)ပေက အဖြေတစ်ခုပေးဖို့ အပြင်းအထန် စဉ်းစားရတယ်။ စာလာရဲ့ မေးခွန်းတွေက ထက်ထက်မြက်မြက် ရှိတယ်။ စိတ်ဝင်စားစရာ ကောင်းတယ်။ အဲဒီလို မေးခွန်းတွေကို စဉ်းစားနေရင်း ဂျူ(နှ)ပေဟာ ဇာတ်လမ်းအလှည့်အပြောင်း အသစ်ကလေးတွေ ရတတ်တယ်။

စာယိုကိုက နွားနို့ပူပူတစ်ခွက် ယူလာတယ်။

“ဦးဂျူ(နှ)ပေက သမီးကို ဝက်ဝံမာစာကိုချိုပုံပြင် ပြောပြနေတာ။ မာစာကိုချိုက ပျားဖွပ်တဲ့ ဝက်ဝံထဲမှာ ပြိုင်ဖက်မရှိ ပထမပဲတဲ့။ ဒါပေမဲ့ သူ့မှာ သူငယ်ချင်းတော့ မရှိဘူးတဲ့ မာမီ” လို့ စာလာက ပြောတယ်။

“အို တကယ်ပဲ သူ့မှာ သူငယ်ချင်း မရှိဘူးတဲ့လား။ သူက ဝက်ဝံအကြီးကြီးလား သမီးရဲ့” လို့ စာယိုကို ပြန်မေးတယ်။

စာလာက စိတ်မသက်သာတဲ့ အကြည့်နဲ့ ဂျူ(နှ)ပေကို ကြည့်တယ်။ “မာစာကိုချိုက အကြီးကြီးလားဟင်” လို့ မေးတယ်။

“သိပ်မကြီးပါဘူး။ တကယ့်ကို ခပ်ငယ်ငယ် အရွယ်ထဲကပါ။ ဝက်ဝံအနေနဲ့ ခပ်ငယ်ငယ်ပေါ့။ သူက သမီးအရွယ်လောက်ပေါ့ စာလာ။ ပြီးတော့ သူက စိတ်ထား အရမ်းကောင်းတဲ့ ကောင်ကလေး။ သူက ဂီတနားထောင်ရင်လည်း ရော့(ခ်)တို့ ပန့်တို့ အဲဒီလို ဂီတတွေ နားမထောင်ဘူး။ ရှူးဘတ်ရဲ့ ဂီတကို သူ့ဘာသာသူ အေးအေးဆေးဆေး နားထောင်ပြီး နေတတ်တာ”

စာယိုကိုက ‘ထြောက်’ရဲ့ တေးတစ်စကို ညည်းလိုက်တယ်။

“သူက သီချင်းနားထောင်လား။ သူ့မှာ စီဒီပလေယာတို့၊ ကက်ဆက် ရေဒီယိုတို့ ဘာတို့ရှိလား” လို့ စာလာမေးတယ်။

“တစ်နေ့တော့ သူက လက်ဆွဲရေဒီယိုတစ်လုံး ရလာတာကိုး။ လမ်းပေါ်မှာ ကျကျန်နေခဲ့တဲ့ ရေဒီယိုပေါ့။ ဒါကို သူက ကောက်ယူပြီး အိမ်ကို သယ်လာတာပေါ့”

“ဒီလို ပစ္စည်းတွေက ဒီတောင်ပေါ်မှာ ဘာလို့ ကျကျကျန်နေခဲ့ရတာလဲ” လို့ မယုံကြည်တဲ့ လေသံနဲ့ စာလာက မေးတယ်။

“ဟုတ်ပါ့ကွာ၊ ဒီလောက် အရမ်းအရမ်းကို မြင့်တဲ့ မတ်တဲ့ တောင်ပေါ်မှာကွာ။ တောင်တက်သမားတွေက မူးကုန်တာပေါ့။ ဒီတော့ သူတို့အတွက် မလိုတဲ့ ပစ္စည်းအတော်များများပဲ ပစ်ထားခဲ့ကြရတာပေါ့။ အဲဒီလမ်းဘေးမှာတင်ပေါ့။ ‘ငါ့လူတို့၊ ဒီအထုပ်ကြီးက လေးပါ့ဗျာ၊ ကျုပ်တော့ သေလုပြီထင်ပါရဲ့ဗျာ။ ဒီလက်ဆွဲပုံးကတော့ ကျုပ်အဖို့ မလိုတော့ပါဘူးလေ။ ဒီလက်ဆွဲရေဒီယိုကတော့ ကျုပ်အဖို့ မလိုတော့ပါဘူးလေ’ အဲဒီလိုမျိုးပေါ့။ ဒီတော့ သူလိုတဲ့ ပစ္စည်းတွေ လမ်းပေါ်မှာ ကျနေတာကို မာစာကိချို တွေ့တော့တာပေါ့”

“သူတို့ ခံစားရတာမျိုး မာမီသိပါတယ်။ တစ်ခါတလေ သမီးလည်း ရှိသမျှ ပစ္စည်းတွေ လွှင့်ပစ်ချင်စိတ် မပေါ်ဘူးလားကွဲ့”

“သမီးကတော့ မလွှင့်ပစ်ချင်ပါဘူး” လို့ စာလာက ဖြေတယ်။

“ဒါကြောင့်ပေါ့၊ သမီးဟာ လောဘအိုးကလေးပါဆို”

“ဟင့်... အင်း... သမီး လောဘအိုးဟုတ်ဘူး” လို့ စာလာက ခုခံပြောတယ်။

“မဟုတ်ဘူး၊ မဟုတ်ဘူး၊ သမီးက လောဘအိုး မဟုတ်ပါဘူး။ သမီးက ငယ်ငယ်ကလေး ရှိသေးတယ်။ အားကလည်း အပြည့်ရှိတယ်။ နော် စာလာ ကဲကဲ။ နွားနို့ မြန်မြန်သောက်လိုက်ပါဦး။ ဒါမှ ဦးဦးက ပုံပြင်ကို ဆက်ပြောလို့ရမှာ” လို့ ဂျူ(နှ) ပေက ချော့ချော့မော့မော့ စကားရှာပြောရတယ်။

“အိုကေ”လို့ ဆိုကာ စာလာက သူ့လက်ကလေးနှစ်ဖက်နဲ့ ဖန်ခွက်ကို ဆုပ်ကိုင်ရင်း နွားနို့ပူပူနွေးနွေးကို ဂရုတစိုက် သောက်တော့တယ်။ ဒီနောက် “မာစာကိုချိုက ဘာဖြစ်လို့ ပျားရည်ဘိန်းမုန့် ဖုတ်ပြီး မရောင်းတတ်ရလဲ။ မြို့က လူတွေက ပျားရည်ချည်း သောက်ရတာထက် ပျားရည်ဘိန်းမုန့်ကို ပိုကြိုက်ကြတယ်လို့ သမီးကတော့ ထင်တယ်”

“အင်မတန်မှ ထူးခြားတဲ့ အချက်ပဲကွဲ့။ အမြတ်နှုန်းကို စဉ်းစားစမ်းပါဦး” လို့ စာယိုကိုက ပြုံးပြီး ပြောလိုက်တယ်။

“အား၊ ဟုတ်ပါရဲ့၊ ကုန်ပစ္စည်းအတွက် ဝန်ဆောင်မှုကို ထည့်ပြီး ဈေးနှုန်း သစ် တွက်ရမှာပါကလား။ ဒီကလေးမတော့ တစ်နေ့မှာ တကယ့်စွန့်ဦးထွင် စီးပွားရေးသမား ဖြစ်မှာနော်” လို့ ဂျူ(နှ)ပေက ဆိုရဲ့။

အချိန်က ညဉ့်နှစ်နာရီနီးနီး ရှိပြီ။ အဲဒီအချိန်မှ စာလာက ပြန်ပြီး အိပ်ရာဝင်တယ်။ ဂျူ(နှ)ပေနဲ့ စာယိုကိုဟာ စာလာ အမှန်တကယ် အိပ်ပျော်တာ ဟုတ်၊ မဟုတ် ကြည့်တယ်။ ဒီနောက် မီးဖိုခန်းက စားပွဲမှာ ထိုင်လို့ ဘီယာတစ်ဘူးကို နှစ်ယောက်မျှပြီး သောက်ကြတယ်။ စာယိုကိုက များများသောက်တတ်သူ မဟုတ်ဘူး၊ ဂျူ(နှ)ပေကလည်း မော်တော်ကား မောင်းပြီး အိမ်ပြန်ရဦးမယ်။

“ခုလို ညလယ်ခေါင်ကြီး နင့်ကို အတင်းခေါ်ရတာ ဆောရီးပဲဟာ။ တို့လည်း ဘာလုပ်ရမှန်းကို မသိတော့လို့ပါ။ တို့ လုံးဝပန်းသွားပြီး စာလာ့ကို ငြိမ်အောင် တတ်နိုင်တာကလည်း နင်တစ်ယောက်ပဲရှိတာ မဟုတ်လား။ တကာစုကိုကို ခေါ်ဖို့ကလည်း တို့ ဘယ်လိုနည်းနဲ့မှ စဉ်းစားလို့ မရဘူးဟာ” လို့ စာယိုကိုက ပြောနေတယ်။

ဂျူး(နှ)ပေက ခေါင်းညိတ်တယ်။ ဘီယာတစ်ကျိုက်ကျိုက်တယ်။ သူတို့ နှစ်ယောက်ကြား ပန်းကန်ထဲက ဘီစကစ်တစ်ချပ်ကို စားတယ်။

“တို့အတွက် ပူမနေစမ်းပါနဲ့ဟာ။ နေထွက်တဲ့အထိ တို့ အိပ်အုံးမှာမှ မဟုတ်ဘဲ။ ခုလို ညအချိန် လမ်းတွေကလည်း ရှင်းနေတာပဲ။ ဘာမှအပန်းကြီးတာ မဟုတ်ပါဘူး”

“နင် ဝတ္ထုရေးနေတာလား” ဂျူ(နှ)ပေ ခေါင်းညိတ်တယ်။

“ဘယ်အခြေအနေရောက်ပြီလဲ”

“ထုံးစံအတိုင်းပဲ၊ တို့က ရေး၊ သူတို့က ထုတ်၊ ဘယ်သူမှ မဖတ်”

“တို့ ဖတ်ပါတယ်ဟာ၊ နင့်ဝတ္ထုတိုင်း တို့ဖတ်ပါတယ်”

“ကျေးဇူးပေါ့ဟာ၊ နင်ကတော့ သဘောထားရင့်ကျက်တဲ့သူ တစ်ယောက်ပါ။ ဒါပေမဲ့ ဝတ္ထုတိုက ခေတ်မရှိတော့ပါဘူး။ ဆလိုဒ်ရူး(လ်) ပေတံလိုပေါ့။ ထားလိုက်ပါဟာ။ စာလာအကြောင်း ပြောရအောင်ပါ။ အရင်ကကော သူ ဒီလို လုပ်ဖူးလား”

စာယိုကို ခေါင်းညိတ်တယ်။

“လုပ်တာ တော်တော်များပြီလား”

“ညတိုင်းလိုလိုပဲလေ။ တစ်ခါတလေ ညသန်းခေါင်ကျော် ကယောင်ကတမ်း ချောက်ချောက်ချားချားနဲ့ အိပ်ရာက ဗြုန်းခနဲထတယ်။ တုန်နေတာ ရပ်မရဘူး။ သူငိုတာ တိတ်အောင်လည်း တို့မတတ်နိုင်ဘူး။ တို့လည်း သိသမျှ တတ်သမျှ ကြိုး စားလုပ်တာပဲဟာ”

“ဘာမှားတယ်ဆိုတာ သိပြီလား”

သူမမှာ ကျန်သေးတဲ့ ဘီယာကို စာယိုကို သောက်တယ်။ ဒီနောက် ဗလာဖန်ခွက်ကို စိုက်ငေးကြည့်နေတယ်။

“တို့ ထင်တာတော့ တီဗီက ငလျင်သတင်းတွေ အများကြီး တွေ့သွားတယ်။ အဲဒါတွေဟာ လေးနှစ်အရွယ် ကလေးတစ်ယောက်အတွက် သိပ်ဆိုးလွန်းတယ်။ ငလျင်လှုပ်ခဲ့တဲ့ အချိန်ပိုင်း ပတ်ဝန်းကျင်ဆို သူ နိုးနိုးလာတတ်တယ်လေ။ သူ့ကို သူမသိတဲ့ လူတစ်ယောက်က နှိုးတာလို့ ပြောတယ်။ ငလျင်လူ တဲ့။ အဲဒီလူက သူ့ကို သေတ္တာသေးသေးလေးထဲကို ထည့်တာတဲ့။ ဘယ်သူနဲ့မှ မဆန့်အောင် အရမ်းသေးတဲ့ သေတ္တာကလေးတဲ့။ သူသေတ္တာထဲကို မဝင်ချင်ဘူးလို့ အဲဒီလူကို ပြောတယ်၊ ဒီတော့ အဲဒီလူက သူ့လက်ကို ဆောင့်ဆွဲရော၊ ကြမ်းလွန်းလို့ သူ့လက်ဆစ်တွေ ကျိုးကုန်ရောတဲ့၊ အဲဒီလူက သူ့ကို သေတ္တာထဲဖိပြီးသိပ်ပြီး ထည့်ဖို့ ကြိုးစားရောတဲ့။ အဲဒီမှာ သူအော်ပြီး နိုးရော”

“ငလျင်လူ”

“လူက ရှည်ရှည်မျောမျော၊ အရိုးပေါ်အရေတင်၊ အိုကြီးအိုမ” တဲ့။ အိပ်မက်က နိုးလာရင် အိမ်ထဲမှာ ရှိသမျှ မီးတွေကို စာလာ လျှောက်ဖွင့်တာပဲ။ အဲဒီလူကို လိုက်ရှာတာလေ။ အိမ်အဝင်ခန်းက ဖိနပ်စင်ထဲမှာ။ ခုတင်အောင်မှာ၊ အဝတ်ဘီရိုအံတွေထဲမှာပေါ့။ ဒါ အိပ်မက်ပဲလို့ ပြောပေမယ့် သူနားမဝင်ဘူး။ ဒီလူ ပုန်းလို့ရနိုင်တယ် ဆိုတဲ့ နေရာမှန်သမျှ မကြည့်မပြီးမချင်း သူ အိပ်ရာထဲ ပြန်မဝင်တော့ဘူး။ အဲဒါ အနည်းဆုံး နှစ်နာရီတော့ ကြာတယ်။ အဲဒီအချိန်ကျ တို့လည်း မျက်စိကြောင်နေရော။ တို့ အိပ်ရေးမဝတာ အတော်များနေပြီ။ အလုပ်လုပ်ဖို့ နေနေသာသာ မတ်မတ်ကို ကောင်းကောင်း မရပ်နိုင်ချင်ဘူး”

စာယိုကိုက အဲဒီလို သူမရဲ့ ခံစားချက်ကို ဖွင့်ဟတယ် မရှိဖူးဘူး။

“တီဗီသတင်းတွေ မကြည့်မိအောင် လုပ်ပေါ့။ တီဗီ ဖွင့်ကို မဖွင့်စေနဲ့ဟာ။ ခုတစ်လော တီဗီက လွှင့်သမျှကလည်း ငလျင်သတင်းတွေချည်းပဲလေ” လို့ ဂျူ(နှ) ပေက ပြောတယ်။

“တို့လည်း တီဗီကို လုံးဝ မကြည့်တော့သလောက်ပါပဲ။ ဒါပေမဲ့ သိပ်ကို နောက်ကျသွားပြီ။ ငလျင်လူက လာနေပြီလေ။ ဆရာဝန်ဆီလည်း တို့သွားတယ်။ တို့ကိုယ်တို့ နှစ်သိမ့်နိုင်ဖို့ဆိုပြီး အိပ်ဆေး သုံးလေးမျိုး ပေးတယ်ဟာ”

ဂျူ(နှ)ပေက ခဏစဉ်းစားနေတယ်။

“ငါတို့ တနင်္ဂနွေနေကျတော့ တိရစ္ဆာန်ရုံ သွားကြရင် ဘယ်နယ့်လဲ။ စာလာက သူ တကယ့်ဝက်ဝံကို မြင်ဖူးချင်တယ်လို့ ပြောနေတာ”

စာယိုကိုက မျက်ဝန်းကို မှေးပြီး ဂျူ(နှ)ပေကို ကြည့်တယ်။

“ကောင်းမယ် ထင်တာပဲ။ သူ့စိတ် ပြောင်းရင်လည်း ပြောင်းသွားနိုင်တာပေါ့။ သွားကြတာပေါ့။ တို့လေးယောက် သွားကြတာပေါ့။ အဲဒီလို တို့တွေ မသွားဖြစ် မလာဖြစ်တာလည်း ကြာလှပြီ။ တာကာစုကိုကို နင် ခေါ်လိုက်ပေါ့ဟာ အိုကေ”

ဂျူ(နှ)ပေက အသက်သုံးဆယ်ခြောက်နှစ် ရှိပြီ။ ရှူကုဂါဝဒိစတြိတ်၊ ဟယိုဂိုစီရင်စုနယ်ထဲက ကိုယ့်အိမ်ကိုယ့်ဝင်း ရပ်ကွက်တွေနဲ့ တည်တဲ့ နိရှိနောမိယ မြို့မှာ မွေးခဲ့ကြီးပြင်းခဲ့တယ်။ သူ့အဖေက အိုစာကာမှာ တစ်ဆိုင်၊ ကိုဘေးမှာ တစ်ဆိုင်၊ လက်ဝတ်ရတနာဆိုင် နှစ်ဆိုင်ပိုင်တယ်။ သူ့အောက် ခြောက်နှစ်ငယ်

တဲ့ နှမလေး တစ်ယောက်ရှိတယ်။ ကိုဘေးက အလွတ်ပညာသင်ကျောင်း တစ်ကျောင်းကနေ အထက်တန်းစာမေးပွဲ အောင်တဲ့အခါ တိုက္ကိုမြို့၊ ဝါစဲဒတက္ကသိုလ်မှာ ဝင်ခွင့်တင်တယ်။ သူက စီးပွားရေးပညာကော၊ ရသစာပေပညာကော ဌာနနှစ်ခုစလုံးမှာ ဝင်ခွင့်စာမေးပွဲ အောင်တယ်။ နည်းနည်းလေးမှ မနှောင့်မနှေးဘဲ ရသစာပေပညာဌာန ဝင်ခွင့်ကို ရွေးတယ်။ မိဘတွေကိုတော့ သူ စီးပွားရေးပညာဌာနမှာ စာရင်းသွင်းပြီးဖြစ်ကြောင်း ပြောရဲ့။ ရသစာပေပညာသင်ဖို့ သူ့မိဘတွေက ဘယ်တော့မှ စရိတ်ပေးလိမ့်မယ် မဟုတ်ဘူး။ ဂျူ(နှ)ပေ့ မှာကလည်း စီးပွားရေးပညာရဲ့ စနစ်တွေ၊ ဥပဒေသတွေ လေ့လာရင်း သူ့ရဲ့ အဘိုးထိုက်တန်လှတဲ့ အချိန်ကို ဖြုန်းတီးပစ်ဖို့ ရည်ရွယ်ချက် လုံးလုံးမရှိဘူး။ သူ လုပ်ချင်သမျှက ရသစာပေလေ့လာဖို့၊ ရသစာပေ စာရေးဆရာတစ်ယောက် ဖြစ်ဖို့ပဲ။

တက္ကသိုလ်မှာ သူငယ်ချင်းနှစ်ယောက် သူရခဲ့တယ်။ တာကာစုကိနဲ့ စာယိုကို။ တာကာစုကိက နာဂါနိုတောင်တန်းဒေသက လာတာပါ။ အရပ်မြင့်မြင့် ပခုံးကျယ်ကျယ်နဲ့ တာကာစုကိဟာ သူရဲ့ အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးအသင်းမှာ ကပ္ပတိန်ပါ။ ဒါကြောင့်ပဲ သူဟာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ အောင်ဖို့ နှစ်နှစ်အချိန်ယူခဲ့ရတယ်။ ဒါကြောင့်ပဲ သူဟာ ဂျူ(နှ)ပေထက် အသက်တစ်နှစ်ကြီးရတယ်။ လက်တွေ့ကျတဲ့၊ တိကျပြတ်သားတဲ့ တာကာစုကိမှာ လူတွေက ခဏကလေးနဲ့ လက်ခံနိုင်တဲ့ အသွင်အပြင် ရှိတယ်။ ဘယ်အုပ်စုမှာမဆို သူဟာ ပင်ကိုကကို ခေါင်းဆောင်တစ်ယောက်အသွင် ဆောင်နေတယ်။ ဒါပေမဲ့ စာဖတ်ရတာတော့ သူ့အတွက် ဒုက္ခတစ်ခုပါ။ ရသစာပေ ယူတာကတော့ ဒီဌာန ဝင်ခွင့်စာမေးပွဲဟာ ဘယ်သူမဆို အောင်တာကြောင့်ပါ။ “သောက်ကျိုးနဲပေ့ကွာ။ ငါကတော့ သတင်းထောက်ပဲ လုပ်စားပါ့မယ်။ ငါ့ကို အယ်ဒီတာမင်းများက စာဘယ်လိုရေးရမယ် ဆိုတာ သင်ကြမပေါ့” လို့ သူကတော့ အကောင်းမြင် ပြောလေ့ရှိရဲ့။

ဂျူ(နှ)ပေကတော့ တာကာစုကိဟာ သူနဲ့ သူငယ်ချင်းအဖြစ် ဘာစိတ်ဝင်စားစရာ ရှိတယ် နားမလည်နိုင်ဘူး။ ဂျူ(နှ)ပေက ကိုယ့်အခန်းထဲကိုယ် တစ်ယောက်တည်း ထိုင်ပြီး စာဖတ်ရတာ၊ ဂီတနားထောင်ရတာ နှစ်ခြိုက်သူပါ။ အားကစား အလွန်ညံ့သူပါ။ လူစိမ်းဆိုရင် သူ့မှာ ဆက်ဆံရေးက စိမ်းစိမ်းကြောင်ကြောင် နိုင်တယ်။ လူတွေနဲ့ ပေါင်းလားသင်းလားနဲ့ နေခဲတယ်။ ဘာအကြောင်းကြောင့် ဖြစ်ဖြစ် တကာစုကိကတော့ စာသင်ခန်းထဲ ဂျူ(နှ)ပေကို

ပထမအကြိမ် မြင်တာနဲ့ပဲ သူငယ်ချင်းအဖြစ် ပေါင်းဖို့ ဆုံးဖြတ်ပြီး ဖြစ်ပုံရတယ်။ သူက ဂျူ(နှ)ပေရဲ့ ပခုံးကို ပုတ်ပြီး “ဟေ့၊ ငါ့တို့ တစ်ခုခု သွားစားကြရအောင်လား” လို့ ပြောတယ်။ ဒီလိုနဲ့ အဲဒီနေ့ တစ်နေ့ကုန်တော့ သူတို့ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ခင်မင်ကုန်ရဲ့။

တာကာစုကိဟာ အဲဒီလို ချဉ်းကပ်ပုံနဲ့ပဲ စာယိုကိုကို အပေါင်းအသင်းဖွဲ့တော့ သူနဲ့အတူ ဂျူ(နှ)ပေ ရှိနေခဲ့တယ်။ တာကာစုကိက စာယိုကိုရဲ့ ပခုံးကို ပုတ်ပြီး “ဟေ့၊ ငါတို့ သုံးယောက် တစ်ခုခု သွားစားကြရအောင်လား” လို့ ပြောတယ်။ ဒီလိုနဲ့ သူတို့ရဲ့ ကျစ်လျစ်ခိုင်မြဲတဲ့ အုပ်စုကလေး မွေးဖွားခဲ့တယ်။ ဂျူ(နှ)ပေ၊ တာကာစုကိနဲ့ စာယိုကိုတို့ဟာ ဘာဖြစ်ဖြစ် အတူတူ လုပ်ခဲ့ကြတယ်။ သူတို့ဟာ ဆရာတွေ ပို့ချသမျှ မှတ်စုတွေကို တစ်ယောက်နဲ့ တစ်ယောက် ဖလှယ်ကြ၊ ကျောင်းပရဝဏ်ထဲ အစားအသောက်ခန်းမမှာ နေ့လယ်စာ အတူတူ စားသောက်ကြ၊ သင်တန်းတစ်ခုနဲ့ တစ်ခုကြား အားလပ်ချိန်တွေမှာ ကော်ဖီသောက်ရင်း သူတို့ရဲ့ အနာဂတ်အကြောင်း ပြောကြ၊ အချိန်ပိုင်းအလုပ် တစ်နေရာတည်း အတူတူလုပ်ကြ၊ တိုကျိုမြို့အနှံ့ ရုပ်ရှင်တွေ ညလုံးပေါက်ကြည့်ကြ၊ ရော့(ခ်)ဂီတပွဲတွေ ကြည့်ကြ၊ မြို့တစ်ပြင်တစ်လျား လမ်းသလားကြနဲ့၊ ဘီယာအသောက်လွန်ကာ အတူတူ နာကြပေါ့။ တစ်နည်းဆိုရရင် သူတို့ဟာလည်း တစ်လောကလုံးက ပထမနှစ်ကောလိပ် ကျောင်းသားကျောင်းသူတွေ နည်းတူပေါ့။

စာယိုကိုကတော့ ပီဘီ တိုကျိုမြို့သူကလေးပါ။ ရာစုနှစ်ချီပြီး ကုန်သည်လူတန်းစားတွေ နေထိုင်ခဲ့တဲ့ မြို့ရဲ့ ရှေးဟောင်းရပ်ကွက်က လာတာပါ။ သူမရဲ့ အဖေက လက်ရွေးစင်ဖောက်သည်တွေ အတွက်ပဲ ရောင်းရတဲ့ ဂျပန်ရိုးရာ အဝတ်အထည်နဲ့ ရိုးရာအလှကုန်ပစ္စည်းဆိုင် ဖွင့်ထားတယ်။ အဲဒီဆိုင်ဟာ မိသားစုမျိုးဆက် သုံးလေးဆက်အထိ သက်တမ်းရှည်ခဲ့ပြီ။ အဲဒီဆိုင်ဟာ သီးသန့်ဖောက်သည်တွေကို ဆွဲဆောင်ထားနိုင်ခဲ့တယ်။ အဲဒီမှာ အင်မတန်ကျော်ကြားတဲ့ ကာဘူကီကချေသည်တွေ ပါဝင်တယ်။ စာယိုကိုမှာ အစ်ကိုနှစ်ယောက်ရှိတယ်။ အစ်ကိုကြီးက ရိုးရာ အဝတ်အထည်ဆိုင်ကို အမွေဆက်ခံဖို့ ပြင်ဆင်နေပြီ။ အစ်ကိုငယ်ကတော့ ဗီသုကာဒီဇိုင်းလုပ်ငန်းမှာ အလုပ်လုပ်နေပြီ။ စာယိုကိုက အမျိုးသမီး အထက်တန်းကျောင်းက အောင်တဲ့အခါ ဝါစဒတက္ကသိုလ်မှာ ရသစာပေ ယူတယ်။ သူမရည်ရွယ်တာက အထက်တန်းကျောင်းမှာ အင်္ဂလိပ်ရသစာပေ နည်းပြလုပ်ဖို့၊ အဆုံးမှာ ရသစာပေပညာရှင် တစ်

ယောက် ဖြစ်ဖို့ပါ။ သူက စာသိပ်ဖတ်တယ်။ သူနဲ့ ဂျူ(နှ)ပေဟာ ဝတ္ထုစာအုပ်တွေ အပြန်အလှန် လဲဖတ်ကြတယ်။ အဲဒီ ဝတ္ထုစာအုပ်တွေအကြောင်း လေးလေးနက်နက် ပြောကြဆိုကြတယ်။

စာယိုကိုမှာ လှပတဲ့ဆံပင်နဲ့ ဉာဏ်ရည်ဉာဏ်သွေးပြည့်တဲ့ မျက်လုံးတွေရှိတယ်။ စာယိုကိုဟာ စကားပြောရင် ရိုးရိုးဖြောင့်ဖြောင့်နဲ့ တိုးတိုးညင်ညင်ပြောလေ့ရှိတယ်။ ဒါပေမဲ့ သူမရဲ့ စိတ်အတွင်း ကြီးမားတဲ့ ခွန်အားရှိတယ်။ သူမရဲ့ ခံစားမှုကို ထိထိမိမိ ပြောပုံဆိုပုံက သူမရဲ့ စိတ်ခွန်အားကို ပြသတဲ့ သာဓကပဲ။ သူမက အဝတ်အစားကို သာမန်ပဲ ဝတ်လေ့ရှိတယ်။ မိတ်ကပ်မလိမ်းဘူး။ ဒါ့ပြင် သူမမှာ ထူးကဲတဲ့ ဟာသဉာဏ်ရှိတယ်။ ရယ်စရာ အဖြစ်အပျက်တစ်ခုခုကို ပြောင်တဲ့ပြက်တဲ့ အခါတိုင်း သူမရဲ့ မျက်နှာမှာ အရေးအကြောင်းတွေ တွန့်တဲ့အထိ ကျီစယ်ရယ်မော တတ်တယ်။ ဂျူ(နှ)ပေကတော့ အဲဒီလို စာယိုကိုရဲ့ အသွင်အပြင်မှာ စာယိုကိုရဲ့ အလှကို မြင်ရဲ့။ ဒီနောက် စာယိုကိုသာ သူ ရှာဖွေနေခဲ့တဲ့ မိန်းကလေးလို့ ဂျူ(နှ)ပေသိရဲ့။ စာယိုကိုကို မတွေ့မီက ဂျူ(နှ)ပေ မချစ်ဖူးဘူး။ ဂျူ (နှ)ပေက ယောကျ်ားလေး အထက်တန်းကျောင်းမှာ နေခဲ့သမို့ မိန်းကလေးတွေနဲ့ တွေ့ဖို့ အခွင့်အလမ်း မရှိသလောက်ပေါ့။

ဒါပေမဲ့ သူ့ခံစားမှုကို စာယိုကို သိအောင် ဖွင့်ပြောဖို့ကျ ဂျူ(နှ)ပေ ကိုယ့်စိတ်ကိုယ် မပိုင်ဘူး။ သူ့စကားတွေ နှုတ်ကလွန်ရင် နောက်ကြောင်းပြန်လှည့်လို့ မရဘူးဆိုတာ ဂျူ(နှ)ပေ သိတယ်။ စာယိုကိုလည်း သူ အလှမ်းမမီရာ အဝေးတစ်နေရာဆီ တစ်ယောက်တည်း ရောက်သွားနိုင်တယ်။ အနည်းဆုံးတကာ့အနည်းဆုံး တာကာစုကို၊ စာယိုကိုနဲ့ သူတို့ရဲ့ ဘာမှ အစွန်းအထင်းမရှိတဲ့ သာယာဖြောင့်ဖြူးတဲ့ ဆက်ဆံရေးဟာ အပြောင်းအရွှေ့တစ်ခုကို ဖြတ်သန်းသွားလိမ့်မယ်။ ဒါကြောင့် ဂျူ(နှ)ပေဟာ ရှိနေဖြစ်နေတာတွေ ရှိမြဲအတိုင်း ဖြစ်မြဲအတိုင်း အခုအခါ ရှိပါစေ၊ ဖြစ်ပါစေ၊ ကြည့်လို့သာနေ၊ စောင့်လို့သာနေလို့ သူ့ဘာသာသူ ပြောနေမိရဲ့။

အဆုံးမှာ ဦးစွာရွှေ့တဲ့လူက တာကာစုကိုပဲ။ “ရုတ်တရက်ကြီး မင်း စိတ်ထိခိုက်သွားအောင် လုပ်ဖို့ ငါ ဆန္ဒမရှိပါဘူးကွာ။ ဒါပေမဲ့ ငါနဲ့ စာယိုကို ချစ်သွားကြပြီကွာ။ မင်း ဘယ်လိုမှ မအောက်မေ့ဘူးလို့ ငါထင်တယ်” လို့ သူက ဂျူ(နှ)ပေ့ကို ပြောတယ်။

အဲဒါ စက်တင်ဘာလလယ်မှာပေါ့။ ဂျူ(နှ်)ပေ နွေရာသီကျောင်းပိတ်ရက်ထဲ ကန်ဆိုင်းဒေသက အိမ်ကို ပြန်ရောက်နေတုန်း လုံးဝ ကြိုတင်ထင်မှတ်မထားဘဲ သူနဲ့ စာယိုကို ချစ်ကျွမ်းဝင်သွားကြောင်း တာကာစုကိက ရှင်းပြတယ်။

ဂျူ(နှ်)ပေဟာ တာကာစုကိကို စိုက်ငေးကြည့်နေမိတယ်။ ဘယ်လို ဖြစ်ပျက်တာ နားလည်ဖို့ ဂျူ(နှ်)ပေ အခိုက်အတန့် အချိန်ယူလိုက်ရတယ်။ သူ နားလည်တဲ့အခါ ဒါဟာ သူရဲ့ အတွင်းဆီ လေးလံတဲ့ ခဲသားတုံးတစ်တုံး နစ်ဝင်သွားသလိုပဲ။ ဒီအဖြစ်အပျက်မှာ သူ့အနေနဲ့ ရွေးခွင့် ရှိတာတော့ မဟုတ်ဘူး။ “ဟင့်အင်း၊ ငါ ဘယ်လိုမှ မအောက်မေ့ပါဘူးကွာ” လို့ သူ ဖြေရဲ့။

“ခုလို ကြားရတာ ငါ သိပ်ဝမ်းသာတာပဲကွာ” လို့ တာကာစုကိက ကျေကျေနပ်နပ်ကြီး ပြုံးပြီး ပြောလိုက်တယ်။ “ငါ စိုးရိမ်တာ မင်းတစ်ယောက်ပဲ ရှိတယ်။ ငါ ပြောချင်တာက ဒီလိုကွာ၊ ငါတို့ သုံးယောက်မှာ ဒီလို ကြီးကြီးမားမား အဖြစ်အပျက်တော့ ဖြစ်ခဲ့ပြီ။ အဲဒါ ငါက မင်းကို တစ်ပတ်ရိုက်သလိုမျိုး ဖြစ်သွားတယ်။ အေးကွာ၊ ဘာပဲဖြစ်ဖြစ် ဒီဟာက တစ်ချိန်ချိန်မှာတော့ ဖြစ်မှာပါပဲ။ အဲဒါကို မင်း နားလည်ရမှာပဲ။ အခု မဖြစ်ရင်လည်း မကြာခင် ဒါမှမဟုတ် နောင် တစ်ချိန် ဖြစ်ကိုဖြစ်လာမှာပဲကွာ။ အဓိက ငါဖြစ်ချင်တာက ငါတို့သုံးယောက် သူငယ်ချင်းတွေအဖြစ် ဆက်ပြီး နေသွားကြဖို့ပဲ။ အိုကေနော်”

ဒီနောက် နှစ်ရက်သုံးရက်လောက် ကာလထဲ ဂျူ(နှ်)ပေဟာ သဲပြင်နက်နက်မှာ ရုန်းကန်ရင်း လမ်းလျှောက်နေသလို ခံစားရတယ်။ အတန်းလည်း သူ လစ်တယ်။ အလုပ်လည်း လစ်တယ်။ ဂျူ(နှ်)ပေဟာ အခန်းတစ်ခန်းတည်း ဖွဲ့တဲ့ အပတ်(ထ်)မင့်အိမ်ခန်းထဲ ကြမ်းပြင်မှာ လဲလျောင်းလို့သာ နေတယ်။ ရေခဲသေတ္တာထဲက စားကြွင်းစားကျန်ကိုပဲ စားတယ်။ မွတ်သိပ်လာရင် ဝီစကီကို တဂွပ်ဂွပ် မျိုချတယ်။ သူက တက္ကသိုလ်က ထွက်ပြီး သူ့ကို သိတဲ့လူ၊ သူနဲ့ သိတဲ့လူ ဘယ်သူမှ မရှိတဲ့ အဝေးက မြို့တစ်မြို့ကို သွားပြီး ကာယ အလုပ်သမားအဖြစ် အလုပ်လုပ်ရင်း သူရဲ့ ကျန်တဲ့ သက်တမ်းကုန်စေမယ်လို့ အလေးအနက် စဉ်းစားတယ်။ သူ့အတွက် အကောင်းဆုံးပဲလို့ ဆုံးဖြတ်ရဲ့။

ဂျူ(နှ်)ပေ စာသင်ခန်းကို မလာတာ ငါးရက်မြောက်နေ့မှာ စာယိုကိုဟာ ဂျူ(နှ်)ပေရဲ့ အပတ်(ထ်)မင့်ကို ရောက်လာတယ်။ စာယိုကိုက ပင်လယ်ပြာရောင် ဆွယ်တာအင်္ကျီနဲ့ ချည်ထည်ဘောင်းဘီကို ဝတ်ပြီး ဆံပင်ကို နောက်ဖက်မှာ စုစည်းထားတယ်။

“နင် ဘယ်ရောက်နေတာလဲ” လို့ စာယိုကိုက မေးတယ်။ “နင့်အခန်းထဲမှာ နင် သေများနေလားလို့ စိုးရိမ်နေကြတာ။ တာကာစုကိက တို့ကို အကြည့်ခိုင်းလို့ နင့်အခန်းကို လာကြည့်တာ။ သူကလည်း လူသေကြည့်ရမှာ အတော်တွန့်တွန့်ဆုတ်ဆုတ် နိုင်တယ် ထင်တယ်ဟာ။ တကာစုကိက လူပုံက မာသလောက် လူက မမာပါဘူး”

ဂျူ(နှ)ပေက သူဖျားနေတာလို့ ပြောတယ်။

“အေး၊ နင် အတော် ပိန်ကျသွားတာပဲလို့တော့ ထင်သား။ နင်စားရအောင် တို့ တစ်ခုခု လုပ်ပေးရမလား”

ဂျူ(နှ)ပေ ခေါင်းခါတယ်။ သူ့မှာ စားချင်စိတ် မရှိကြောင်း ပြောတယ်။

စာယိုကိုက ရေခဲသေတ္တာကို ဖွင့်ပြီး အထဲမှာ ရှိတာတွေကို ကြည့်ပြီး မဲ့တယ်။ ရေခဲသေတ္တာထဲမှာ ဘီယာနှစ်ဘူး၊ ရှုံ့တွနေတဲ့ သခွားသီးတစ်လုံးနဲ့ ရေခဲသေတ္တာ အနံ့အသက်ပျောက်ဆေးပဲ ရှိတယ်။ စာယိုကိုက ဂျူ(နှ)ပေ့နံဘေးမှာ ထိုင်တယ်။ “တို့ ဘယ်လို နားလည်ရမလဲဟာ။ ဒါနဲ့ တာကာစုကိနဲ့ တို့ကိစ္စကြောင့် နင် တော်တော်ကြီး စိတ်ဓာတ်ကျသွားလို့လားဟင်”

သူ အဲဒီလို မဟုတ်ရကြောင်း ဂျူ(နှ)ပေက ဖြေတယ်။ ဒီအဖြေဟာ သူညာတာမဟုတ်ကြောင်းလည်း ပြောတယ်။ သူ့မှာ သောကပဲဖြစ်ဖြစ်၊ ဒေါသပဲဖြစ်ဖြစ် မခံစားရကြောင်း ပြောတယ်။ တကယ်လို့ ဒေါသဖြစ်တယ်ဆိုရင်လည်း သူ့ကိုယ်သူ ဒေါသဖြစ်တာပဲ။ တကာစုကိနဲ့ စာယိုကိုတို့ ချစ်သူဖြစ်သွားတာဟာ လောကမှာ သဘာဝအကျဆုံး အခြင်းအရာ တစ်ခုပဲ။ တကာစုကိမှာ အရည်အချင်းအကုန် ရှိရဲ့။ သူ့ခမျာမှာတော့ ဘာအရည်အချင်းမှ မရှိဘူး။ ဒါပါပဲ။

“ဘီယာ တစ်ယောက်တစ်ဝက် သောက်ကြမလား” လို့ စာယိုကို မေးတယ်။

“လုပ်လေ”

စာယိုကိုက ရေခဲသေတ္တာထဲက ဘီယာတစ်ဘူးကို ယူလာပြီး ဖန်ခွက်နှစ်ခွက်ထဲ မျှထည့်ကာ တစ်ခွက်ကို ဂျူ(နှ)ပေဆီ ကမ်းလိုက်တယ်။ ဒီနောက် သူ

တို့နှစ်ယောက် ကိုယ့်အတွေးနဲ့ကိုယ် တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ဘီယာသောက်ကြတယ်။

“ဒီလို ခံစားမှုကို စကားလုံးတွေနဲ့ ဖွင့်ပြောရတာတော့ တော်တော် စိတ်မသက်သာစရာပါဟာ။ ဒါပေမဲ့ တို့ နင်နဲ့ သူငယ်ချင်းအဖြစ် ဆက်ပြီနေချင်သေးတယ်၊ ဂျူ(နှ်)ပေ။ အခုကာလလောက်ကို ပြောတာ မဟုတ်ဘူးနော်။ နောင် တို့ တစ်တွေ အသက်ကြီးတဲ့အထိ။ တကယ့်ကို အိုလာမင်းလာတဲ့ အထိပေါ့။ တာကာစုကိုကို တို့ ချစ်ပါတယ်။ အေး၊ တို့မှာ နင်လည်း လိုအပ်တယ်။ ချစ်တာချင်း လိုအပ်တာချင်း မတူဘူးပေါ့။ တို့ တစ်ကိုယ်ကောင်း ဆန်နေပြီလားဟင်” စာယိုကိုက ပြောတယ်။

ဂျူ(နှ်)ပေ ဘယ်လို ဖြေရမယ် မသိဘူး။ ဒီလိုနဲ့ သူ ခေါင်းခါတယ်။

စာယိုကိုက တစ်ခုခုကို နားလည်တာရယ်၊ တစ်ခုခုကို ကိုယ့်မျက်စိအစုံနဲ့ မြင်ရသလို သိတာရယ်ဟာ လုံးဝ မတူဘူး။ အဲဒီအရာနှစ်ခုကို အချိုးညီညီ လုပ်ယူနိုင်ပြီ ဆိုရင်တော့ အသက်ရှင်ရတာဟာ အဟုတ်ကို သက်သက်သာသာ လွယ်လွယ်ကူကူ ဖြစ်ပါပြီလေ” လို့ ပြောတယ်။

ဂျူ(နှ်)ပေက စာယိုကိုရဲ့ မျက်နှာ နံဘေးတစ်ခြမ်းကို စိုက်ငေးကြည့်နေရဲ့။ စာယိုကို ဘာအကြောင်း ကြိုးစားပမ်းစား ပြောနေတာ သူ မသိဘူး။ “ဘာကြောင့် ငါ့ဦးနှောက် အလုပ်လုပ်တာ အမြဲတမ်း ဒီလို နှေးရတာလဲ” လို့ သူ စဉ်းစားတယ်။ သူ မော့ကြည့်တယ်။ အချိန်အတော်ကြာကြာ သူရဲ့ တစ်ဝက်မှေးရက် မျက်လုံးတွေက မျက်နှာကြက်က အစွန်းအထင်း ပုံသဏ္ဌာန်ကို ကောက်ကြောင်းလိုက်လို့ ကြည့်နေတယ်။ တာကာစုကိုရဲ့ အရင်သူက စာယိုကိုကို အချစ်ဖွင့်ဟခဲ့ရင် ဘယ်လိုဖြစ်မလဲ။ ဒီအတွက် ဂျူ(နှ်)ပေ အဖြေမရှိဘူး။ အဖြေရှာမရဘူး။ သူ သေသေချာချာ သိသမျှ အဲဒီလို အဖြစ်မျိုး ဘယ်တော့မှ ဖြစ်လိမ့်မယ်မဟုတ် ဆိုတာပဲ။ တစ်ချိန်တစ်ခါမှ ဖြစ်မယ်မဟုတ်ဘူး။

မြက်ဖျာပေါ် မျက်ရည်ကျတဲ့ အသံကို ဂျူ(နှ်)ပေ ကြားတယ်။ ထူးထူးခြားခြားနဲ့ ထင်ထင်ရှားရှား အသံပါ။ တဒင်္ဂ ဂျူ(နှ်)ပေက သူ သတိကင်းမဲ့ ငိုနေတယ်လို့ ထင်မိတယ်။ ဒီနောက် ငိုနေသူဟာ စာယိုကိုဖြစ်ကြောင်း သိလိုက်ရတယ်။ စာယိုကိုဟာ ဒူးနှစ်ဖက်ကြား ဦးခေါင်းလျှိုလို့ ငုံနေတယ်။ အခုအခိုက်

တော့ သူမ အသံမထွက်ဘူး။ ဒါပေမဲ့ သူမရဲ့ ပခုံးတွေ တဆတ်ဆတ် တုန်ခါနေရဲ့။

အသိစိတ် အလျဉ်း ကင်းကင်းမဲ့မဲ့နဲ့ ဂျူ(နှ)ပေဟာ လက်လှမ်းလို့ စာယိုကိုရဲ့ ပခုံးထက်မှာ သူ့လက်တစ်ဖက် တင်လိုက်တယ်။ ဒီနောက် သူက စာယိုကိုကို သူ့ဆီ ညင်ညင်သာသာ ဖက်ယူလိုက်တယ်။ စာယိုကိုဟာ မခုမခံ မကာမကွယ်ဘူး။ ဂျူ(နှ)ပေက စာယိုကိုကို ရင်ခွင်ထဲ ဖက်ထားတယ်။ ဒီနောက် နှုတ်ခမ်းလွှာချင်း ဖိကပ်လိုက်တယ်။ စာယိုကို မျက်ဝန်းတွေ မှိတ်ကုန်ရဲ့။ စာယိုကိုဟာ သူမရဲ့ နှုတ်ခမ်းလွှာကို ပွင့်စေရဲ့။ ဂျူ(နှ)ပေ မျက်ရည်ရနံ့ကို ရတယ်။ စာယိုကိုရဲ့ ခံတွင်းက ထွက်သက်ကို ရှိုက်မိတယ်။ သူနဲ့ ရင်ချင်းအပ်တဲ့ စာယိုကို့ ရင်သားရဲ့ နူးညံ့မှုကို ခံစားရတယ်။ သူ့ဦးခေါင်းထဲမှာတော့ ကြီးမားတဲ့ နေရာအပြောင်းအရွေ့တွေ ပြောင်းရွှေ့သလို ထင်ရဲ့။ လောကထဲ အဆစ်တိုင်း အဆက်တိုင်း တဖျစ်ဖျစ် တစစ်စစ် မြည်လို့ အက်သလိုလို အသံတောင် ဂျူ(နှ)ပေကြားရဲ့။ ဒါပေမဲ့ ဒါပါပဲ။ အသိစိတ် ပြန်ဝင်သလို စာယိုကိုက သူမရဲ့ ဦးခေါင်းကို နောက်ဆုတ်ပြီး ငိုက်စိုက်ငုံ့သွားတယ်။ ဂျူ(နှ)ပေ့ကိုလည်း လှမ်းရာဆီ ဖယ်လိုက်တယ်။

“ဟင့်အင်း” လို့ စာယိုကို ခေါင်းခါရင်း တိုးတိုး ပြောတယ်။ “တို့ ဒီလိုလုပ်လို့ မဖြစ်ဘူး၊ မှားတယ်”

ဂျူ(နှ)ပေက တောင်းပန်တယ်။ စာယိုကိုက တစ်ခွန်းမှ မပြောဘူး။ ဒီလိုနဲ့ သူတို့ တိတ်တိတ်ဆိတ်ဆိတ် ကြာရှည်နေကြတယ်။ ရေဒီယိုက တေးသံတစ်ခု လေပြေစီးရင်း ပြတင်းပေါက်ကို ဖြတ်သန်းဝင်လာတယ်။ အဲဒီသီချင်းဟာ သိပ်ခေတ်စားတဲ့ သီချင်းတစ်ပုဒ်ပေါ့။ အဲဒီသီချင်းကို သူသေတဲ့နေ့အထိ သတိရနေမယ်လို့ ဂျူ(နှ)ပေ အသေအချာ သိလိုက် မှတ်လိုက်တယ်။ တကယ်တော့ နောင်အခါ သူ အစွမ်းကုန် ကြိုးစားတာတောင် အဲဒီသီချင်းရဲ့ နာမည်နဲ့ တေးသွားကို ဘယ်လိုမှ ပြန်စဉ်းစားလို့ မရတော့ဘူး။

“နင် တို့ကို တောင်းပန်ဖို့ မလိုပါဘူးဟာ၊ ဒါ နင့်အမှား မဟုတ်ပါဘူး”

“ငါလည်း ကမောက်ကမ ဖြစ်ကုန်ပြီ ထင်တယ်” လို့ ဂျူ(နှ)ပေက ရိုးရိုးသားသားပဲ ပြောတယ်။

စာယိုကိုက ဂျူ(နှ်)ပေဆီ လက်လှမ်းပြီး ဂျူ(နှ်)ပေရဲ့ လက်တွေပေါ် တင်လိုက်တယ်။ “ကျောင်းပြန်တက်ပါဟာ၊ အိုကေနော်။ မနက်ဖြန်နော်။ တို့မှာ နင့်လို သူငယ်ချင်းတစ်ယောက် မရှိခဲ့ဖူးဘူး။ နင် တို့ကို အများကြီး ပေးခဲ့တာပါ။ အဲဒါ နင် နားလည်လိမ့်မယ်လို့ ငါ မျှော်လင့်တယ်ဟာ”

“အများကြီး။ ဒါပေမဲ့ မလုံလောက်ပါဘူးလေ” လို့ ဂျူ(နှ်)က ပြောတယ်။

“အဲဒါ မမှန်ပါဘူး”၊ စာယိုကိုဟာ ကြိတ်မှိတ် ခံစားနေရတဲ့အသွင် ခေါင်းငိုက်စိုက်ငုံ့ကာ ပြောတယ်၊ “အဲဒါ မှန်ကို မမှန်ပါဘူး”

နောက်တစ်နေ့မှာ ဂျူ(နှ်)ပေ စာသင်ခန်းကို သွားရဲ့။ ဒီနောက် ဂျူ(နှ်)ပေ၊ တာကာစုကိုနဲ့ စာယိုကိုတို့ရဲ့ စည်းစည်းလုံးလုံး သုံးယောက်တစ်တွဲဟာ ဆက်လို့ တွဲခဲ့တာ ဘွဲ့နှင်းသဘင်ကိုတောင် ဖြတ်သန်းခဲ့ပြီ။ ဂျူ(နှ်)ပေရဲ့ ဇာတ်မြုပ်တော့မယ်ဆိုတဲ့ သက်ဆိုးမရှည်လှတဲ့ ဆန္ဒဟာလည်း ပဉ္စလက်ဆန်ဆန် အေးအေးချမ်းချမ်းနဲ့ အလိုလို ဇာတ်မြုပ်ခဲ့ပြီ။ ဟိုတစ်နေ့က သူ့အိမ်ခန်းမှာ စာယိုကိုကို ရင်ခွင်ထဲ ဖက်လို့၊ သူ့နှုတ်ခမ်းနဲ့ စာယိုကို့နှုတ်ခမ်း ဖိကပ်လို့နေတုန်း ဂျူ(နှ်)ပေရဲ့ အတွင်းထဲမှာ တစ်စုံတစ်ရာဟာ အဲဒီတည်ရာ နေရာမှာပဲ နေသားတကျဖြစ်ခဲ့ပြီ။ အနည်းဆုံး သူ့မှာ ကမောက်ကမ ခံစားရတာ မရှိတော့ပြီ။ သူက ဆုံးဖြတ်ချက်ချတဲ့ လူမဟုတ်ခဲ့လည်းပဲ ဆုံးဖြတ်ချက်ကတော့ ကျခဲ့ပြီ။

တစ်ခါတစ်ခါ စာယိုကိုက သူမရဲ့ အခြေခံပညာကျောင်းတုန်းက အတန်းဖော် သူငယ်ချင်းတွေနဲ့ ဂျူ(နှ်)ပေကို မိတ်ဆက်ပေးတယ်။ သူတို့ စုံတွဲနှစ်စုံတွဲလို့ ချိန်းတွေ့ကြတယ်။ ဂျူ(နှ်)ပေဟာ အဲဒီမိန်းကလေးတွေထဲက တစ်ယောက်နဲ့ မကြာခဏ တွေ့တယ်။ သူ့အသက် နှစ်ဆယ်ပြည့်မွေးနေ့ မတိုင်မီကလေးမှာ ပထမဆုံးအကြိမ်အဖြစ် အဲဒီမိန်းကလေးနဲ့ လိင်ဆက်ဆံတယ်။ ဒါပေမဲ့ သူ့အသဲနှလုံးကတော့ အစဉ်အမြဲ တခြား တစ်နေရာရာဆီပဲ ရောက်နေရဲ့။ သူက မိန်းကလေးကို လေးလေးစားစား ကြင်ကြင်နာနာ ယုယုယယ ဆက်ဆံရဲ့။ ဒါပေမဲ့ ဘယ်တော့မှ တရှိုက်မက်မက် တမြတ်နိုးနိုး မရှိတာ အမှန်ပဲ။ ဂျူ(နှ်)ပေမှာ မက်မက်မောမောနဲ့ မြတ်မြတ်နိုးနိုး ခံစားရတာက သူတစ်ယောက်တည်း ဝတ္ထုရေးနေတဲ့ အချိန်ပဲ။ အဆုံးမှာ သူ့ရည်းစားဟာ နွေးထွေးမှု အစစ်အမှန် ရရာရကြောင်း တစ်နေရာ တစ်ခြားဆီ သွားတော့တယ်။ ဘယ်အချိန် ဘယ်အကြိမ်မဆို ဒီဇာတ်ဆင်ဇာတ်ကွက် တစ်ခုတည်း အဖန်ဖန်ပေါ့။

ဂျူ(နှ်)ပေ ဘွဲ့ရတဲ့အခါ စီးပွားရေးပညာ မသင်ဘဲ ရသစာပေ အဓိက ဘာသာ ယူခဲ့ကြောင်း သူ့မိဘတွေ သိသွားတယ်။ အခြေအနေက အကျည်းတန်ကုန်တယ်။ သူ့အဖေက သူ့ကို ကန်ဆိုင်းပြန်လာပြီး မိသားစုလုပ်ငန်းကို လုပ်စေချင်တယ်။ ဂျူ(နှ်)ပေကတော့ အဲဒီအလုပ်ကို လုံးလုံးလျားလျား အာရုံမကျဘူး။ သူက တိုက္ကျိမှာ ဆက်နေပြီး ဝတ္ထုရေးချင်တာပါ။ တခြားတစ်ဖက်မှာ သူ့မိဘတွေကလည်း ဘယ်လိုမှ တစိုးတစ့ မည့်နှိုင်း မလိုက်လျောတော့ဘူး။ အကျိုးဆက်က ရုန့်ရုန့်ရင်းရင်း အငြင်းပွားတာပါပဲ။ မပြောအပ်တဲ့ စကားတွေ ပြောမိတယ်။ ဂျူ(နှ်)ပေဟာ မိဘတွေနဲ့ ထပ်မတွေ့တော့ဘူး။ ဒီလိုပဲ ဖြစ်ဖို့ဖန်ပြီး ဒီလိုပဲဖြစ်ခဲ့တယ်လို့ သူ နှစ်သိမ့်လက်ခံလိုက်တယ်။ အစဉ်သဖြင့် မိဘနဲ့ ညှိညှိနှိုင်းနှိုင်း သဘောတူညီမှု ရလေ့ရှိတဲ့ နှမကလေးနဲ့ မတူဘဲ ဂျူ(နှ်)ပေက ကလေးဘဝကတည်းက ဘာလုပ်လုပ် မိဘတွေနဲ့ ကတောက်ကဆ ဖြစ်တာချည်းပဲ။ ဒီလိုနဲ့ အဆုံးမှာ သူဟာ အမွေခံသားအဖြစ်က စွန့်လွှတ်ခံရမယ်လို့ မျှော်လင့်ရင်း ကြေကွဲရင်း ပြုံးမိတယ်။ တည်ကြည်ဖြောင့်မတ်တဲ့ ကွန်ဖြူးရှပ်ဝါဒီ မိဘတွေက စာရိတ္တပျက်ပြားတဲ့ စာရေးဆရာကို အမွေခံသားအဖြစ်က စွန့်လွှတ်လိုက်တယ်။ ဒါဟာ နှစ်ဆယ်ရာစုခေတ်မှာ ခေတ်စားလှတဲ့ အခြင်းအရာတော့ မဟုတ်ဘူး။

ဂျူ(နှ်)ပေဟာ ပင်တိုင်အလုပ်တစ်ခု ရဖို့ ဘယ်တုန်းကမှ မကြိုးစားခဲ့ဘူး။ စာဆက်ရေးနိုင်ဖို့ ရုန်းကန်ရင်း ရပ်တည်နိုင်ရုံ အချိန်ပိုင်း အလုပ်ကလေးတွေပဲ တစ်ခုပြီး တစ်ခု ဆက်တိုက်လုပ်နေခဲ့တယ်။ ဝတ္ထုတစ်ပုဒ် ရေးလို့ပြီးရင်း သူက စာယိုကိုကို ပြတယ်။ စာယိုကိုရဲ့ ရိုးသားတဲ့ အမြင်ကို သူလက်ခံတယ်။ ဒီနောက် စာယိုကိုက အကြံပေးတဲ့အတိုင်း ဝတ္ထုကို ပြန်ပြင်ရေးတယ်။ စာယိုကိုက ဝတ္ထုကောင်းတစ်ပုဒ်လို့ မပြောမချင်း သူက အဲဒီဝတ္ထုကို ဂရုတစိုက် စိတ်ရှည်ရှည်နဲ့ အပြန်ပြန် အလှန်လှန် ရေးတော့တယ်။ သူ့မှာ တခြားဆရာမရှိဘူး။ ဘယ်စာပေ အုပ်စုနဲ့မှ မပတ်သက်ဘူး။ သူ့ကို လမ်းညွှန်မှုပေးတဲ့ မှိန်ပျပျ ဖျိုးဖျဖျ မီးအိမ်ကတော့ စာယိုကိုရဲ့အကြံပြုမှုပဲ။

ဂျူ(နှ်)ပေ အသက်နှစ်ဆယ့်လေးနှစ်မှာ သူ့ဝတ္ထုတွေအထဲ တစ်ပုဒ်ဟာ ရသစာပေမဂ္ဂဇင်း တစ်စောင်က ပေးတဲ့ ကလောင်သစ်ဆု ရတယ်။ အဲဒီဝတ္ထုဟာ အကုတဂါဝဆု စကာတင် စာရင်းမှာလည်း ပါတယ်။ အဲဒီ အကုတဂါဝ ဆုကတော့ ရသစာပေလောကမှာ လူတိုင်းမက်မောတဲ့ အောင်မြင်မှုလမ်းစပဲ။ ဒီနောက် ငါးနှစ်အတွင်း သူဟာ အကုတဂါဝဆု ဆန်ခါတင်စာရင်းမှာ လေးကြိမ်

ပါခဲ့ပြန်တယ်။ ဒါပေမဲ့ ဆုမရဘူး။ သူဟာ အလားအလာကောင်းတဲ့ ဆုရှင် အဖြစ်ပဲ ထာဝရဖြစ်နေခဲ့တယ်။ ဆုရွေးချယ်ရေး ကော်မီတီက အကဲဖြတ်လူကြီးတစ်ဦးရဲ့ ထုံးကိုက်စံကိုက် အမြင်တစ်ခုကတော့ 'ဤကဲ့သို့ သော လူငယ်စာရေးဆရာ တစ်ယောက်အတွက် ဤဝတ္ထုသည် အရည်အသွေး အလွန်မြင့်မားပါသည်။ အခန်းဖွဲ့ပုံနှင့် စိတ်ပညာသရုပ်ခွဲမှု အခြေခံဖန်တီးပုံ တို့သည် အဆင့်မြင့်ခြင်း၏ သာဓကများ ဖြစ်သည်။ သို့ရာတွင် စာရေးဆရာ သည် အလွမ်းအဆွေး ရသလွမ်းမိုးမှုသို့ တိမ်းညွတ်ခြင်း များ စွာရှိသည်။ ၎င်း လက်ရာမှာ ဆန်းသစ်မှုနှင့် ဝတ္ထု၏ လက္ခဏာဖြစ်သည့် ဇာတ်၏အကြောာ ကင်း မဲ့နေပါသည်' တဲ့။

အဲဒီသုံးသပ်ချက်ကို ဖတ်ရတော့ တာကာစုကို ရယ်တယ်။ "ဒီငနဲကြီးတွေ ဦးနှောက်ချောင်နေပြီ။ တကယ့်လူတွေ ဒီလို စကားလုံး မသုံးဘူးဟ။ 'ဒီနေ့ စူ ကီယာကီ၊ အကြောမပါ အရွတ်မပါ အမဲသား'၊ ဒီလိုပဲ သုံးသုံးနေတာ ကြားဖူးပါ တယ်၊ မဟုတ်ဘူးလားကွာ"

ဂျူ(နှ)ပေ အသက်သုံးဆယ်ထဲ မဝင်မီ ဝတ္ထုတိုစု အတွဲနှစ်တွဲ ထုတ်ခဲ့ပြီ။ မိုးထဲကမြင်းနဲ့ စပျစ်သီးတွေတို့ပါ။ မိုးထဲကမြင်းက အုပ်ရေတစ်သောင်း ကုန် တယ်။ စပျစ်သီးတွေက တစ်သောင်းနှစ်ထောင်ပါ။ သူ့ထုတ်ဝေသူရဲ့ အဆိုအရ စာရေးဆရာ အသစ်တစ်ယောက်ရဲ့ ဝတ္ထုတိုစုစာအုပ်အနေနဲ့ အဲဒီအုပ်ရေဟာ မ ဆိုးဘူး။ စာအုပ်ရီဗျူးတွေကလဲ ယေဘုယျ ကောင်းကောင်းညွှန်းကြရဲ့။ ဒါပေမဲ့ သူ့လက်ရာကို လှိုက်လှိုက်လဲလဲ မက်မက်စက်စက် ညွှန်းတယ် မရှိဘူး။

ဂျူ(နှ)ပေ့ ဇာတ်လမ်းအများစုက ငယ်ရွယ်သူရဲ့ တစ်ဖက်သတ်အချစ် အကြောင်းအရာပါ။ ဇာတ်သိမ်းခန်းတွေက အစဉ်သဖြင့် မျှော်လင့်ချက်ကင်းမဲ့ ခြင်းပေါ့။ တစ်နည်းမဟုတ်တစ်နည်း အလွမ်းအဆွေးပေါ့။ ဝတ္ထုတွေမှာ အရေး အသား ပြေပြစ်တာကို လူတိုင်းလက်ခံတယ်။ ဒီခေတ်မှာ ပိုခေတ်စားတဲ့ ရသစာပေ အမျိုးအစားနဲ့တော့ ဂျူ(နှ)ပေ့ ဝတ္ထုတွေက တခြားစီဖြစ်နေတာ ဇကန်မလွဲလို့ ယူဆကြတယ်။ ဂျူ(နှ)ပေ့ရေးဟန်မှာ ခံစားမှု အပြည့်ပါတယ်။ ဇာတ်အိမ်ကတော့ ခေတ်မမီဘူး။ သူ့မျိုးဆက် စာဖတ်သူတွေက ပိုပြီး တီထွင် ဆန်းသစ်တဲ့ ဟန်နဲ့ ပိုပြီး အတွေးရဲတဲ့ အကြောင်းအရာကို စောင့်စားနေကြ တယ်။ တကယ်တော့ ဒီခေတ်က ဗီဒီယိုဂိမ်းနဲ့ ရက်(ပ်)ဂီတရဲ့ ခေတ်ပဲ။ ဂျူ(နှ)ပေရဲ့ အယ်ဒီတာက သူ့ကို သရုပ်မှန်ဝတ္ထုရှည် စမ်းဖို့ တိုက်တွန်းတယ်။

တကယ်လို့ သူဟာ ဝတ္ထုတိုကလွဲလို တခြားစာပေ မရေးရင် သူရဲ့ ဝတ္ထု အနုပညာ စိတ်ကူးစိတ်သန်းကမ္ဘာဟာ ညှိုးချုံးသိမ်လှိသွားမယ်။ သရုပ်မှန် ဝတ္ထုရှည် ရေးတာက စာရေးဆရာတစ်ယောက်အဖို့ ကမ္ဘာအသစ်အသစ်တွေ ပွင့်လာစေမယ်။ လက်တွေ့ကျကျ အချက်တစ်ချက်အနေနဲ့ သရုပ်မှန်ဝတ္ထုရှည် ဟာ ဝတ္ထုတိုထက် ပရိသတ်ကို ဆွဲဆောင်နိုင်တယ်။ တကယ်လို့ ဂျူ(နှ)ပေဟာ စာရေးတာကို ရေရှည် အသက်မွေးဝမ်းကြောင်းအဖြစ် ရည်ရွယ်ရင် ဝတ္ထုတို တစ်မျိုးတည်းနဲ့ ဘဝရပ်တည်ရေး ခက်ခဲတာကို လက်ခံရလိမ့်မယ်။

ဒါပေမဲ့ ဂျူ(နှ)ပေကတော့ သန္ဓေပါ ဝတ္ထုတိုစာရေးဆရာပဲ။ အိမ်ခန်း တံခါးပိတ်လို့ တစ်ကိုယ်တည်းနေမယ်။ တခြားဘာတွေဖြစ်ဖြစ် ဖြစ်ချင်ရာ ဖြစ် စေပေါ့။ အဲဒီလို သုံးရက်တိုင်တိုင် အာရုံစူးစူးစိုက်စိုက် အားထုတ်လိုက်ရင် စာမူကြမ်း တစ်ခုရတယ်။ တစ်ခါ လေးရက်တိုင်တိုင် ထပ်ပြီး ပြင်လို့ချောလို့ ရေးပြီးတဲ့အခါ သူ့စာမူကို စာယိုကိုနဲ့ အယ်ဒီတာကို ပေးမယ်။ အဲဒီနှစ်ယောက် ရဲ့ ဝေဖန်ချက်တွေကို စဉ်းစားပြီး တစ်ခါ ပြင်လို့ချောလို့ ရေးပြန်တယ်။ ဘာပဲ ဖြစ်ဖြစ် အဲဒီ ရက်သတ္တတစ်ပတ်ထဲ တိုက်ပွဲနိုင်မယ်၊ ဒါမှမဟုတ် ရှုံးမယ်။ ဒါဟာ ဝတ္ထုမှာ ပါဝင်သမျှ အဖြစ်အပျက်၊ အချက်အလက် အကုန် စည်းစည်းရုံးရုံး ရှိပြီ ဆိုရင်ပေါ့။ ဂျူ(နှ)ပေရဲ့ ကိုယ်ရည်ကိုယ်သွေးက ဒီလုပ်နည်းလုပ်ဟန်နဲ့ လိုက်လျောညီထွေရှိတယ်။ ပကတိ အာရုံစူးစူးစိုက်စိုက် အားထုတ်မှုက တိုတောင်းတဲ့ ရက်နည်းနည်းပဲ။ စိတ်ကူးစိတ်သန်းနဲ့ ဘာသာစကားမှာ ပကတိ အာရုံဝင်စားမှုကလည်း တိုတောင်းတဲ့ ရက်နည်းနည်းပဲ။ သရုပ်မှန်ဝတ္ထုရှည် တစ်ပုဒ် ရေးဖို့ စဉ်းစားရင် ဂျူ(နှ)ပေမှာ မောပန်းနွမ်းနယ်တာပဲ ခံစားရတယ်။ တစ်ကြိမ်တည်းမှာ လအများကြီး သူရဲ့ မနောအာရုံ စူးစူးစိုက်စိုက် တည်ငြိမ် အောင် ဘယ်လိုထိန်းသိမ်းနိုင်၊ ထိန်းချုပ်နိုင်မလဲ။ အဲဒီလို တစ်လှမ်းချင်း ဖြတ်သန်းရမယ့်အရေးက ဂျူ(နှ)ပေကို ဝတ္ထုရှည်ကနေ ဝေးဝေးရှောင်ကြဉ်စေ ရဲ့။

ဂျူ(နှ)ပေ ကြိုးစားတာကတော့ ကြိုးစားတယ်။ သူ အဖန်ဖန်အလဲလဲ ကြိုးစားတယ်။ အစဉ်သဖြင့် အရှုံးနဲ့ ဆုံးရဲ့။ ဒီလိုနဲ့ သူ လက်လျှော့လိုက်တယ်။ ကြိုက်ရင်လည်း ရှိစေ၊ မကြိုက်ရင်လည်း ရှိစေ၊ ဂျူ(နှ)ပေမှာ ဝတ္ထုတို စာရေးဆရာ အဖြစ်ပဲ သူ့အသက်သူမွေး သူ့ဝမ်းသူကျောင်းဖို့ ဖန်ပြီ။ ဒါက သူ့စ တိုင်။ ဘယ်အတိုင်းအတာနဲ့ အားထုတ်မှုကမှ သူရဲ့ ကိုယ်ရည်ကိုယ်သွေးကို မ ပြောင်းလဲနိုင်ဘူး။ အလွန့်အလွန်တော်တဲ့ ဘော့(စ်)ဘော အဖမ်းသမားကောင်း

တစ်ယောက်ကို အရိုက်သမားကောင်း တစ်ယောက်အဖြစ် ပြောင်းလဲနိုင်မယ် မဟုတ်ဘူး။

ဂျူ(နှ)ပေဟာ သူရဲ့ ခြိုးခြိုးခြံခြံ လူပျိုဘဝစတိုင်ကို ဖြည့်ဆည်းဖို့ ငွေများများစားစား မလိုဘူး။ သတ်မှတ်တဲ့ ကာလတစ်ခုအတွင်း လိုအပ်သမျှ ရှာဖွေပြီးပြီ ဆိုရင် လုပ်နေတဲ့ အချိန်ပိုင်းအလုပ်ကို သူ ဆက်မလုပ်တော့ဘူး။ သူ့မှာ စကားမပြောတဲ့ ကြောင်တစ်ကောင်ကိုပဲ ကျွေးမွေးပြုစုဖို့ ရှိတယ်။ သူတွေ့တဲ့ ရည်းစားတွေကလည်း နားပူနားဆာ မရှိတဲ့ စရိုက်တွေချည်းပဲ။ ဒီလိုနဲ့ အဆုံးမှာ အဲဒီရည်းစားတွေကြောင့် သူ စိတ်ကသိကအောက် ဖြစ်ရတာချည်းပဲ။ ရည်းစားအဖြစ်ကနေ အဆုံးသတ်ဖို့ ဆင်ခြေတစ်ခုခု သူ့မှာ စိတ်ကူးရတာချည်းပဲ။ တစ်ခါတလေ (တစ်လတစ်ကြိမ်တော့ ရှိမယ်) ညကြီးမင်းကြီး အချိန်မဟုတ် အခါမဟုတ် အိပ်ရာက နိုးပြီး တုန်လှုပ်ချောက်ချားတယ် ဆိုရလောက်အောင် စိတ်လှုပ်လှုပ်ရှားရှား ဖြစ်တတ်တယ်။ “ငါ ဘယ်မှမသွားဘူး” လို့ သူ့ကိုယ်သူ ပြောမယ်၊ “ငါလုပ်ချင်သမျှ ငါဖြစ်ချင်သမျှ ငါ ရုန်းနိုင်ကန်နိုင် လုပ်တတ်ကိုင်တတ်တယ်။ ငါ ဘယ်ကိုမှ ဘယ်တော့မှ မသွားဘူး။ ဒီနောက် သူ့ကိုယ်သူ တိုက်တိုက်တွန်းတွန်းနဲ့ စာရေးစားပွဲဆီ သွားမယ်၊ စာရေးမယ်၊ ဒါမှမဟုတ် နိုးနေလန်းနေတဲ့ စိတ် လွင့်သွားတဲ့တိုင် အရက်သောက်မယ်။ အဲဒီလို အချိန်တွေက လွဲလို့ သူဟာ အေးအေးချမ်းချမ်း ငြိမ်ငြိမ်သက်သက် ကြောင့်ကျကင်းကင်း နေရသားပဲ”

တာကာစုကိုက သူ လုပ်ချင်တဲ့အလုပ်မှာ ခြေချခွင့်ရရဲ့။ ထိပ်တန်း သတင်းစာတိုက်ကြီး တစ်ခုမှာ သတင်းထောက်အလုပ် ရတယ်။ သူက ဘယ်တုန်းကမှ ကျက်တယ်မှတ်တယ် မရှိခဲ့သမို့ သူရဲ့ တက္ကသိုလ်စာမေးပွဲ အောင်မှတ်တွေကလည်း ကြွားစရာ မရှိပါ။ ဒါပေမဲ့ အင်တာဗျူးမှာ သူ့ အပြောအဆို အသွင်အပြင်က အင်မတန်မှ ထူးထူးကဲကဲ အပေါင်းလက္ခဏာ ပြခဲ့တယ်။ အင်တာဗျူး ပြီးရင်ပြီးချင်း အလုပ်ခန့်လိုက်တယ်လို့ ဆိုရလုနီးနီးပဲ။ စာယိုကိုကလည်း သူရည်မှန်းခဲ့တဲ့အတိုင်း အခြေခံပညာကျောင်းမှာ အလုပ်ဝင်ခဲ့တယ်။ သူတို့အတွက် ဘဝက အခက်အခဲ အတားအဆီးမရှိ ဖြတ်သန်းရတာပါ။ ဘွဲ့ရပြီး ခြောက်လမှာ သူတို့လက်ထပ်ကြတယ်။ အခမ်းအနားက တာကာစုကိုကိုယ်တိုင် ပျော်ပျော်ရွှင်ရွှင် အလုပ်ရှုပ်ရှုပ် ဖြစ်ရသလောက် ပျော်ရွှင်ရအလုပ်ရှုပ်ရတယ်။ ပြင်သစ်ကို ပျားရည်စမ်းခရီး ထွက်တယ်။ တိုကျိုမြို့လယ်နဲ့ သွားရလာရ အလှမ်းမဝေးတဲ့ ကွန်ဒိုတိုက်ခန်းတစ်ခန်း ဝယ်တယ်။

ဂျူ(နှ်)ပေက သူတို့ဆီ တစ်ပတ်နှစ်ကြိမ် ညစာစားဖို့ ရောက်လာတတ်တယ်။ အဲဒီ မင်္ဂလာဦးမောင်နှံကလည်း ဂျူ(နှ်)ပေကို နွေးနွေးထွေးထွေး လှိုက်လှိုက်လဲလဲ ကြိုဆိုမြဲပါ။ ဂျူ(နှ်)ပေ ရှိနေတာဟာ သူတို့နှစ်ယောက်တည်း ရှိနေတာထက် ပိုလို့ စိုစိုပြေပြေရှိတယ် ဆိုရမလိုလိုပါ။

တာကာစုကိုဟာ သူရဲ့ သတင်းစာအလုပ်မှာ ပျော်မွေ့တယ်။ သတင်းစာတိုက်က သူ့ကို မြို့တော်သတင်းဌာနမှာ စစချင်း တာဝန်ပေးတယ်။ သူက အနိဋ္ဌာရုံ အမှုအခင်းတွေ တစ်ခုပြီးတစ်ခု နေရာအနှံ့အပြား ပြေးလွှားနေရတယ်။ အခင်းဖြစ်ပွားတဲ့ နေရာတွေမှာ လူသေအလောင်း အများအပြား သူတွေ့ရတယ်။ “အခု ငါ အလောင်းကြည့်ရဲပြီကွ။ ဘာခံစားမှုမှလဲ မရှိတော့ဘူး” လို့ သူပြောပြီး မီးရထား အကြိတ်ခံရတဲ့ အပိုင်းပိုင်းအပြတ်ပြတ် အလောင်းတွေ၊ မီးလောင်ထားတဲ့ ကျွမ်း နေမည်းနေတဲ့ အလောင်းတွေ၊ သေတာ အလွန်အလွန် ကြာပြီဖြစ်တဲ့ ရောင်ပြယ် အသွေးလွင့်နေတဲ့ အလောင်းတွေ၊ ရေနစ်ပြီး ပွဲပျက် ပေါလောပေါ်တဲ့ အလောင်းတွေ၊ သေနတ်မှန်ပြီး ဦးခေါင်းထဲက ဦးနှောက်တွေ ပွင့်အန်ပြန့်ကျဲနေတဲ့ အလောင်းတွေ၊ ဦးခေါင်းတခြား လက်တခြား လွှဲနဲ့ တစ်ပိုင်းစီ ဖျက်ထားတဲ့ အလောင်းတွေပေါ့။ “ငါတို့ အသက်ရှိတုန်း ငါတို့ရဲ့ အသားစိုင် အသားတုံးတွေဟာ တစ်ခုနဲ့တစ်ခု တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုပဲ ကွဲနေနေ သေပြီဆိုရင် အဲဒီ အသားတုံးတွေဟာ အကုန် အတူတူပါပဲကွာ။ သုံးလို့ကုန်ပြီဖြစ်တဲ့ အခွံပါပဲ” လို့ တာကာစုကို ပြောတတ်သေးရဲ့။

တစ်ခါတလေ တာကာစုကိုဟာ အလုပ်များလွန်းသမို့ မိုးလင်းတဲ့အထိ အိမ်မပြန်နိုင်ဘူး။ ဒီအခါ စာယိုကိုက ဂျူ(နှ်)ပေဆီ တယ်လီဖုန်းဆက်မယ်။ တစ်ညလုံး သူမအိပ်ဘဲ နေတတ်တာ စာယိုကို သိတယ်။

“နင် အလုပ်လုပ်နေတာလား။ စကားပြောနိုင်ရဲ့လား”

“အေးဆေးပါ၊ ထူးထူးထွေထွေ ဘာမှလုပ်မနေပါဘူး”

သူတို့ ဖတ်ဖြစ်တဲ့ စာအုပ်တွေအကြောင်း သူတို့ ပြောကြမယ်။ သူတို့ရဲ့ နေ့စဉ်ဘဝ အတွေ့အကြုံကလေးတွေ ပြောကြမယ်။ ဒီနောက် သူတို့ရဲ့ လွတ်လပ်ခဲ့တဲ့၊ မီးကုန်ယမ်းကုန် ပျော်ရွှင်ခဲ့ရတဲ့၊ ပင်ကိုသဘာဝအတိုင်း နေခဲ့ရတဲ့ နေ့ရက်ဟောင်းတွေအကြောင်း ပြောကြမယ်။ အဲဒီလို စကားထွေထွေရာရာ

ပြောရတာကလည်း ဂျူ(နှ်)ပေအဖို့ သူ့အိမ်ခန်းမှာ စာယိုကိုကို ရင်ခွင်ထဲ ဖက်ထားခဲ့တုန်းက အမှတ်တရဆီ မလွဲသာမရှောင်သာ တစ်ခါပြန်လို့ လည်စေတယ်။ စာယိုကို့ နှုတ်ခမ်းရဲ့ နူးညံ့တဲ့ အတွေ့၊ စာယိုကို့မျက်ရည်ရဲ့ ရနံ့၊ သူ့ရင်မှာ အပ်တဲ့ စာယိုကို့ရင်သားရဲ့ ထွေးထွေးအိအိ ခံစားမှု၊ အိမ်ခန်းကြမ်းပြင်မြက်ဖျာပေါ် ဖြာဆင်းနေတဲ့ နွေဦးအစရဲ့ ကြည်လင်တဲ့ နေရောင်ခြည်တို့ဟာ သူ့အတွေးကနေ ဘယ်တော့မှ ဝေးလွင့်သွားမယ် မဟုတ်တဲ့ အရာတွေပဲ။

အသက်သုံးဆယ် ဝင်စမှာ စာယိုကို ကိုယ်ဝန်ရတယ်။ ဒီအခါ သူက အခြေခံပညာကျောင်း လက်ထောက်ဆရာမပါ။ သူ ကလေးမီးဖွားဖို့ အလုပ်ကခဏနားတယ်။ သူတို့သုံးယောက် ကလေးအတွက် နာမည်စဉ်းစားကြရတယ်။ အဆုံးမှာ ဂျူ(နှ်)ပေ့စိတ်ကူး ဖြစ်တဲ့ 'စာလာ'ဆိုတဲ့ နာမည်ကိုပဲ အတည်ပြုလိုက်ကြတယ်။

"စာလာဆိုတဲ့ အသံကလေးကို တို့ချစ်တယ်ဟာ" လို့ စာယိုကိုက ဂျူ(နှ်)ပေကို ပြောတယ်။ ကလေးမီးဖွားတာကလည်း ဘာအခက်အခဲ ထွေထွေပြားပြားမှ မရှိဘူး။ အဲဒီညက ဂျူ(နှ်)ပေနဲ့ တာကာစုကိုဟာ ကြာလှပြီဖြစ်တဲ့ ကာလမှာ ပထမအကြိမ်အနေနဲ့ စာယိုကို မပါဘဲ သူတို့နှစ်ယောက်တည်း တွေ့ကြတယ်။ ဂျူ(နှ်)ပေက အောင်ပွဲခံဖို့ မုယောစစ်စစ်ဝီစကီ တစ်ပုလင်းယူလာတယ်။ မီးဖိုခန်းစားပွဲမှာ အဲဒီပုလင်းကို သူတို့ နှစ်ယောက်သား အပြတ်ရှင်းတယ်။

"အချိန်က ဘာဖြစ်လို့ ဒီလို ရိပ်ခနဲ ကုန်သွားရတာလဲကွာ" လို့ တာကာစုကိုဟာ လေးလေးနက်နက် ခံစားပြီး မပြောစဖူး ပြောနေခဲ့တယ်။ "မနေ့ကလိုပဲ ထင်ရတယ်။ ငါကလည်း မောင်သစ်လွင်ကလေးပေါ့။ ပြီးတော့ မင်းနဲ့ တွေ့တယ်၊ ပြီးတော့ စာယိုကို၊ အဲဒီလို ပြီးလဲပြီးပါရော၊ နောက်တစ်ကွက်မှာ ငါက ဖခင်တစ်ယောက် ဖြစ်နေတာ တွေ့ရပါရော။ ကံကြမ္မာ ဆန်းကြယ်ပုံကွာ။ ငါ့မှာ ရုပ်ရှင်ကို ရှေ့ကျော်ပြီး အမြန်ရစ်တာကို ကြည့်နေရသလိုပါပဲ။ အေး မင်းတော့ နားလည်မှာ မဟုတ်ပါဘူးကွာ။ မင်းက အခုချိန်ထိ ကောလိပ်မှာ နေခဲ့တုန်းက ဘဝအတိုင်း နေနေတုန်းပဲ။ မင်းရဲ့ ကျောင်းသားဘဝက ဘယ်တော့မှ ပြီးတော့မယ် မဟုတ်ဘူး ထင်ပါရဲ့ကွာ။ ကံကောင်းလိုက်တဲ့ အမျိုးယုတ်ရယ်"

"ကံကောင်းလှတယ် မဟုတ်ပါဘူးကွာ" လို့ ဂျူ(နှ်)ပေ တုံ့ပြန်တယ်။ တာကာစုကို ဘယ်လိုခံစားရမယ် ဆိုတာ သူ သိတော့သိတယ်။ စာယိုကိုဟာ အခု

မိခင်ဖြစ်ပြီး ဒီအဖြစ်က တာကာစုကိုအဖို့ တုန်လှုပ်စရာ ဖြစ်သလို ဂျူ(နှ်)ပေ အဖို့လည်း တုန်လှုပ်စရာပါ။ ဘဝမှာ အရှိန်အဟုန်နဲ့ အဲဒီအရွွေ့ဟာ ရှေ့ဆီမှာ ကြီးမားလှတဲ့ အတုံးကြီးကြီး အထုံးကြီးနဲ့ အဆက်အထုံးတစ်ဆစ်ကို အင်မတန် ပြင်းထန်တဲ့ အဟုန်နဲ့ ပြောင်းရွွေ့ခဲ့ပြီ။ သူတို့ ဘယ်လိုနည်းနဲ့မှ ဘယ်တော့မှ နောက်ပြန်လှည့်လို့ မရတော့တာကို ဂျူ(နှ်)ပေ သိတယ်။ အခုထိ သူ သေသေချာချာ မဆုံးဖြတ်နိုင်သေးတာက ဒါကို သူ ဘယ်လို နားလည်ရမယ်၊ လက်ခံရမယ် ဆိုတာပဲ။

“အရင်တုန်းကတော့ ငါ မင်းကို ပြောလို့ မထွက်ခဲ့ဘူးကွာ။ တကယ်တော့ စာယိုကိုက ငါ့ထက်ကို မင်းကို ခင်မင်တွယ်တာမှု ပိုတယ်” လို့ တာကာစုကို ပြောလိုက်တယ်။ သူ တော်တော် မူးနေပြီ။ သူ့မျက်လုံးတွေထဲမှာတော့ နက်နက်နဲနဲ တွေးတွေးဆဆ အသွင်က ဖြစ်ရိုးဖြစ်စဉ်ထက် ကဲပြီး ဝင်းလက်နေတယ်။

“ဒါကတော့ ရူးတာပဲကွာ” လို့ ဂျူ(နှ်)ပေက ပြုံးပြီး ပြောတယ်။

“လုံးဝ ငါ မှန်တယ်ကွာ။ ငါ ဘာပြောနေတယ်ဆိုတာ ငါ သိပါတယ်ကွာ။ မင်းက စာမျက်နှာပေါ်မှာ လှလှပပစကားလုံးတွေ ဘယ်လို တင်ရမလဲ ဆိုတာ လောက် သိတာပါ။ မိန်းမတစ်ယောက်ရဲ့ သောက်ကျိုးနည်း ခံစားချက်ကို မင်း မသိပါဘူးကွာ။ ရေနစ်သေတဲ့ မသာကမှ မင်းထက် ပိုသိရင်သိဦးမယ်။ မင်းနဲ့ ပတ်သက်ပြီး သူ ဘယ်လို ခံစားရတယ်ဆိုတာ မင်းမသိဘူး။ ငါသိတယ်။ သေစမ်းပါ။ သူ့ကို ငါက ချစ်မိတယ်ကွာ။ သူ့ထက်သာတာလည်း ငါ့မှာ ရှာမတွေ့ခဲ့ဘူးလေ။ ဒီလိုနဲ့ပဲ ငါသူ့ကို ရခဲ့တာပါ။ စာယိုကိုဟာ လောကမှာ အမွန်မြတ်ဆုံး မိန်းမတစ်ယောက်လို့ ငါ ယုံကြည်နေတုန်းပါပဲ။ စာယိုကိုကို ငါရခဲ့တာ မှန်တယ်လို့လဲ ငါ ယုံကြည်နေတုန်းပါပဲ”

“ဘယ်သူကမှ အဲဒါမှားတယ်လို့ မပြောပါဘူးကွာ” လို့ ဂျူ(နှ်)ပေက ပြောတယ်။

တာကာစုကိုက ခေါင်းညိတ်တယ်။ “ဒါပေမဲ့ မင်း နားမလည်နိုင်သေးတာရှိတယ်ကွ။ တကယ့်ကို နားမလည်နိုင်တာ။ မင်းကွာ အတော် သောက်သုံးမကျအောင် တုံးပါ့ကွာ။ ဘာပဲဖြစ်ဖြစ် အိုကေ ပ,လေ။ မင်းတုံးတုံး၊ မတုံးတုံး ငါ့အတွက် အရေးမပါပါဘူးကွာ။ မင်းက ဆိုးဆိုးသွမ်းသွမ်းကောင် တစ်ကောင်မှ

မဟုတ်တာပဲ။ ဒီမှာ ငါပြောလိုက်မယ်၊ ငါ့သမီးကို နာမည်ပေးတဲ့ ကောင်ဟာ မင်းဆိုတာပဲ”

“ဟုတ်ပါပြီ၊ အိုကေပါ၊ အိုကေပါကွာ။ ဒါပေမဲ့ ငါ နားမလည်နိုင်သေးတာက ဒီကိစ္စက ဘယ်တုန်းက အရေးကြီး အရာကျယ် ဖြစ်လာရတယ် ဆိုတာပါ”

“သေချာလှပေါ့ကွာ။ အရေးကြီးလို့ အရာကျယ်လို့ ခရီးတစ်ဝက်ရောက်ပြီ၊ ဒါကို မင်း သိကို မသိသေးဘူး။ မင်းဝတ္ထုတွေ ဖန်တီးနေတယ်ဆိုတာ ငါတော့ အံ့သြမိပါရဲ့ကွာ”

“အေးလေ၊ ဟုတ်ပါတယ်၊ ဝတ္ထုရေးတာက လုံးဝ တူတာမှ မဟုတ်ဘဲ”

“ဘာပဲဖြစ်ဖြစ်လေ၊ အခု ငါတို့ လေးယောက်ပေါ့။ ငါ စဉ်းစားမိတယ်၊ ငါတို့ လေးယောက်။ လေးယောက်။ ဒီအရေအတွက်က မှန်ရဲ့လား” လို့ တာကာစုကိုဟာ သက်ပြင်းရှိုက်သံလိုလိုနဲ့ ပြောလိုက်ရဲ့။

ဂျူ(နှ)ပေဟာ တာကာစုကိုနဲ့ စာယိုကိုတို့ အိမ်ထောင်ကွဲလုနီး ဖြစ်နေတာကို စာလာ့နှစ်နှစ်ပြည့်မွေးနေ့ မတိုင်မီကလေးမှ သိရတယ်။ စာယိုကိုက သူတို့ အတွင်းရေးကို ဖွင့်ဟပြောပြတဲ့အခါ အမှားတစ်စုံတစ်ရာ ကျူးလွန်မိသယောင်၊ အဲဒီလို ကျူးလွန်မိတဲ့အတွက် နောင်တပူပန်မိသယောင် တွေ့ရတယ်။ စာယိုကိုက စာလာကို ကိုယ်ဝန်လွယ်ထားတဲ့ အချိန်မှာ တာကာစုကို အငယ်အနှောင်း တွေ့ခဲ့တာလို့ ပြောတယ်။ တကာစုကို အိမ်ပြန်တယ် မရှိသလောက်လို့ ပြောတယ်။ အဲဒီအငယ်အနှောင်းက သူ့ရဲ့ အလုပ်ခွင်ထဲ သိကျွမ်းခဲ့သူ တစ်ယောက်ပါ။

စာယိုကိုက အဖြစ်အပျက် အကြောင်းအရာကို ဘယ်လိုပဲ စေ့စေ့ငုပြောပြနေတာဖြစ်စေ၊ ဂျူ(နှ)ပေဟာ သူ ကြားနေရတာတွေရဲ့ အဓိပ္ပာယ်ကို ဖမ်းမမိနိုင် ဖြစ်နေတယ်။ ဘာကြောင့် တာကာစုကိုဟာ တခြားမိန်းမတစ်ယောက်နဲ့ ဒီလိုကြုံရအောင် ကြံရက်သလဲ။ စာလာမွေးတဲ့ ညကပဲ တာကာစုကိုက လောကမှာ စာယိုကိုဟာ အမြတ်ဆုံးမိန်းမလို့ ကြေညာခဲ့သေးတယ်။ အဲဒီစကားလုံးတွေဟာ တကာစုကိုရဲ့ နက်စောက်တဲ့ ရင်ခေါင်းထဲက ထွက်လာခဲ့တယ်။ ဒီပြင် သူဟာ စာလာကိုလည်း အရူးအမူးချစ်တယ်။ ဒီလို ဖြစ်ပါရက် သူဘာကြောင့် မိသားစုကို စွန့်ခဲ့သလဲ။

“ငါ ပြောချင်တာက၊ ငါက တစ်ချိန်လုံး နင်တို့အိမ်မှာ ရှိနေခဲ့တာပဲ။ ညစာ စားလည်း နင်တို့ကောင်တွေနဲ့ပဲ။ ဟုတ်တယ် မဟုတ်လား။ ဒါတောင် တစ်ချက် ကလေးမှ ဘယ်တုန်းကမှ ငါ သတိမထားမိခဲ့ဘူး။ နင်တို့ကလည်း နင်တို့ မိသားစုလေးနဲ့ နင်တို့ ပျော်နေတာပဲ။ တကယ့်ကို ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစု ပါဟာ” လို့ပဲ ဂျူ(နှ)ပေက ပြောနေခဲ့တယ်။

“အမှန်ပဲလေ။ တို့တစ်တွေကလည်း နင့်ကို မညာခဲ့ပါဘူး။ ဟန်မ ဆောင်ခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီတုန်းကတည်းက တစ်ယောက်တစ်ကွဲစီ ဖြစ်နေခဲ့ တာပါ။ သူကလည်း သူ့ကောင်မလေးနဲ့ သူဖြစ်နေခဲ့တာပဲ။ တို့တွေရှိခဲ့ဖူးတဲ့ အခြေအနေကို တို့တွေ ပြန်မလှည့်ကြတော့ဘူး။ ဒါကြောင့် တို့နှစ်ယောက် ကွာ ကြဖို့ ဆုံးဖြတ်လိုက်တယ်လေ။ အဲဒီအတွက်တော့ နင့်မှာ စိတ်အနှောင့်အယှက် ကြီးကြီးမားမား မဖြစ်စေချင်ဘူးဟာ။ အခုတော့ အခြေအနေက ပိုကောင်းဖို့ ဖြစ်လာတာပဲလို့ တို့တော့ ယုံကြည်ထားတယ်။ နည်းလမ်းအမျိုးမျိုး အများကြီး ထဲက တစ်နည်းနည်းနဲ့ပေါ့ဟာ” လို့ စာယိုကိုက ပြောတယ်။

“နည်းလမ်းအမျိုးမျိုး အများကြီး” လို့ စာယိုကိုက ပြောတယ်။ လောက မှာ နားမလည်နိုင်တဲ့ စကားလုံးတွေ အပြည့်ပါကလားလို့ ဂျူ(နှ)ပေတွေးရဲ့။

လအနည်းငယ်အကြာမှာ စာယိုကိုနဲ့ တာကာစုကိတို့ ကွာရှင်းလိုက်ကြ တယ်။ သူတို့ စိတ်စနိုးစနောင့် မရှိဘဲ သီးသန့်ကိစ္စကလေးတွေ သဘောတူညီမှု ယူနိုင်ခဲ့တယ်။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် တရားစွဲတာ၊ ဥပဒေအရ ခံစားခွင့် အငြင်းပွားတာ မရှိဘူး။ တာကာစုကိက သူ့အမျိုးသမီးဆီ သွားပြီး အတူတူနေ လိုက်တယ်။ တစ်ပတ်တစ်ကြိမ် စာလာဆီ သူလာတယ်။ ဒီလိုအချိန်တွေမှာ ဂျူ(နှ)ပေ အတူတူ ရှိနေနိုင်ကြောင်း သူတို့ ဆွင်းချက်မရှိ သဘောတူကြတယ်။ “အဲဒါက တို့နဲ့ တာကာစုကို နှစ်ယောက်စလုံးအတွက် အစစပိုပြီး အဆင်ပြေ တယ်ဟာ” လို့ စာယိုကိုက ဂျူ(နှ)ပေကို ပြောတယ်။ ပို အဆင်ပြေတယ်။ ဂျူ(နှ)ပေ အသက်သုံးဆယ့်သုံးနှစ်ထဲ ဝင်ရုံ ရှိသေးပေမယ့် ရုတ်ချည်း သူ့ အသက် အများကြီး ကြီးသွားသလို ခံစားရတယ်။

စာလာက တာကာစုကိကို “ပါပါ” လို့ ခေါ်ပြီး ဂျူ(နှ)ပေကို “ဂျူ(နှ)”လို့ ခေါ်တယ်။ သူတို့လေးယောက်ဟာ မိသားစုသဏ္ဌာန်ဆောင်တဲ့ ခပ်ဆန်းဆန်း မိသားစုတစ်ခု ဖြစ်နေတယ်။ သူတို့ အတူတူ ရှိကြတဲ့အခါတိုင်း သူတို့မှာ ဘယ်လိုမှ ဖြစ်ခဲ့ဖူးတာ အလျဉ်းမရှိသလို တာကာစုကိကလည်း သူ့ပင်ကို

အတိုင်း စကားများဆဲ၊ စာယိုကိုကလည်း ဘယ်လိုမှာ သံသယဖြစ်စရာ မရှိအောင် သူမရှိရင်းစွဲအတိုင်း နေထိုင်ပြောဆိုဆဲပဲ။ ပြောရမယ်ဆိုရင် စာယိုကိုဟာ ဂျူ(နှ)ပေ့အမြင် အရင်ကထက် ကဲပိုလို့ သူမစရိုက် သူမသဘာဝ ပေါ်လွင်လာတယ်။ စာလာက သူ့မိဘတွေ ကွာရှင်းလိုက်တာ မသိဘူး။ ဂျူ(နှ)ပေက သူတာဝန်ကျရာ ဇာတ်ရုပ်ကို တစိုးတစေ့ ကန့်ကွက်တယ်မရှိဘဲ ကပြတယ်။ သူတို့ သုံးယောက်ဟာ အမြဲလိုလို တောရောက်တောင်ရောက် ရယ်စရာမောစရာတွေ ပြောကြတယ်။ အတိတ်က နေ့ရက်ဟောင်းတွေအကြောင်း ပြောကြတယ်။ ဒီလို သူတို့သုံးယောက် ပြုမူနေကြတာ သူတို့သုံးယောက်အတွက် လိုအပ်လို့ပဲ” လို့ ဂျူ(နှ)ပေကတော့ နားလည်ရဲ့။

ဇန်နဝါရီလ ညတစ်ညမှာ တာကာစုကိုနဲ့ ဂျူ(နှ)ပေ အိမ်ကို လမ်းလျှောက် ပြန်လာတုန်းက “ဟေ့ ဂျူ(နှ)ပေ ငါ့ကိုပြောစမ်းပါကွာ၊ မင်းမှာ တစ်ယောက်ယောက် လက်ထပ်ဖို့ အကြံအစည်များ ရှိနေပြီလားလို့” လို့ တာကာစုကိုဟာ ခိုက်ခိုက်တုန် ချမ်းတဲ့ လေထုထဲ သက်ငွေ့ဖြူဖြူ ရှိုက်ရင်း မေးလိုက်တယ်။

“လောလောဆယ် မရှိပါဘူးကွာ” လို့ ဂျူ(နှ)ပေက ဖြေတယ်။

“ရည်းစားကို မရှိဘူးပေါ့”

“ဟင့်အင်း... စဉ်းကို မစဉ်းစားမိဘူး’

“မင်းနဲ့ စာယိုကို အတူတူ နေလိုက်ကြပါလားကွာ”

ဂျူ(နှ)ပေဟာ အလွန်တောက်ပလွန်းတဲ့ အရာဝတ္ထုတစ်ခုကို ကြည့်ရသလို သူ့မျက်စိတွေကို မှေးစဉ်းပြီး ကြည့်တယ်။

“ဘာအကြောင်းကြောင့်လဲ”

“ဘာကြောင့်၊ ဘာကြောင့်လို့ မင်းက ဘာအဓိပ္ပာယ်နဲ့ မေးတာလဲကွာ။ ဒါလောက် သိသိသာသာကြီးကိုကွာ။ တခြား ဘာအကြောင်းမှ မရှိဘူးဆိုရင် ငါကတော့ မင်းတစ်ယောက်ကိုပဲ စာလာရဲ့အဖေ ဖြစ်စေချင်တယ်ကွာ”

“စာယိုကိုကို ငါ လက်ထပ်သင့်တယ်ဆိုတဲ့ တစ်ခုတည်းသော အကြောင်းပြချက်ဟာ ဒါပဲပေါ့၊ မင်း ဒီလိုပဲ စဉ်းစားတယ်ပေါ့”

တာကာစုကို သက်ပြင်းရှိုက်ပြီး သူရဲ့ ကျစ်လျစ်ခိုင်မာတဲ့ လက်ကို ဂျူ(နှ)ပေ့ ပခုံးထက်ဆီ လေးလေးတွဲ့တွဲ့ တင်လိုက်တယ်။

“ဘာပြဿနာရှိလို့လဲကွာ။ စာယိုကိုကို လက်ထပ်ယူဖို့ဆိုတဲ့ စိတ်ကူးကို မင်းမကြိုက်လို့လား။ ဒါမှမဟုတ် ဒါဟာ ငါလုပ်တာကို နောက်က ဝင်လိုက်လုပ်ရတယ် ဆိုတဲ့ အတွေးမျိုး တွေးမိလို့လား”

“ဒါ ပြဿနာမဟုတ်ပါဘူးကွာ။ ငါ စဉ်းစားမိတာက မင်းလုပ်နိုင်မယ်ဆိုရင် ပေါ့လေ၊ တရားဝင်ကွာရှင်းမှ ဆိုတာမျိုးပေါ့လေ။ ဒါက လူမှုရေးအရလည်း တင့်တင့်တယ်တယ် ဖြစ်သင့်တဲ့ ပြဿနာပါ”

“တရားဝင်ကွာရှင်းမှ မလိုဘူးလေ။ ပြီးတော့ လူမှုရေးအရ တင့်တင့်တယ်တယ် ဖြစ်ဖို့တွေ ဘာတွေမဆိုင်ပါဘူးကွာ။ စာယိုကိုကို မင်းချစ်တယ်၊ မှန်တယ်နော်။ စာလာကိုလဲ မင်းချစ်တယ်၊ ဒါလည်း မှန်တယ်နော်။ အရေးကြီးဆုံးက ဒါပဲ။ ငါ သိပါတယ်ကွာ၊ မင်းမှာလည်း မင်းရဲ့ စိတ်ဒုက္ခနဲ့ မင်း။ ကောင်းပြီ၊ အဲဒါ ငါ သဘောတူပါတယ်ကွာ။ အေး၊ ငါ့အမြင်မှာတော့ မင်းဟာ ဘောင်းဘီရှည် မချွတ်ဘဲ အတွင်းခံ ဘောင်းဘီကို ချွတ်ဖို့ ကြိုးစားနေတာနဲ့ တူနေတယ်”

ဂျူ(နှ)ပေက ဘာစကားမှ မဆို။ တာကာစုကိုလည်း ဖြစ်လေ့ဖြစ်ထ မဟုတ်ဘဲ ငြိမ်ကျသွားတာ ကြာရှည်ကြာမျော်ပဲ။ တစ်ယောက်ပခုံး တစ်ယောက် ဖက်ရင်း သူတို့ လမ်းမတစ်လျှောက် မီးရထားဘူတာရုံအထိ လမ်းလျှောက်လာကြတယ်။ ညဉ့်နက်နက်ထဲဆီ သက်ငွေ့ဖြူဖြူတွေ လွှင့်ထုတ်လို့ပေါ့။

“ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းကတော့ အရူးမှ တကယ့်အရူးပဲ” လို့ ဂျူ(နှ)ပေက ပြောလိုက်တယ်။

“မင်းကို ငါ လေးစားတယ်၊ မင်းရဲ့ မှတ်ချက်ကလည်း မှန်ပါတယ်။ ငါ ဒါကို မငြင်းပါဘူး။ ငါ့ကိုယ်တိုင်ရဲ့ ဘဝကို ငါဖျက်ဆီးပစ်ခဲ့တယ်။ ဒါပေမဲ့ ငါပြောမယ် ဂျူ(နှ) ငါ ဘာမှ မတတ်နိုင်ဘူးကွာ။ ဒီကိစ္စကို ရပ်တန်းကရပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ခဲ့ဘူးကွာ။ ဒီလိုဖြစ်ပျက်ခဲ့ရတာ ဘာအကြောင်းကြောင့် ဆိုတာကို မင်း သိတာထက် ပိုပြီး ငါလည်း မသိဘူးကွာ။ မှန်တယ်လို့လဲ ဘယ်လိုမှ ပြစရာ အကြောင်း မရှိဘူး။ အဲဒါဖြစ်ခဲ့ပြီ။ ဒီအဖြစ်ဟာ ဒီနေရာမှာ ဒီအချိန်မှာ မဖြစ်ခဲ့ရင်လည်း ဒီလို အဖြစ်မျိုး ဖြစ်ကို ဖြစ်မှာပဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန်ပေါ့”

ဂျူ(နှ်)ပေက အဲဒီစကားခွန်းကို အရင်က ကြားဖူးတယ် ထင်ရဲ့။ “မင်း မှတ်မိသေးလား၊ စာလာမွေးတဲ့ညက မင်း ငါ့ကို ပြောခဲ့တာလေ။ လောကမှာ စာယိုကိုဟာ အမြတ်ဆုံး မိန်းမလို့ ပြောခဲ့တာ။ သူ့နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးလို့ မရဘူးလို့ ပြောခဲ့တာ”

“အေးလေ၊ ဒီစကား မှန်တုန်းပဲလေ။ သူနဲ့ ပတ်သက်တာ မှန်သမျှ ဘာမှ မပြောင်းလဲသေးပါဘူး။ ဒါပေမဲ့ တကယ်ကြုံရတဲ့ တကယ့် အဖြစ်အပျက်တွေက အရာရာကို ဆိုးရွားအောင် လုပ်ပစ်လိုက်နိုင်တယ်”

“မင်း ဘာကို ရည်ရွယ်ပြီး ပြောနေတယ်ဆိုတာ ငါ နားမလည်ဘူးကွာ” လို့ ဂျူ(နှ်)ပေ ပြောတယ်။

“အေး၊ မင်း ဘယ်တော့မှ နားလည်မှာ မဟုတ်ပါဘူးကွာ” လို့ တာကာစု ကိုက ဦးခေါင်းကို တစ်ချက်ခါပြီး ပြောလိုက်တယ်။ အမြဲပဲ တာကာစုကိုဟာ နောက်ဆုံး အဆုံးအဖြတ်ပေးသူပဲ။

နှစ်နှစ်ကုန်လွန်ခဲ့ပြီ။ စာယိုကိုက စာသင်တဲ့ အလုပ်ဆီ ပြန်မသွားတော့ဘူး။ ဂျူ(နှ်)ပေမှာ အယ်ဒီတာ သူငယ်ချင်းတစ်ယောက်ရှိရာ အဲဒီလူက စာယိုကိုကို ဘာသာပြန်ဖို့ စာတစ်ပုဒ်အပ်တယ်။ စာယိုကိုက ဘာသာပြန်အလုပ်မှာ ပင်ကို အစွမ်းအစရှိတယ်၊ အောင်မြင်တယ်။ စာယိုကိုက ဘာသာစကား ပါရမီရှိတယ်။ ဘယ်လိုစာရေးရမယ် ဆိုတာ စာယိုကို သိတယ်။ သူမ အလုပ်လုပ်တာ မြန်တယ်၊ စေ့စပ်သေချာတယ်၊ ကျွမ်းကျွမ်းကျင်ကျင် ရှိတယ်။ အယ်ဒီတာဟာ စာယိုကိုရဲ့ ဘာသာပြန်အရေးအသားကို လေးစားသွားပြီး နောက်တစ်လမှာပဲ ရသစာပေသဘော အဓိကသက်ဝင်တဲ့ စာမူတစ်ပုဒ်ကို ဘာသာပြန်ဖို့ အပ်တယ်။ စာမူခကတော့ အကောင်းကြီး မဟုတ်ဘူး။ ဒါပေမဲ့ တာကာစုကို ပေးတဲ့ ငွေနဲ့ စာမူခပေါင်းရင် စာယိုကိုနဲ့ စာလာတို့ သက်သောင့်သက်သာ နေနိုင်တယ်။

သူတို့ဟာ အရင်ထုံးစံအတိုင်း သီတင်းတစ်ပတ် အနည်းဆုံး တစ်ကြိမ်တော့ အတူတူ ဆုံကြတယ်။ တာကာစုကိုမှာ အရေးပေါ်အလုပ်တွေ အဆက်မပြတ် ပေါ်နေတဲ့အခါတိုင်း စာယိုကို၊ ဂျူ(နှ်)ပေနဲ့ စာယိုကိုတို့ကတော့ အတူတူစား သောက်ကြတယ်။ တာကာစုကို မရှိရင် ထမင်းဝိုင်းကတော့ တိတ်ဆိတ်နေတတ်တယ်။ ပြောကြတဲ့ စကားတွေကလည်း သာမန်ပြောနေကျ

စကား မဟုတ်တဲ့ လောကရေးရာ အကြောင်းဆီ ဦးလှည့်တယ်။ လူစိမ်း တစ်ယောက်ယောက်ကတော့ သူတို့ သုံးယောက်ကို မိသားစုစင်စစ်လို့ ထင်မြင်လိမ့်မယ်။

ဂျူ(နှ)ပေဟာ ဝတ္ထုတိုတွေ အလျဉ်မှန်မှန် ရေးခဲ့တယ်။ သူရဲ့ စတုတ္ထမြောက် ဝတ္ထုတိုစု စာအုပ်ဖြစ်တဲ့ 'တိတ်ဆိတ်တဲ့လမင်း' ထွက်ခဲ့ပြီ။ ဒီအခါ သူ့အသက် သုံးဆယ့်ငါးနှစ်ထဲ ဝင်ခဲ့ပြီး အဲဒီစာအုပ်ဟာ နာမည်ထင်ရှားတဲ့ စာရေးဆရာတွေကို ချီးမြှင့်တဲ့ ဆုတွေထဲက တစ်ဆုရတယ်။ စာအုပ်ရဲ့နာမည် ပေးထားတဲ့ ဝတ္ထုကို ရုပ်ရှင်ရိုက်တယ်။ ဂီတဝေဖန်ရေး ဆောင်းပါးတွေလည်း စာအုပ်အတွဲ သုံးလေးတွဲ ဂျူ(နှ)ပေ ပြုစုခဲ့တယ်။ ပန်းဥယျာဉ် အလှဆင်နည်း စာအုပ် တစ်အုပ်လည်း ရေးခဲ့တယ်။ ဂျွန်အပ်ဒိုက်ရဲ့ ဝတ္ထုတိုစု စာအုပ်တစ်အုပ်ကိုလည်း ဘာသာပြန်ခဲ့တယ်။ အဲဒီ စာအုပ်အားလုံးအတွက် တုံ့ပြန်မှု ကောင်းကောင်း ရခဲ့တယ်။ သူဟာ သူ့ကိုယ်ပိုင်ဟန်နဲ့ အရေးအသား ရင့်ကျက်လာတယ်။ အဲဒီလို ရင့်ကျက်လာတာကြောင့် ဂျူ(နှ)ပေဟာ အကျယ်လောင်ဆုံး ပွဲတင်ထပ်နေတဲ့ အသံတွေရယ်၊ အလင်းနဲ့ အရောင်ရဲ့ ခွဲဖြာဖြန့်မှု အနုစိတ်တွေရယ်ကနေ ကျနပ်နှစ်သက်ဖွယ်ကောင်းတဲ့ တိကျရှင်းလင်းတဲ့ စကားပြေအဖြစ် ပြောင်းလဲဖွဲ့နိုင်ခဲ့တယ်။ သူရဲ့ လုံ့လစိုက် အားထုတ်မှုကြောင့် သူရဲ့ စာရေးဆရာဘဝဟာ တစ်စတစ်စ အောင်မြင်မှု ရလာလေတော့ သူ့မှာ ခိုင်မာတဲ့ စာဖတ်ပရိသတ်လည်း ရခဲ့ပြီ၊ သင့်တင့်တဲ့ ဝင်ငွေလည်း မှန်မှန်ရခဲ့ပြီ။

စာယိုကိုကို သူနဲ့ လက်ထပ်ဖို့ ပြောရမယ့်အကြောင်း လေးလေးနက်နက် ဆက်ပြီး စဉ်းစားနေခဲ့တယ်။ တစ်ကြိမ်တစ်ခါမက တစ်ညဉ့်လုံး အိပ်မရဘဲ အဲဒီအကြောင်း သူ စဉ်းစားနေခဲ့တယ်။ တစ်ခါမှာ အလုပ်တောင် မလုပ်နိုင်ဘူး။ ဒါပေမဲ့ သူ့စိတ်သူ မဆုံးဖြတ်နိုင်သေးဘူး။ စာယိုကိုနဲ့ သူ လက်ထပ်ရေးကို စဉ်းစားလေလေ၊ သူနဲ့ စာယိုကိုရဲ့ ဆက်ဆံရေးမှာ တခြားသူတွေရဲ့ ဆန္ဒကို လိုက်လျောရတဲ့အသွင် ဆောင်လေလေ ဖြစ်နေတယ်။ အစဉ်သဖြင့် သူ့ဘဝက တစ်ပါးသူ ပြုသမျှ နေရတဲ့ အဖြစ်ပဲ။ တာကာစုကိုဟာ ကျောင်းမှာ သူရဲ့ အတန်းထဲကနေ ဂျူ(နှ)ပေနဲ့ စာယိုကို နှစ်ယောက်ကို ရွေးပြီး သူတို့သုံးယောက်ဆိုတဲ့ အတွဲတစ်တွဲကို ဖန်တီးခဲ့သူပါ။ ဒီနောက် သူဟာ စာယိုကိုကို ရခဲ့တယ်၊ စာယိုကိုကို လက်ထပ်ခဲ့တယ်၊ စာယိုကိုနဲ့ သမီးတစ်ယောက် ရခဲ့တယ်။ ဒီနောက် သူဟာ စာယိုကိုကို ကွာရှင်းခဲ့တယ်။ အခု ဂျူ(နှ)ပေ့ကို စာယိုကိုကို လက်ထပ်ဖို့ တိုက်တွန်းနေတာလည်း တာကာစုကိုပဲ။ ဂျူ(နှ)ပေဟာ စာယိုကိုကို ချစ်တာ

အမှန်ပါ။ သံသယဝင်စရာ မရှိဘူး။ ဒီပြင် ခုအချိန်က စာယိုကိုနဲ့ သူပေါင်းဖို့ အကောင်းဆုံးအချိန်ပဲ။ စာယိုကိုကလည်း သူ့ကို ငြင်းစရာအကြောင်း မရှိသလောက်ပဲ။ ဒါပေမဲ့ ဂျူ(နှ)ပေ့မှာ အစစအရာရာဟာ ပြည့်စုံသထက် တစ်ဆိတ်ပြည့်စုံလွန်းနေတယ်။ မတွေးဘဲ မနေနိုင်အောင် တွေးမိတယ်။ သူဆုံးဖြတ်ရမှာဆိုလို့ ဘာကျန်သေးသလဲ။ ဒီလိုနဲ့ သူဟာ စဉ်းစားမြဲ စဉ်းစားလို့နေရဲ့။ ဒီနောက် မဆုံးဖြတ်ဘူး။ ဒီနောက် ငလျင်လှုပ်ရဲ့။

အဲဒီအချိန်က ဂျူ(နှ)ပေက လေယာဉ်ကုမ္ပဏီတစ်ခုရဲ့ မဂ္ဂဇင်းအတွက် ဇာတ်တစ်ပုဒ်ရေးဖို့ ဘာစီလိုနာမှာ ရောက်နေတယ်။ ညနေမှာ ဟိုတယ်ကို သူပြန်ရောက်တော့ ပြိုလဲပျက်စီးနေတဲ့ အဆောက်အအုံတွေနဲ့ မြို့ပြရပ်ကွက်တွေ၊ မည်းနက်မှုန်မှိုင်းတဲ့ မီးခိုးတွေ အလိပ်လိပ် အထပ်ထပ် ရုပ်ပုံတွေက တီဗီသတင်း အစီအစဉ်တစ်လျှောက် တွေ့နေရတယ်။ လေကြောင်းတိုက်ပွဲ ဆင်ပြီး ခါစ မြင်ကွင်းလို့ ထင်ရတယ်။ တီဗီသတင်း ကြေညာသူကလည်း စပိန်ဘာသာနဲ့ သတင်းဖတ်နေတာကြောင့် ဂျူ(နှ)ပေဟာ ဘယ်မြို့တစ်မြို့က အဖြစ်အပျက်ကို ကြည့်နေရမှန်း ရုတ်တရက် မသိဘူး။ ဒါပေမဲ့ ခဏနေတော့ အဲဒီမြို့ဟာ ကိုဘေးမှန်း သိလိုက်တယ်။ သူ့အမြင်ထဲ သူကျွမ်းဝင်တဲ့ မြို့မြင်ကွင်းတချို့ ဝင်လာတယ်။ အရှိုယမြို့ကို ဖြတ်သန်းတဲ့ အဝေးပြေးလမ်းမကြီးဟာ အပိုင်းပိုင်း ပြတ်နေပြီ။ “ခင်ဗျားက ကိုဘေးက မဟုတ်လားဗျာ” လို့ သူရဲ့ ဓာတ်ပုံဆရာက သူ့ကို မေးတယ်။

“ခင်ဗျား ထင်တာ ဒက်ထိ မှန်ပါ့ရဲ့ဗျာ”

ဒါပေမဲ့ ဂျူ(နှ)ပေဟာ သူ့မိဘတွေဆီ တယ်လီဖုန်းဆက်ဖို့ မကြိုးစားဘူး။ ပြတ်ခဲ့တဲ့ ဆက်ဆံရေးက အင်မတန်ဝေးခဲ့ပြီ။ ပြတ်ခဲ့တဲ့ ကာလက အင်မတန်ကြာခဲ့ပြီမို့ တစ်ဦးနဲ့တစ်ဦး ပြန်လည်သင့်တင့်ဖို့ မျှော်လင့်ချက်ကလည်း မရှိပြီ။ ဂျူ(နှ)ပေ တိုကျိုမြို့ကို ပြန်ခဲ့တယ်။ သူရဲ့ ပုံမှန်ဘဝကိုပဲ ပြန်လည်စတင်တယ်။ သူဘယ်တော့မှ တီဗီမဖွင့်ဘူး။ သတင်းစာဖတ်တယ်လို့ မရှိသလောက်ပဲ။ တစ်ယောက်ယောက်က ငလျင်အကြောင်း ပြောတဲ့အခါ မပြောဖို့ သူတားတယ်။ သူ့အသိစိတ်ကနေ ထုတ်ပယ်ထားတဲ့ အတိတ်ပဲ့တင်သံတစ်ခု ဖြစ်ရဲ့။ သူ တက္ကသိုလ်က ဘွဲ့ရတဲ့အချိန်ကစလို့ အဲဒီလမ်းတွေထဲ ခြေမချတော့ဘူး။ ဒါပေမဲ့ ဒဏ်ရာအနာတရ သွေသံရဲရဲ့ အစိမ်းစိမ်း အလတ်လတ်တွေ ပြန့်ကျဲနေတဲ့ မြင်ကွင်းက သူရဲ့ စိတ်အတွင်းနက်နက်မှာ ငုပ်နေခဲ့ပြီ။ လူအသေအပျောက်

များလှတဲ့ ကြီးမားလှတဲ့ အဲဒီကပ်ဘေးက သူ့ဘဝရဲ့ ကဏ္ဍတချို့ကို အပြောင်းအလဲ ဖြစ်စေခဲ့ပုံရတယ်။ ဂျူ(နှ်)ပေဟာ လုံးလုံးလျားလျား သစ်တဲ့ စိမ်းတဲ့ အထီးကျန်ခံစားရမှုကို ခံစားရတယ်။ ငါ့မှာ ဇစ်မြစ်မရှိပါ လား၊ ငါနဲ့ ဆက်နွယ်တာ ပတ်သက်တာ ဘာတစ်ခုမှ မရှိပါကလားလို့ သူ တွေးမိရဲ့။

စီစဉ်ထားတဲ့အတိုင်း စာလာကို ဝက်ဝံပြဖို့ တိရစ္ဆာန်ရုံကို သူတို့သွားကြ တဲ့ တနင်္ဂနွေနေ့ မနက်စောစောမှာ တာကာစုကိက သူ အိုကီနာဝါကို လေယာဉ်နဲ့ သွားရမယ်လို့ တယ်လီဖုန်းဆက်ရဲ့။ မြို့တော်ဝန်နဲ့ အချိန်တစ်နာရီ ကြာမယ့် အင်တာဗျူးတစ်ခုလုပ်ဖို့ ကုတ်ကုတ်ကပ်ကပ် ကြိုးစားခဲ့တာ အခု လုပ်နိုင်ပြီ။ “ဆောရီးကွာ၊ ဘာပဲဖြစ်ဖြစ် ငါမပါလည်း မင်းတို့ချည်းပဲ တိရစ္ဆာန်ရုံ သွားလို့ရသားပဲ။ ငါ လိုက်မလာနိုင်တဲ့အတွက် ဦးဝက်ဝံက စိတ်ပျက်လက်ပျက် ဖြစ်သွားလိမ့်မယ်လို့တော့ ငါ မထင်ပါဘူးကွာ” လို့ ဆိုရဲ့။

ဒီလိုနဲ့ ဂျူ(နှ်)ပေနဲ့ စာယိုကိုဟာ စာလာကို အုအဲနိုတိရစ္ဆာန်ရုံကို ခေါ် သွားတယ်။ စာလာကို ဂျူ(နှ်)ပေက ရင်ခွင်မှာ ပွေ့ချီလို့ ဝက်ဝံတွေကို ပြတယ်။ စာလာက အကောင်အကြီးဆုံး၊ အရောင်အမည်းဆုံး ဝက်ဝံတစ်ကောင်ကို လက်ညှိုးထိုးရင်း “အဲဒီဝက်ဝံကြီးက မာစာကိချိလား” လို့ မေးတယ်။

“ဟင့်အင်း၊ မဟုတ်ဘူး၊ ဒါ မာစာကိချိ မဟုတ်ဘူးကွ။ မာစာကိချိက သူ့ ထက် ငယ်တယ်။ ပြီးတော့ မာစာကိချိက သူ့ထက် ပိုပြီး ခန့်တယ် ချောတယ်။ ဒီကောင်ကြီးက ရိုင်းတဲ့အကောင်၊ တွန်ကိချိပေါ့

“တွန်ကိချိ”၊ စာလာက ထပ်ကာထပ်ကာ အော်ခေါ်နေပေမဲ့ ဝက်ဝံက မ သိဘူး။ ဒီအခါ စာလာက ဂျူ(နှ်)ပေကို ကြည့်ပြီး “တွန်ကိချိအကြောင်း ဇာတ်လမ်းတစ်ပုဒ် ပြောပြပါဦး” လို့ တောင်းဆိုတော့တယ်။

“ဒါပြောရမှာ တော်တော်ခက်တယ်။ တွန်ကိချိအကြောင်းက စိတ်ဝင်စား စရာ ဇာတ်လမ်းက အများကြီးမရှိဘူး။ သူက သာမန်ဝက်ဝံတစ်ကောင်ပဲကွ။ သူက မာစာကိချိလို စကားလည်း မပြောတတ်ဘူး။ ပိုက်ဆံလည်း မရေတတ် ဘူး”

“ဒါပေမဲ့ ဂျူ(နှ်)ကတော့ သူ့အကြောင်း တော်တာ ကောင်းတာ တစ်ခုခု ပြောနိုင်တယ်လို့ သမီးတော့ ပြောရဲတယ်။ ဇာတ်လမ်းတစ်ခုခုနော်”

“စာလာကတော့ သိပ်ကို ဟုတ်တာပဲကွာ။ သာမန်ဝက်ဝံတစ်ကောင်မှာ တောင်မှ ပြောစရာ ကောင်းကွက်ကလေး တစ်ခုတော့ ရှိတာပေါ့။ အိုး၊ ဟုတ်ပြီ၊ ဦးက လုံးလုံးကို မေ့နေတော့တာကိုး။ ဟုတ်ပြီ၊ တွန်ချိကိုဟာ”

“တွန်ကိချိပါ ဦးရဲ့” လို့ စာလာက စိတ်မရှည်တဲ့ လေသံစွက်လို့ ပြင်ပေးတယ်။

“အဲ... ဟုတ်တယ်၊ ဟုတ်တယ်။ ဆောရီးကွာ။ ဟုတ်ပြီ၊ တွန်ကိချိမှာ တကယ့်ကို ကောင်းကောင်း လုပ်တတ်တဲ့ဟာ တစ်ခုရှိတာပေါ့။ အဲဒါသူက ဆယ်မန်ငါးဖမ်းတဲ့ နေရာမှာ တကယ့်ကို တော်တာပဲ။ သူက မြစ်ထဲကို သွားပြီး ကျောက်တုံးကြီးတစ်တုံး နောက်မှာ ပုန်းနေလိုက်တာပဲ။ ပြီးတော့ စွပ်ခနဲဆို ဆယ်မန်တစ်ကောင် ဖမ်းလိုက်တာပဲ။ အဲဒီလို ငါးဖမ်းဖို့ဆိုတာ တကယ့်ကို မြန်ဖို့ လိုတာနော။ တွန်ကိချိဟာ တောင်ပေါ်မှာတော့ ဘာမှ ထက်ထက်မြက်မြက် ရှိတဲ့ ဝက်ဝံမဟုတ်ဘူးပေါ့။ အဲ ဆယ်မန်ငါး ဖမ်းတဲ့နေရာမှာတော့ ဘယ်ဝက်ဝံထက်ကိုမဆို သူက အများကြီး ပိုပြီး ဖမ်းနိုင်တာပေါ့။ သူ စားနိုင်တာထက်ကို ဖမ်းမိတာ အမြဲတမ်းပဲ။ ဒါပေမဲ့ သူက ပိုနေတဲ့ ငါးတွေကို မြို့ကို ယူသွားပြီး မရောင်းတတ်ဘူးကွဲ့။ သူက စကားမှ မပြောတတ်တာ”

“ဒါ လွယ်လွယ်လေးပဲဟာ။ သူ့မှာ ပိုနေတဲ့ ငါးတွေအားလုံးကို မာစာကိချိမှာ ပိုနေတဲ့ ပျားရည်တွေနဲ့ လဲလိုက်ကြပေါ့” လို့ စာလာက ပြောလိုက်တယ်။

“သမီး ပြောတာမှန်တယ်။ ဒီတော့ တွန်ကိချိဟာ အဲဒီလို လဲဖို့ ဆုံးဖြတ်လိုက်တာပေါ့။ သူနဲ့ စာလာနဲ့ကလည်း စိတ်ကူးက တစ်ထပ်တည်း အတူတူပဲနော်။ ဒီလိုနဲ့ တွန်ကိချိနဲ့ မာစာကိချိဟာ ဆယ်မန်ငါးနဲ့ ပျားရည်နဲ့ အလဲအလှယ်လုပ်ကြတော့တာပေါ့။ အဲဒီအခါက တကယ်ဆို သူတို့နှစ်ယောက် တစ်ယောက်နဲ့ တစ် ယောက် ခင်ခင်မင်မင် မရှိကြသေးဘူး။ နောက်ကျတော့ မာစာကိချိဟာ ဟန်ကြီးပန်ကြီး လုပ်တတ်တဲ့ ဝက်ဝံမဟုတ်ဘူး ဆိုတာ တွန်ကိချိသဘောပေါက်သွားတယ်။ မာစာကိချိကလည်း တွန်ကိချိဟာ စရိုက်ကြမ်းပေမယ့် တော်တဲ့နေရာမှာ တော်တယ်ဆိုတာ သိသွားတာပေါ့။ ဒီလို တစ်ယောက် အကြောင်း တစ်ယောက် မသိခင်ကတည်းက သူတို့ သူငယ်ချင်းတွေ ဖြစ်နေကြပြီးသားပါ။ သူတို့ စကားတွေ ဟိုဟိုဒီဒီ အစုံပြောကြတာပဲ။ သူတို့နှစ်ယောက် သူတို့ တတ်ထားတဲ့ အတတ်ပညာတွေကိုလည်း တစ်ယောက်တစ်လှည့် သင်ပေးကြတာပဲ။ တစ်ယောက်နဲ့ တစ်ယောက် နောက်ကြ ပြောင်ကြလို့။ တွန်

ကိုချိုကလည်း ဆယ်မန်ငါးဖမ်းတဲ့ အလုပ်ကို ကြိုးစားပမ်းစား လုပ်တယ်။ မာစာကိုချိုကလည်း ပျားဖွပ်တဲ့အလုပ်ကို ကြိုးစားပမ်းစား လုပ်တယ်။ အဲတစ်နေ့မှာတော့ ကောင်းကင်ထဲမှာ မိုးကြိုးပစ်လိုက်သလို၊ မြစ်ထဲမှာ ဆယ်မန်ငါးတွေ ပျောက်ကုန်ရောတဲ့"

"ကောင်းကင်ထဲမှာ မိုးကြိုးပစ်လိုက်တယ်၊ ဟုတ်လား"

"ကြည်လင်ပြီး ပြာလဲ့နေတဲ့ ကောင်းကင်ထဲမှာ ရုတ်တရက် လျှပ်စီးလက်လိုက်တာမျိုးကို ပြောတာပေါ့။ ရုတ်တရက် ဖြစ်တာပေါ့၊ ဘာမှကြိုပြီး သတိပေးတာမျိုး မရှိဘဲပေါ့" လို့ စာယိုကိုက ရှင်းပြတယ်။

"ရုတ်တရက်ကြီးပဲ ဆယ်မန်တွေက ပျောက်ကုန်တာပေါ့နော်။ အဲဒါ ဘာဖြစ်လို့လဲဟင်" လို့ စာလာက ဝမ်းနည်းပန်းနည်း လေသံနဲ့ မေးတယ်။

"ဒီလိုကွ၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဆယ်မန်ငါးတွေဟာ အစည်းအဝေးကြီး စုဝေးကြတယ်တဲ့။ ပြီးတော့ ဒီမြစ်ထဲမှာ သူတို့ ဆယ်မန်ငါးတွေ နောင်အခါ ရေမကူးကြတော့ဘူးလို့ ဆုံးဖြတ်ချက်ချတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမြစ်ထဲမှာ တွန်ကိုချဆိုတဲ့ ဝက်ဝံရှိနေလို့ပဲတဲ့။ ပြီးတော့ ဒီဝက်ဝံက ဆယ်မန်ငါးဖမ်းတာ အရမ်းကို တော်တာကြောင့်ပဲ။ အဲဒီကတည်းကစပြီး တွန်ကိုချိဟာ ဆယ်မန် တစ်ကောင်မှ ဖမ်းလို့ မရတော့ဘူး။ အကောင်းဆုံး သူလုပ်နိုင်တာကတော့ တစ်ခါတလေ အရိုးပေါ်အရေတင် ပိစိကွေးဖားကလေး တစ်ကောင်လောက် ဖမ်းမိတာပဲတဲ့။ အဲဒါကိုပဲ သူ စားရတယ်တဲ့။ အဲဒီလို အရိုးပေါ်အရေတင် ပိစိကွေးဖားကို စားရတာလောက် အရသာမရှိတာ ဆိုးဝါးတာ ဘယ်ရှိပါ့မလဲ"

"တွန်ကိုချိ သနားပါတယ်နော်"

"အဲဒါနဲ့ပဲ တွန်ကိုချိက တိရစ္ဆာန်ရုံကို ဘယ်လိုက ဘယ်လို ရောက်ပြီး ဇာတ်လမ်းက အဆုံးသတ်ရတာလဲ" လို့ စာယိုကိုက မေးရဲ့။

"အဲ၊ ဒီလိုလေ၊ ဒါက ပြောရမှာ အရှည်ကြီးရယ်တဲ့မှ အရှည်ကြီး" လို့ ဂျူ(နှ)ပေက တုန့်ပြန်ရင်း ချောင်းဟန့်တယ်။ "အဲ ဇာတ်လမ်းအခြေခံကတော့ အဲဒီအတိုင်းပေါ့လေ၊ ဟုတ်ပါတယ်လေ၊ ဖြစ်တာတော့ အဲဒီလိုပဲ ဖြစ်ခဲ့တာပေါ့"

"မာစာကိုချိက တွန်ကိုချိကို မကူညီဘူးလားဟင်" လို့ စာလာကလည်း မေးပြန်တယ်။

“သူလည်း ကူညီဖို့ ကြိုးစားတာပဲပေါ့၊ ဘယ်နေလိမ့်မလဲ။ တကယ်ဆို သူ တို့ဟာ အချစ်ဆုံး သူငယ်ချင်းတွေပဲ။ သူငယ်ချင်းဆိုတာ ဒီလိုအခြေအနေမှာ လိုတာပဲ။ မာစာကိချိဟာ သူ့ပျားရည်တွေကို တွန်ကိချိကို ခွဲဝေပေးတယ်။ အလကားး ပေးတာ။ ဒါပေမဲ့ ‘မင်း အဲဒီလို လုပ်တာကို ငါ သဘောမတူဘူးကွာ။ ဒါဟာ မင်းအပေါ်မှာ ငါက စီးပိုးသလို ဖြစ်နေတယ်’ လို့ တွန်ကိချိက ပြော တယ်။ မာစာကိချိကလည်း ‘မင်း ငါ့အပေါ် ဒီလို တစ်စိမ်းမဆန်ပါနဲ့ တွန်ကိချို ရယ်။ မင်းအခြေအနေမျိုးမှာ ငါရောက်ခဲ့ရင် မင်းလည်း ငါလုပ်သလို လုပ်မှာပဲ မဟုတ်လားကွာ။ ငါတော့ အဲဒီလိုပဲ ယုံကြည်တယ်ကွာ၊ ဟုတ်တယ် မဟုတ် လားကွာ’ လို့ ပြန်ပြောတယ်တဲ့”

“သေချာတာပေါ့။ သူ ဒီအတိုင်းလုပ်မှာပဲ” လို့ စာလာကလည်း ပြော တယ်။

“ဒါပေမဲ့ သူတို့နှစ်ယောက်ကြားမှာ အဖြစ်အပျက် အခြေအနေဆိုတာ ဒီ အတိုင်းချည်း အကြာကြီး မပြောင်းမလဲဘဲ ဘယ်နေပါ့မလဲ” လို့ စာယိုကိုက ဝင်ပြောတယ်။

“အခြေအနေက သူတို့နှစ်ယောက်ကြားမှာ မပြောင်းမလဲဘဲ အကြာကြီး မနေဘူးပေါ့” လို့ ဂျူ(နှ်)ပေက ဆက်ပြောတယ်။ “တွန်ကိချိက မာစာကိချိကို ပြောတယ် ‘ငါတို့ဟာ သူငယ်ချင်းတွေပဲ ထားပါတော့။ တစ်ယောက်က အမြဲတမ်းချည်း ပေးနေပြီး တစ်ယောက်က အမြဲတမ်းချည်း ယူနေတာကတော့ မမှန်ပါဘူးကွာ။ ဒါဟာ သူငယ်ချင်း ဆက်ဆံရေး အစစ်လည်း မဟုတ်ပါဘူး ကွာ။ မာစာကိချိရေ၊ ငါတော့ တောင်ပေါ်ကနေ ထွက်သွားတော့မယ်ကွာ။ တခြားတစ်နေရာမှာ ငါ့ရဲ့ ကံဆိုးကံကောင်းကို ငါ စမ်းရမှာပဲ။ တစ်နေရာရာမှာ ငါတို့ ပြန်ဆုံတွေ့ကြရင်တော့ ငါတို့ဟာ အချစ်ဆုံး သူငယ်ချင်းတွေပဲ ပြန်ဖြစ် စေချင်တယ်ကွာ’ လို့ ပြောပြီး လက်ဆွဲနှုတ်ဆက်ပြီး ခွဲခွာသွားတော့တယ်။ ဒါပေမဲ့ တွန်ကိချိဟာ တောင်ခြေကို ရောက်တဲ့အခါ သူဟာ တောတောင်တွေရဲ့ အပြင်ဘက်က လောကကြီးမှာ ဘယ်လို သတိရှိရှိ စဉ်းစဉ်းစားစား နေရမယ်ဆို တာ ကောင်းကောင်း မသိသေးဘူး။ ဒီတော့ သူ့ကို မုဆိုးတစ်ယောက်က ထောင်ချောက်ထောင်ပြီး ဖမ်းသွားရော။ အဲဒီမှာ တွန်ကိချိရဲ့ လွတ်လပ်ရေး ဆုံး ရပါရော။ သူ့ကို တိရစ္ဆာန်ရုံကို ပို့ကြပါရောတဲ့ကွယ်”

“တွန်ကိချိ သနားပါတယ်နော်” လို့ စာလာက ပြောရှာတယ်။

ဒီနောက်မှာ စာယိုကိုက “ဒီထက်ကောင်းတဲ့ ဇာတ်သိမ်းခန်းကလေးများ စိတ်ကူးလို့ မရဘူးလားဟာ။ အဲဒီအခါကစလို့ အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်သွားကြပါရော ဆိုတဲ့ ဇာတ်သိမ်းခန်းမျိုးပေါ့ဟာ” လို့ ဂျူ(နှ်)ပေကို မေးတယ်။

“စိတ်ကူးလို့တော့ မရသေးဘူး”

သူတို့ အလေ့အတိုင်း စာယိုကိုရဲ့ အိမ်ခန်းမှာ သူတို့သုံးယောက် ညစာစားကြတယ်။ စာယိုကိုက ‘ထြောက်’ရဲ့တေးကို ညည်းရင်း စပါဂက်တီအိုးကို ကျိုနေတယ်။ အေးခဲနေတဲ့ ခရမ်းချဉ်းသီး အချဉ်ရည်ကို နွေးနေတယ်။ ဂျူ(နှ်)ပေက ပဲသီးစိမ်းနဲ့ ကြက်သွန်နီကို အသုတ်သုတ်ဖို့ ပြင်နေတယ်။ သူတို့ နှစ်ယောက်အတွက် ဂျူ(နှ်)ပေက ဝိုင်နီပုလင်းကို ဖွင့်ပြီး စာလာအတွက်တော့ လိမ္မော်ရည်တစ်ဖန်ခွက် ငှဲ့ပေးတယ်။ သူတို့ စားသောက်ပြီးလို့ ပန်းကန်ခွက်ယောက်တွေ ဆေးကြောပြီးတဲ့အခါ ဂျူ(နှ်)ပေက စာလာကို ရုပ်စုံစာအုပ်တစ်အုပ် ဖတ်ပြတယ်။ ဒါပေမဲ့ စာလာဟာ အိပ်ရာဝင်ချိန် ရောက်ပေမဲ့ အိပ်ဖို့ ငြင်းနေတယ်။

“မာမီ၊ ဘရာမျက်လှည့်ပြပါ မာမီ”လို့ စာလာက တောင်းဆိုလိုက်တယ်။

စာယိုကိုရဲ့မျက်နှာမှာ ရုတ်သွေးရောင် နီမြန်းသွားတယ်။ “ဟင့်အင်း၊ အခုမဖြစ်နိုင်ဘူး၊ သမီး၊ ဧည့်သည်ရှိတယ်လေ”

“မဟုတ်ဘူး ဂျူ(နှ်)က ဧည့်သည်မှ မဟုတ်ပဲ”

“အဲဒါက ဘာတွေလဲဟ” လို့ ဂျူ(နှ်)ပေက မေးရတယ်။

“ခပ်ကြောင်ကြောင် ကစားနည်းပါဟာ” လို့ စာယိုကို ဖြေတယ်။

“မာမီက ဘရာစီယာကို အပေါ်အင်္ကျီထဲကနေ ချွတ်ယူလိုက်ရော ပြီးတော့ အဲဒီဘရာကို စားပွဲပေါ် တင်လိုက်ရော၊ ပြီးတော့ တစ်ခါ အဲဒီဘရာကိုပဲ ပြန်ဝတ်ပြတာပေါ့။ မာမီလက်တစ်ဖက်ကို စားပွဲပေါ်မှာ တစ်လှည့်စီ တင်ထားပြီး ကျန်တဲ့ လက်တစ်ဖက်တည်းနဲ့ ဘရာကို ချွတ်ပြ၊ ဝတ်ပြတာနော်။ သမီးက အဲဒါကို အချိန်မှတ်ထားတာ။ မာမီက အရမ်းကို တော်တာ ဂျူ(နှ်)ရဲ့”

“စာလာ”လို့ စာယိုကိုက စာလာကို ငေါက်တယ်။ ခေါင်းခါပြတယ်။ “တို့ ဘာသာတို့ အိမ်မှာရှိတဲ့အခါ ကစားတဲ့ ဂိမ်းပါဟာ။ တခြားလူတွေအတွက်

မဟုတ်ပါဘူး”

“ရယ်စရာကောင်းသားလို့ ငါတော့ ထင်တာပဲ” လို့ ဂျူး(နှ)ပေက ပြောတယ်။

“လုပ်ပါ၊ မာမီ၊ ဂျူ(နှ)ကို ပြပါ မာမီရယ်။ တစ်ခါတည်းပါ။ မာမီ ဘရာမျက်လှည့် ပြပြီးတာနဲ့ တစ်ခါတည်း သမီးအိပ်မယ်လေ”

“အို၊ အတော်တော်တဲ့ သမီးကလေးပါလား” လို့ စာယိုကို ရေရွတ်တယ်။ စာယိုကိုဟာ သူရဲ့ ဒစ်ဂျစ်တယ် လက်ပတ်နာရီကို ချွတ်ပြီး စာလာကို ပေးလိုက်တယ်။ “ကောင်းပြီ။ ဒါဆို သမီး မာမီကို နည်းနည်းကလေးမှ ဒုက္ခမပေးတော့ဘဲ အိပ်ရာဝင်ရမယ်၊ ဟုတ်ပြီနော်။ အိုကေ၊ မာမီက တစ်နှစ်သုံး ဆိုတာနဲ့ အချိန်မှတ်မယ်နော်၊ ရယ်ဒီရ”

စာယိုကိုဟာ ကော်လာမပါတဲ့ ဆွယ်တာအင်္ကျီအနက် ဖားဖားပွပွကြီးကို ဝတ်ထားတယ်။ သူ့လက် နှစ်ဖက်စလုံးကို စားပွဲပေါ်မှာ တင်ထားပြီး အမှတ်စဉ် ရေတယ်။ “တစ် နှစ် သုံး” လိပ်တစ်ကောင် သူရဲ့အခွံထဲကို ဦးခေါင်းလျှိုဝင်သွားသလို စာယိုကိုဟာ ညာဖက်လက်ကို ဆွယ်တာအင်္ကျီ လက်ထဲကို လျှိုသွင်းလိုက်တယ်။ လက်က အထဲမှာ ကျောပြင်ကို ခပ်ဖွဖွကုတ်သလို လှုပ်ရှားနေတယ်။ အဲဒီညာဖက်လက် ပြန်ပြီး ထွက်လာတော့ ဘယ်ဖက်လက် လျှိုဝင်သွားတယ်။ စာယိုကိုဟာ ဦးခေါင်းကို မသိမသာလေး လှုပ်ရုံလှုပ်တယ်။ အဲဒီ ဘယ်ဖက်လက် အင်္ကျီထဲကနေ ပြန်ထွက်လာတော့ အဖြူရောင် ဘရာစီယာ လက်ထဲ ပါလာတယ်။ သိုင်းကြိုးမပါတဲ့ ဘရာစီယာ ခပ်ငယ်ငယ် တစ်ထည်ပေါ့။ အချိန်ကို နည်းနည်းကလေးမှ မဖြုန်းဘဲ ဘရာကို ကိုင်ထားတဲ့လက်ကို အင်္ကျီထဲကို ပြန်ပြီး လျှိုသွင်းလိုက်တယ်။ လက်ကို ပြန်ထုတ်လိုက်တယ်။ ဒီနောက် ညာဖက်လက်ကို လျှိုသွင်းပြန်တယ်။ ကျောပြင်မှာ လက်နဲ့ ဘယ်ဆီထိုး၊ ညာဆီရွေ့၊ တစ်ခါ အဲဒီလက် ပြန်ထွက်လာရော ပြီးပြီ။ စာယိုကိုဟာ စားပွဲပေါ်မှာ ဘယ်လက်အပေါ် ညာလက်ကို ထပ်တင်လိုက်ရဲ့။

“နှစ်ဆယ့်ငါးစက္ကန့်၊ အရမ်းကို တော်တယ် မာမီ။ စံချိန်သစ်ပဲ မာမီ။ မာမီ အမြန်ဆုံး လုပ်ပြထားတာ သုံးဆယ့်ခြောက်စက္ကန့်ရှိတာ” လို့ စာလာက ပြောလိုက်တယ်။

ဂျူ(နှ်)ပေက လက်ခုပ်တီး အားပေးတယ်။ “အံ့မခန်းပါပဲ။ မျက်လှည့်လို ပါပဲ”

စာလာကလည်း လက်ခုပ်တီးတယ်။ စာယိုကိုက မတ်မတ်ရပ်ပြီး ကြေညာချက် ထုတ်ပြန်တော့တယ်။

“ဟုတ်ပြီ၊ ဟုတ်ပြီ။ မျက်လှည့်ပြပွဲကတော့ ပြီးပြီ။ အိပ်ပေတော့ မိန်းကလေး။ သမီး ကတိပေးထားတာနော်”

စာလာက ဂျူ(နှ်)ပေ့ပါးကို နမ်းပြီး အိပ်ရာဝင်ရဲ့။

စာယိုကိုက စာလှ အသက်ရှူသံပြင်းပြင်းနဲ့ မှန်မှန်ကြားရတဲ့အထိ အတူနေပြီးမှ ဂျူ(နှ်)ပေရှိရာ ဆိုဖာခုံပေါ် လာထိုင်တယ်။ “တို့တော့ ဖြောင့်ချက်ပေးစရာ ရှိနေပြီ။ တို့ညာလိုက်တာဟာ” လို့ စာယိုကို ပြောတယ်။

“ညာတာ၊ ဟုတ်လား”

“တို့ဘရာကို ပြန်ပြီး မဝတ်လိုက်ဘူးလေ။ ပြန်ဝတ်ပြတဲ့ဟန် လုပ်ပြလိုက်တာ။ ဆွယ်တာအက်ျီထဲကနေ ဘရာကို ချွတ်ပြီးတော့ ကြမ်းပြင်ပေါ်ကို ပစ်ချထားလိုက်တာဟာ”

ဂျူ(နှ်)ပေရယ်တယ်။ “တော်တော် ကြောက်စရာကောင်းတဲ့ အမေပါလားဟာ”

“တို့ စံချိန်သစ် တင်လိုက်ချင်လို့လေဟာ” လို့ မျက်စိကို မှေးလို့ ပြုံးရင်း စာယိုကိုက ပြောတယ်။ ဒီလိုစာယိုကို သူ့ပင်ကို အရိုးခံသက်သက် ပြုံးတာကို ဂျူ(နှ်)ပေ မမြင်ရတာ ကြာပြီ။ လေပြေအသုတ်မှာ ခန်းစီးစ လှုပ်ခတ်သလို သူ့အတွင်းထဲဆီမှာ အချိန်ဟာ သူ့ဝန်ရိုးမှာ နရီမဲ့ ယိမ်းခါနေတယ်။ ဂျူ(နှ်)ပေဟာ စာယိုကိုရဲ့ ပုခုန်းထက်ဆီ လက်လှမ်းပြီး သူ့ဆီ ပွေ့ယူလိုက်တယ်။ သူတို့နှစ်ယောက် တစ်စိတ်တည်း တစ်ပြိုင်တည်း တစ်ယောက်ကို တစ်ယောက် ပြင်းပြင်းပြပြ ပွေ့ဖက်ကြတယ်။ ပကတိသဘာဝနဲ့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ပွေ့ဖက်လို့ နမ်းကြ တယ်။ သူတို့ ဆယ့်ကိုးနှစ်အရွယ် အချိန်ကတည်းက အခုထိ ဘယ်လိုမှ ပြောင်းလဲမှု မရှိသလိုပဲ။ စာယိုကို့ နူတ်ခမ်းရဲ့ ရနံ့ဟာ အရင်လိုပဲ ချိုမြဆဲ မွှေးမြဆဲပဲ။

“တို့တွေ အစကတည်းက ခုလို စခဲ့ကြရင် ကောင်းမှာနော်၊ ဒါပေမဲ့ နင် မသိခဲ့ဘူးနော်၊ နင်က သိမှမသိခဲ့ပဲ။ ဆယ်မန်ငါးတွေ မြစ်ထဲက ပျောက်ကုန်တဲ့ အချိန်ထိ နင်မသိသေးဘူးနော်” လို့ သူတို့နှစ်ယောက် ဆိုဖာခုံကနေ အိပ်ရာဆီ ရွှေ့ခဲ့တော့ စာယိုကိုက ဖွဖွတိုးတိုး ပြောလိုက်တယ်။

သူတို့ အဝတ်တွေ ချွတ်လိုက်ကြတယ်။ တစ်ဦးနဲ့တစ်ဦး ညင်ညင်သာသာ ပွေ့ပိုက်တယ်။ သူတို့ရဲ့ဘဝမှာ ပထမဆုံးအကြိမ် အတွေ့တွေ့ကြရမှာလို သူတို့ရဲ့ လက်တွေက စမ်းတဝါးဝါး လှုပ်ရှားနေတယ်။ သူတို့ အေးအေးဆေးဆေး ရှိရဲ့။ သူတို့ အခါအသင့်ရှိတဲ့အထိ အေးအေးဆေးဆေး ရှိရဲ့။ အဆုံးမှာ ဂျူ(နှ)ပေက စာယိုကိုဆီ ဝင်တယ်။ စာယိုက ဂျူ(နှ)ပေကို ဆွဲတယ်။

ဂျူ(နှ)ပေ အိပ်မက်မက်နေတယ် ထင်မိတယ်။ တစ်ဝက်တစ်ပြက် အလင်းရောင်မှာ ဂျူ(နှ)ပေက သူဟာ လူသူစွန့်ပစ်ထားရစ်တဲ့ တံတားတစ်စင်းကို ဖြတ်ပြီးရင်း ဖြတ်ရင်း၊ မရပ်မနားဘဲ ဖြတ်နေရသလို ခံစားနေရတယ်။ ဂျူ(နှ)ပေ တက်ကြွပြီ။ စာယိုကိုလည်း သူနဲ့အတူ တက်ကြွပြီ။ တစ်ဖန် ဒီနောက် တစ်ဖန်၊ ဒီလိုနဲ့ သူတို့ ရောက်လိုပြီ။ ဒါပေမဲ့ ဂျူ(နှ)ပေ ဆုတ်ရဲ့။ ဖြစ်ရင် အိပ်မက်ဆုံးမယ်။ အစစ ကွယ်မယ်။ ဂျူ(နှ)ပေ ကြောက်တာက အဲဒီလိုပါ။

ဒီအခိုက်၊ သူ့နောက်ကျောဆီက ကျွီခနဲ မြည်သံသဲ့သဲ့ ကြားလိုက်ရတယ်။ အိပ်ခန်းတံခါး အလိုက်သင့်ကလေး ပွင့်သွားတယ်။ စကြံဆီက အလင်းရောင်က အိပ်ခန်းတံခါးပေါက်ရဲ့ စတုဂံပုံသဏ္ဌာန် ဆောင်ပြီး အိပ်ရာခင်းပေါ် ကျလာတယ်။ အဲဒီ အလင်းရောင်အောက်မှာ အိပ်ရာခင်းဟာ ကြေမွတွန့်လိပ်နေတယ်။ ဂျူ(နှ)ပေ ထထိုင်တယ်။ လှည့်ကြည့်တော့ အလင်းရောင်ကို ကျောပေးပြီး စာလာရပ်နေတာ တွေ့တယ်။ စာယိုကို အသက် အောင့်ထားမိတယ်။ သူ့တင်ကို တစ်ဖက်လှည့်လိုက်တယ်။ ဂျူ(နှ)ပေကို တွန်းလိုက်တယ်။ အိပ်ရာခင်းစနဲ့ သူ့ရင်ကို လွှမ်းတယ်။ လက်တစ်ဖက်နဲ့ ဆံပင်တွေ ရှုပ်နေတာကို ရှင်းတယ်။

စာလာ မငိုဘူး၊ အော်လည်း မအော်ဘူး။ ညာဘက်လက်နဲ့ တံခါးလေ့ကို ဆုပ်ကိုင်ထားတယ်။ အဲဒီနေရာမှာပဲ ရပ်နေတယ်။ ဂျူ(နှ)ပေနဲ့ စာယိုကိုတို့ နှစ်ယောက်ဆီ ကြည့်နေပေမယ့် စာလာဘာမှမမြင်ဘူး။ စာလာ့မျက်စိတွေဟာ ဗလာဟင်းလင်းပြင်ထဲမှာ အာရုံစူးစိုက်လို့နေတယ်။

စာယိုကိုက စာလာ့နာမည်ကို ခေါ်လိုက်တယ်။

“ဟိုလူက သမီးကို ဒီကိုသွားလို့ ပြောတယ်”လို့ စာလာဟာ အိပ်မက်က လန့်နိုးခါစ လူတစ်ယောက်လို လေးတွဲတဲ့ အသံနဲ့ ပြောတယ်။

“ဟိုလူ၊ ဟုတ်လား” လို့ စာယိုကို မေးလိုက်တယ်။

“ငလျင်လူ။ သူလာတယ်၊ သမီးကို နှိုးတယ်။ သူပြောတယ်၊ မာမီကို ပြော ပါတဲ့။ သူ့မှာတဲ့ လူတိုင်းလူတိုင်းအတွက် သေတ္တာတွေ အဆင်သင့်ရှိနေပြီတဲ့။ အဖုံးဖွင့်ပြီး သူစောင့်နေတယ်တဲ့။ သူက ပြောတယ်၊ သမီးက အဲ့ဒါကို မာမီကို ပြောပြရမယ်တဲ့၊ မာမီ သိပြီနော်”

အဲဒီညက စာလာဟာ စာယိုကိုရဲ့ အိပ်ရာမှာ အိပ်တယ်။ ဂျူ(နှ)ပေက ဧည့်ခန်းက ဆိုဖာခုံပေါ် စောင်တစ်ထည်နဲ့ အဆန့်သား အိပ်တယ်။ ဒါပေမဲ့ သူ အိပ်မရဘူး။ တီဗီက ဆိုဖာခုံနဲ့ မျက်နှာချင်းဆိုင်မှာ ရှိတယ်။ အချိန်အတော်ကြာ တဲ့အထိ သူဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ဖန်သားမျက်နှာပြင်ကို စိုက်ကြည့် နေခဲ့တယ်။ သူတို့ အဲဒီအထဲမှာ ရှိတယ်။ သူတို့ဟာ အဖုံးဖွင့်ထားတဲ့ သေတ္တာ တွေနဲ့ စောင့်နေကြတယ်။ သူ့ကျောရိုးထဲ စိမ့်ခနဲ အေးစက်စက် ခံစားလိုက်ရ တယ်။ အချိန် ဘယ်လောက်ကြာကြာ သူစောင့်နေဦးတော့၊ အဲဒီခံစားမှု ပျောက်ကွယ်သွားလိမ့်မယ် မဟုတ်ဘူး။

သူ အိပ်ဖို့ ကြိုးစားနေတာကို စွန့်လွှတ်လိုက်ပြီး မီးဖိုခန်းကို သွားတယ်။ သူ့ဘာသာသူ ကော်ဖီတစ်ခွက် ဖျော်ပြီး စားပွဲမှာ ထိုင်သောက်တယ်။ ဒီအခိုက် သူ့ခြေဖဝါးတစ်ဖက်ရဲ့ အောက်မှာ အလုံးလုံး အထွေးထွေးနဲ့ တစ်စုံတစ်ခုကို ခံစားမိတယ်။ စာယိုကိုရဲ့ ဘာရာစီယာပါ။ အဲဒီဘရာစီယာကို ကောက်ယူပြီး ကုလားထိုင် တစ်လုံးရဲ့ကျောမှီပေါ် တင်လိုက်တယ်။ အဲဒီဘရာစီယာဟာ အသက်ကင်းမဲ့တဲ့ အတွင်းခံအဖြူရောင် တစ်ထည်ပဲဖြစ်ရဲ့။ ထူးထူးခြားခြား ကြီးမားတယ်လည်း မဟုတ်ဘူး။ အဲဒီဘရာစီယာဟာ အရာဏ်တက်လုလု မှောင် နဲ့မည်းမည်း အချိန်မှာ ကုလားထိုင်တစ်လုံးရဲ့ နောက်ကျောမှီပေါ် တင်နေတာ ဟာ ဒီနေရာမှာ အတော်လွန်ခဲ့တဲ့ တစ်ချိန်ကတည်းက သူရှိရမယ့်နေရာ မဟုတ်ဘဲ ရှိနေခဲ့တဲ့ အမည်မသိ သက်သေလိုလို ဖြစ်နေရဲ့။

ဂျူ(နှ)ပေဟာ သူ့ရဲ့ ကောလိပ်ကျောင်းသားဘဝအစ နေ့တွေအကြောင်း တွေးတယ်။ “ဟေ့၊ ငါတို့ တစ်ခုခု သွားစားကြရအောင်လား” လို့ ပထမအကြိမ်

စာသင်ခန်းထဲမှာ တွေ့ရာမှာ တာကာစုကို ပြောခဲ့တာကို သူ ကြားယောင်နေဆဲပဲ။ အဲဒီလို နွေးနွေးထွေးထွေး တရင်းတနှီး သူ့အမူအကျင့်ကြောင့်ပဲ ဂျူ(နှ)ပေအတွက် တာကာစုကိုရဲ့ ချစ်ချစ်ခင်ခင်ရှိတဲ့ အပြုံးမှာ "ဟေ့... အေးအေးဆေးဆေးကွာ၊ လောကကြီးမှာ ကောင်းသထက် ကောင်းပြီး ကောင်းကောင်းလာနေတာပါကွာ" လို့ ပြောနေတယ်လို့ ထင်မြင်မိခဲ့တာပေါ့။ အဲဒီတုန်းက သူတို့ ဘယ်ဆိုင်မှာ စားခဲ့တာကို သူ စဉ်းစားတယ်။ အဲဒီတုန်းက သူတို့ ဘာအစားအသောက်တွေ စားခဲ့တာကို သူစဉ်းစားတယ်။ ဂျူ(နှ)ပေ မမှတ်မိတော့ဘူး။ သူတို့ ဘယ်လိုမှ ထူးထူးခြားခြား စားသောက်ကြတာ မဟုတ်တာတော့ သေချာတယ်။

"အဲ့ဒီလို စားကြသောက်ကြဖို့ ငါ့ကိုမှ ဘာဖြစ်လို့ ရွေးပြီး ခေါ်ခဲ့တာလဲကွာ" လို့ အဲဒီတုန်းက သူ မေးဖူးသေးတယ်။ တာကာစုကို ပြုံးတယ်။ ဒီနောက် ယုံကြည်မှုအပြည့်နဲ့ တာကာစုကိုဟာ ဂျူ(နှ)ပေ့နားရင်းကို ရိုက်ရဲ့။ "နေရာမှန်၊ အချိန်မှန်၊ လူမှန်ရွေးတတ်တဲ့ ပါရမီ ငါ့မှာ ပါတယ်ကွ" လို့ ဖြေရဲ့။

တာကာစုကို မှန်တယ်လို့ သူ့ကော်ဖီမတ်ခွက်ကို စားပွဲပေါ်တင်ရင်း ဂျူ(နှ) ပေ တွေးတယ်။ သူငယ်ချင်းကောင်းတစ်ယောက် ရွေးဖို့ ဘယ်လိုပျိုးရမယ် ဆိုတဲ့ အထာကို တာကာစုကို သိတယ်။ ဒီထက်မကဘူး။ ဘဝတစ်သက် တာတစ်လျှောက် ချစ်မယ့်လူတစ်ယောက် ရှာနိုင်တာကတော့ သူငယ်ချင်းရှာတာနဲ့ လုံးလုံးလျားလျား ကွဲပြားတယ်။ ဂျူ(နှ)ပေ မျက်စိမှိတ်လို့ တွေးတယ်။ ကုန်လွန်ခဲ့ပြီ ဖြစ်တဲ့ ရှည်လျားလှတဲ့ အချိန် တစ်ဆန့်တစ်လျားအကြောင်း တွေးတယ်။ သူဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိဘဲ ဖြုန်းတီးခဲ့တယ်လို့တော့လဲ မထင်ဘူး၊ မမှတ်ဘူး။

ဟောဒီမနက် စာယိုကို အိပ်ရာက နိုးရင်နိုးချင်း စာယိုကိုကို သူနဲ့ လက်ထပ်ဖို့ ဂျူ(နှ)ပေ ပြောမယ်။ အခု သူသိပြီ။ သူ အချိန်တစ်မိနစ်မှ ထပ်မဖြုန်းနိုင်ဘူး။ အသံတစ်စုံတစ်ရာ မြည်မှာကို သူ ဂရုမစိုက်ဘူး။ သူ အိပ်ခန်းတံခါးကို ဖွင့်လိုက်တယ်။ လျှပ်စစ်အန္တေးဓာတ်စောင်ထဲမှာ စာယိုကိုနဲ့ စာလာတို့ ပွေ့လို့ထွေးလို့ အိပ်နေကြတာကို သူကြည့်တယ်။ စာလာက စာယိုကိုကို ကျောပေးပြီး အိပ်နေတယ်။ စာယိုကိုက စာလာကို သိုင်းလို့ ထွေးလို့ ဖက်ထားတယ်။ ဂျူ(နှ)ပေဟာ ခေါင်းအုံးပေါ်က လျှောကျနေတဲ့ စာယိုကိုရဲ့ ဆံနွယ်တွေကို လက်နဲ့ သပ်တယ်။ စာလာရဲ့ ပန်းနုရောင် ပါးပြင်ကလေးကို သူ့လက်ဖျား

တွေနဲ့ ညင်ညင်သာသာ ပွတ်သပ်တယ်။ နှစ်ယောက်စလုံး ဘယ်သူမှ မလူးမလွန့်ဘူး။ ဂျူ(နှ)ပေဟာ ကုတင်နံဘေး ကြမ်းပြင်ကော်ဇောပေါ် ဖြည်းဖြည်းဆေးဆေး ထိုင်ချလိုက်တယ်။ နံရံကို မှီလိုက်တယ်။ စာယိုကိုနဲ့ စာလာတို့နှစ်ယောက် အိပ်မောကျနေတာကို ကြည့်နေတယ်။

နံရံက နာရီရဲ့လက်တံတွေကို စိုက်စိုက်ငေးငေး ကြည့်ရင်း ဂျူ(နှ)ပေဟာ စာလာကို ပြောပြဖို့ ပုံပြင်ဇာတ်သိမ်းကို စဉ်းစားတယ်။ မာစာကိုချိနဲ့ တွန်ကိုချိ ပုံပြင်ပေါ့။ သူ အဖြေရှာတွေ့ပြီ။ တွန်ကိုချိကို တိရစ္ဆာန်ရုံမှာ အားကိုးရာမဲ့ ထားပစ်ခဲ့လိုစိတ် မရှိတော့ဘူး။ တွန်ကိုချိကို သူ ကယ်ရမယ်။ သူ ဇာတ်လမ်းကို အစက ပြန် စဉ်းစားတယ်။ မကြာမီ သူ့ဦးခေါင်းထဲ စိတ်ကူးတစ်ခု ရေးရေးပေါ်လာတယ်။ တစ်စထက်တစ်စ စိတ်ကူးက ပုံသဏ္ဌာန် ပီပြင်လာတယ်။

တွန်ကိုချိရဲ့ စိတ်ကူးဟာ စာလာရဲ့ စိတ်ကူးနဲ့တူတယ်။ တွန်ကိုချိက မာစာကိုချိ ဖွပ်လာတဲ့ ပျားရည်တွေကို ဘိန်းမုန့်ဖုတ်တယ်။ ဒီလို တွန်ကိုချိက အင်မတန် အရသာထူးကဲတဲ့ ပျားရည်ဘိန်းမုန့် ပူပူနွေးနွေး မွမွရွရွ ဖုတ်တဲ့ အတတ်မှာ ပါရမီထူးကဲတာကို သိပ်မကြာခင် သိခဲ့တယ်။ မာစာကိုချိက ပျားရည်ဘိန်းမုန့်တွေကို မြို့ကို သယ်သွားပြီး ရောင်းတယ်။ လူတွေက တွန်ကိုချိရဲ့ ပျားရည်ဘိန်းမုန့်ကို ကြိုက်ကြသမို့ ဒါဇင်ချီပြီး ဝယ်ကြတယ်။ ဒီလိုနဲ့ မာစာကိုချိနဲ့ တွန်ကိုချိတို့ ဘယ်တော့မှ တစ်ကွဲတစ်ပြား မနေကြရတော့ဘူး။ အဲဒီ အချိန်ကစလို့ သူတို့ဟာ အချစ်ဆုံးသူငယ်ချင်းတွေအဖြစ် တောင်ပေါ်မှာ ပျော်ပျော်ရွှင်ရွှင် အတူတူ နေထိုင်ကြလေသတဲ့။

အဲဒီ ဇာတ်သိမ်းခန်းအသစ်ကို စာလာ ကြိုက်ပါလိမ့်မယ်။ စာယိုကိုလည်း ကြိုက်ပါလိမ့်မယ်။

ဂျူ(နှ)ပေက “ငါ ဒီနေ့ထိ ရေးခဲ့ဖူးသမျှ ဝတ္ထုတွေနဲ့ မတူတဲ့ ဝတ္ထုတွေကို ရေးချင်ပြီ။ အိပ်မက်မက်ကာ၊ အိပ်မက်ထဲကနေ ညကုန်အောင် စောင့်နေရတဲ့ လူတွေအကြောင်း၊ သူတို့ ချစ်တဲ့သူတွေကို ထွေးပွေ့နိုင်ဖို့ အလင်းကို စောင့်နေတဲ့ လူတွေအကြောင်းကို ငါရေးချင်တယ်။ ဒါပေမဲ့ အခုတော့ ဒီမိန်းမနဲ့ ဒီကလေးကို ကြည့်ရှုဖို့ စောင့်ရှောက်ဖို့ ဒီမှာ ငါနေရဦးမယ်။ သူတို့ကို ဘယ်သူကမှ၊ ဘယ်သူ တစ်ယောက်ယောက်ကမှ အဲဒီ အရူးသေတ္တာထဲ ထည့်တာကို ငါမခံနိုင်ဘူး။ မိုးပြိုစေဦးတော့၊ တော်လည်းသံဟည်းပြီး မြေကြီး အက်ကွဲစေဦးတော့” လို့ ဂျူ(နှ)ပေ တွေးရဲ့။

❑

(မူရင်း ဂျပန်မှ အင်္ဂလိပ်သို့ ဂျေးရူဘင်း (Jay Rubin) ဘာသာပြန်တဲ့ ဟာရုကိမူရာကာမိရဲ့ After the Quake ဝတ္ထုတိုစု စာအုပ်မှ Honey Pie ကို မြန်မာပြန်ပါတယ်)

ဟာရုကိ မူရာကာမိ

ဟာရုကိ မူရာကာမိကို ဒုတိယကမ္ဘာစစ်လွန်ကာလ၊ သားသမီး အများကြီးမွေးတဲ့ ခေတ်အတွင်း ၁၉၄၉၊ ဇန်နဝါရီ ၁၂ မှာ ဂျပန်နိုင်ငံ၊ ကျိုတိုမြို့မှာ မွေးဖွားပြီး ရှူကုကာဝ၊ အရှိယနဲ့ ကိုဘေးတို့မှာ ကြီးပြင်းတယ်။ သူက တစ်ဦးတည်း သောသားပါ။ သူ့အဖေက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးရဲ့ သား၊ သူ့အမေက အိုဆာကာမြို့က ကုန်သည်တစ်ယောက်ရဲ့ သမီး ဖြစ်တယ်။ အဖေအမေက ဂျပန်စာပေသင်တဲ့ ဆရာ၊ ဆရာမပါ။

မူရာကာမိဟာ တိုကျိုမြို့၊ ဝါဆဲဒတက္ကသိုလ်မှာ ပြဇာတ်ဘာသာရပ် သင်ယူခဲ့တယ်။ အဲဒီတက္ကသိုလ်မှာပဲ သူ့ဇနီး ယိုကိုနဲ့ တွေ့ကြတယ်။ သူ့ရဲ့ ပထမဆုံးအလုပ်က သူ့ရဲ့ Norwegian Wood (1987) ဝတ္ထုထဲက ဇာတ်ကောင် တိုးရုဝါတာနာဘေးလိုပဲ ဓာတ်ပြားစတိုးဆိုင် တစ်ဆိုင်မှာ လုပ်ခဲ့တာပါ။ ပညာရေး ပြီးဆုံးရင်ပြီးဆုံးချင်း ဆိုသလို မူရာကာမိဟာ ၁၉၇၄ က ၁၉၈၁ အထိ တိုကျိုမြို့ ကိုကုဘွန်းဂျိအရပ်မှာ ဂျက်(ဇ်)တီးဝိုင်းနဲ့ ကော်ဖီဆိုင်တစ်ဆိုင်ကို

Perter Cat လို့ နာမည်ပေးကာ သူ့ဇနီးနဲ့အတူ ဖွင့်တယ်။ သူတို့ ဇနီးမောင်နှံက သားသမီးမယူဖို့ သန္နိဋ္ဌာန်ချထားတဲ့ စုံတွဲပါ။

မူရာကာမိဟာ အသက် ၃၃နှစ် မတိုင်မီအထိ အပြေးအားကစားကို မစခဲ့သေးပေမဲ့ တကယ့် စိတ်အားထက်သန်လှတဲ့ မာရသွန်အပြေးသမားနဲ့ ထရိုင်ယသလွန် အပြေးသမားတစ်ယောက် ဖြစ်ရဲ့။ (ထရိုင်ယသလွန် (triathlon) ဆိုတာ ရေကူး၊ စက်ဘီးစီးနဲ့ အပြေး အားကစားသုံးမျိုးပေါင်း တာဝေးပြိုင်ပွဲပါ)။ မူရာကာမိအဖို့ ဂျပန်နိုင်ငံ၊ ဟော့ကိုင်းဒိုးကျွန်း၊ ဆာရိုးမကန် ပတ်လည် ကီလိုမီတာ ၁၀၀ ပြိုင်ပွဲဟာ ပထမဆုံးအကြိမ် အောင်အောင်မြင်မြင် ပန်းဝင်နိုင်ခဲ့တဲ့ အာ(လ်) တြာမာရသွန် (ultramarathon) ပြိုင်ပွဲတစ်ပွဲ ဖြစ်တယ်။ သူ့ရဲ့ မယ်မွား အရေးအသားတစ်ပုဒ် ဖြစ်တဲ့ What I Talk About When I Talk About Running စာအုပ်မှာ အပြေးအားကစားနဲ့ သူနဲ့ ဆက်နွယ်မှုအကြောင်း သုံးသပ်ထားတယ်။

မူရာကာမိဟာ ငယ်စဉ်ကတည်းက အနောက်တိုင်းယဉ်ကျေးမှု ဩဇာလွှမ်းမိုးမှု ကြီးကြီးမားမား ခံခဲ့ရတယ်။ ရုရှား ဂီတနဲ့ စာပေရဲ့ ဩဇာလွှမ်းမိုးမှုလဲ ခံခဲ့ရတယ်။ ဖရန့်(ဇ်)ကပ္ဖကာ (Franz Kafka)၊ ဂုစတပ်(ဗ်)ဖလိုဘဲ (Gustave Flaubert)၊ ချား(လ်)ဒစ်ကင်း (Charles Dickens)၊ ကွတ်ဗော်နေဂု(ထ်) (Kurt Vonnegut)၊ ဖျိုဒေါဒေ့စတိုယက်စကီ (Fyodor Dostoyevsky)၊ ရစ်ချတ် ဘရောတိဂန် (Richard Brautigan)၊ ဂျက်ကဲရိုးဝက် (Jack Kerouac) တို့လို ဥရောပနဲ့ အမေရိကန် စာရေးဆရာတွေရဲ့ လက်ရာတွေကို ကြွယ်ကြွယ်ဝဝ ဖတ်ပြီး ကြီးပြင်းခဲ့တာပါ။ ဒီလို အနောက်တိုင်း ဩဇာလွှမ်းမိုးမှုကြောင့် မူရာကာမိဟာ ဂျပန်စာရေးဆရာ အများစုကြီးထဲကနေ ထူးခြားထင်ရှားတာပါ။

မူရာကာမိဟာ အက်(ဖ်)စကော့(ချ်)ဖဇ္ဇဂျရယ် (E.Scott Fitzgerald)၊ ရေမွန်ကာဗာ (Raymond Carver)၊ ဂျေဒီဆလင်ဂျာ (J.D.Salinger) စတဲ့ အင်္ဂလိပ်ဘာသာစကား အခြေပြုစာရေးဆရာတွေရဲ့ ဝတ္ထုတွေကိုလဲ အင်္ဂလိပ်မှ ဂျပန်ဘာသာပြန်ခဲ့တယ်။

သူ့ရဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်နဲ့ တခြားအရေးအသားတွေဟာ ဂျပန်ပြည်တွင်းနဲ့ ပြည်ပ နိုင်ငံတကာမှာ ရောင်းအားအကောင်းဆုံး စာအုပ်တွေဖြစ်ကာ ဘာသာစကား ၅၀နဲ့ ဘာသာပြန် ထုတ်ဝေခဲ့ပြီ။ ပြည်ပမှာ အုပ်ရေ သန်းချီ

ရောင်းခဲ့ပြီ။ World Fantasy Award (2006) Frank O'Connor International Short Story Award (2006) အပါအဝင် ဂျပန်နိုင်ငံနဲ့ နိုင်ငံတကာ စာပေဆု တွေ ရရှိတာကို ထောက်ရင် သူ့ရဲ့ ရသအရေးအသားတွေနဲ့ သုတအရေးအသား တွေကို ထောမနာပြုကြောင်း ထင်ရှားတယ်။ သူ့ရဲ့ စာပေလက်ရာအစုစု အတွက် Franz Kafka Prize (2006) နဲ့ Jerusalem Prize (2009) ဆုတွေ ရရှိ ခဲ့တယ်။

❑